ပြည်မြို့

နိဗ္ဗိန္ဒ ဆရာတော်ဘုရားကြီး

ရေးသားတော်မူသည့်

# သိက္ခာသုံးပါးပြရာကျမ်း

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၁၀ ကောဇာ ၁၃၂၈ ခရစ် ၁၉၆၆
သီတင်းကျွတ်လ အောက်တိုဘာလ

ပြည်မြို့

နိဗ္ဗိန္ဒဆရာတော်ဘုရားကြီး

ရေးသားတော်မူသည့်

# သိက္ခာသုံးပါးပြုရာကျမ်း


သာသနာ ၂၅၁၀ ကောဇာ ၁၃၂၈ ခရစ် ၁၉၆၆

သီတင်းကျွတ်လ အောက်တိုဘာလ

# ရန်ကုန်မြို့-သိမ်ကြီးဈေး
# ဦးဘရင်-ဒေါ်မြသိ
တို့၏
# ဓမ္မဒါန

ရန်ကုန်မြို့ ကမ္ဘာအေးစာတိုက်
ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်
အုပ်ချုပ်ရေးအရာရှိချုပ် ဝဏ္ဏကျော်ထင် ဦးချစ်တင်
(မှတ်ပုံတင်အမှတ် ၄၁၂၂)က ရိုက်နှိပ်သည်။

## နိဗ္ဗိန္ဒဆရာတော်ဘုရား
## ကန်တော့ရန်

## ဘုန်းတော်ဘွဲ့-ဆုတောင်းလင်္ကာ

## တပည့်များက မိမိဆရာ၏ ဂုဏ်ကိုချီးမြှင့်၍ ကန်တော့သောအခန်း

၁။ ဆိတ်ငြိမ်ရအောင်၊ ရွာကိုရှောင်၍၊ သုံးထောင်တဝက်၊ ဘေးရောယှက်သည့်၊ ကြောက်မက်ဖွယ်ကြီး၊ ကိလေမီးတို့၊ ကင်းကြီး, ကင်းရာ၊ မြိုင်ဟေမာတွင်၊ ရညာမြောက်ငြား၊ ခန့်မှန်းအားဖြင့်၊ ကုလလေးတာ၊ ပြန့်ငါးရာလျှင်၊ သခ်ျာညီလှ၊ တကောသ၌၊ မျှတကိန်းအောင်း၊ တောရကျောင်းတည့်၊ ညောင်စောင်းမြင့်ခုံ၊ တစုံသင်္ကန်း၊ ဖန်ရည်စွန်းသား၊ ခါပန်း- သင်းပိုင်၊ ခရိုင်ထူးမြတ်၊ သပိတ်, အပ်နှင့်၊ မြတ် သားရေနွယ်၊ ပခုံးလွယ်လျက်၊ လေးဆယ် ကမ္မဋ္ဌာန်း၊ ကျင့်ကြိုးပမ်းသည့်၊ တောတန်းမြိုင်သာ၊ ဟေမဝါတွင်၊ ကေစာရ၊ မာန်စောင် ချလျက်၊ လောဘ မစော၊ လူမနှောသည့်၊ တတောထွက်လျှင်၊ တတောဝင်လျက်၊ တပင်ပုံသွား၊ တပင်နားသည့်၊ ငှက်များပမာ၊ ကြိုးပမ်းရှာသည့်၊ ဆရာသခင်၊ မထေရ်ရှင်အား၊ ကြည်လင်သဒ္ဓါ၊ စေတနာနှင့်၊

[ ကာ ]  သိက္ခာသုံးပါးပြရာကျမ်း

ဆယ်ဖြာလက်စုံ၊ ကြာပဒုံကို၊ ယှက်ရုံပန်ထွာ၊ ဝန္ဒနာသည်၊ စန္ဒာရွှေသို့ ဝင်းစေသောဝ်။

၂။ နိဗ္ဗိန္ဒတောင်၊ ရွှေဂူချောင်နှင့်၊ ရစ်မြှောင်ပတ်သန်း၊ အခန်းခန်းကား၊ တောတန်းခင်သာ၊ ဝက်ပါပင်၊ ယှဉ်ရာမရ၊ ထင်ပါကြသား၊ ပေါင်းလခါညီ၊ ဒွါဒမို့၍၊ စာစီမဆုံး၊ ရာသီတုံးအောင်၊ ပင်လုံး ခက်တံ၊ ရွက်မကျန်ပဲ၊ သက်ပြန်အောက်ထက်၊ ငြောင့်ညွန့်ထွက်၍၊ ဖူးလျက်ငုံစိ၊ မို့တမို့မှာ၊ ညီညီညာညာ၊ ပွင့်၍ဖြာသား၊ ပန်းများသနင်း၊ ရွှေအင်ကြင်းနှင့်၊ ပင်မင်းသစ်ရာ၊ အစဖြာ၍၊ ရာထောင်မက၊ များမြောင်လှ၏၊ မြေကြည်လင်၊ စမ်းရေယဉ်လည်း၊ ရွှေအင်တိုင်းထွက်၊ ဖက်ရောင်ယှက်လျက်၊ မှောင်စွက်ရိကာ၊ လွဲ့လွဲ့ဖြာလျှံ၊ ဝက်ပါကန်၊ နှိုင်းမတန်သား၊ တောင်ယံကမ္ဘား၊ မြှောင်ရှိုကြား၌၊ တရားဖြူစင်၊ ပန်ယူဆင်၍၊ ပူပင်သောက၊ မစောရအောင်၊ ဒုက္ခခန်းကြောင်း၊ သခ်မ်းကျောင်းဝယ်၊ ခုတင်ဆွယ်၍၊ ကျင့်ဖွယ်တွေးဆ၊ တောရသနှင့်၊ လေးဝဖြဟ္မစိုရ်၊ ယွင်းမယိုသည့်၊ ဘုန်းမိုးတဆူ၊ ရက္ခမူဝင်၊ မထေရ်ရှင်အား၊ ကြည်လင်သဒ္ဓါ၊ စေတနာနှင့်၊ ဆယ်ဖြာလက်စုံ၊ ကြာပဒုံကို၊ ယှက်ရုံပန်ထွာ၊ ဝန္ဒနာသည်၊ ဖလ်ဝါနေသို့ လင်းစေသောဝ်။

၃။ စိတ်နိမ့်ကျအောင်၊ မာနရှောင်၍၊ တောတောင်သေလာ၊ ဟေမဝါတွင်၊ ကေစာရ၊ သလ္လေခနှင့်၊ ဘာဝနာခန်း၊ နှစ်ဖြာလမ်းကို၊ ကြိုးပမ်းကိုယ်တိုင်၊ ဆယ်နှစ်တိုင်မျှ၊ လက်ကိုင်ပြုထား၊ ပတ္တမြားသို့၊ အများသတ္တဝါ၊ သိစေငှါလျှင်၊ ဓမ္မာစည်ကြီး၊ ရိုက်ဆော်ဟည်းလျက်၊ ကိုယ်လည်းလက်တူ၊ အလှည့်ယူ၍၊ ဟောမူတဝ၊ ကျမ်းဝေမျှနှင့်၊ မြန်မာ့ပြည်လုံး၊ ပြန့်မဆုံးသား၊ ရွှေဘုန်းတော်ဟုံ၊ ကိုးစားလှုံသည့်၊ ကြည်ယုံခညောင်း၊ ယောဂီပေါင်းအား၊ ဖိုးကောင်းနဂ္ဂုံ၊ ဆယ်ပါးဉာဏ်ကို၊ ဝေဘန်ထူးဆန်း၊ ကုသိုလ်ငြိမ်းကြောင့်၊ ရဟန်းဇာနည်၊ မဟာထေရ်မှာ၊ လူ့ပြည်မဆုံး၊ သုံးတိုက်လုံး၌၊ ရွှေဘုန်းတော်ရောင်၊ ဝင်းဝင်းပြောင်၍၊ အမှောင် ကင်းလွင့်၊ ပွင့်ကြီး, ပွင့်လျက်၊ ခြောက်နှင့် ကိုးဆယ်၊ အန္တရာယ်တို့၊ ပုံးကွယ်ရှောင်တိမ်း၊ ငြိမ်းကြီး, ငြိမ်းလျက်၊ သောင်းသိန်း ဝေနေ၊ များတထွေတို့၊ မိုက်ရေဆွတ်ဖျန်း၊ ကျွတ်စိမ့်မှန်းလျက်၊ တိုင်းခန်း, ပြည်ရွာ၊ လှည့်လည်ကာနှင့်၊ ရှည်ကြာ သက်တော်၊ ရာက, ကျော်ဖို့၊ ချင့်မြော်ခညောင်း၊ တပည့်ပေါင်းတို့၊ ဆုတောင်းမွက်ကာ၊ ဆည်းကပ်ပါသည်၊ ဆရာသခင်၊ မထေရ်ရှင်အား၊ ကြည်လင်သဒ္ဓါ၊ စေတနာနှင့်၊ ဆယ်ဖြာလက်စုံ၊ ကြာပဒုံကို၊ ယှက်ရုံပန်ထွာ၊ ဝန္ဒနာသည်၊ ရန်ဘယာသွေလို့ ကင်းစေသောဝ်။

## ပညာရှိတို့ နှလုံးသွင်းရန်ဂါထာ

နာဒါ ဝိရုဒ္ဓမညိတံ၊ မယာပိ မန္ဒဗုဒ္ဓိနော။

ယောနိသော မနသိ ကတွာ၊ တမုဒ္ဒိက္ခန္တု သာဓဝေါ။

မယာ၊ ငါ့အောက်။ မန္ဒဗုဒ္ဓိနောပိ၊ ပါရမီနုံ့နှေး အကြံသေး၍ ကံပေးနွမ်းပါး ပညာရှားကြသည်လည်း ဖြစ်ကုန်သော။ မယာ၊ ငါ့ထက်။ ဗုဒ္ဓိသမ္ပန္နောပိ၊ ပါရမီ ပြည့်စုံ ပညာဟုံဖြင့် သုံးပုံပိဋကတ် နှုတ်ငုံတတ်ကြသည် လည်းဖြစ်ကုန်သော၊ သာဓဝေါ၊ လို့လထားကာ တရား ရှာကြကုန်သော သူတော်ကောင်းတို့သည်။ ယောနိ- သော၊ တောင်တောင် မြောက်မြောက် စိတ်မရောက်ပဲ အကြောင်းခြင်းရာ ကျမ်းရှေ့စာကို သေချာစဉ်းစား အသင့်အားဖြင့်။ မနသိ ကတွာ၊ ကောခ မက္ခာ မဖက် ပါပဲ စေတနာဖြူဝင်း နှလုံးသွင်း၍ (မနသိ ကတွာ၊ အပြစ် စကား မပြောကြားပဲ စိတ်ထားဖြူဝင်း နှလုံးသွင်း၍။) ဝိရုဒ္ဓမညိတံ၊ ပါဠိ,အဋ္ဌကထာ, ဋီကာ,မစု,အနု, လက်သန်း အမျိုးမျိုးသော ကျမ်းတို့နှင့် လမ်းမှန်မသက် ဆန့်ကျင် ဘက် ဖြစ်မည့်အရာကို။ နာဒါ-အနာဒါယ၊ စွန့်ကာ ပယ် ရှား မယူငြားပဲ။ တံ၊ ထိုရေးသားတည်ထွင် စီရင်လတ္တံ့ သော အလီလီ, အခန်းခန်း (နိက္ခမ ဝိဓာန) မည်သော ကျမ်းကို။ ဥဒိက္ခန္တု၊ တောင်တောင် မြောက်မြောက် စိတ်မရောက်ပဲ သင့်တင့်သလောက်သာ ကောက်၍ ကြည့် ရှုတော်မူကြပါကုန်လော့။

# နိဒါန်း

သုခုမံ တေ ပဋိဝိဇ္ဈန္တိ၊ ဝါလဂ္ဂံ ဥသုနာ ယထာ။
ယေ ပဉ္စက္ခန္ဓေ ပဿန္တိ၊ ပရတော နော စ အတ္တတော။

ထေရဂါထာပါဠိတော် (စာမျက်နှာ ၃၆၃။)

ယေ၊ အကြင် ပရမတ်အနု ဓာတ်သေတ္တုကို ရှာကြကုန်သော ယောဂီတို့သည်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးတန် ရုပ်နှင့် နာမ်တို့ကို။ ပရတော၊ လွန်မင်းပြင်းပြ အနတ္တအားဖြင့်။ ပဿန္တိ၊ ဒိဋ္ဌပါပေ မြင်ရလေကုန်၏။ အတ္တတော၊ ကိုယ့်ကိုယ်ချည်းပဲ အထင်စွဲသောအားဖြင့်။ နော စ ပဿန္တိ၊ ရှက်ဖွယ်ချည်းပေ မမြင်ကြလေ။ တေ၊ ထိုပရမတ်အနု-ဓာတ်သေတ္တုကို ရှာကြကုန်သော ယောဂီတို့သည်။ ဝါလဂ္ဂံ၊ သေးမျှင်လှငြား သားမြီးဖျားကို။ ဥသုနာ၊ အဆိပ်ပြင်းပြ မြားစဉ်းမဖြင့်။ ပဋိဝိဇ္ဈန္တိ ယထာ၊ ဖောက်ထွင်းခွဲလစ် မှန်အောင် ပစ်နိုင်သကဲ့သို့။ သုခုမံ၊ သိမ်မွေ့နက်နဲ ခက်အခဲကို။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်းဖောက်ခွဲ ဉာဏ်အမြင်ရှိကြပါပေကုန်၏။

တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူသော တရားတော်နှင့်အညီ လောကီအပါအဝင် ဖြစ်သော အဋ္ဌာရသ

တဆယ့်ရှစ်ရပ်သော အတတ်အမျိုးမျိုးတို့ကို ဒိုးကဲ့သို့
မွေ့နိုင်ပါစေ, နုနိုင်သမျှ အနုစိပ် ကျစ်လစ် သိမ်မွေ့ နိုင်
သမျှ သိမ်မွေ့, ထိုးထွင်း၍ တတ်နိုင်သမျှ ထိုးထွင်း၍တတ်,
လောကဓာတ်နယ်တခွင်မှာ ပြိုင်ယှဉ်သူ ကင်းပငြားသော်
လည်း ရုပ် နာမ် ဓမ္မ အရေးကြီးကိစ္စနှင့် နှိုင်းဆ၍ ကြည့်
လိုက်လျှင် များစွာသော အတတ်စုတို့သည် ဓာတ်နုသို့
မခိုက် အပေါ်ရံ အရေးပါးကိုသာ ပေါက်နိုင်သော တရား
ကောက်, ပညတ်နယ်တွင်သာ တလည်လည် ဆိုက်ကြ
သဖြင့် ဖိုးမထိုက် သုံးမဝင် ကမ္ဘာတိုင်း ကျွမ်းကျင်သော
လမ်းအစဉ် လက်ရိုး အကြမ်းမျိုး နယ်သာဖြစ်၍ စင်စစ်
ချီးမွမ်းထိုက်သည်မဟုတ်ချေ၊ ပရမတ်အစစ် ဓာတ်နှစ်
သတ္တု ရှိသမျှရုပ်နာမ်စုကို တခုစီခွဲခြမ်း၍ စွဲလမ်း
သောဒိဋ္ဌိစက်ကို စိစိညက်အောင် ဉာဏ်ဖြင့်ချေ၍ စွဲရင်းနေ
ဓာတ်မှုလကို ပညတ်ခံ မကျန်ရအောင် မမြဲသည့်ဓာတ်စု
ကို အတတ်ရှုမြင်လာသော် ဪ ငါ၏ကိုယ်ကို မဆို
ထားဘိ ကျောက်,သံပြား အမာခံကိုမျှ ရှာကြံ၍မရပေ၊
ပရမတ်အစု ဓာတ်အမှုသာ ပဓာန ဖြစ်ချေသည်၊ ဤကဲ့သို့
ရုပ်နာမ်တွေကို မြင်လေအောင် ရှုစားမှ သယမ္ဘူမြတ်
ဘုရားက ကလျာဏတပါးဟု ဆိုတော်မူပေသည်၊ သို့
အတွက် သတ္တဝါတွေကို ပရမတ်အနေ အမြင်မမှားရ
အောင် နိဗ္ဗာန်တံခါး ဖွင့်လိုက်သည်။

နိဒါန်း ပြီး၏။



၁၂၇၀-ပြည့်နှစ် တန်ဆောင်မုန်းလပြည့်
တနင်္ဂနွေနေ့တွင် ရိုက်ကူးသော နိဗ္ဗိန္ဒဆရာတော်ပုံ




ပဌမ အင်ကြင်းမြောင် ဆရာတော်ကြီးပုံ



၁၂၇၀-ပြည့်နှစ် တန်ဆောင်မုန်းလပြည့် တနင်္ဂနွေနေ့တွင် ရိုက်ကူးသော
နိဗ္ဗိန္ဒ ဆရာတော်ပုံ

ညါလးထေးယျယှဖွဲ့ စှနံ-၁၉၄၄ ။ဂုံ့သ့ထေခမ့်ခ္ခိန့် (ကျီလှင်ဂျ)



## ရတနတ္တယပဏာမ

ဗုဒ္ဓံ ဝိဇ္ဇာဒိသမ္ပန္နံ၊ တိလောကသေဝိတံ ဓမ္မံ။
ဓောတံ မလံ သုခံ ဉာဏံ၊ နတွာ သံဃံ ဆဋ္ဌာဘိညံ။

### ဝတ္တဂါထာ

(အတ္ထယောဇနာ) အဟံ၊ ငါးပါးခန္ဓာ ခြင်းအရာကို ကိုယ်ဟုသမုတ် အကျွန်ုပ်သည်။ ဝိဇ္ဇာဒိသမ္ပန္နံ၊ ဝိဇ္ဇာအစရှိသည်တို့နှင့်ပြည့်စုံတော်မူသော။ ဝါ၊ သုံးပါး ရှစ်ပါး များပြားစွာလှ စရဏဝိဇ္ဇာ ဆယ့်ငါးဖြာတို့နှင့် ကောင်းစွာပြည့်စုံတော်မူထသော။ ဗုဒ္ဓဥ္စ၊ လေးပါးသစ္စာ-ဆယ့်ခြောက်ဖြာကို၊ဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် ဝင်းပ်တပ်ထင်ထင်-သိမြင်တော်မူငြား မြတ်စွာဘုရားကိုငှင်း။ တိလောကသေဝိတံ၊ သတ္တဂါအများ သုံးဘုံသားတို့သည် နေ့စဉ်မပြတ် မှီဝဲဆည်းကပ်ခြင်းငှါ ထိုက်တော်မူသော။ ဓမ္မဥ္စ၊စတုမဂ္ဂ-ဖလလေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသောတရားတော်မြတ်ကို လည်းကောင်း။ မလံ၊ ကိလေသာမှုမှေးညစ်အကြေးကို။ ဓောတံ၊ စင်စစ်ဖွေးဖွူ ဆေးလျှော်တော်မူပြီးသော။ သုခံ၊ စင်ကြယ်သန့်ရှင်း ချမ်းသာခြင်းရှိသော။ ဉာဏံ၊ အရဟတ္တမဂ်ဉာဏ် ကေနလည်းရှိတော်မူထသော။ ဆဋ္ဌာဘိညံ၊ အဘိညာဏ်ခြောက်ပါးမြတ်တရားတို့ဖြင့် ကောင်းစွာခြံရံအပ်ထသော။ သံဃဥ္စ၊

နိဗ္ဗာန်သောင်ကြီး နီးထက် နီးအောင် ခရီးညွှန်ဖော် သံဃာတော်ကို လည်းကောင်း။ နတွာ-နမာမိ၊ အဥ္ဇလိ-ဂါရဝ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား။

**အဘိယာစက**

ဝိနယာစာရယုတ္တေန၊ သုဒ္ဓိသလ္လေခဝုတ္တိနာ။
သုရတေန နိဝါတေန၊ တိက္ခတ္တေရေန ယာစိတော။

ပထျာဝတ္တဂါထာ

(အတ္တယောဇနာ) ဝိနယာစာရယုတ္တေန၊ ဝိနည်း အကျင့်နှင့် ယှဉ်သော။ သုဒ္ဓိသလ္လေခဝုတ္တိနာ၊ စင်ကြယ် ခေါင်းပါးသော အကျင့်လည်းရှိထသော။ သုရတေန၊ ကောင်းသော ကာယကံ-ဝစီကံ၌ မွေ့လျော်တတ်ထ သော။ နိဝါတေန၊ နှိမ့်ချသောကိုယ်, စိတ်ရှိထသော။ တိက္ခတ္တေရေန၊ ဆရာသမား မှည့်ထားပညတ် ခေါ် ဆိုအပ် သည့် တိက္ခအမည်ရှိသော မဲထေရ်သည်။ ယာစိတော-အဘိယာစိတော၊ ကြိမ်ဖန်ထပ်ထပ် တောင်းပန်အပ်သည် ဖြစ်၍။ (ယာစိတော-အဘိယာစိတော၊ ရိုသေလေးမြတ် တောင်းပန်အပ်သည်ဖြစ်၍။)

အဝိဇ္ဇာနိဝုတဉာနံ၊ သရဏံ သဗ္ဗပါဏိနံ။
သမာသေန ရစိဿာဟံ၊ ဒီပကဥ္စ တိသိက္ခာနံ။

အဝိဇ္ဇာနိဝုတဉာနံ၊ အဝိဇ္ဇာ မှောင်ကြီး ပိတ်ကာဆီး သဖြင့် မဂ်ခရီးကို မရကြကုန်သော။ သဗ္ဗပါဏိနံ၊ အတည်

မရှိ ဘေးကြီးမိ၍ မချိပူဆာ သတ္တဝါတို့၏။ သရဏံ၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာဖြစ်သော။ တိသိက္ခာနံ၊ သိက္ခာသုံးပါးတို့ကို။ ဒီပကစ္ဆ၊ ပြတတ်သော ကျမ်းကိုလည်း။ သမာသေန၊ မကျယ်လှငြား အကျဉ်း အားဖြင့်၊ (သမာသေန၊ မကျဉ်း, မကျယ် အလယ်, အလတ်အားဖြင့်။) ရစိဿံ-ရစိဿာမိ။ ရေးသား တည်ထွင် စီရင်ပေအံ့။

ဂမ္ဘေ သန္တေပိ သုက္ကာဒိံ၊ သတိမာဝ ယထာ ဒိဋ္ဌံ။
တေဘုမ္မကံ တထာ ဓမ္မံ၊ အဒက္ခုံ တိက္ခဂမ္ဘီရာ။

ဂမ္ဘေ၊ မှောင်အတိပြီး တိုက်ခန်းကြီး၌။ သုက္ကာဒိံ၊ ဖြူ, နီ, ပြာ, ဝါ များစွာသောင်းပြောင်း အထည်ပေါင်း သည်။ သန္တေပိ၊ ထင်ရှားများစွာ ရှိကြပါသော်လည်း။ သတိမာဝ၊ သတိတရား ရှေး၌ထားသော သူသည်သာလျှင်။ ဒိဋ္ဌံ ယထာ၊ ထင်ထင်တိတိ မြင်နိုင်ဘိသကဲ့သို့။ ဧဝံ တထာ၊ ဤနည်းထားယူ အလားတူသာလျှင်။ တိက္ခဂမ္ဘီရာ၊ ပညာဆင်ခြင် အမြော်အမြင်ဉာဏ် နက်နဲထက်မြက်သော သူတို့သည်။ တေဘုမ္မကံ၊ တေဘုမ္မက ဝဋ္ဋဒုက္ခ၌ အမြဲ မသေ့ ဖြစ်၍နေသော။ ဓမ္မံ၊ ယုတ်မာဆိုးဝါး အပြစ် တရားကို။ အဒက္ခုံ၊ လက်ပေါ်တင်ထား ပတ္တမြားသို့ ပိုင်းခြားထင်ထင် သိမြင်နိုင်ကုန်၏။

## [ ကော် ] သိက္ခာသုံးပါးပြရာကျမ်း

သုမဇ္ဈုသံ နရော လဒ္ဒံ၊ ရက္ခေဝ ဓနသမ္ပန္နံ။
ဝေံ ပါလေမဟံ သာရံ၊ ဂန္ထဝိပဿနာဓူရံ။

ဝတ္တာဂါထာ

(အတ္ထယောဇနာ) နရော၊ သံသရာဆင်းရဲ ဒုက္ခ ထဲ၌ အမြဲမသေ့ လှည့်လည်၍ နေရသောသူသည်။ ဓန-သမ္ပန္နံ၊ ရွှေ, ငွေ, ဘဏ္ဍာ များစွာ သောင်းပြောင်း ဥစ္စာပေါင်းတို့နှင့် ပြည့်စုံသော။ သုမဇ္ဈုသံ၊ ရွှေ, ငွေ, ဥစ္စာ အဖြာဖြာကို ကောင်းစွာ ထည့်သို သေတ္တာကြီး ကို။ ရက္ခေဝ၊ နေ့ညမသေ့ စောင့်ရှောက်ရလေသကဲ့သို့။ ဝေံ တထာ၊ မပိုမပွါး ထိုစကားနှင့် မခြားစံယူ အလားတူ သာလျှင်။ သာရံ၊ အနှစ်သာရတို့နှင့် လှလှကောင်းစွာ ပြည့်စုံပါသော။ ဂန္ထဝိပဿနာဓူရံ၊ သုံးဖြာပိဋကတ် ပဋိပတ် တည်းဟူသောဝန်ကို။ အဟံ၊ "ရှင်သီရိ" ဟု မည်ရှိတွင်ကျယ် ငါရဟန်းငယ်သည်။ ပါလေမိ၊ မကွယ် မထောင့် အဖြောင့်ချောစွာ စောင့်ရှောက်ပါအံ့။

### ပတ္ထနာဂါထာ ပါဌ်-အနက်

ဣမေဟိ ပုညကမ္မေဟိ၊ မုတ္တာ သံသာရဒုက္ခတော။
ပတ္တိတေဟိ သမိဇ္ဈာမ၊ မယံ ဟောမ သုခံ သိဝံ။

ဣမေဟိ ပုညကမ္မေဟိ၊ ဒါန သီလ ဘာဝနာ များ စွာပြုစု ဤကောင်းမှု တို့ကြောင့်။ သံသာရဒုက္ခတော၊

သံသရာဝဲ ဩဃထဲ၌ အမြဲမပြတ်- ဖြစ်တတ် ပျက်တတ်လေ့ ရှိကုန်သော ဒုက္ခအပေါင်းမှ။ မုတ္တာ၊ မဝပ်မခ- လွတ်ကြရကုန်၍။ ပတ္တိတေဟိ၊ တောင့်တတိုင်းတို့ဖြင့်။ သမိဇ္ဈာမ၊ မကြာခဏ ပြည့်စုံရပါလိုကုန်၏။ သုခံ၊ ပဒုမ္မာငွေ ကြာ ရေငွေ့သို့ ချမ်းမြွေ့လှစွာသော။ သိဝံ၊ တဆယ့် တပါးသော မီးတို့၏ ငြိမ်းအေးရာမှန် ပြည်နိဗ္ဗာန်ကို။ မယံ၊ ဒုက္ခများစွာ အဖြာဖြာမှ လွတ်ရာလမ်းစ ရှာကုန်ကြသော အကျွန်ုပ်တို့သည်။ ဟောမ၊ မကြာစေရ တခဏနှင့် အမတဘုံ ခိုလှုံစင်စစ် ဖြစ်ကြီးဖြစ်ကြရပါလိုကုန်၏။

ဦးသိရိ
နိဗ္ဗိန္ဒတောင်
ပြည်မြို့

ပြည်မြို့
နိဗ္ဗိန္ဒဆရာတော်ဘုရားကြီး
၏

# ထေရုပ္ပတ္တိအကျဉ်းချုပ်

သာယာဝတီခရိုင် မိုးညိုမြို့နယ် ရောဝတီမြစ်၏ အနီး မြေဇာကျွန်းဟူသော ရွာကြီးတရွာသည် ရှိ၏၊ ၎င်းရွာကြီးမှာ အဖ ဦးကြာညို အမိ- ဒေါ်လုံမတို့မှ မွေးဖွားရ၍ ကိုင်းသမားတို့ထုံးစံအတိုင်း ဆေးခင်းများ လုပ်ကိုင်ကာ မိဘနှစ်ပါးတို့ ပြုစုကျွေးမွေးကြသဖြင့် ၁၀-နှစ်သားအရွယ်သို့ ရောက်လတ်သောအခါ လွန်စွာဆိုးဝါးသော ဝဲရောဂါများ ပေါက်ရောက်လာသဖြင့် ပျောက်ကင်းစေတတ်သော ဆေးဝါးများဖြင့် အမိက ကုသငြားသော်လည်း ပျောက်ကင်းခြင်းမရှိ၍ အမိက ပြောသည်မှာ "အမောင် မင်း၏ ဝဲရောဂါတို့သည် တစ-တစ တိုးပွါး၍လာပါက အမူအရာ မကောင်းပဲ နူနာများဖြစ်တတ်သည်၊ နူနာဖြစ်ပါက အများလူသားတို့ နေထိုင်တဲ့ရွာထဲမှာ မနေရပဲ ရွာပြင်ဘက်မှာ တဲအိမ်ကလေးတခုနှင့် နေရလိမ့်မည်" ဟု အမိက ပြောဆိုဆုံးမသောအခါ ငါသည်ကား ဒုက္ခများမြောင်လူတို့ဘောင်၌ နေမည်ဆိုပါက ဝဋ်ဒုက္ခ အမျိုးမျိုးနှင့် တွေ့ရမှာ အမှန်ဖြစ်ပေသည်ဟု ထိတ်လန့်ခြင်း သံဝေဂ

ဉာဏ်ဖြစ်ပေါ်လာသဖြင့် လောကလူ့ရွာမှာ မနေချင်တော့ပဲ သာသနာတော်ထမ်း ရဟန်းအဖြစ်ကို တောင့်တလေ၏၊ တောင့်တပြီးနောက် မြေဇာရွာကျောင်းဘုန်းကြီးထံ ကျောင်းသားအဖြစ်နှင့် ပညာသင်ကြားရာ အဘိဓမ္မာ သင်္ဂြိုဟ်ကျမ်းကို ဂရုတစိုက် သင်ကြား၍နေခိုက် စိတ်စွဲလမ်းခြင်း အားကြီးသဖြင့် ညအိပ်တဲ့အခါမှာ ခြေရင်းနားက မီးထွန်းထားသလို တခါတခါမှာဖြစ်၍ နေသော် ဘယ့်နယ့်လဲ ငါ၏ခြေရင်းမှာ ဘယ်သူလာ၍ မီးထွန်းထားသလဲဟု ထင်မှတ်သဖြင့် ထ၍စမ်းသပ်သောအခါ ပျောက်၍သွားလေ၏။ ဤသို့ မကြာမကြာ ပေါ်ပေါက်လာသော်လည်း တရားသဘောရယ်လို့မသိပေ၊ တရံရောအခါမှာ ညာဘက်လက်မတွင် ကြွက်နို့တလုံး ပေါက်လာသဖြင့် အမိကိုပြသောအခါ အမိက ကြွက်နို့ပေါက်လျှင်နူတတ်သည်ဟု ပြောသောကြောင့် မိမိတို့၏ အိမ်နှင့်မျက်နှာချင်းဆိုင်အိမ်မှာ ခြေတို လက်တို အနူကြီးတယောက်ရှိ၍ ၎င်းအနူကြီးကဲ့သို့ လက်မ တိုသွားမှာကြောက်သဖြင့် ကြွက်နို့ပေါက်သော လက်မကိုဆုပ်၍အိပ်လေရာ သန်းခေါင်ယံ အချိန်လောက်မှာ နိုးသဖြင့်စိုးရိမ်မကင်းနှင့် လက်မတိုမှာစိုး၍ လက်နှင့်ဆုပ်ထားရာလက်မ ရှာမတွေ့သဖြင့် လန့်၍အော်သောအခါ အမိကမေးမြန်းရာ လက်မတိုသွား၍ ရှာမတွေ့တဲ့အကြောင်းပြောပြလေ၏၊ အမိက အဟုတ်မှတ်၍ အရေးတကြီး

စမ်းသပ်ကြည့်သောအခါမှ လက်မကိုတွေ့၍ ငါ့သား လက်မ အရှိသားပါကလားဟု ပြောခါမှ လက်မပြန်၍ ပေါ်လာလေ၏၊ ဤသို့ တရေးသဘောအတိုင်း ဖြစ်သည်ကိုလည်း တရားသဘောမှန်းမသိပေ။

ဤကဲ့သို့ တောင့်တတဲ့ စိတ်ဆန္ဒအတိုင်း တဆယ့်ငါးနှစ်သားအရွယ်သို့ ရောက်သောအခါ မိခင်၏မောင်ဦးလေးက မြေဇာရွာကျောင်း ဆရာတော်ထံမှာပင် ရှင်ပြုပေးသဖြင့် မောင်ရှင်သာမဏေအဖြစ်သို့ ရောက်ရသောအခါ အလွန်ဝမ်းမြောက်လေ၏၊ ၎င်းသာမဏေအဖြစ်မှာပင် သက်သတ်လွတ်စားခြင်း, ခြိုးခြံခြင်းအမှုကိုပြု၍ ပညာများကို ကြိုးစားခဲ့ရာ သဒ္ဒါ သင်္ဂြိုဟ် ပါတိမောက် ဝိနည်းငါးကျမ်းတို့ကို သာမဏေဘဝနှင့်ပင်ကုန်ခြင်းသို့ရောက်ခဲ့၏၊ ဤကဲ့သို့ ပရိယတ္တိဓမ္မသင်ကြား၍နေသော်လည်း လူသူမနီး တောတောင်ကြီး၌ ကိုယ်တည်းဆိတ်ခွဲ တယောက်တည်း နေမည်ဟူသော အကြံသည် မကြာခဏ ဖြစ်ပေါ်၍လာ၏၊ သြော်ငါသည်ကား အလုံးစုံသော အရပ်ဌာနသို့ လှည့်လည်ကာ ကျက်စား၍ သစ်တပင်မှ သစ်တပင်သို့ တောတောင်တခုမှ တောတောင်တခုသို့ သွားရပါမူကား ကောင်းလေစွ၊ ဤရဟန်း၏ အဖြစ်မျိုးကိုရခြင်းသည် အရတော်လေစွ။

ဩော် ငါသည်ကား တောင်စဉ် တောင်ဖျား ချောက်မြောင်ကြားတို့၌ ထိတ်လန့်ခြင်းတရား စွန့်ပယ် ရှား၍ အဖော်မမှီး တယောက်ထီးတည်း သွားရပါမူကား ကောင်းလေစွ၊ ဤရဟန်း၏အဖြစ်မျိုးကို ရခြင်းသည် အရတော်လေစွ။

ဩော် ငါသည်ကား ကောက်ကျစ် စဉ်းလဲ စိတ်မိုက် စိတ်မွဲကို စောင်းတီးယောကျ်ား စောင်းသမားကဲ့သို့ မလျှော့မတင်း စောင်းကြိုးညှင်းတာလို ဘယ်ခါကာလ ဘယ်ချိန်ကျမှ ကမ္မဋ္ဌာန်းတရားကို အားထုတ်ရပါအံ့နည်း ဟု ဤကဲ့သို့ အကြံအစည်များသည် လွန်စွာဖြစ်ငြား သော်လည်း ရဟန်း၀ါ နှစ်ဝါအရတွင် ပခုက္ကူဆရာတော် ဦးဂန္ဓထံသို့ရင်း, မန္တလေးဘုရားကြီးတိုက် ဆရာတော် ဦးဉာဏထံသို့ရင်း ပညာသင်ရောက်သောအခါ သင်ကြား၍ ထားသော ပရိယတ္တိပညာအစွမ်း မာန်အဟုန်ဖုံးလွှမ်း၍ လာသဖြင့် ငယ်ရွယ်စဉ်က တောထွက်မည်ဟု ကြံစည်ခဲ့ သော စိတ်အစဉ်သည် ပျောက်ကွယ်၍ သွားလေ၏။

ရဟန်း၀ါ လေးဝါရသောအခါမှ တောထွက်ရန် စိတ်များ ပြန်လည်ပေါ်လာသဖြင့် ကိလေသာကို ခါတွက် တတ်သော ဓုတင်တရားများကို ကြိုးစား၍ အားထုတ် လေ၏။ ထိုအခါ၌ စိတ်အကြံ ဖြစ်ပေါ်၍လာသည်မှာ ငါတို့ မြန်မာလူမျိုးများသည် မြတ်စွာဘုရား ဆုံးမတော်

မူသော တရားတော်ကို ပါဠိ မြန်မာ နှစ်ဘာသာရောယှက် ၍သာ သီလပေးခြင်း, သီလခံယူခြင်း ပြုလေ့ရှိကြသည်၊ မြန်မာဘာသာသက်သက်နှင့် သီလပေးခြင်း, သီလခံယူ ခြင်း မပြုကြပေ၊ သို့အတွက် မြန်မာဘာသာသက်သက် သီလပေး, သီလယူရေးသားလျှင် ကောင်းလိမ့်မည်ဟု ကြံစည်မိခိုက် မြန်မာလို သီလပေးပုံကို ရေးသားလိုက်ရ ပေသည်၊ ၎င်းမြန်မာလို သီလပေးခြင်းကို ဆရာတော် ငယ်စဉ်ကပင် သီလခံယူကြသောအခါ မြန်မာလိုပေးလေ့ များပါသည်။

ရဟန်းဝါ ခြောက်ဝါ ရသောအခါမှာ လူသူမနီး တောမြိုင်ကြီးသို့ ကိုယ်တည်းဆုတ်ခွါ သွားလိုသောစိတ် အကြံသည် ပြင်းပြစွာ ဖြစ်ပေါ်လာသဖြင့် ပြည်မြို့ ပုထိုးကြီး ဆရာတော်ကြီးအား မိမိ၏ စိတ်အကြံကို လျှောက်ထားသောအခါ ပုထိုးကြီး ဆရာတော်ဘုရားက ငယ်သေး၍ စိုးရိမ်မကင်းရှိသဖြင့် တားမြစ် ဆိုင်းငံ့ထား သောကြောင့် တောထွက်ရန်ကိစ္စကို အောင့်အည်းသည်း ခံ၍ နေ့အခါမှာ ပဉ္စင်းငယ်များနှင့် သာမဏေများကို စာဝါများ သင်ကြားပို့ချပေးပြီး ဆိတ်ငြိမ်သော ညချမ်း အခါမှာ ကမ္မဋ္ဌာန်းတရားများ နှလုံးသွင်းရပေ၏၊ ထိုသို့ နှလုံးသွင်းငြားသော်လည်း ဘာတခုမျှ ထင်မြင်ခြင်းကို မရခဲ့ပေ၊ မရသော်လည်း တောထွက်ဖို့ရာ စိတ်အကြံက

တော့ မလျှော့ပေ၊ မလျှော့သည့်အတိုင်း တောထွက်တော့မည်ဟု ဆင်ခြင် စဉ်းစားခိုက်မှာ တောနေရဟန်းဆိုတာ ခရီးဝေးစွာ သွားရသဖြင့် သပိတ်ပရိက္ခရာ လွယ်စရာအိတ်များ လိုသေးသည်ဖြစ်၍ သပိတ်အိတ်ကလေးတခု ပြည့်စုံရန် အလွန်ပင် စိတ်ပင်ပန်းခြင်းဖြစ်၍ နေခိုက်မှာ နေ့စဉ်မပြတ် ဆွမ်းရပ်ကာနေသော ရွာသစ်ရွာ လက်သမားဆရာကြီး ဦးသာပြောဆိုသူက ရွာသစ်ရွာသားဒါယကာများတို့နှင့် တိုင်ပင်ကာ သပိတ်ပရိက္ခရာ လွယ်စရာအိတ်များဝိုင်းဝန်း၍ လှူဒါန်းကြတော့မှ မိမိကြံစည်တဲ့အတိုင်း အောင်မြင်ခြင်းသို့ ရောက်သဖြင့် ဝမ်းသာခြင်းဖြစ်ရပေသည်။

ထိုသို့ သပိတ်ပရိက္ခရာ လွယ်စရာ သပိတ်အိတ်များပြည့်စုံပြီး တောထွက်ရန် အချိန်တန်ပြီဟု စိတ်ကိုဆုံးဖြတ်ပြီးလျှင် ၁၂၇၄-ခု-တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့ညနေ(၅)နာရီအချိန်၌ သုတ္တန် ဝိနည်း အဘိဓမ္မာကျမ်းစာအပေါင်းကို စာပေပို့ချကာနေသော နေ့ာင်တော်ရဟန်းအား လှူဒါန်းခြင်းကို ပြုခဲ့ပေ၏။

ထိုနောက် (၅) နာရီ အချိန်မှာပင် မိမိ၏ သွန်သင်ရှေပြေး အဆုံးအမပေးသော ဆရာတော်ဘုရားကို ဘဝများစွာ သံသရာက တရားမသိ ပြစ်မှားမိသော ယုတ်မာညစ်ဆိုး အပြစ်မျိုးကို အားကုန်မာန်လျှော့ ပြန်ကာ

ကန်တော့၍ ဗုဒ္ဓမြတ်စွာ စိန္တေယျာ၏ ချီးမွမ်းတော်မူ အပ်သော လူသူမနီး တောမြိုင်ကြီးသို့ ယခုနေခါ ညချမ်း သာ၍ ရှင်သီရိ ဘွဲ့မည်ရှိသော ရဟန်းငါသည် တယောက် တည်းသာ သွားပါတော့အံ့ဟု အဓိဋ္ဌာန်ပြုကာ မိမိ၏ သီလကို သန့်သန့်ရှင်းရှင်း သုဓ်သင်ခြင်းကို ပြုပြီးလျှင် (၅)နာရီခွဲအချိန်သို့ ရောက်သည်ရှိသော် ထွက်ဖို့ရာလမ်း ပုထိုးကြီးတောင်တန်းသို့ ညီနောင်နှစ်ပါး ထွက်ကာသွား ကြသည်ရှိသော် တခဏလောက်နှင့် တောင်ထိပ်သို့ရောက် သဖြင့် အမည်တွင်ဆောင် ကြက်ထင်းတောင်၏ အနီးသို့ ရောက်သောအခါ နေရီမှောင်သန်း အစ်ကိုရဟန်းနှင့် နှလုံးမသာခွဲခွါရသဖြင့် နောက်သို့တဖန် ပြန်ကြည့်ရှုသော အခါ ရင်၌ရှိုငြား နှလုံးသားသည် နှစ်ဖြာထက်ခြမ်း ဖြန်းဖြန်းကွဲတော့မလို သောကပူပြင်း မီးလောင်ခြင်း သည် မကြာချက်ခြင်း ဖြစ်ပေါ်၍လာခဲ့၏၊ ထိုသို့ မီး တောက် ပေါ်လာရောက်က မိမိကိုယ်ကို သွန်သင်ရှေပြေး အဆုံးအမပေး၍ ဤသို့ စိုးရိမ်မကင်း ပူလောင်ခြင်းနှင့် မသက်မသာ ထွက်ခွါသွားသည်ရှိသော် ကိုယ်သာနွမ်းညိုး ဘာအကျိုး ရှိတော့အံ့နည်း၊ ရှေးသူတော်ကောင်း အရိယာအပေါင်းတို့သည် နိဗ္ဗာန်မြော်ပြီး တောထွက်သော နည်းကို ဆင်ခြင်၍ ပြည်မြို့နှင့် မနီးမဝေး နှစ်မိုင်လောက် ကွာဝေးသော အရပ်သို့ ရှေးရှု၍ ရှေးသူတော်ကောင်း သူမြတ်လောင်းတို့ မွေ့လျော်ရာဖြစ်သော တောင်စဉ်

တောင်တန်း ရှိမှောင်သန်းသော တောအုပ်ကြီးသို့ မှောင်မှောင်မဲမဲ ခုနစ်နာရီခွဲအချိန် ရောက်ရှိလေ၏။

မဲမှောင်ရီသန်း တောင်စဉ်တောင်တန်းသို့ သာသာဖြည်းဖြည်း လျှောက်ကာ လျှောက်ကာ တယောက်ထီးတည်း သွားသည်ရှိသော် ဟောင်းနွမ်းစုတ်ပြတ်သော ကျောင်းပျက်ကလေးတခုကိုတွေ့လေရာ ကျောင်းအထက်သို့ တက်သွား၍ အဖော်မမှီး တယောက်ထီးတည်း အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်း၍နေလေ၏၊ နံနက်မိုးသောက်အလင်းသို့ရောက်သောအခါ မျက်နှာသစ်ခြင်းငှါ ရေကိုရှာသည်ရှိသော် ထိုတောင်၏အဆုံး၌ ရေအိုင်ငယ်တခုကိုတွေ့၍ ရေစစ်ဖြင့် ရေကိုစစ်ပြီးလျှင် ခံတွင်းဆေးခြင်း, မျက်နှာသစ်ခြင်းကိုပြုပြီးလျှင် အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းပြန်လေ၏၊ ဆွမ်းခံအခါ နီး၍လာသည်ရှိသော် တအိမ်မှဖဲ တအိမ်လဲ၍ ရပ်ထဲဝင်ကာ ဆွမ်းခံခြင်းငှါ သီလရှင်များ နေထိုင်ငြားသည့် ရွာငယ်တခုသို့ဝင်၍ ဆွမ်းအလို့ငှါ ရပ်ကာရပ်ကာ သွားသည်ရှိသော် သဒ္ဓါရှင်လန်း ပေးလှူဒါန်းသော ဆွမ်းနှစ်ခွက်ကို ရလေ၏၊ မပြည့်မစွက် ဆွမ်းနှစ်ခွက်နှင့် မျှတလောက်ပုံမရှိသေး၍ ရှေ့သို့ဆက်လက် ပွင့်လှသိမ်ကုန်းရွာဘက်သို့ လှမ်းထွက်ကာ သွားသည်ရှိသော် လွန်စွာကြမ်းခက် ဆွမ်းနီကြီး နှစ်ခွက်ကိုရ၍ လေးခွက်ပေါင်းစု ဆွမ်းအမှုဖြင့်

မျှတလေပြီဟု နှလုံးသွင်း၍ ရှုံ့ညှန့်တို့ဆီး လမ်းခရီးသို့ လျှောက်ကာလျှောက်ကာ လာခဲ့ပါသော် ခေတ္တခိုအောင်း သခ်မ်းကျောင်းသို့ မကြာခင်ရောက်သဖြင့် မျှတမည့် အရေး ဆွမ်းဘုဉ်းပေးမည် ပြုသောအခါ သောက်ဖို့ရာ ရေမရှိသဖြင့် ရေအိုင်ငယ်သို့သွား၍ ချမ်းသာဆိတ် တည်ပင်ရိပ်မှာ ဆွမ်းစားရင်းထိုင် နိသိဒိုင်ကို ဖြန့်ကာခင်း ၍ ဆွမ်းချည်းသက်သက် ဆားမဖက်ပဲ မျှတအောင်ဘုဉ်း ပေး၍နေရာ ငါးရက်လောက်အကြာ သီလရင်များစွာတို့ သိကြသဖြင့် အသားမဖက် သစ်သီးသစ်ရွက်များကို လှူဒါန်းကြခြင်းကြောင့် သီလရင်များ လှူဒါန်းသော ဆွမ်းကို မျှတ၍ မိမိကိစ္စ အာနာပါနအလုပ် အားထုတ် နေရာ ( ၁၅ )ရက်လောက် အကြာမှာ အာရုံနိမိတ် ပေါ်လာသောအခါ ဟာ....ငါ၏နှာသီးဝမှာ ဘာကြီး ပေါ်လာပါသိမ့်မလဲဟု မဝေခွဲနိုင်သဖြင့် အင်ကြင်းမြောင် ဆရာတော်ကြီးထံသွား၍ လျှောက်ထားရာ အင်ကြင်း မြောင် ဆရာတော်ဘုရားကြီးက ခွဲခြမ်း၍ အမိန့်ရှိသော အခါမှ သေချာဂန သိရသဖြင့် ဆရာတော်ကြီးကို ယုံကြည် အားကိုး၍ ကျေးဇူးတင်ပါသတည်း။

ရှေးအခါကတော့ အင်ကြင်းမြောင်ဆရာတော်ဘုရား ထင်ရှားပင် ရှိငြားသော်လည်း ၎င်းဆရာတော်ဘုရား သည် ငါတို့နှင့်ဘာထူးမှာလဲ၊ ငါတို့လည်း ပရိယတ္တိကျမ်း

အရှိကိုသိသည်၊ ဆရာတော်ဘုရားကြီးလည်း ၎င်းကျမ်း အတိုင်းသိသည်၊ ဘာထူးမှာလဲဟုထင်မှတ်၍ ပရိယတ္တိမာန် ခံသဖြင့် ၎င်းဆရာတော်ကြီးထံ မသွားပဲ နေခဲ့လေသည်။ ပရိယတ် ပဋိပတ်ခွဲခြားထားသဖြင့် ပရိယတ်တတ်ရုံနှင့် နားမလည်နိုင်ပါ၊ ပဋိပတ်ကိုလည်း ကျွမ်းကျင်အောင် အားထုတ်မှကောင်းသည်၊ ပရိယတ္တိမာန်ဟာ အလွန်ခက် ထန်ပါသည်၊ ကြီးမှန်းမသိ ငယ်မှန်းမသိဖြစ်တတ်ပါသည်၊ ကြီးလျှင် ကြီးမှန်းသိမှ ကောင်းသည်၊ ငယ်လျှင်ငယ်မှန်း သိမှ ကောင်းသည်၊ သတိထားကြပါ၊ ၎င်းနောက် မိမိမှာ ပေါ်ပေါက်လာသမျှ တရားကိစ္စအဝဝကို ဆရာတော်ကြီး အား လျှောက်ထားသဖြင့် ဆရာတော်ကြီး အမိန့်ရှိသည့် အတိုင်း အားထုတ်ခဲ့ရာ ၎င်းဆွမ်းများဖြင့် လေး ငါးလ မျှတ၍ နေထိုင်ခဲ့ရာ ငါးလကျော် ခြောက်လခန့်အကြာ နွေရာသီအခါ ရေအမှုကြောင့် ဒကာတစုတို့က မက ရွတ်ခေါ် ကုန်းမြေပေါ်မှာ သက်န်းမိုး ကျောင်း တဆောင် ဆောက်လုပ်လှူဒါန်းကြ၍ ၎င်းကျောင်းသို့ ပြောင်းရွှေ့ကာနေခိုက်မှာ ၃-ရက် ၄-ရက်အကြာ မီး လောင်စာဖြစ်၍သွားသဖြင့် အားလုံး ဒါယကာအများ စိတ်ချမ်းသာခြင်း မဖြစ်ကြ၍ နောက်ထပ်တဖန် စကြံ ကျောင်းတဆောင် ထပ်မံဆောက်လုပ် လှူဒါန်းကြပြန် သဖြင့် ၎င်းစကြံကျောင်း၌ မျှတကာနေစဉ် တန်ခူးကာလ ခါသမယ ရောက်သောအခါ ပြည်မြို့ပေါ်ရှိ ကျောင်း

[ ခေါ် ] သိက္ခာသုံးပါးပြုရာကျမ်း

ဆရာကြီး ဦးရာကျော်ဆိုသူက သူ၏စိတ်ကူးအရ ၎င်း ကျောင်းကုန်းကို နိဗ္ဗိန္ဒ-နိဗ္ဗိန္ဒဟု-တိုင်စေ့အောင် ရေးသား၍ သွားသဖြင့် ယခုတိုင် နိဗ္ဗိန္ဒဟု အမည်တွင်ရသတည်း၊ နိဗ္ဗိန္ဒဟူသော အမည်သည် ၁၂၇၅-ခုနှစ်ကစ၍ ဖြစ်ပေါ်လာခဲ့၏။

ဆရာတော်ဘုရားကြီးနှင့် ၄-နှစ်မျှသာ နေလိုက်ရပါသည်၊ ဆရာတော်ဘုရားကြီး ပြန့်လွန်တော်မူသောအခါ အားကိုးရာမဲ့ ဖြစ်သဖြင့် မြန်မာနိုင်ငံ တဝှမ်းလုံး ကမ္မဋ္ဌာန်းဘက်ဆိုင်ရာတို့ကို လိုက်၍စုံစမ်းလေ၏။

## ကမ္မဋ္ဌာန်းဘက်ဆိုင်ရာသို့လိုက်၍ စုံစမ်းခန်း

ဆရာတော်ဘုရားကြီး အစ့လောင်းတော်ကို သင်္ဂြိုဟ်ပြီးသည့်နောက် မျှားမကြာမီ သူရိယ, သုမန, ဩဘာသတပည့်သုံးပါး ဒါယကာတယောက်နှင့် ပြည်မြို့မှ ရန်ကုန်သို့ ထွက်ခွါသွားရာ ရွှေတိဂုံဘုရားကို ဖူးမြော်ရန် ကုန်းတော်ပေါ်သို့တက်၍ ဘုရားဖူး ခေတ္တနားနေပြီးနောက် ရထားအချိန်နီးကပ်၍ ပဲခူးမြို့သို့ ဆက်လက် သွားကြရာ ပဲခူးမြို့မှာ တညနား၍ ရွှေမော်ဓော ဘုရားဖူးပြီး သထုံသို့ ဆက်လက်ရထားစီးသဖြင့် သထုံသို့ရောက်သောအခါ သထုံရွှေစာရံဘုရားကိုဖူးမြော်၍ အနည်းငယ်နားနေ

ပြီးနောက် ထ၍လျှောက်ကြသောအခါ သာသနပဋ္ဌော-
တိက တိုက်မှာ သီတင်းသုံးနေသော မင်းကွန်းဆရာတော်
ဘုရားကြီးနှင့် တွေ့ကြ၍ မင်းကွန်းဆရာတော်ဘုရားကြီး
ထံမှာပင် တညတည်းခိုလေ၏၊ ထိုဆရာတော်ဘုရားကြီးနှင့်
ည ၁၀-နာရီ အချိန်လောက်မှာ တရားဘက်ဆိုင်ရာတို့ကို
စုံစမ်းလျှောက်ထားရာ ဆရာတော်ဘုရားကြီးက အား
ထုတ်ပုံ နည်းလမ်းများ, ထင်မြင်ပုံအချက်များကို မြွက်
ကြားသည်ကို နာကြားခဲ့၍ နံနက်မိုးသောက်ရောက်သော
အခါ မော်လမြိုင်သို့ ထွက်ခွါသွားကြကာ မော်လမြိုင်
ကျိုက်သံလံ တောင်ပေါ်မှာ ၃-ရက်နားနေပြီးလျှင် စုံစမ်း
ရာ ကမ္မဋ္ဌာန်းဘက်က စုံစမ်း၍ မရသဖြင့် မော်လမြိုင်မှ
ဆုတ်ခွါခဲ့ရာ ကျိုက်ထိုမြို့သို့ ရောက်ရှိသောအခါ ကျိုက်ထို
ဝန်ထောက်တယောက်က ဆွမ်းကပ်လိုပါ၍ တပည့်တော်
နေအိမ်မှာ သီတင်းသုံးပါမည့်အကြောင်း လျှောက်ထား
သဖြင့် ထိုဒါယကာ၏ သဒ္ဓါတရားကို စောင့်ရှောက်သော
အားဖြင့် နံနက်ဆွမ်းအလှူခံ၍ ကျိုက်ထီးရိုးတောင်ပေါ်
သို့ တက်ကြရာ ညနေချမ်းအခါမှာ တောင်ပေါ်သို့ရောက်
ကြသဖြင့် ဘုရားဖူးပြီး နံနက်မိုးသောက်ရောက်သောအခါ
ပြန်လည်ကာ ဆင်းကြသဖြင့် ညနေချမ်းအခါ ကျိုက်ထို
ဘူတာသို့ ရောက်ကြလေသဖြင့် ရထားကို စောင့်ဆိုင်း၍
နေကြရာ ရထားဝင်လာသောအခါမှာ ရထားစီး၍ ပဲခူးသို့

ပြန်ရောက်ကြသဖြင့် တပည့်သုံးပါးနှင့်ခွဲခွါခဲ့ကြပြီး ကပ္ပိယ တယောက်သာ ခေါ်ဆောင်ကာ ဖြူးမြို့သို့ ဆရောက်သွား လေသော် ညနေချမ်းအခါ ဖြူးမြို့သို့ ရထားဆိုက်သဖြင့် သူဌေး ဦးသက်အိမ်မှာ ၂-ရက်ခန့် နားနေပြီး သစ်ချ တောင် ဦးတိလောကထံသို့ စုံစမ်းသွားရာ ဦးတိလောက ဖိုဝင်ခိုက်နှင့် ကြုံကြိုက်နေသဖြင့် ဖိုရုံကထွက်လာမှ တွေ့ရ သောအခါ ဘာတခုမျှ မစုံစမ်းတော့ပဲ အလွတ် အလွာပ သလ္လာပ စကားများကိုသာ ပြော၍ပြန်ခဲ့လေ၏။

ထိုအခါ သူဌေး ဦးသက်က ဘာများစုံစမ်းခဲ့ပါသလဲ ဟု လျှောက်ထားရာ ဖိုရုံကထွက်လာခိုက်ဖြစ်၍ ဘာကို မျှ မစုံစမ်းခဲ့ပါကြောင်း ပြောသောအခါ သူဌေးဦးသက် က လျှောက်ထားသည်မှာ အရှင်ဘုရား မကျေနပ်သေး ပါက လယ်တီဆရာတော်ကြီးထံ ကြွပါလေ၊ လယ်တီ ဆရာတော်ထံရောက်က ကျေနပ်ပါလိမ့်မည်ဟု လျှောက် ထားသဖြင့် ပျဉ်းမနားမြို့သို့ သွား၍ လယ်တီဆရာတော် ကြီး သတင်းသုံးသော အင်ကြင်းမြိုင်တောရသို့ ရောက် လေ၏၊ ထိုစဉ်အခါက လယ်တီဆရာတော်ဘုရားကြီးသည် ရွှေမြို့သို့ တရားဟောသွားနေခိုက်ဖြစ်၍ မတွေ့ရသေးပေ၊ တညအိပ်၍နေပြီး နောက်တနေ့ သုံးနာရီလောက်မှာပြန် ကြွလာသေ၏၊ ဆရာတော်ကြီးကို စောင့်ဆိုင်း၍ နေခိုက် ညအိပ်မက်မြင်မက်သည်မှာ မိမိဝတ်ထားသော သင်္ကန်း

တို့သည် အားလုံးကုန် ဆွတ်ဆွတ်ဖြူ၍ နေသည်ဟု မြင်မက်၏၊ ထိုအိပ်မက်အကြောင်းကို ကပ္ပိယအား ပြောကြားသောအခါ ကပ္ပိယက လျှောက်သည်မှာ တပည့်တော်လည်း အိပ်မက်မြင်သည်မှာ တပည့်တော်၏ ပါးစပ်ထဲက ထွက်လာတဲ့ ကျီးတွေမှာ တကောင်မျှ ခေါင်းမပါပဲ မြင်မက်ပါကြောင်း လျှောက်ထားလေလျှင် ထိုအိပ်မက်ကို မဝေခွဲနိုင်ရှိ၍နေခိုက်မှာ ဆရာတော်ကြီး ပြန်ရောက်လာသဖြင့် သွား၍ကန်တော့ရာ ဆရာတော်ကြီးက ဘယ်ကပါလဲဟု မေးမြန်းရာ ပြည်ကဖြစ်ပါကြောင်းနှင့် ဆရာတော်ကြီး မြန်အောင်မြို့သို့ တရားဟောကြွစဉ်က အင်ကြင်းမြောင် ဆရာတော်ဘုရားနှင့် အတူသင်္ဘောမှာ လာ၍ ကန်တော့ပါကြောင်းတို့ကို လျှောက်ထားတော့မှ အေးသိပြီကွာ မင်းလျှောက်ချင်တာကို ညကျမှလာ၍ လျှောက်ဟု အမိန့်ရှိသဖြင့် ပြန်ခဲ့ရာ နံနက်မိုးသောက် ဆန်ပြုတ်သောက်ပြီးခါမှ မိမိလျှောက်ချင်တာကို သွား၍ လျှောက်ရာ စိတ်ကျေနပ်လောက်အောင် အမိန့်ရှိသဖြင့် ရှုပ်ထွေး၍ နေသော အရှုပ်များလဲ ရှင်းလင်းသွားလေ၏။

ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာအကြောင်းရှင်းလင်း၍ ပြတော်မူ၏၊ နောက်ရက်များ၌ မိမိအလိုရှိရာ လျှောက်ထားသောအခါ ကျေနပ်လောက်အောင်ပင် အမိန့်ရှိတော်မူသဖြင့် ၄-ရက်

၅-ရက် လျှောက်ထားပြီးသောအခါ မန္တလေးက ဆရာ တော်ကြီးကိုပင့်သဖြင့် ဆရာတော်ကြီးနှင့်အတူ ပါသွား၍ လယ်တီစံကျောင်းမှာ တညအိပ်ပြီးနောက် ငယ်စဉ်က စာတက်ခဲ့ဘူးသော ဘုရားကြီးတိုက်,တိုက်ကြပ်ဆရာတော် ဘုရား ဦးဉာဏအား သွား၍ ကန်တော့ပြီးနောက် စစ်ကိုင်း ဘက် ဃောသိတာဝံ ဆရာတော်ဘုရားကြီးထံ ၄-၅ ရက် နေ၍ စုံစမ်းရာ ၎င်းဆရာတော်ဘုရားကြီးက အဆုံးအမ ပေးသော တရားများကို နာ၍နေစဉ် ငါတို့ ဉပဇ္ဈာယ် ဆရာတော် အမိန့်ရှိဘူးတာကတော့ ဃောသိတာဝံ ဆရာ တော်ကြီးသည် ရဟန်းကိစ္စပြီးတဲ့အနေမျိုး အမိန့်ရှိဘူး ပါသည်၊ ယခုဆိုဆုံးမတဲ့စကားကတော့ အကြမ်းပဲရှိပါ သေးသလားဟု စဉ်းစားမိ၍ လျှောက်သည်မှာ အရှင် ဘုရား မိမိကိုယ်ကိုဖြစ်စေ, သူတပါးကိုယ်ကိုဖြစ်စေ ကြည့် လိုက်သောအခါ ကိုယ်ရယ်လို့ ရှာမတွေ့တော့ပဲ တရွရွနှင့် ပျက်နေတာကို မြင်လျှင်ဘယ်လိုပါလဲ ဘုရားဟု လျှောက် ထားသောအခါ ဒီလိုမြင်တာကတော့ အကောင်းဆုံးပဲ၊ ရုတ်တရက် မမြင်နိုင်ကြဘူးဟု အမိန့်ရှိလေ၏၊ ထိုနောက် ဂန္ဓာရုံ ဆရာတော်ထံသွား၍ စုံစမ်းရာဂန္ဓာရုံ ဆရာတော် ဘုရားက ဒီလိုလဲရှိတယ် တချို့က သမထနှင့် စာပစ်ပယ်ပြီး လုပ်ကြတာတွေလဲ ရှိတဲ့အကြောင်း အမိန့်ရှိတော်မူကာ (ရူပကလာပသန္တတိ ကာမလောကေ ဒိပဇာလာ ဝိယ နဒီသောတော ဝိယ စ) ဟူသော စာကိုလည်း ရွတ်ဆို

ပြတော်မူ၏။ ဤကဲ့သို့မြင်လျှင် ဘာလိုပါသေးသလဲ ဘုရား ဟု လျှောက်ပြန်သောအခါ ဤကဲ့သို့မြင်လျှင် ၎င်းပုဂ္ဂိုလ် ကို ပေါက်တဲ့ ပုဂ္ဂိုလ်ပဲလို့ ဆိုရမည်ဟု အမိန့်ရှိလိုက်သော် နာမ်ဘက်သို့ ဆက်လက် လျှောက်ထားသောအခါ ဆရာ တော်ကြီးက အမိန့်ရှိသည်မှာ ဆရာတော်သည် ကျန်းမာ ရေးနှင့် မပြည့်စုံသဖြင့် ကောင်းကောင်းစကားပြော၍ မရခြင်းကြောင့် သည်းခံပါဆိုတဲ့အကြောင်း အမိန့်ရှိသော အခါ ဈေးသိတာဝံချောင်သို့ ပြန်ခဲ့၍ နောက် ၁-ရက် မန္တလေးသို့ပြန်ပြီး မိမိတို့နေရပ်ဌာန ပြည်မြို့သို့ သင်္ဘော ဖြင့် ပြန်ခဲ့လေသည်။

## ထူးခြားသောဒါယကာတယောက် ဆရာတော်ထံရောက်လာပုံ

ဆရာတော်သည် ရဟန်းဝါ (၇) ဝါအရ တောထွက်၍ လာခဲ့ရာ တောထဲသို့ရောက်၍ (၁၁) လအကြာ တော် သလင်းလအခါမှာ ကျောင်းရှိ ကိုရင်တစုတို့ တောထဲသို့ မှိုရှာသွားကြရာ ထိုအခါက အသက်အရွယ်အားဖြင့် (၅၀) ကျော် (၆၀) ခန့်ရှိသော လူရည် လူသွေးပျောက်သဖြင့် ဘုတ်-ပြိတ္တာ-တစ္ဆေနှင့်တူ၍ ကြောက်လန့်ဖွယ်ရာကောင်း သည့် ဦးမှဲ့ဘူးအမည်ရှိသော ဒါယကာကြီးက ကဝေမြောင် ဂူဝက ဖြုံးကနဲ ထွက်လာခိုက် ကိုရင်များကလဲ မှိုရှာရာက အပြန် တွေ့ကြသဖြင့် ထိတ်လန့်၍ပြေးကြရာ အသိကိုရင်

တပါး ပါလာသဖြင့် မပြေးကြနှင့် ဦးမှဲ့ဘူးဆိုတာ သူပဲဟု ပြောတော့မှ ထိတ်လန့်ခြင်းကင်းကြ၍ ဦးမှဲ့ဘူး ကိုရင်တို့နှင့် လိုက်မလားဟု မေးသောအခါ လိုက်မည်ဟု ပြောသဖြင့် ကောင်းမွန်စွာခေါ်ဆောင်လာကြပြီး ဆရာတော်အထံ လာရောက်အပ်နှံကြလေ၏။

ဆရာတော်က ထိုဒါယကာကြီးအား အကြောင်းအကျိုး မေးမြန်းကြည့်သောအခါ အသံသေးသေးကလေးဖြစ်၍ ကြေးသံ ငှက်သံ များကဲ့သို့ ဖြစ်နေသဖြင့် စကားသံများ နားမလည်နိုင်အောင်ဖြစ်၍ နေလေ၏၊ ထိုအခါ ဆရာတော်ကိုယ်တိုင်ပင် ဂရုတစိုက် ကျွေးမွေးပြီး သင်ကြားပေးတော့မှ တဖြည်းဖြည်း ယဉ်ကျေး၍ ငှက်သံပျောက် လူသံပေါက်၍လာလေ၏၊ စကားလုံးများပီသ၍ ခိုင်းစေရာတွင် လွယ်ကူမှု ဖြစ်လာရပေ၏။

ထို့နောက် ထိုဒါယကာအား နူးညွှံသိမ်မွေ့မှုများတိုးပွါး၍လာစေရန် ရသေ့အဝတ်နှင့်ထား၍ ဆွမ်းခံသံဃာများနောက်မှ သပိတ်နှင့် ဆွမ်းခံလိုက်ရန် ခိုင်းရလေ၏၊ ထိုဒါယကာ ရသေ့နှင့် အတူပင် အောက်နိဗ္ဗိန္ဒမှာ တနှစ်ကျော် နှစ်နှစ်ကြာမျှ နေကြစဉ် ထိုဒါယကာ ရသေ့ကြီးသည် ကဝေမြောင် ဂူဌာနသို့ မကြာမကြာ ထွက်ပြေးသဖြင့် ဆရာတော်က ဦးမှဲ့ဘူးကို ဖမ်းပေးလျှင် သုံးစားဖို့ရာ ဝတ္ထုများပေးပါမည်ဟု ကြော်ငြာ စာတမ်းများကပ်သောအခါ ဖက်ချိုး ထင်းခွေသူများ ခေါ်လာသဖြင့်


ပြန်ရောက်လေ၏၊ တရံရောအခါ ဦးကုလားဆိုသူ ဒါယကာ တဦးသည် ဦးမွဲဘူးနေသော ဂူသို့ရောက်သောအခါ ပဒတ်များ,မြွေများ ကင်စားနေသော ရသေ့ကြီး ဦးမွဲဘူးကို တွေ့ရ၍ ခေါ်ဆောင် ပို့လာ၏။

ထိုဒါယကာ ရသေ့သည် လူများကိုကြောက်ရွံ့သဖြင့် နေ့အခါတွင် ဂူတွင်းမှာ ပုန်းလျှိုးနေပြီး ညအခါရောက်မှ ဂူတွင်းကထွက်၍ ခြံထဲမှာရှိသော တဲများမှ ငပိ ဆန် ဆီ များနှင့် ယောကျ်ားမိန်းမများ ဝတ်ကြသော အဝတ်အထည်များကိုယူ၍ ဝတ်ရ, စားရ၏၊ ဥယျာဉ်ခြံထဲမှာ ရှိသော သစ်သီး သစ်ဥများနှင့်လည်း မျှတရ၏၊ နွေရာသီအခါ လယ်ကွင်းများမှ မီးလောင်စပါးတို့ကိုလည်း ရှာဖွေ ကောက်ယူ၍ ချက်ပြုတ်စားရ၏၊ သွားရင်း, လာရင်း ရေအိုင်များ တွေ့သောအခါ ရေအိုင်တွင်းမှ ငါး-ဖား-မြွေ-အစရှိသည့် သတ္တဝါများကိုလည်း ဖမ်း၍ ချက်ပြုတ်စား သောက်လေ့ရှိ၏၊ ထိုဒါယကာ ရသေ့သည် ကိုယ်အမူအရာ အားဖြင့် ကြမ်းတမ်းမှု ရှိငြားသော်လည်း စိတ်ထား သဘောကား အမြဲထာဝစဉ် နူးညံ့မှုရှိပေသည်၊ ဆရာ တော်နှင့် အတူတကွ နေထိုင်ကြသည့် အချိန်ကာလ အတွင်းမှာ တကြိမ်တခါမျှ စိတ်ဆိုးသော မျက်နှာဟူ၍ မတွေ့ရဘူးပေ၊ နိဗ္ဗိန္ဒတောင်တည်၍ (၅) နှစ်မျှ ကြာသော အခါ ထိုဒါယကာ ရသေ့ကြီးသည် နေရင်းဌာန ကဝေ

# [ ၇ ] သိက္ခာသုံးပါးပြရာကျမ်း

မြောင်ဂူသို့ ပြန်လည် ထွက်ပြေးပြန်ရာ မကြာမီ ပြန်လာလိမ့်မည်ဟု မျှော်လင့်စောင့်စားနေရင်းမှာ ဖက်ချိုးထင်းခွေသမားများ လာရောက်၍ ထိုဒါယကာ ရသေ့ကြီး အနိစ္စရောက်ကြောင်း လျှောက်ထားတော့မှ သိရသဖြင့် ယောဂီများနှင့်အတူ ဆရာတော်ကိုယ်တိုင်ပင် ထိုဒါယကာ ရသေ့၏ ရုပ်အလောင်းကို သွားရောက်ရှာဖွေရာ နေရာကို မမှတ်မိသဖြင့် မတွေ့ခဲ့ရပေ။

ထိုနောက် ရသေ့ကြီး ဦးမွှဘူး၏ ရုပ်အလောင်းကို တွေ့အောင် ရှာဖွေ၍ လာရောက်ပို့နိုင်ကြပါက သုံးစားဖို့ရန် ငွေများပေးပါမည်ဟု ကြော်ငြာ စာတမ်းများ ကပ်ထားတော့မှ ဖက်ချိုး ထင်းခွေ သမားများက တွေ့အောင်ရှာဖွေ၍ လာရောက်ပို့ကြသောအခါ ရသေ့ကြီး၏ ရုပ်အလောင်းမှာ ငါးကျေးခြောက်ကြီးများလို မပုပ် မသိုးပဲ တွေ့ရလေ၏၊ ၎င်းရသေ့ကြီး ဦးမွှဘူး၏ ရုပ်အလောင်းကို ယောဂီများနှင့်အတူ ဆရာတော်ကိုယ်တိုင်ပင် ဝေပုလ္လတောင်စွန်းမှာ ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းပြု၍ ယခုဘဝ၏ ဇာတ်လမ်းကို လက်စသိမ်းပြုလုပ်လိုက်ရပေသတည်း။



ပြည်မြို့၊ နိဗ္ဗိန္ဒတောင်ရှိ- တရားအားထုတ်သော- ကမ္မဋ္ဌာန်းကျောင်းငယ်အချို့ပုံ။

## သိက္ခာသုံးပါးပြရာကျမ်း

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မဂ္ဂင်ရှစ်ပါးနှင့် သိက္ခာသုံးပါးခွဲပုံ .... | ၁ |
| ၂။ | သူ့ကုသိုလ်နှင့် သူ့အကျိုးပေးပုံ ပြသောအခန်း .... .... | ၂ |
| ၃။ | သံသရာစက်လည်ပုံ .... .... | ၄ |
| ၄။ | ဝင်ရာလမ်း .... .... .... | ၅ |
| ၅။ | ပဌမစျာနဝီထိ ဝင်ရာလမ်း .... | ၆ |
| ၆။ | ဒုတိယစျာနဝီထိ ဝင်ရာလမ်း .... | ၆ |
| ၇။ | တတိယစျာန်ပုဂ္ဂိုလ်ဝီထိ ဝင်ရာလမ်း .... | ၇ |
| ၈။ | စတုတ္ထစျာန် ဝင်ရာလမ်း .... .... | ၇ |
| ၉။ | ပဥ္စမစျာန်ရသော ပုဂ္ဂိုလ်၏ ဝီထိကျပုံ ဝင်ရာလမ်း .... .... | ၈ |
| ၁၀။ | သံသရာထွက်ပုံ ပြသောအခန်း .... | ၉ |
| ၁၁။ | သံသရာစက်ပြတ်ပုံ .... .... | ၁၀ |
| ၁၂။ | ထွက်ရာလမ်း .... .... .... | ၁၁၊၁၂ |
| ၁၃။ | ကာမာဝစရကုသိုလ်နှင့်နိဗ္ဗာန်သွားပုံ.... | ၁၄ |
| ၁၄။ | ရူပါဝစရကုသိုလ်နှင့် နိဗ္ဗာန်သွားပုံ .... | ၁၄ |

# သိက္ခာသုံးပါးပြရာကျမ်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | အရှုပ်ဝါဝစရကုသိုလ်နှင့် နိဗ္ဗာန်သွားပုံ .... | ၁၅ |
| ၁၆။ | သီလတောင်းသောအခန်း .... | ၁၇ |
| ၁၇။ | ရှစ်ပါးသီလတောင်းသောအခန်း .... | ၁၇ |
| ၁၈။ | ရတနာသုံးပါး ဆည်းကပ်သောအခန်း .... .... .... | ၁၈ |
| ၁၉။ | ရှစ်ပါးသီလ အတိုကောက် .... | ၂၀ |
| ၂၀။ | ကိုးပါးသီလတောင်းသောအခန်း .... | ၂၁ |
| ၂၁။ | ဘုရားရှိခိုးသောအခန်း .... .... | ၂၁ |
| ၂၂။ | ရတနာသုံးပါးကို ကိုးကွယ်သောအခန်း .... .... .... | ၂၂ |
| ၂၃။ | ကိုးပါးသီလခံယူသော အခန်း .... | ၂၃ |
| ၂၄။ | ကိုးပါးသီလ အတိုကောက် .... | ၂၄ |
| ၂၅။ | ဆယ်ပါးသီလ တောင်းသောအခန်း .... | ၂၅ |
| ၂၆။ | ဘုရားရှိခိုးသောအခန်း .... .... | ၂၆ |
| ၂၇။ | သရဏဂုဏ်သုံးပါး ဆည်းကပ်ရန် .... | ၂၆ |
| ၂၈။ | ဆယ်ပါးသီလ ခံယူသောအခန်း .... | ၂၇ |
| ၂၉။ | ဆယ်ပါးသီလ အတိုကောက် .... | ၂၉ |
| ၃၀။ | ပါဠိမဖက် လင်္ကာချည်းသက်သက်နှင့် ရှိခိုးသောအချက် .... .... | ၃၀ |
| ၃၁။ | ရက်တိုတိုနှင့် မဂ်ဖိုလ်ကိုရနိုင်သော တရား အာနာပါန .... .... | ၃၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂။ | မြတ်သောနေခြင်းသုံးပါး .... .... | ၃၄ |
| ၃၃။ | အင်ကြင်းမြောင် ဆရာတော်ဘုရားကြီး၏ သက်တော်မှတ်တမ်း .... | ၃၅ |
| ၃၄။ | ထိုမထေရ်ကြီး၏ ဂုဏ်ထူးကား .... | ၃၆ |
| ၃၅။ | ထွက်သက်ဝင်သက် သိသိနေလျှင် ကာယာနုပဿနာနှင့် ပြည့်စုံပုံ .... | ၃၇ |
| ၃၆။ | ထွက်သက်ဝင်သက် သိသိနေလျှင် ဝေဒနာနုပဿနာနှင့် ပြည့်စုံပုံ .... | ၄၀ |
| ၃၇။ | ထွက်သက်ဝင်သက် သိသိနေလျှင် စိတ္တာနုပဿနာနှင့် ပြည့်စုံပုံ .... | ၄၁ |
| ၃၈။ | ထွက်သက်ဝင်သက် သိသိနေလျှင် ဓမ္မာနုပဿနာနှင့် ပြည့်စုံပုံ .... | ၄၂ |
| ၃၉။ | သောဠသဝတ္ထုကံနည်း။ပ။ အကျဉ်းမျှပြပုံ .... .... .... | ၄၃ |
| ၄၀။ | ဗာတ္တိံသ သတောကာရီ စီးဖြန်းပုံ .... | ၄၄ |
| ၄၁။ | စတုဝီသတိသမာဓိ စီးဖြန်းနည်း .... | ၄၆ |
| ၄၂။ | ဒွေသတ္တတိဘာဝနာ စီးဖြန်းနည်း .... | ၄၇ |
| ၄၃။ | မနသိကာရဝိဓိ ရှစ်နည်း .... .... | ၄၈ |
| ၄၄။ | ဂဏနာသွားနည်း .... .... | ၄၉ |
| ၄၅။ | ဝိပဿနာဉာဏ်ရထား လျှောက်သွားရန် ၁၆-ဌာန လမ်းစခန်း .... .... | ၅၁ |

[ ဂေါ ]  သိက္ခာသုံးပါးပြရာကျမ်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၆။ | ဝိပဿနာဉာဏ်ရထား စိစစ်ရာ ၇-ဌာန လမ်းစခန်း .... | ၅၁ |
| ၄၇။ | အကျယ်ပြန့်၍ ဆုံးဖြတ်ချက် ပြရာ အခန်း .... .... .... | ၅၃ |
| ၄၈။ | ယောဂီပုဂ္ဂိုလ်တို့ အလုပ်ခွင်ကို စ၍ဝင်ရသောအခါ အလုပ်လုပ်ငန်း .... | ၅၄ |
| ၄၉။ | သတိပေးသောအခန်း .... .... | ၅၅ |
| ၅၀။ | နိမိတ်အာရုံ မမြင်နိုင်၍ ယောဂီပုဂ္ဂိုလ် ငြီးပုံ .... .... .... | ၅၇ |
| ၅၁။ | ဒုတိယစခန်း ဆုံးဖြတ်ချက် .... .... | ၅၉ |
| ၅၂။ | တတိယစခန်း ဆုံးဖြတ်ချက် ... | ၆၀ |
| ၅၃။ | စတုတ္ထစခန်း ဆုံးဖြတ်ချက် .... .... | ၆၁ |
| ၅၄။ | ဝိပဿနာလမ်း အမြွက်မျှပြချက် .... | ၆၁ |
| ၅၅။ | ဒုတိယစတုက္က လေးချက် .... | ၆၃ |
| ၅၆။ | ဒုတိယစခန်း ဆုံးဖြတ်ချက် | ၆၅၊၆၇၊၇၀ |
| ၅၇။ | တတိယစခန်း ဆုံးဖြတ်ချက် | ၆၅၊၆၈၊၇၁ |
| ၅၈။ | စတုတ္ထစခန်း ဆုံးဖြတ်ချက် | ၆၆၊၆၉၊၇၂ |
| ၅၉။ | တတိယစတုက္က ဆုံးဖြတ်ချက် ပဌမ စခန်း .... .... .... | ၆၇ |
| ၆၀။ | စတုတ္ထစတုက္က ဆုံးဖြတ်ချက် ပဌမစခန်း- | ၆၉ |
| ၆၁။ | ဝိပဿနာခန်း-ဝိရာဂ ၂-မျိုး .... | ၇၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၂။ | နိရောဓ ၂-မျိုး .... .... .... | ၇၃ |
| ၆၃။ | ပဋိနိဿဂ္ဂ ၂-မျိုး .... | ၇၄ |
| ၆၄။ | လက္ခဏာအိမ်မြှောင် ပြခန်း .... | ၇၄ |
| ၆၅။ | ဝိပဿနာဉာဏ်ရထား လျှောက်သွားပုံ အကျယ် .... .... .... | ၇၆ |
| ၆၆။ | ယောဂီပုဂ္ဂိုလ်တို့ကျက်ထားဖို့ကောင်း သော ဂါထာ .... .... .... | ၇၇ |
| ၆၇။ | အကြောင်းလေးပါးကြောင့် ဖြစ်ပေါ် လာသည့် ရုပ်မှုန့်ရုပ်စု သိမ်းဆည်းပုံ .... | ၈၀-၁ |
| ၆၈။ | နာမရူပပရိစ္ဆေဒဉာဏ် .... .... | ၈၂ |
| ၆၉။ | အရာရာ မျက်စိနှင့် မြင်သောအခါ ဝိပဿနာ ရှုပုံ.... .... .... | ၈၉ |
| ၇၀။ | အရာရာ နားနှင့်ကြားသော အခါ ဝိပဿနာ ရှုပုံ.... .... .... | ၉၂ |
| ၇၁။ | အရာရာ နံသောအခါ ဝိပဿနာရှုပုံ .... | ၉၃ |
| ၇၂။ | လျှာနှင့်အရသာမျိုးကို လျက်သောအခါ ဝိပဿနာရှုပုံ .... .... .... | ၉၃ |
| ၇၃။ | ကိုယ်နှင့်အဝတ်အစား အင်္ကျီများထိသော အခါ ဝိပဿနာရှုပုံ .... .... | ၉၄ |
| ၇၄။ | ဟာဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံ ထိခိုက်၍ နေတာကို ဝိပဿနာရှုပုံ .... .... | ၉၄ |

# သိက္ခာသုံးပါးပြရာကျမ်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၅။ | နာမရူပပစ္စယပရိဂ္ဂဟဉာဏ် တက်၍ စီးဖြန်းပုံ ဥပမာ .... .... | ၉၅ |
| ၇၆။ | နာမရူပပစ္စယပရိဂ္ဂဟဉာဏ်တက်၍ စီးဖြန်းပုံ .... .... .... | ၉၆ |
| ၇၇။ | ၁၆-ပါးသော ယုံမှားခြင်းကို ပြသော အချက် .... .... .... | ၉၈ |
| ၇၈။ | ဝိပဿနာရှုပုံ .... .... .... | ၁၀၀ |
| ၇၉။ | စူဠသောတာပန် စခန်းကို ပြပုံ .... | ၁၀၁ |
| ၈၀။ | သမ္မသနဉာဏ် သုံးသပ်ပုံ အခန်း .... | ၁၀၃ |
| ၈၁။ | သမ္မသနဉာဏ် လက္ခဏာတင်ပုံ စခန်း .... | ၁၀၅ |
| ၈၂။ | သမ္မသနဉာဏ် သုံးသပ်ပုံ .... .... | ၁၀၅ |
| ၈၃။ | ယောဂီပုဂ္ဂိုလ်တို့ နှလုံးသွင်းစရာ ကောင်းသော နိဗ္ဗိန္ဒဂါထာ .... | ၁၀၆-၈ |
| ၈၄။ | အသက်အရှယ်ပြ လင်္ကာကို မိန့်ဆိုခန်း | ၁၀၉ |
| ၈၅။ | ဥဒယဗ္ဗယဉာဏ်တက်ပုံ .... .... | ၁၁၁ |
| ၈၆။ | ဥဒယရှုသောအခါ လက္ခဏာ နှစ်ဆယ့် ငါးပါး .... .... .... | ၁၁၂ |
| ၈၇။ | ဝယရှုသောအခါ လက္ခဏာ နှစ်ဆယ့် ငါးပါး .... .... .... | ၁၁၂ |
| ၈၈။ | ရူပက္ခန္ဓာ၌ ဥဒယရှုသောအခါ လက္ခဏာ ငါးပါး ထင်မြင်အောင်ရှုနည်း .... | ၁၁၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၉။ | ရူပက္ခန္ဓာ၌ ဝယကိုရှုသောအခါ လက္ခဏာ ငါးပါး ထင်မြင်အောင် ရှုနည်း .... | ၁၁၃ |
| ၈၀။ | ဝေဒနာက္ခန္ဓာ၌ ဥဒယကို ရှုသောအခါ လက္ခဏာငါးပါး ထင်အောင်ရှုနည်း .... | ၁၁၄ |
| ၈၁။ | ဝေဒနာက္ခန္ဓာ၌ ဝယကို ရှုသောအခါ လက္ခဏာငါးပါး ထင်အောင်ရှုနည်း .... | ၁၁၄ |
| ၈၂။ | သညာက္ခန္ဓာ၌ ဥဒယကိုရှုသောအခါ လက္ခဏာငါးပါး ထင်အောင်ရှုနည်း .... | ၁၁၅ |
| ၈၃။ | သညာက္ခန္ဓာ၌ ဝယကို ရှုသောအခါ လက္ခဏာငါးပါး ထင်အောင်ရှုနည်း .... | ၁၁၆ |
| ၈၄။ | သင်္ခါရက္ခန္ဓာ၌ ဥဒယကို လက္ခဏာငါးပါး ထင်အောင် ရှုနည်း .... .... | ၁၁၇ |
| ၈၅။ | သင်္ခါရက္ခန္ဓာ၌ ဝယကို လက္ခဏာငါးပါး ထင်အောင် ရှုနည်း .... .... | ၁၁၇ |
| ၈၆။ | ဝိညာဏက္ခန္ဓာ၌ ဥဒယကိုလက္ခဏာငါးပါး ထင်အောင် ရှုနည်း .... .... | ၁၁၈ |
| ၈၇။ | ဝိညာဏက္ခန္ဓာ၌ ဝယကို လက္ခဏာငါးပါး ထင်အောင် ရှုနည်း .... .... | ၁၁၉ |
| ၈၈။ | ရုပ်,နာမ် နှစ်ပါးကို ဥဒယဗ္ဗယဉာဏ်ဖြင့် တမျိုးသုံးသပ်ပုံ .... .... | ၁၂၀ |
| ၈၉။ | ပွတ်သမား ဥပမာ .... .... | ၁၂၂ |

[ ဿ ]　သိက္ခာသုံးပါးပြရာကျမ်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၀။ | ကျက်မှတ်စရာ အလွန်ကောင်းသည့် သာသာသပုပမာ ဂါထာ .... .... | ၁၂၂ |
| ၁၀၁။ | ဥဒယဗ္ဗယဉာဏ်သဘောကို လျှပ်စစ် ဥပမာဖြင့် မှတ်သားရန် .... .... | ၁၂၃ |
| ၁၀၂။ | လျှပ်စစ်ဂါထာ .... .... .... | ၁၂၄ |
| ၁၀၃။ | ဥဒယဗ္ဗယဉာဏ်ကို ချီးမွမ်းသော ဥပမာ.... | ၁၂၅ |
| ၁၀၄။ | ဥဒယဗ္ဗယဉာဏ်ကို ချီးမွမ်းသော ဂါထာ.... | ၁၂၆ |
| ၁၀၅။ | ဘင်္ဂဉာဏ်တက်၍ စီးဖြန်းပုံ .... .... | ၁၂၆ |
| ၁၀၆။ | သေမင်း မမြင်တဲ့ ဂါထာ .... .... | ၁၂၈ |
| ၁၀၇။ | ဘင်္ဂဉာဏ် အကျယ်တဝင့် စီးဖြန်းပုံ .... | ၁၂၉ |
| ၁၀၈။ | အဇ္ဈတ္တိကာယတန ၆-ပါး ဘင်္ဂဉာဏ် အကျယ်တဝင့် စီးဖြန်းပုံ .... .... | ၁၃၀ |
| ၁၀၉။ | ဗာဟိရာယတန ၆-ပါး ဘင်္ဂဉာဏ် အကျယ် စီးဖြန်းပုံ .... .... | ၁၃၁ |
| ၁၁၀။ | ဓာတ် ၁၈-ပါး ဘင်္ဂဉာဏ် အကျယ်တဝင့် စီးဖြန်းပုံ .... .... .... | ၁၃၃ |
| ၁၁၁။ | ဘယဉာဏ်တက်၍ စီးဖြန်းပုံ .... .... | ၁၃၄ |
| ၁၁၂။ | တနည်း ဘယဉာဏ်ရှုပုံ .... .... | ၁၃၆ |
| ၁၁၃။ | ခန္ဓာငါးပါး ဘယဉာဏ် အကျယ်တဝင့် စီးဖြန်းပုံ .... .... .... | ၁၄၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၄။ | အဇ္ဈတ္တိကာယတန ၆-ပါး ဘယညာဏ် အကျယ်စီးဖြန်းပုံ.... .... .... | ၁၄၁ |
| ၁၁၅။ | ဗာဟိရာယတန ၆-ပါး ဘယညာဏ် အကျယ်စီးဖြန်းပုံ .... .... | ၁၄၃ |
| ၁၁၆။ | ဓာတ် ၁၈-ပါး ဘယညာဏ် အကျယ် စီးဖြန်းပုံ .... .... .... | ၁၄၄ |
| ၁၁၇။ | အာဒီနဝညာဏ်ကို တက်၍စီးဖြန်းပုံ .... | ၁၄၉ |
| ၁၁၈။ | တနည်း အာဒီနဝညာဏ် ရှုပုံ.... .... | ၁၅၁ |
| ၁၁၉။ | အာဒီနဝဂါထာ-ရင်းအနက် .... .... | ၁၅၂ |
| ၁၂၀။ | သန္တိပဒဂါထာ-ရင်းအနက် .... ... | ၁၅၃ |
| ၁၂၁။ | အာဒီနဝညာဏ်, သန္တိပဒညာဏ်နှစ်ပါး ခြားနားပုံ .... .... .... | ၁၅၄ |
| ၁၂၂။ | အာဒီနဝညာဏ် ၁၀-ပါးသောဘေး စီးဖြန်းပုံ .... .... .... | ၁၅၅ |
| ၁၂၃။ | အာဒီနဝညာဏ် မီး ၁၁-ပါး စီးဖြန်းပုံ .... | ၁၅၆ |
| ၁၂၄။ | နိဗ္ဗိန္ဒညာဏ်ကို တက်၍စီးဖြန်းပုံ .... | ၁၅၈ |
| ၁၂၅။ | နိဗ္ဗိန္ဒဂါထာ .... .... | ၁၅၉၊၁၆၀ |
| ၁၂၆။ | နိဗ္ဗိန္ဒညာဏ်ကို ဥပမာများဖြင့် ပြပုံ .... | ၁၆၀ |
| ၁၂၇။ | နိဗ္ဗိန္ဒညာဏ် အကျယ်တဝင့် စီးဖြန်းပုံ.... | ၁၆၂ |
| ၁၂၈။ | မုဉ္စိတုကမျတာညာဏ်ကိုတက်၍ စီးဖြန်းပုံ .... .... .... | ၁၆၄ |

# သိက္ခာသုံးပါးပြရာကျမ်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၉။ | မုဉ္စိတုကမျတာဉာဏ် ဘုံသုံးပါးက မလွတ်နိုင်၍ ယောဂီပုဂ္ဂိုလ်များ ငြီးပုံ .... .... .... | ၁၆၅ |
| ၁၃၀။ | ပဋိသင်္ခါဉာဏ် .... .... .... | ၁၆၆ |
| ၁၃၁။ | သုညတ၏ သဘောသွားကို ပြပုံ .... | ၁၆၇ |
| ၁၃၂။ | ပဋိသင်္ခါဉာဏ် ထင်၍နေသော ယောဂီပုဂ္ဂိုလ်သည် ငါးဆောင်းသူနှင့် တူကြောင်း ပြရာသော အချက် .... | ၁၆၈ |
| ၁၃၃။ | ဒွိကောဋိက သုညတနည်း စီးဖြန်းပုံ | ၁၇၂၊၁၈၃ |
| ၁၃၄။ | စတုကောဋိက သုညတနည်း စီးဖြန်းပုံ .... .... | ၁၇၂၊၁၈၄ |
| ၁၃၅။ | ဆကောဋိက သုညတနည်း စီးဖြန်းပုံ | ၁၇၃၊၁၈၅-၆ |
| ၁၃၆။ | အဋ္ဌကောဋိက သုညတနည်း စီးဖြန်းပုံ .... .... | ၁၇၄၊၁၉၄ |
| ၁၃၇။ | ဒသကောဋိက သုညတနည်း စီးဖြန်းပုံ .... .... .... | ၁၇၅ |
| ၁၃၈။ | ဒွါဒသကောဋိက သုညတနည်း စီးဖြန်းပုံ .... .... .... | ၁၇၆ |
| ၁၃၉။ | စတ္တာလီသကောဋိက သုညတနည်း စီးဖြန်းပုံ .... .... .... | ၁၇၈ |
| ၁၄၀။ | သင်္ခါရုပေက္ခာဉာဏ်တက်၍ စီးဖြန်းပုံ .... | ၁၈၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄၁။ | အာယတနတဆယ့်နှစ်ပါး၌ ဆကောဒ္ဓိက သုညတနည်း စီးဖြန်းပုံ .... | ၁၈၇၊၁၉၀ |
| ၁၄၂။ | ဓာတ် ၁၈-ပါး ဆကောဒ္ဓိက သုညဘ နည်းနှင့်လှည့်၍ စီးဖြန်းပုံ .... | ၁၉၁၊၁၉၂ |
| ၁၄၃။ | ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ရပ်ကို ဆကောဒ္ဓိက သုညဘနည်းလှည့်၍ စီးဖြန်းပုံ .... | ၁၉၃ |
| ၁၄၄။ | ခန္ဓာငါးပါး အဋ္ဌကောဒ္ဓိက သုညတနည်း လှည့်၍ စီးဖြန်းပုံ .... .... | ၁၉၅ |
| ၁၄၅။ | ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါး အဋ္ဌကောဒ္ဓိက သုညတနည်း စီးဖြန်းပုံ .... | ၁၉၇ |
| ၁၄၆။ | ခန္ဓာငါးပါးကို ဒသကောဒ္ဓိက သုညတနည်း စီးဖြန်းပုံ .... .... .... | ၁၉၈ |
| ၁၄၇။ | အာယတနတဆယ့်နှစ်ပါးကို ဒသကောဒ္ဓိက သုညတနည်းနှင့်လှည့်၍ စီးဖြန်းပုံ .... | ၂၀၀ |
| ၁၄၈။ | ဓာတ်တဆယ့်ရှစ်ပါးကို ဒသကောဒ္ဓိက သုညတနည်းနှင့်လှည့်၍ စီးဖြန်းပုံ .... | ၂၀၁ |
| ၁၄၉။ | ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ဒသကောဒ္ဓိက သုညတနည်းနှင့်လှည့်၍ စီးဖြန်းပုံ .... | ၂၀၁ |
| ၁၅၀။ | ခန္ဓာငါးပါးကို ဒွါဒသကောဒ္ဓိက သုညတ နည်းနှင့် စီးဖြန်းပုံ .... .... | ၂၀၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၁။ | အာယတနတဆယ့်နှစ်ပါးကို ဒွါဒသကောဋ္ဌိက သုညတနည်းနှင့် စီးဖြန်းပုံ .... | ၂၀၄ |
| ၁၅၂။ | ဓာတ်တဆယ့်ရှစ်ပါးကို ဒွါဒသကောဋ္ဌိက သုညတနည်းနှင့် စီးဖြန်းပုံ .... | ၂၀၄ |
| ၁၅၃။ | ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ဒွါဒသ-ကောဋ္ဌိက သုညတနည်းနှင့် စီးဖြန်းပုံ .... .... .... | ၂၀၅ |
| ၁၅၄။ | ခန္ဓာငါးပါးကို ဒွါစတ္တာလီသကောဋ္ဌိက သုညတနည်း စီးဖြန်းပုံ ပါဠိ-အနက် .... .... .... | ၂၀၅ |
| ၁၅၅။ | ခန္ဓာငါးပါးကို ဒွါစတ္တာလီသကောဋ္ဌိက သုညတနည်းနှင့် စီးဖြန်းပုံ အကျယ် .... . .... .... | ၂၀၉ |
| ၁၅၆။ | အာယတနတဆယ့်နှစ်ပါးကို ဒွါစတ္တာလီသ ကောဋ္ဌိက သုညတနည်းနှင့်လှည့်၍ စီးဖြန်းပုံ .... .... .... | ၂၁၂ |
| ၁၅၇။ | သင်္ခါရုပေက္ခာဉာဏ် စီးဖြန်းပုံ .... | ၂၁၃ |
| ၁၅၈။ | အနုလောမဉာဏ် စီးဖြန်းပုံ .... | ၂၁၅ |
| ၁၅၉။ | ဂေါတြဘူဉာဏ် စီးဖြန်းပုံ .... | ၂၁၉ |
| ၁၆၀။ | အာနာပါနအကျိုး ၇-ပါး ပြပုံ .... | ၂၂၂ |
| ၁၆၁။ | အာနာပါန အကျိုးပြ သာဓကပါဠိ .... | ၂၂၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၂။ | အာနာပါန အကျိုးအနက် .... | ၂၂၃ |
| ၁၆၃။ | ပီတိငါးပါး၏ သဘောသွားကို ပြပုံ .... | ၂၂၅ |
| ၁၆၄။ | လွယ်လင့်ဟကူပေါက်ရောက်နိုင်သော ဝိသုဒ္ဓိမဂ် သမ္မောဟအဋ္ဌကထာတို့၌ လာသောနည်း .... .... | ၂၂၈ |
| ၁၆၅။ | ရုပ်ကိုအသုဘအားဖြင့် ထင်အောင် ရှုသော ယောဂီပုဂ္ဂိုလ်အား အကျိုး ၇-ပါးနှင့်ပြည့်စုံခြင်းကိုပြသောအချက် | ၂၂၉ |
| ၁၆၆။ | ဝေဒနာကိုဒုက္ခအားဖြင့် ထင်အောင်ရှုသော ပုဂ္ဂိုလ်အား အကျိုးကိုပြသောအချက် | ၂၃၀ |
| ၁၆၇။ | သညာ-သင်္ခါရတို့ကို အနတ္တအားဖြင့် ရှုသော ယောဂီပုဂ္ဂိုလ်အား အကျိုး ၇-ပါးပြသော အချက် .... .... | ၂၃၁ |
| ၁၆၈။ | ဝိညာဏ်ကို အနိစ္စအားဖြင့်ရှုသောပုဂ္ဂိုလ်၏ အကျိုး ၇-ပါးပြသော အချက် .... | ၂၃၃ |
| ၁၆၉။ | နွားကျောင်းသားများဟာ နွားများကို စားကျက်သို့ ဆောင်တာလို ဇရာနှင့် မရဏ အသက်ကို ဆောင်သောအချက် | ၂၃၃ |

## [ ဿ ] သိက္ခာသုံးပါးပြရာကျမ်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၀။ | နွားကျောင်းသားသည် နွားကိုတဖြည်းဖြည်းကျင့်တာလို စိတ်ကိုတဖြည်းဖြည်းကျင့်ပုံ .... .... .... | ၂၃၆ |
| ၁၇၁။ | ပုဂ္ဂိုလ်အဆက်ဆက် အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံ .... .... .... | ၂၃၈ |
| ၁၇၂။ | တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် တောသစ်သတ္တဝါနှင့်တူပုံ .... | ၂၄၀-၁ |
| ၁၇၃။ | ယခုပြသောအချက်ကား အလုပ်ခွင်သို့ဝင်သောအချက် .... .... | ၂၄၃ |
| ၁၇၄။ | နိမိတ်အပြား ထင်မြင်ချက် .... .... | ၂၄၅ |
| ၁၇၅။ | အရှည်အတိုစခန်း .... .... | ၂၅၀ |
| ၁၇၆။ | အစ,အလယ်,အဆုံး သုံးချက်ထင်ပုံ .... | ၂၅၃ |
| ၁၇၇။ | သိက္ခာသုံးပါးပြည့်စုံပုံ .... .... | ၂၅၇ |
| ၁၇၈။ | ထွက်သက်ဝင်သက်သိမ်မွေ့စေရန်တိုက်တွန်းချက် .... .... | ၂၅၉ |
| ၁၇၉။ | ပီတိငါးပါးကိုပြခြင်း .... .... | ၂၆၃ |
| ၁၈၀။ | ဈာန်ခန်းကို ပြပုံ.... .... .... | ၂၆၇ |
| ၁၈၁။ | ဈာန်မှ ဝိပဿနာသို့ တက်သောအခန်း .... .... .... | ၂၇၀၊၂၇၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၂။ | သစ္စာပြခန်း .... .... .... | ၂၇၉ |
| ၁၈၃။ | သတိပေးဆုံးမသော သံပေါက် .... | ၂၈၆ |
| ၁၈၄။ | နိဂုံး .... .... .... | ၂၈၈ |
| ၁၈၅။ | ဆုတောင်းဂါထာ .... .... | ၂၉၁ |
| ၁၈၆။ | ဆုတောင်းဂါထာအနက် .... .... | ၂၉၁ |
| ၁၈၇။ | မြန်မာ့ခမ္မစကြာ .... .... | ၂၉၃ |


မာတိကာ ပြီး၏။

# သိက္ခာသုံးပါးပြရာကျမ်း

## မဂ္ဂင်ရှစ်ပါးနှင့် သိက္ခာသုံးပါးခွဲပုံ

၁။ သိက္ခာသုံးပါး—သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ။

၂။ မဂ္ဂင်ရှစ်ပါး—သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ။

၃။ (က) သီလသိက္ခာသုံးပါး—သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ။

(ခ) သမာဓိသိက္ခာသုံးပါး—သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ။

(ဂ) ပညာသိက္ခာနှစ်ပါး—သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ။

## သူ့ကုသိုလ်နှင့် သူ့အကျိုးပေးပုံ ပြသောအခန်း

[သူ့ကုသိုလ်နှင့် သူ့အကျိုးပေးပုံပြသော ဇယားကွက်။]

| | | | | |
|---|---|---|---|---|
| ကာမာဝစရကုသိုလ် | ဥပစာရသမာဓိ | ကာမာဝစရဘုံ | ဥပစာသမာဓိရလျှင် | ကာမသုဂတိဘုံ၌ဖြစ်တတ်၏။ |
| ရူပါဝစရကုသိုလ် | အပ္ပနာသမာဓိ | ရူပါဝစရဘုံ | ရူပါဝစရကုသိုလ်အပ္ပနာသမာဓိရလျှင် | ရူပ[၁၆]ဘုံ၌ဖြစ်တတ်၏။ |
| အရူပါဝစရကုသိုလ် | အပ္ပနာသမာဓိ | အရူပါဝစရဘုံ | အရူပါဝစရကုသိုလ်အပ္ပနာသမာဓိရလျှင် | အရူပ[၄]ဘုံ၌ဖြစ်တတ်၏။ |
| လောကုတ္တရာကုသိုလ် | မဂ် | နိဗ္ဗာန် | လောကုတ္တရာကုသိုလ်မဂ်ရလျှင် | နိဗ္ဗာန်ရောက်၏။ |

ဤကား သူ့ကုသိုလ်နှင့် သူ့ဘုံ အကျိုးပေးပုံ
ပြသောအချက် ပြီး၏။

ဒါနမှု, သီလမှု, ဘာဝနာမှုသည် ဥပစာရကုသိုလ်မျိုး [ကာမာဝစရကုသိုလ် ခေါ်သည်။] ပဌမစျာန် ဝင်စားမှု, ဒုတိယစျာန် ဝင်စားမှု, တတိယစျာန် ဝင်စားမှု, စတုတ္ထစျာန်ဝင်စားမှု, ပဥ္စမစျာန်ဝင်စားမှုသည် အပ္ပနာသမာဓိ [ရူပါဝစရကုသိုလ်မျိုးခေါ်သည်။] အာကာသာနဉ္စာယတနစျာန်ဝင်စားမှု, ဝိညာဏာနဉ္စာယတနစျာန်ဝင်စားမှု, အာကိဉ္စညာတတနစျာန် ဝင်စားမှု, နေဝသညာနာသညာယတနစျာန် ဝင်စားမှုသည် အပ္ပနာသမာဓိ [အရူပကုသိုလ်ခေါ်သည်။] သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် ၎င်းမဂ်လေးပါးဝင်စားမှုသည် [လောကုတ္တရာကုသိုလ်ခေါ်သည်။]

၎င်းမဂ်လေးပါးကို တပါးပါးတို့တွင်မျှ မရသေးသရွေ့ကာလပတ်လုံး လောကုတ္တရာကုသိုလ် မဖြစ်သေး၊ ထိုမဂ်လေးပါး တပါးပါးရလျှင် လောကုတ္တရာကုသိုလ် ဖြစ်၏။

## သံသရာစက် လည်ပုံ

ပရိယောသာနေ စ စဝနဝသေန စုတိစိတ္တံ ဟုတွာ နိရုဇ္ဈတိ။

တတော ပရဉ္စ ပဋိသန္ဓာဒယော ရထစက္ကမိဝ ယထာက္ကမံ ဧဝ ပရိဝတ္တန္တာ ပဝတ္တန္တိ။

**အနက်။** ။ပရိယောသာနေ စ၊ အဆုံး၌ လည်း။ စဝနဝသေန၊ စုတိသည်၏ အစွမ်းဖြင့်။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဟုတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ တတော၊ ထို စုတိချုပ်သည်မှ။ ပရဉ္စ၊ နောက်၌လည်း။ ပဋိသန္ဓာဒယော၊ ပဋိသန္ဓေ အစရှိကုန်သော စိတ်တို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ရထစက္ကမိဝ၊ ရထားလှည်းဘီးစက်ကဲ့သို့။ ပရိဝတ္တန္တာ ဧဝ၊ လည်ကုန်သည် ဖြစ်၍သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

# [ ဝင်ရာလမ်း ]

အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မရဏာ-
သန္နဇောငါးကြိမ်၊နာမ်။

ooo ॥ ॥ ॥ ॥ ॥ ॥ ॥ ooo(ရုပ်)

တဒါရုံနှစ်ကြိမ်, စုတိ, ပဋိသန္ဓေ, ဘဝင် ၁၅, ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်။

ဘဝင် နာမ်။ ॥ ॥ ॥ ॥ ॥

ooo ॥ ॥ ॥ . ॥ ॥ ॥ ॥ ooo(ရုပ်)

# [ ဝင်ရာလမ်း ]

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဘင် | ဘင် | န | ဒ | မ | ပ | ဉ | နု | ဂေါ | စျာန် | ဘင် | ဘင် |
| ॥॥ | ॥॥ | ॥॥ | ॥॥ | ॥॥ | ॥॥ | ॥॥ | ॥॥ | ॥॥ | ॥॥ | ॥॥ | ॥॥ |
| ကာံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်။ | | | | ကသိုဏ်း ပညတ်အစရှိသော ၂၆-ပါးသော ပညတ် ပဋိဘာဂနိမိတ် ဓမ္မာရုံ။ | | | | | | ပဌမစျာန်။ | |

## ပဌမစျာနဝိထိ ဝင်ရာလမ်း

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဘင်္ဂ | ဘင်္ဂ | န | ဒ | မ | ပ | ဥ | နု | ဂေါ | စျာန် | ဘင်္ဂ | ဘင်္ဂ |
| \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| |

## ဒုတိယစျာနဝိထိ ဝင်ရာလမ်း

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဘင်္ဂ | ဘင်္ဂ | န | ဒ | မ | ပ | ဥ | နု | ဂေါ | စျာန် | ဘင်္ဂ | ဘင်္ဂ |

## တတိယစျာန်ပုဂ္ဂိုလ် ဝိထိဝင်ရာလမ်း

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဘွင် | ဘွင် | န | ဒ | မ | ပ | ဥ | နု | ဂေါ | စျာန် | ဘွင် | ဘွင် |
| ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ |

## စတုတ္ထစျာန် ဝင်ရာလမ်း

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ဘွင် | ဘွင် | န | ဒ | မ | ပ | ဥ | နု | ဂေါ | စျာန် | ဘွင် |
| ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ |

## ပဥ္စမစျာန်ရသော ပုဂ္ဂိုလ်၏ ဝိထိကျပုံ
## ဝင်ရာလမ်း

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဘွင် | ဘွင် | ဘွင် | ဘွင် | န | ဒ | မ | ဇော | ဇော | ဇော | ဇော | ဇော | ဇော | ဇော | ဘွင် | ဘွင် | ဘွင် |
| ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ |

[မိမိရပြီးသောစျာန်တို့ကို ဆင်ခြင်ပုံ ဝိထိ။] အစက်ကလေးတွေဟာ[ဥပါဒ်][ဌီ][ဘင်]


| | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဘွင် | ဘွင် | ဘွင် | န | ဒ | မ | ပ | ဉ | န |  | ဂေါ | စျာန် | စျာန် | စျာန် | စျာန် | စျာန် | စျာန် | ဘွင် | ဘွင် | ဘွင် |
| ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ | ။။။။ |

စျာန်ဝင်စားပုံ-ဝိထိအာရုံပြု။ ရှေ့[ဘွင်]နောက်[ဘဝင်]အာရုံချုပ်၊ အမှီအစရှိသော တရားတို့မှာ ရှေ့ဝိထိကဲ့သို့ မှတ်ပါ။ ကြွင်းကျန်သောတရားတို့မှာ အလွန်ကျယ်သည်ဖြစ်၍ မရေးပါ။

[ဝင်ရာလမ်း ပြီး၏။]



နိဗ္ဗိန္ဒဆရာတော်ပုံ ၁၃၂၈-ခု (၁၉၆၆)



နိဗ္ဗိန္ဒဆရာတော်ပုံ ၁၃၂၈-ခု (၁၉၆၆)

## သံသရာထွက်ပုံ ပြသောအခန်း

(ထွက်ရာလမ်း)

ပဋိသင်္ခါယ ပနေတမဒ္ဒုဝံ၊
အဓိဂန္တွာ ပဒမစ္စုတံ ဗုဓော။
သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊
သမမေဿန္တိ စိရာယ သုဗ္ဗတာ။

အနက်။ ။ပန၊ သံသရာစက် လည်သည်မှတပါး သံသရာစက် ပြတ်သည်ကို ဆိုအံ့။ ဗုဓာ၊ ပညာရှိတို့သည်။ အဒုဝံ၊ မမြဲသောသဘောရှိသော။ ဧတံ၊ ထိုဝတ္တုရားကို။ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ စိရာယ- စိရံ ကာလံ၊ ရှည်မြင့်စွာ ကာလပတ်လုံး။ သုဗ္ဗတာ၊ ကောင်းသော အကျင့်ရှိကုန်သည် ဖြစ်၍။ သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ ကောင်းစွာ မဂ်ဖြင့် ဖြတ်အပ်ပြီးသော ချစ်ခြင်း နှောင်ဖွဲ့ခြင်း ရှိကုန်သည်ဖြစ်၍။ အစ္စုတံ၊ ရွေ့ခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဓိဂန္တွာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိကုန်၍။ သမံ၊ ခပ်သိမ်းသော ဝဋ္ဋဆင်းရဲတို့၏ ငြိမ်းရာ ဖြစ်သော နိဗ္ဗာနဓာတ်သို့။ ဧဿန္တိ၊ ရောက်ကုန်လတ့်။

## သံသရာစက်ပြတ်ပုံ

(ထွက်ရာလမ်း)

ရုပ်-နာမ်တရား နှစ်ပါးတို့သည် ပဋိသန္ဓေနေခြင်း, ဆွေးမြေ့ခြင်း,သေခြင်း, မမြဲခြင်း ကိုယ်မဟုတ်သည်ဖြစ်၍ ရထား လှည်းဘီးစက်ကဲ့သို့ လည်နေသော တရားတို့ကို အလွန် ကြောက်သည်ဖြစ်၍ အာနာပါန အစရှိသော ကမ္မဋ္ဌာန်းကို အရိုးကြေကြေ အရေစုတ်စုတ် တရားကို အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် ဥပစာရ သမာဓိကို ရ၏။ ထိုဥပစာရသမာဓိကို အခြေပြု၍ တောဘုမ္မက သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ အားဖြင့် စီးဖြန်း၍ သောတာပန်ဖြစ်သော ဝိထိ။

# လပြိုက် ရပြဒယင

| ဒွင်ဟွှက်ဟွှ ပင်ယပြဝဒိက | | | | ဗွင်ဆေနွှင်ဂိနွှ | | | ။ဆဲထော်ပြရင ယဂိုင်ထဒ | | | | ထွှက်နွှထပ-ထွှက်နွှဂိယ-ယှ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| |
| ဒွင် | ဒွင် | ဒွင် | လွှို | လွှို | ပွှေ | ပြဒ | နို | ဥ | | ေ | ဒ | [illegible] | ဒွင် | ဒွင် |

။ရွှလဆဲယွှထိ

လပြိုက်နွှဂင်ထင်ထဒ

| ဟွှက်ဟွှ-ပင်ယပြဝဒိက | | | | ဗွင်ဆေနွှင်ဂိနွှ | | | | ပပြထယဂိုင်ထဒ | | | | ဗွင်ဆ-ထွှက်နွှထပ ထွှက်နွှဂိယ-ယှ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| | \|\|\|\| |
| ဒွင် | ဒွင် | ဒွင် | ဒွင် | လွှို | လွှို | ပွှေ | ပြဒ | နို | ဥ | ဂ | ေ | ဒ | [illegible] | ဒွင် | ဒွင် |

။ရွှလဆဲယွှထိ

ထွက်ရာလမ်း

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဘွင် | ဘွင် | န | ဒ | မ | | ဥ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် | ဘွင် | ဘွင် | ဘွင် |
| ။။ | ။။ | ။။ | ။။ | ။။ | | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ |
| ကံ-ကမ္မနိမိတ်-ဂတိနိမိတ် အာရုံ | | | | တေဘုမ္မက သင်္ခါရတရား | | | | နိဗ္ဗာန်အာရုံ | | | | ပဥ္စဝေါကာရ တိဟိတ်ဘွင် | | |

အနာဂါမ်ပုဂ္ဂိုလ်

ထွက်ရာလမ်း

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဘင် | ဘွင် | န | ဒ | မ | | ဥ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် | ဘွင် | ဘွင် |
| ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ |
| ကံ-ကမ္မနိမိတ် ဂတိနိမိတ် အာရုံ | | | | တေဘုမ္မကသင်္ခါရ တရား | | | | နိဗ္ဗာန်အာရုံ | | | | ပဥ္စ | |

ရဟန္တာပုဂ္ဂိုလ်

ဖိုလ်ပုဂ္ဂိုလ်မှာ ဝေါဒါန်မျှသာထူးသည်။ ပစ္စဝေက္ခဏာ ငါးဝီထိချ။

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဘွင် | န | ဒ | မ | န | န | န | န | ဖိုလ် | ဖိုလ် | ဖိုလ် | ဖိုလ် | ဘွင် | ဘွင် | ဘွင် |
| ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ |

ဖိုလ်ဝင်စားသော ဝီထိအာရုံရှင်း

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ဘွင် | ဘွင် | န | ဒ | မ | ပ | ဥ | န | ဂေါ တြဘူ | ဝေါဒါန် | ဈာန် |
| ။၊ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ | ။။ |

အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့ နိရောဓသမာပတ်ဝင်စားပုံဝီထိ။

သံသရာနခမ်းသတ်လိုသော ယောဂီပုဂ္ဂိုလ်တို့ ဝမ်းမြောက်စေခြင်းငှါ အမြွက်မျှသာရေးသည်။
ကျမ်းကြီးမည်စိုးသောကြောင့် ကျယ်ဝန်းစွာ မရေးလိုက်ပါ။

## ကာမာဝစရကုသိုလ် နိဗ္ဗာန်သွားပုံ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကာမာဝစရ ကုသိုလ် | ဒါန-သီလ ဘာဝနာ | အာနာ ပါန | ပရိကမ္မ နိမိတ် | ဥဂ္ဂဟ နိမိတ် | ပဋိဘာဂ နိမိတ် | ဥပစာရ သမာဓိ | နာမ်-ရုပ် ဝိပဿနာ | ဂေါတြဘူ ဉာဏ် လောကီ ဉာဏ် | မဂ် လော ကုတ္တရာ ဉာဏ် |

အာနာပါနပွါး၍ ဥပစာရသမာဓိ ကာမာဝစရကုသိုလ်ရလျှင် ရုပ်နာမ်နှစ်ပါး တွေ့အောင်ရှာ၊ ရုပ်နာမ်နှစ်ပါးတွေ့လျှင် လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့်မှတ်၍ ဝိပဿနာဉာဏ် (၁၀) ပါးကုန်အောင် သခါရတရားကို သုံးသပ်၊ ဉာဏ်(၁၀)ပါး ကုန်လျှင် နိဗ္ဗာန်ကို တွေ့တတ်သည်။

[ကာမာဝစရကုသိုလ်နှင့် နိဗ္ဗာန်သွားပုံ ပြီး၏။]

---

## ရူပါဝစရကုသိုလ်နှင့် နိဗ္ဗာန်သွားပုံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အာနာ ပါန | ပရိကမ္မ နိမိတ် | ဥဂ္ဂဟ နိမိတ် | ပဋိဘာဂ နိမိတ် | ဥပစာရ သမာဓိ | အပ္ပနာ သမာဓိ သမာဓိခန်း | ရုပ်-နာမ် ဝိပဿနာ | ဂေါတြဘူ ဉာဏ် လောကီဉာဏ် | မဂ် လောကုတ္တရာ ဉာဏ် |

အာနာပါနပွါး၍ ဥပစာရသမာဓိ ကာမာဝစရကုသိုလ်ရလျှင် အပ္ပနာသမာဓိ ရူပါဝစရကုသိုလ်တက်၍ ပွါးများ၊ အပ္ပနာ-သမာဓိရလျှင် ရုပ်နာမ်တွေ့အောင်ရှာ၊ ရုပ်နာမ်တွေ့လျှင် လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့် သုံးသပ်၊ ဝိပဿနာဉာဏ် (၁၀)ပါး ကုန်အောင်လိုက်၊ နိဗ္ဗာန်တွေ့တတ်၏။

[ရူပါဝစရကုသိုလ်နှင့် နိဗ္ဗာန်သွားပုံ ပြီး၏။]

## အရူပါဝစရကုသိုလ်နှင့် နိဗ္ဗာန်သွားပုံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အာကာသ ကသိုဏ်း | ပဋိကမ္မ နိမိတ် | ဥဂ္ဂဟ နိမိတ် | ပဋိဘာဂ နိမိတ် | ဥပစာရ သမာဓိ | အပ္ပနာ သမာဓိ သမာဓိ ခန်း | နာမ်-ရုပ် ဝိပဿနာ | ဂေါတြဘူ ဉာဏ် လောကီဉာဏ် | မဂ် လောကုတ္တရာ ဉာဏ် |

အာကာသကသိုဏ်းကို ပွါးများ၍ ဥပစာရသမာဓိ-ကာမာဝစရကုသိုလ်ကိုရလျှင် အပ္ပနာသမာဓိ-အရူပကုသိုလ်ကိုရအောင်ပွါး၊ အပ္ပနာသမာဓိရလျှင် ရုပ်,နာမ်ကို တွေ့အောင်ရှာ၊ ရုပ်,နာမ်ကိုတွေ့လျှင် လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့်သုံးသပ်၊ ဝိပဿနာဉာဏ် [၁၀]ပါး ကုန်အောင်လိုက်က-နိဗ္ဗာန်ကို တွေ့တတ်၏။

[အရူပကုသိုလ်နှင့် နိဗ္ဗာန်သွားပုံ ပြီး၏။]

ရူပါဝစရကုသိုလ်ပြုလုပ်၍ တည်ထောင်မှု အရူပါဝစရကုသိုလ်ပြုလုပ်၍ တည်ထောင်မှု လောကုတ္တရာ ကုသိုလ်ပြုလုပ်၍ တည်ထောင်မှုတို့သည် ကာမာဝစရ ကုသိုလ်မျိုးစေ့ကို ပယ်ပစ်၍လုပ်လျှင် ဘယ်ကုသိုလ်မျိုးမှ တည်ထောင်၍ မဖြစ်နိုင်၊ သို့အတွက်ကြောင့် ကာမာဝစရ ကုသိုလ်ကစ၍လုပ်မှ-တည်ထောင်မှသာလျှင် ဖြစ်နိုင်သည်။ ။ကာမာဝစရကုသိုလ်ကို [၀ကြောက်] [၀ကန်]မပြုအပ်ပေ။

န သက္ကောန္တိ ဝိသောဓေတုံ၊ နဒီ ပဥ္စပိ တံ မလံ။
ဝိသောဓယတိ သတ္တာနံ၊ ယံ ဝေ သီလဇလံ မလံ။

အနက်။ ။သတ္တာနံ၊ အတည်မရှိ ဘေးကြီးမိ၍ မချိ ပူဆာ သတ္တဝါတို့၏။ ယံ မလံ၊ အကြင် ကိလေသာ မှုံမှေး ညစ် အကြေးကို။ ပဥ္စပိ နဒီ၊ အစိရဝတီ, မဟီ, သရဘူ ငါးဆူမြစ်ကြီး စီးကျထွေထွေ ဂင်္ဂါယမုနာ ရေတို့ဖြင့် လည်း။ ဝိသောဓေတုံ၊ ဖွေးဖွေးဖြူအောင် ဆေးလျှော် သုတ်သင်ခြင်းငှါ။ န သက္ကောန္တိ၊ ကောင်းစွာပိုင်ပိုင် မတတ်နိုင်။ တံ မလံ၊ ထိုကိလေသာ မှုံမှေး အညစ်အကြေး ကို။ သီလဇလံ၊ သီလရေကြ။ ဖွေးဖွေးဖြူသော ရေသည်။ ဝိသောဓယတိ၊ ဖွေးဖွေးဖြူအောင် သုတ်သင်နိုင်ပါပေ၏။

လူညစ် လူတေ အပြစ်တွေ့ တလပေကို စင်ကြယ် သန့်ရှင်း ဆေးလျှော်ခြင်းငှါ စွမ်းနိုင်သော ရေသည်ကား သီလမှတပါး အခြားမရှိ၊ ညစ်ပတ်ယုတ်မာ များစွာသော အရာတို့ကို လက်ကိုင်ထား၍ စံစားခါ နေကြကုန်သော မသူတော်တို့၏ ကိုယ်တွင်းသန္တာန်ထဲ၌ရှိသော ယုတ်မာ ဆိုးဝါး မကောင်းသော အညစ်အကြေးများကို ဂင်္ဂါ, ယမုနာစတဲ့ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာထဲ၌ ရှိသော ရေတို့နှင့် ဆေးလျှော်ဖွတ်ငြားသော်လည်း ဖြူစင်နိုင်မည် မဟုတ်ပေ၊ သီလတည်းဟူသော ရေတို့နှင့် ဆေးလျှော် ဖွတ်လျှော်မှသာလျှင် မကောင်းဆိုးဝါး အယုတ်တမာ

တရားတို့သည် ပျောက်ပျက်၍ သွားနိုင်သည်၊ သို့အတွက် သီလခန်း ဖွင့်လိုက်သည်။

## သီလတောင်းသောအခန်း

သစ္စာလေးဆိုင် ရွှေပန်းခိုင်ကို ပိုင်ပိုင်ဆင်ဟန် ဖောက်ပြန်မရှိ ဉာဏ်သတိဖြင့် သိတော်မူထသော, လူမင်း, နတ်သား, ပြဟ္မာများတို့ ဂါရဝတရား ရှေ့ဦထား၍ လေးစားပူဇော်ခြင်းငှါ ထိုက်တော်မူထသော, ခြောက်ဖြာ ဘုန်းရှိန် ဂုဏ်တသိန်နှင့် ပြည့်စုံတော်မူထသော, မနိုင်းယှဉ် အပ် ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူငြား မြတ်ဘုရား အား စုံတညီညာ လက်ဆယ်ဖြာဖြင့် ယုံကြည်သဒ္ဓါ ရှိခိုး ပါ၏ အရှင်ဘုရား။

## ရှစ်ပါးသီလတောင်းသောအခန်း

နှစ်ရာ့နှစ်ဆယ် စွန်းကယ်သိက္ခာ ခုနစ်သာသော အရှင်ဘုရား။ ခန္ဓာငါးဝ သမူဟကို စွဲထပညတ် သမုတ်အပ် သော အကျွန်ုပ်သည် သံသရာစက် ဝဲဿယက်မှ လွဲထွက် နိုင်ရန် မြိုနိဗ္ဗာန်ကို ရောက်ဖို့ရန်အရေး ရှူမျှော်တွေး၍ နက်လေးကြည်ယုံ သရဏဂုဏ်သုံးပါး ရှစ်ပါးသိက္ခာ ကျင့် ထိုက်ရာကို ဂါရဝတရား ရှေ့ဦထား၍ တောင်းပန်ပါသည် အရှင်ဘုရား။

နှစ်ရာ့နှစ်ဆယ် စွန်းကယ်သိက္ခာ ခုနစ်သာသော အရှင်ဘုရား။ ခန္ဓာငါးဝ သမူဟကို စွဲထပညတ် သမုတ်

အပ်သော အကျွန်ုပ်အား သံသရာစက် ဝဲဩယက်မှ လွဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရောက်ဖို့ရန်အချက် ဤအတွက်ကြောင့် နက်လေးကြည်ယုံ သရဏဂုဏ်သုံးပါး ရှစ်ပါးသိက္ခာ ကျင့်ထိုက်ရာကို ကရုဏာတရား ရှေ့ဦးထား၍ ပေးသနားတော်မူပါ အရှင်ဘုရား။

## ရတနာသုံးပါးဆည်းကပ်သောအခန်း

သုံးဘုံသတ္တဝါ ဝေနေယျာကို ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ အမြဲတန်းသာ ပို့ဆောင်လေ့ရှိပါသော မြတ်စွာဘုရားကို သံသရာစက် ဝဲဩယက်မှ လွဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရည်သန်တောင့်တ တပည့်တော်သည် အားကိုးတခု အလေးပြု၍ အမြဲမကွာ ဆည်းကပ်ပါ၏။

နှုတ်တော်မိန့်မြွက် ဓမ္မစက်ဟု လျှံထွက်နုမော် တရားတော်ကို သံသရာစက် ဝဲဩယက်မှ လွဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရည်သန်တောင့်တ တပည့်တော်သည် အားကိုးတခု အလေးပြု၍ အမြဲမကွာ ဆည်းကပ်ပါ၏။

နှစ်ရာ့နှစ်ဆယ် စွန်းကယ်သိက္ခာ ခုနစ်သာသော သံဃာမည်ရ သမဏကို ဝဋ္ဋဒုက္ခစက် ဝဲဩယက်မှ လွဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရည်သန်တောင့်တ တပည့်တော်သည် အားကိုးတခု အလေးပြု၍ အမြဲမကွာ ဆည်းကပ်ပါ၏။

တပါးသတ္တဝါ ဝေနေယျကို စားစရာအမှတ် စိတ်မှာ ကပ်၍ မေတ္တာခေတ်ကင်း သတ်ဖြတ်ခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မိမိမဆိုင် ကိုယ်မပိုင်သော အရှင်ရှိငြား ပစ္စည်းများကို နိုင်ထက်တမူ လုယက်ယူခြင်းမှ ရန်သူလိုကား စိတ်မှာ ထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

သူတော်ကောင်းတို့မကြိုက် သူယုတ်မာတို့သာ ထိုက် သော ရွာသူဘို့ခလေ့ ပျော်မွေ့လိုက်စားမှုကို ရန်သူလို ကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မမှန်စကား မှန်အလားသို့ သူတဖက်သား ယုံကြည် ငြားအောင် လှည့်ပတ်သမှု ပြောဆိုခြင်းကို ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မေ့လျော့ ယစ်မူး မှူးရှင်ခြင်းကို ပြုတတ်သော လူကို ကားဖျက် သေရည်အရက် သောက်ခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မွန်းတည့်သည့်နောက် ညသို့ရောက်မှ စားသောက် တဖန် ဆွမ်းဟင်းရံကို အဖန်ဖန်အထပ်ထပ် နောက်ပြန်၍ စားခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

သဘင်သည်အလား ထိုသူများကဲ့သို့ ကချေတဖန် ဆိုပြန်တလှည့် တီးမှုတ်ခြင်းအလယ် ကြည့်ရှုခြင်းအဆုံး

ရှက်ဖွယ်သိသိ ထိုအမှုကို ပြုခြင်းမှရင်း၊ ကချေသည် အလား မိန်းမများကဲ့သို့ ပန်းပန်ခြင်းတချက် နှစ်သက်နံ့သာလိမ်းကျံကာဖြင့် နိမ့်သော အသားကို အပြေအပြစ်ပြုခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

တတောင်ပိုမောက် တထွာရောက်သော် ထိုထက်အလွန်အမွန်အမြတ် သံဃာတော်များ၏နေရာ၌ နေခြင်ကို ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

[ရှစ်ပါးသီလ ခံယူခန်း ပြီး၏။]

## ရှစ်ပါးသီလအတိုကောက်

(၁) သူ့အသက်မသတ်နှင့်။
(၂) သူ့ပစ္စည်း မခိုးနှင့်။
(၃) မမြတ်သောအကျင့် မကျင့်နှင့်။
(၄) မမှန်သောစကား မပြောနှင့်။
(၅) ထန်းရည် အရက် မသောက်နှင့်။
(၆) မွန်းလွဲတဲ့အခါ ထမင်းဟင်း မစားနှင့်။
(၇) ကခြင်း သီခြင်း မပြုနှင့်။
(၈) ပန်းပန်ခြင်း နံ့သာလိမ်းခြင်း မပြုနှင့်။

(ဂ) အခြေ မစိုက်သော ကုတင် ညောင်စောင်း
တတောင်ထွာထက်မြင့်လျှင် မတက်နှင့်။

## ကိုးပါးသီလတောင်းသောအခန်း

နှစ်ရာ့နှစ်ဆယ် စွန်းကယ်သိက္ခာ ခုနစ်သာသော အရှင်ဘုရား။ ခန္ဓာငါးဝ သမ္မုဟာကို စွဲထပညတ် သမုတ်အပ်သော အကျွန်ုပ်သည် သံသရာစက် ဝဲဩယက်မှ လွဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရောက်ဖို့ရန်အရေး ရှုမျှော်တွေး၍ သုံးပါးသရဏဂုဏ် မျှားအစုံနှင့်တကွ ကိုးပါးသိက္ခာ ကျင့်ဆိုက်ရာကို ဂါရဝတရား ရှေ့ဦးထား၍ တောင်းပန်ပါသည် အရှင်ဘုရား။

နှစ်ရာ့နှစ်ဆယ် စွန်းကယ်သိက္ခာ ခုနစ်သာသော အရှင်ဘုရား။ ခန္ဓာငါးဝ သမ္မုဟာကို စွဲထပညတ် သမုတ်အပ်သော အကျွန်ုပ်အား သံသရာစက် ဝဲဩယက်မှ လွဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရောက်ဖို့ရန်အချက် ဤအတွက်ကြောင့် သုံးပါးသရဏဂုဏ် မျှားအစုံနှင့်တကွ ကိုးပါးသိက္ခာ ကျင့်ထိုက်ရာကို ကရုဏာတရား ရှေ့ဦးထား၍ ပေးသနားတော်မူပါ အရှင်ဘုရား။

## ဘုရားရှိခိုးသောအခန်း

သစ္စာလေးဆိုင် ရွှေပန်းခိုင်ကို ပိုင်ပိုင်ဆင်ဟန် ဖောက်ပြန်မရှိ ဉာဏ်သတိဖြင့် သိတော်မူထသော, လူမင်း

နတ်သား ဗြဟ္မာများတို့ ဂါရဝတရား ရှေ့ဦထား၍ ပူဇော်ခြင်းငှါ ထိုက်တော်မူထသော, ခြောက်ဖြာဘုန်းရှိန် ဂုဏ်တသိန်နှင့် ပြည့်စုံတော်မူထသော, မနိုင်းယှဉ်အပ် ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူငြား မြတ်ဘုရားအား စုံတညီညာ လက်ဆယ်ဖြာဖြင့် ယုံကြည်သဒ္ဓါ ရှိခိုးပါ၏။

## ရတနာသုံးပါးကိုကိုးကွယ်သောအခန်း

သုံးဘုံသတ္တဝါ ဝေနေယျာကို ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ အမြဲမသွေ ပို့ဆောင်တော်မူလေ့ရှိသော မြတ်စွာဘုရားကို သံသရာစက် ဝဲဩယက်မှ လွှဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရည်သန်တောင့်တ တပည့်တော်သည် အားကိုးတခု အလေးပြု၍ အမြဲမကွာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

နှုတ်တော်မိန့်မြွက် ဓမ္မစက်ဟု လျှံထွက်နှုမော် တရားတော်ကို သံသရာစက် ဝဲဩယက်မှ လွှဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရည်သန်တောင့်တ တပည့်တော်သည် အားကိုးတခု အလေးပြု၍ အမြဲမကွာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

နှစ်ရာ့နှစ်ဆယ် စွန်းကယ်သိက္ခာ ခုနစ်သာသော သံဃာမည်ရ သမဏကို ဝဋ္ဋဒုက္ခစက် ဝဲဩယက်မှ လွှဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရည်သန်တောင့်တ တပည့်တော်သည်

အားကိုးတခု အလေးပြု၍ အမြဲမကွာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

## ကိုးပါးသီလခံယူသောအခန်း

တပါးသတ္တဝါ ဝေနေယျာကို စားစရာအမှတ် စိတ်မှာကပ်၍ မေတ္တာနှင့်ကင်း သတ်ဖြတ်ခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မိမိမဆိုင် ကိုယ်မပိုင်သော အရှင်ရှိငြား ပစ္စည်းများကို နိုင်ထက်ဘမူ လုယက်၍ယူခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

သူတော်ကောင်းတို့မကြိုက် သူယုတ်မာတို့သာ ထိုက်သော ရွာသူတို့ဓလေ့ ထိုဓလေ့ကို ကျင့်ခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မမှန်စကား မှန်အလားသို့ သူတဖက်သား ယုံကြည်ငြားအောင် လှည့်ပတ်သမူ ပြောဆိုခြင်းကို ပြုခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မေ့လျော့ယစ်မူး မြူးရွှင်ခြင်းကို ပြုတတ်သော လူကိုကားဖျက် သေရည်အရက်ကို သောက်ခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မွန်းတည့်သည့်နောက် ညသို့ရောက်မှ စားသောက်ရန်တဖန် ဆွမ်းဟင်းရံကို အဖန်ဖန်အထပ်ထပ် နောက်ပြန်

၍ စားခြင်းမှ ရန်သူလိုကား စိတ်မှားထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

သဘင်သည်အလား ထိုသူများကဲ့သို့ ကချေတဖန် ဆိုပြန်တလှည့် တီးမှုတ်ခြင်းအလယ် ကြည့်ရှုခြင်းအဆုံး ရှက်ဖွယ်လိလိ ထိုအမှုကို ပြုခြင်းမှငင်း၊ ကချေသည် အလား မိန်းမများကဲ့သို့ ပန်းပန်ခြင်းတချက် နှစ်သက်နှံ့သာ လိမ်းကျံကာဖြင့် နိမ့်သော အသားကို အပြေအပြစ် ပြုခြင်းမှ ရန်လိုသူကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

တတောင်ပိုမောက် တထွာရောက်သော် ထို့ထက် အလွန် အမွန်အမြတ် မနေအပ်သောနေရာကို နေခြင်းမှ ရန်လိုသူကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ် ပါ၏။

အများသဘ္ဘာဝါ ဝေနေယျာကို ချမ်းသာစေသား မေတ္တာပွါး၍ အမြဲမကွာ နေထိုင်ပါ၏။

[ကိုးပါးသီလ ဆောက်တည်ခန်းပြီး၏။]

## ကိုးပါးသီလအတိုကောက်

၁။ သူ့အသက် မသတ်နှင့်။

၂။ သူ့ပစ္စည်း မခိုးနှင့်။

၃။ မမြတ်သောအကျင့် မကျင့်နှင့်။

၄။ မမှန်သောစကား မပြောနှင့်။
၅။ ထန်းရည်အရက် မသောက်နှင့်။
၆။ ညစာထမင်း မစားနှင့်။
၇။ ကခြင်း သီခြင်း နှံသာလိမ်းခြင်း မပြုနှင့်။
၈။ တတောင်ထွာထက်မြင့်သောနေရာ မနေနှင့်။
၉။ သတ္တဝါများကို ချစ်တဲ့စိတ်ထား။

## ဆယ်ပါးသီလတောင်းသောအခန်း

နှစ်ရာ့ နှစ်ဆယ် စွန်းကယ်သိက္ခာ ခုနစ်သာသော အရှင်ဘုရား ခန္ဓာငါးဝ သမူဟကို စွဲထပညတ် သမုတ်အပ်သော အကျွန်ုပ်သည် သံသရာစက် ဝဲဩယက်မှ လွဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရောက်ဖို့ရာအရေး ရှုမျှော်တွေး၍ သုံးပါးသရဏဂုဏ် များအစုံနှင့်တကွ ဆယ်ပါးသိက္ခာ ကျင့်ထိုက်ရာကို ဂါရဝတရား ရှေ့ဦထား၍ တောင်းပန်ပါသည် အရှင်ဘုရား။

နှစ်ရာ့နှစ်ဆယ် စွန်းကယ်သိက္ခာ ခုနစ်သာသော အရှင်ဘုရား ခန္ဓာငါးဝ သမူဟကို စွဲထပညတ် သမုတ်အပ်သော အကျွန်ုပ်အား သံသရာစက် ဝဲဩယက်မှ လွဲထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရောက်ဖို့ရာအချက် ဤအတွက်ကြောင့် သုံးပါးသရဏဂုဏ် များအစုံနှင့်တကွ ဆယ်ပါးသိက္ခာ ကျင့်ထိုက်ရာကို ကရုဏာတရား ရှေ့ဦထား၍ ပေးသနားတော်မူပါ အရှင်ဘုရား။

## ဘုရားရှိခိုးသောအခန်း

သစ္စာလေးဆိုင် ရွှေပန်းခိုင်ကို ပိုင်ပိုင်ဆင်ဟန် ဖောက်ပြန်မရှိ ဉာဏ်သတိဖြင့် သိတော်မူထသော, လူမင်း နတ်သား ဗြဟ္မာများတို့ ဂါရဝတရား ရှေ့ဒွထား၍ ပူဇော်ခြင်းငှါ ထိုက်တော်မူသော, ခြောက်ဖြာဘုန်းရှိန် ဂုဏ်တသိန်နှင့် ပြည့်စုံတော်မူငြား မြတ်စွာဘုရားအား စုံတညီညာ လက်ဆယ်ဖြာဖြင့် ယုံကြည်သဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား။

## သရဏဂုဏ်သုံးပါးဆည်းကပ်ရန်

သုံးဘုံသတ္တဝါ ဝေနေယျာကို ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ အမြဲမသွေ ပို့ဆောင်တော် မူလေ့ရှိသော မြတ်စွာဘုရားကို သံသရာစက် ဝဲဩယက်မှ လွတ်ထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရည်သန်တောင့်တ တပည့်တော်သည် အားကိုးတခု အလေးပြု၍ အမြဲမကွာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

နတ်တော်မိန့်မြွက် ဓမ္မစက်ဟု လျှံထွက်နှုမော် တရားတော်ကို သံသရာစက် ဝဲဩယက်မှ လွတ်ထွက်နိုင်ရန် မြို့နိဗ္ဗာန်ကို ရည်သန်တောင့်တ တပည့်တော်သည် အားကိုးတခု အလေးပြု၍ အမြဲမကွာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

နှစ်ရာ့နှစ်ဆယ် စွန်းကယ်သိက္ခာ ခုနစ်သာသော သံဃာမည်ရ သမဏကို သံသရာစက် ဝဲဩယက်မှ လွတ်ထွက်

နိုင်ရန် မြို့နိဗ္ဗာန်ကို ရည်သန်တောင့်တ တပည့်တော်သည် အားကိုးတခု အလေးပြု၍ အမြဲမကွာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

## ဆယ်ပါးသီလခံယူသောအခန်း

တပါးသတ္တဝါ ဝေနေယျာကို စားစရာအမှတ် စိတ်မှာ ကပ်၍ မေတ္တာနှင့်ကင်း သတ်ဖြတ်ခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မိမိမဆိုင် ကိုယ်မပိုင်သော အရှင်ရှိငြား ပစ္စည်းများကို နိုင်ထက်တမူ လုယက်ယူခြင်းမှ ရန်သူလိုကား စိတ်မှာ ထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

သူတော်ကောင်းတို့မကြိုက် သူယုတ်မာတို့သာထိုက် သော ရွာသူတို့ဓလေ့ ထိုဓလေ့ကို ကျင့်ခြင်းမှ ရန်သူလို ကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မမှန်စကား မှန်အလားသို့ သူတဖက်သား ယုံကြည် ငြားအောင် လှည့်ပတ်သမှု ပြောဆိုခြင်းကို ပြုခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ် ပါ၏။

မေ့လျော့ယစ်မူး မြူးရွှင်ခြင်းကို ပြုတတ်သော လူကို ကားဖျက် သေရည်အရက်ကို သောက်ခြင်းမှ ရန်သူလို ကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

မွန်းတည့်သည့်နောက် ညသို့ရောက်မှ စားသောက် တဖန် ဆွမ်းဟင်းရံကို အဖန်ဖန် အထပ်ထပ် နောက်ပြန်၍ စားခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

သဘင်သည်အလား ထိုသူများကဲ့သို့ ကချေတဖန် ဆိုပြန်တလှည့် တီးမှုတ်ခြင်းအလယ် ကြည့်ရှုခြင်းအဆုံး ရှုက်ဖွယ်လိလိ ထိုအမှုကို ပြုခြင်းမှ ရန်သူလိုကား စိတ်မှာ ထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

ကချေသည်အလား မိန်းမများကဲ့သို့ ပန်းပန်ခြင်း တချက် နှစ်သက်နံ့သာ လိမ်းကျံကာဖြင့် နိမ့်သောအသား ကို အပြေအပြစ်ပြုခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

တတောင်ပိုမောက် တထွာရောက်သော် ထိုထက် အလွန် အမွန်အမြတ် သံဃာတော်များ၏ နေရာကို နေခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

လူတို့သုံးစား ရွှေ့ငွေများကို ကိုင်ခံသမှု သိမ်းဆည်း ခြင်းကို ပြုခြင်းမှ ရန်သူလိုကား စိတ်မှာထား၍ အမြဲမကွာ ရှောင်ကြဉ်ပါ၏။

[ဆယ်ပါးသီလခံယူခန်းပြီး၏။]

## ဆယ်ပါးသီလအတိုကောက်

(၁) သူ့အသက်မသတ်နှင့်။

(၂) သူ့ပစ္စည်းမခိုးနှင့်။

(၃) မမြတ်သောအကျင့် မကျင့်နှင့်။

(၄) မမှန်သောစကား မပြောနှင့်။

(၅) ထန်းရည်အရက် မသောက်နှင့်။

(၆) ညစာထမင်း မစားနှင့်။

(၇) မကနှင့် သီချင်းမဆိုနှင့်။

(၈) ပန်းပန်ခြင်း, နံ့သာလိမ်းခြင်းမပြုနှင့်။

(၉) တတောင်ထွာထက်မြင့်သောနေရာ မနေနှင့်။

(၁၀) ရွှေ,ငွေ,စိန်ကျောက်တို့ကို မကိုင်နှင့်။

သီလခန်း ဤတွင်ပြီး၏။

ဝိဘဇ္ဇဝါဒိံ သမ္ဗုဒ္ဓံ၊ ဓမ္မံ သုဇနသေဝိတံ။
သံဃဉ္စ ဝန္ဒိတွာ ကဿံ၊ အာနပါန သုဒုလ္လဘံ။

အနက်။ ။အဟံ၊ သံသရာထောင်ကြီး ထွက်ရန်နည်းကို အနည်းနည်းကြံ၍နေသော ငါသည်။ ဝိဘဇ္ဇဝါဒိံ၊ သတ္တဝါအများ သောင်းတိုက်သားကို တရားဒေသနာဝေဘန်ကာဖြင့် ဟောတော်မူတတ်သော အလေ့ရှိသော။ သမ္ဗုဒ္ဓံ၊ ပွင့်ချပ်လေးလှ ပန်းသစ္စာတို့ ပွင့်တော်မူပြီး

သော မြတ်စွာဘုရားကို။ ဝန္ဒိတွာ ဝန္ဒာမိ။ လက်ဆယ်ဖြာ အစုံ ထိပ်မှာဆုံ၍ ယုံကြည်မြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။ သုဇနသေဝိတံ၊ သောင်းတိုက်တလွှား သူတော်များတို့ သည် အမြဲမပြတ် မှီဝဲအပ်သော။ ဓမ္မဥ္စ၊ မာရ်မင်း လက်နက် သံသရာစက်ကို ဖျက်ဆီးတော်မူနိုင်သော တရား လက်နက်ဓမ္မစက်ကိုလည်း။ ဝန္ဒိတွာ ဝန္ဒာမိ၊ ဝမ်းမြောက် ကြည်စွာ ရှိခိုးပါ၏ဘုရား။ သံဃဥ္စ၊ နိဗ္ဗာန်မြို့သွား သံဃာ တော်များနှင့်တကွ အင်ကြင်းမြောင် ထေရ်သခင် ကျေး ဇူးတော်ရှင် ဆရာတော်ဘုရားကြီးကိုလည်း။ ဝန္ဒိတွာ ဝန္ဒာမိ၊ ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏၊ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သုဒုလ္လဘံ၊ သိမ်မွေ့နက်နဲ အလွန် တွေ့ကြုံခဲလှစွာသော။ အာနာပါနံ၊ အရိယာတို့လက်သုံး အာနာပါန လုပ်ထုံး လုပ်နည်း ကျမ်းကို။ ကဿံ ကရိဿံ။ ဆက်လက်၍သာ စီရင်ပါအံ့။

ယခုရှိခိုးခြင်းသည် ပါဠိ-မြန်မာနှစ်ပါး ရောချက်ရှိခိုးပုံတည်း။

## ပါဠိမဖက် လင်္ကာချည်းသက်သက်နှင့် ရှိခိုးသော အချက်

မြတ်သုံးရတနာ စိန္တေယျာ ဆယ်ဖြာ ဦးညွတ်ပါ။
သုံးဘုံလူ့ဘ အတုလ ဦးချဝန္ဒနာ။
ဓမ္မဆယ်ဖြာ တရားစာ လွန်စွာရိုသေပါ။

သားတော်ရတနာ ထေရ်သံဃာ နေ့စဉ်ပဏာမာ။
ပြည်ကြီးအမတံ နန်းနိဗ္ဗာန် ဗုဒ္ဓံစံပျော်ရာ။
ဘေးဘယာတွေ အမတံပြည် ဘာလေမရှိပါ။
အမတံပြည်သွား ထိုသူများ စိတ်ထားကောင်းလှပါ။
ငါတို့မှာကား ရောက်ချင်သား စရိတ်ကားမလောက်ပါ။
ရောက်လိုသူငြား လူအများ စရိတ်ကားရှာကြပါ။
အမတံပြည်သွား စက်ရထား အသွားညက်လှပါ။
အမတံပြည်သွား လူအများ ပြန်ငြားမရှိပါ။
အမတံသခင် ပြည်ကြီးရှင် ဘုရင်မြတ်ဗုဒ္ဓါ။
ထိုအရှင်ကား သတ္တဝါများ သနားတတ်လှပါ။
အမတံပြည်ကား အသုံးစား မှတ်ထား ဗောဓိသာ။
သုံးဆယ့်ခုနစ်ဖြာ ဗောဓိသာ လမ်းမှာ သွားရိက္ခာ။
ရလိုသူငြား လူအများ တရားလုပ်ကြပါ။
ဘယ်လိုတရား စိတ်ကထား ·မှတ်သား ရမည်သာ။
အာနာပါလမ်း ဆယ့်ခြောက်ခန်း ကြိုးပမ်းအားသစ်ပါ။
နှစ်ဆယ့်တဖြာ လင်္ကာစာ ဤတွင်နိဋ္ဌိတာ။
လင်္ကာသဘော နောက်မပြော စိတ်နှင့် စောနှင့်ကြ။

နိဗ္ဗာနနုဂရသန္တိံ၊ အနုယုဥ္စထ ပဏ္ဍိတော။
ဝေ အနေကာနိသံသံ၊ အာနာပါနသတိံ သဒါ။

နိဗ္ဗာနနုဂရသန္တိံ၊ ငြိမ်းရာအမှန် မြို့နိဗ္ဗာန်ကို။ ပဏ္ဍိ-
တော၊ ရောက်ချင်လိုဘိ အကြံရှိသော ကြောင်းကျိုး

သိမြင် ပညာရှင်သည်။ ဧဝံ အနေကာနိသံသံ၊ ဤသို့ တပါးမက များသော အကျိုးရှိသော။ အာနာပါနသတိ၊ ကျေးဇူးများဘိ အာနာပါနသတိ ကမ္မဋ္ဌာန်းကို။ သဒါ၊ နေ့ရော ညဉ့်ပါ ဘယ်ခါမပြတ်။ အနုယုဉ္ဇထ၊ ဇရပ် တန်ဆောင်း ဥပုသ်ကျောင်းမှာ ခိုအောင်း၍သာ အား ထုတ်လိုက်ကြပါကုန်လော။

ဝဋ္ဋဘဝတိုတိုနှင့် နိဗ္ဗာန်ကိုကူးလိုတဲ့ ယောဂီပုဂ္ဂိုလ် များတို့သည် ယခုစီရင်၍ ထားသော အာနာပါန ကမ္မဋ္ဌာန်းကို နေ့ရော ညပါ ဘယ်ခါမပြတ် ၇-ရက်တ သတ္တာဟလောက် အားထုတ်ပါက သံသရာဝဋ္ဋဘဝပြတ်၍ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပါလိမ့်မည်။

အညွှံဆုံး အနာဂါမ် ဖြစ်နိုင်ပါသည်၊ ကြိုးစား၍ အားထုတ်တော်မူကြပါ။ ။အာနာပါန တရားသည် ခဏ ချက်ခြင်း အကုသိုလ်တရားတို့ကို ပယ်စွန့်နိုင်၏၊ ငြိမ်းစေ နိုင်၏။

ဧဝံ ဘာဝိတော ခေါ ဘိက္ခဝေ အာနာပါနဿတိ- သမာဓိ ဧဝံ ဗဟုလီကတော သန္တော စေဝ ပဏီတော စ အသေစနကော စ သုခေါ စ ဝိဟာရော၊ ဥပ္ပန္နေ စ ပါပ- ကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ ဝူပသမေတီတိ။ ။မဟာဝဂ္ဂ သံယုတ်ပါဠိတော် စာမျက် နှာ နံပါတ် (၂၈၀) ၌ပါရှိ၏။

## ရက်တိုတိုနှင့် မဂ်ဖိုလ်ကိုရနိုင်သောတရားအာနာပါန

ဧဝံ ဘာဝိတာယ ခေါ ဘိက္ခဝေ အာနာပါနာဿတိ-ယာ ဧဝံ ဗဟုလီကတာယ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ၊ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာတိ။ ။မဟာဝဂ္ဂသံယုတ် ပါဠိတော် စာမျက်နှာနံပါတ် (၂၇၃) ၌ရှိ၏။

ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာ-ဂါမိတာတိ။ ။သုတ်မဟာဝါ ပါဠိတော် နံပါတ် (၂၅၂) ၌ ရှိ၏။

တပါးသောတရား ပွါးများလျှင် ၄-ပါးသောတရားနှင့်ပြည့်စုံခြင်း, ၄-ပါးသောတရား ပွါးများလျှင် ၇-ပါးသော တရားနှင့် ပြည့်စုံခြင်း, ၇-ပါးသော တရားပွါးများလျှင် ၂-ပါးသော တရားနှင့်ပြည့်စုံခြင်း ရှိသော တပါးသောတရားကား အာနာပါနပေတည်း။

အာနပါနတရား အားထုတ်လျှင် သတိပဋ္ဌာန် လေးပါးနှင့် ပြည့်စုံနိုင်၏၊ သတိပဋ္ဌာန် ၄-ပါး ပွါးများလျှင် ဗောဇ္ဈင် ၇-ပါး နှင့်ပြည့်စုံနိုင်၏၊ ဗောဇ္ဈင်- ၇-ပါး ပွါးများလျှင် ဝိဇ္ဇာဝိမုတ္တိကို ရနိုင်၏၊ ပြည့်စုံနိုင်၏။

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။ ။ဥပရိပဏ္ဏာသပါဠိတော် အာနာပါနသုတ် စာမျက်နှာ နံပါတ် (၁၂၄) ၌ ရှိ၏။

## မြတ်သောနေခြင်းသုံးပါး

နေခြင်း ထိုင်ခြင်း တို့တွင် အရိယာတို့နေခြင်း, ဗြဟ္မာတို့နေခြင်း, ဘုရားတို့နေခြင်းသည် အမြတ်ဆုံးတည်း၊ အာနာပါန ဝင်စား၍ နေခြင်းကို အရိယာတို့နေခြင်း, ဗြဟ္မာတို့နေခြင်း, ဘုရားတို့၏ နေခြင်းဟု ဆိုရမည်။

အာနာပါနဿတိသမာဓိံ သမ္မာ ဝဒမာနော ဝဒေယျ အရိယဝိဟာရော ဣတိပိ၊ ဗြဟ္မဝိဟာရော ဣတိပိ၊ တထာဂတဝိဟာရော ဣတိပိ။ ။မဟာဝဂ္ဂ သံယုတ်ပါဠိတော် စာမျက်နှာ နံပါတ်- ၂၈၄-မှာ ကြည့်ပါလေ။

ဧကဓမ္မောဟု ဟောတော်မူသောကြောင့် တခုသော တရားကို ပွါးများလျှင် များသောအကျိုးရှိ၏၊ များသော အာနိသင်ရှိ၏။

ဧကဓမ္မော=တခုသော တရားဟူသည် ၎င်းအာနာပါန ကမ္မဋ္ဌာန်းပေတည်း။

ကေဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော မဟပ္ဖလော ဟောတိ မဟာနိသံသော။ ကတမော ကေ-ဓမ္မော၊ အာနာပါနဿတိ။ ကထံ ဘာဝိတာ စ ဘိက္ခဝေ အာနာပါနဿတိ ကထံ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ နံပါတ် (၂၇၁)၌ ပါရှိ၏။

## အင်ကြင်းမြောင် ဆရာတော်ဘုရားကြီး၏ သက်တော်မှတ်တန်း

**သက်တော် (၅၆) နှစ်။**

**သိက္ခာတော် (၃၇) ဝါ။**

အင်ကြင်းမြောင် တောရ၌ သီတင်းသုံးတော်မူသော နှစ်ပေါင်း [၁၄] ဝါ။

တောထွက်နှစ် သိက္ခာတော် [၂၃] ဝါမှာ တောထွက်တော်မူသည်၊ အင်ကြင်းမြောင်တောရ၌ သီတင်းသုံးတော်မူသော အရှင် [အာသဘ] မထေရ် ဆရာတော်ကြီးသည် တဆယ့်လေးနှစ်တိုင်တိုင် ၎င်းအာနာပါနကမ္မဋ္ဌာန်းကို သုံးသပ်တော်မူကြောင်း။

## ထိုမထေရ်ကြီး၏ ဂုဏ်ထူးကား

၁။ အဇ္ဈတ္တပြင်ကျယ် ကောင်းကင်လယ်မှာနေသော လဝန်းကို မိမိနေရာ ကျောင်းပေါ်သို့ ရောက်အောင် ထင်နိုင်ခြင်း ဂုဏ်ထူးတပါး။

၂။ သောတ္တခလောက် သေတ္တာ အစရှိသည်တို့ကို သော့နှင့်မခပ်ပဲနှင့် ဂုဏ်တော်ရွတ်ရုံမျှနှင့် သော့ခလောက် ကျွတ်ခြင်း, သေတ္တာပွင့်ခြင်း ဂုဏ်ထူးတပါး။

၃။ သစ်ပင် တောတောင်တို့ကို ဖောက်ထွင်း၍မြင်နိုင် သော ဂုဏ်ထူးတပါး။

၄။ သူတပါး၏စိတ်ကို သိနိုင်သော ဂုဏ်ထူးတပါး။

၅။ တပည့်ပေါင်းများစွာ ကမ္မဋ္ဌာန်းယူကြရာတွင် ဘယ်တပည့်ဟာ ဘယ်ဉာဏ်ကို ရောက်၍ နေပြီဟု သိနိုင် သော ဂုဏ်ထူးတပါး။

ထိုမထေရ်ကြီးသည် သက္ကရာဇ် ၁၂၇၈-ခု၊ တန်ဆောင် မုန်းလကွယ်နေ့၌ ပြန်လွန်တော်မူသည်။ သိက္ခာတော် [၃၇]ဝါ။

ထိုမထေရ်ကြီးထံ လေးနှစ်မျှသာ နည်းနိဿယခံလိုက် ရသော မထေရ်ကြီးနှင့် မက္ခာမလှမ်း နိဗ္ဗိန္ဒတောင်တန်း၌ သီတင်းသုံး နေထိုင်သော [သီရိ] အမည်ရှိသော ရဟန်း ငယ်သည် မိမိတို့ဆရာ မထေရ်ကြီး၏ လုပ်ထုံးလုပ်နည်းကို

မပျောက်မပျက် ဆက်လက်၍ အားထုတ်နေသည်လည်း တကြောင်း, နောင်လာနောက်သား ယောဂီများတို့ကို သိစေလိုသည်လည်း တကြောင်းတို့ကြောင့် ဤအချက်များကို ရေးသားခြင်းပြုလိုက်ရပေသတည်း။

## ထွက်သက် ဝင်သက် သိသိ နေလျှင် ကာယာနုပဿနာနှင့် ပြည့်စုံပုံ

သော သတော ဝ အဿသတိ၊ သတော ဝ ပဿသတိ။

မာတိကာအရ နှာသီးဖျား, နှုတ်ခမ်းဖျားတို့၌ ထိခိုက်သောလေကို သတိပြု၍ ထွက်သက် ဝင်သက်, ထွက်သက် ဝင်သက်ဟု နှလုံးသွင်း၊ နှလုံးသွင်းဖန်များလျှင် အာရုံနိမိတ်များလည်း ပေါ်လာတတ်သည်၊ ပီတိလည်း ဖြစ်လာတတ်သည်၊ ထွက်သက် ဝင်သက် လေများလည်း တဖြည်းဖြည်း သိမ်မွေ့၍ ချုပ်ငြိမ်းတတ်သည်၊ ထိုသို့ မာတိကာနည်းဖြင့် စီးဖြန်း၍ သမာဓိရင့်သောကာလ ပဒဘာဇနီဖြစ်သော သောဠသ ဝတ္ထုကနည်း စသည်ကို တက်၍ စီးဖြန်းရာ၏၊

တပါးသောတရား ပွါးများလျှင် ၄-ပါးသော တရားနှင့် ပြည့်စုံနိုင်၏၊ ၄-ပါးသောတရား ပွါးများလျှင် ၇-ပါးသော တရားနှင့် ပြည့်စုံနိုင်၏၊ ၇-ပါးသောတရား ပွါးများလျှင် ၂-ပါးသောတရားနှင့် ပြည့်စုံနိုင်၏။

တပါးသောတရားဟူသည် ၎င်းအာနာပါန တရားပေတည်း၊ ၄-ပါးသော တရားဟူသည် သတိပဋ္ဌာန်တရားပေတည်း၊ ၇-ပါးသော တရားဟူသည် ဗောဇ္ဈင်(၇)ပါးပေတည်း၊ ၂-ပါးသော တရားဟူသည် ဝိဇ္ဇာဝိမုတ္တိတရားပေတည်း။

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။

တပါးသောတရား ပွါးများလျှင် ၄-ပါးသော တရားနှင့် ပြည့်စုံပုံကား ဤသို့တည်း—

ယောဂီသည် အာနာပါနဿတိ ထွက်သက်, ဝင်သက်ကို အားထုတ်သောအခါ ထွက်သက် ထွက်လာလျှင် ထွက်မှန်းသိခြင်း၊ ဝင်သက် ဝင်လာလျှင် ဝင်မှန်းသိခြင်း၊ ဤလို ထွက်တိုင်း ဝင်တိုင်း သိသိနေသည်ကိုပင် သတိနှင့် ပြည့်စုံတဲ့ ယောဂီပုဂ္ဂိုလ်ဟု ဆိုရမည်။

ထွက်သက် ဝင်သက်လေ ထွက်သည် ဝင်သည်ကိုမှ မသိလျှင် သတိကင်းမဲ့တဲ့ယောဂီ, သတိနှင့်မပြည့်စုံတဲ့ ယောဂီ, သတိမရှိတဲ့ယောဂီလို့ ဆိုရမည်၊ သတိနှင့်

ပြည့်စုံတဲ့ ယောဂီဖြစ်အောင် ကြပ်ကြပ်သတိထားပြီး ကြိုးစားကြပါလေ။

အရာရာမှာ သိမှုတခုသည် အရေးအကြီးဆုံး ဖြစ်ပါသည်၊ ယခု ထွက်သိ ဝင်သိကို အရင်းတည်ထား၍ နောင်ကို အသိအမျိုးမျိုးတွေ သိဘို့ရာ အများပင် ပေါ်လာပါလိမ့်မည်၊ နိဗ္ဗာန်အထိ သိလာပါလိမ့်မည်၊ အရင်းတည်ထားတဲ့ ထွက်သိ ဝင်သိကို သေးသေးနုပ်နုပ် ကလေးဟု အထင်မသေးကြနှင့်၊ ထွက်သိ ဝင်သိ အာနာပါနအလုပ်သည် သဗ္ဗညုတပါရမီဉာဏ်ရှင် ဘုရားသခင်တို့၏ အလုပ်ကြီးပေတည်း၊ ပါရမီရှင်ကြီးများ လက်ကိုင်ထားရတဲ့ ၎င်းအာနာပါန အလုပ်ကြီးကို သေးနုပ်သည်ဟု မထင်မှတ်ကြနှင့်။

သဲလုံးအမျှ ပွင့်တော်မူသွားကြတဲ့ ဘုရားများနှင့် ပစ္စေကဗုဒ္ဓါများသည် ၎င်းအာနာပါန ကမ္မဋ္ဌာန်းအလုပ်နှင့်ပင် ပွင့်တော်မူသွားကြသည်၊ သာဝက အမျိုးမျိုးမှာသာ ကမ္မဋ္ဌာန်းအမျိုးမျိုးနှင့် နိဗ္ဗာန်ဝင်သွားကြသည်၊ သို့အတွက် ထွက်သိ ဝင်သိ အာနာပါနအလုပ်ကို သေးသေးနုပ်နုပ်ဟု အထင်မသေးအပ်။

ဤသို့ ထွက်တိုင်း, ဝင်တိုင်း သိသိနေသည်ကိုပင် သတိနှင့်ပြည့်စုံတဲ့ယောဂီ, ကာယာနုပဿနာနှင့် ပြည့်စုံတဲ့ ယောဂီဟု ဆိုရသည်။

ကာယညတရာဟံ အာနန္ဒ တေံ ဝဒါမိ၊ ယဒိဒံ အဿာသပဿာသံ တသ္မာတိဟာနန္ဒ ကာယေ ကာယာ-နုပဿီ ဘိက္ခု တသ္မိံ သမယေ ဝိဟရတိ။

ဤကဲ့သို့ ထွက်သက် ဝင်သက် သိသိနေတဲ့ ယောဂီမှာ သတိပညာနှင့် ပြည့်စုံနေခိုက်ဖြစ်၍ လောဘ ဒေါသ ကိလေသာတို့ကို ပယ်နိုင်, ဖျောက်နိုင်သော အခါကောင်း ဟု မှတ်ပါ။

> အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ
> လောကေ အဘိဇ္ဈာဒေါမနဿံ။

ဤသို့ ထွက်သက် ဝင်သက် သိသိနေသည်ကို ကာယာနုပဿနာ-သတိပဋ္ဌာန်နှင့် ပြည့်စုံသည်ဟုမှတ်။

---

## ထွက်သက်ဝင်သက် သိသိနေလျှင် ဝေဒနာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံပုံ

ယောဂီသည် ထွက်သက် ဝင်သက်ကို သိသိနေခိုက်မှာ ယားယံမှုတွေ, နာကျင်မှုတွေ, ညောင်းညာမှုတွေ, တောင့်တင်းမှုတွေ အမျိုးမျိုး အထွေထွေ ကိုယ်ထဲမှာရှိတဲ့ ဝေဒနာတွေသည် ထင်ရှားစွာ ဖြစ်ပေါ်၍ နေသည်ကို မခံနိုင်အောင် သိ သိ နေလိမ့်မည်၊ ဤကဲ့သို့ သိ သိနေခြင်းကို သတိနှင့် ပြည့်စုံသည့် ယောဂီ, သတိရှိသည့် ယောဂီ,

သတိမမေ့သည့်ယောဂီဟု ဆိုရမည်၊ ဝေဒနာနုပဿနာ-
သတိပဋ္ဌာန်နှင့်ပြည့်စုံသည့် ယောဂီဟု ဆိုရသည်။

ဝေဒနာညတရာဟံ အာနန္ဒ ဧတံ ဝဒါမိ၊ ယဒိဒံ
အဿာသပဿာသံ သာဓုကံ မနသိကာရံ တသ္မာတိဟာ-
နန္ဒ ဝေဒနာသု ဝေဒနာနုပဿီ ဘိက္ခု တသ္မိံ သမယေ
ဝိဟရတိ။

ဤကဲ့သို့ ဝေဒနာတွေ ဖြစ်တိုင်း ဖြစ်တိုင်း သိသိ
နေသည့် ယောဂီမှာ သတိပညာနှင့် ပြည့်စုံနေခိုက်ဖြစ်၍
လောဘ, ဒေါသ ကိလေသာတို့ကို ပယ်နိုင်, ဖျောက်နိုင်
သော အခါကောင်းဟု မှတ်ပါ။

အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ
အဘိဇ္ဈာဒေါမနဿံ။

ဤသို့ ထွက်သက်ဝင်သက်သိသိနေလျှင် ဝေဒနာနုပဿနာသတိ-
ပဋ္ဌာန်နှင့် ပြည့်စုံသည်ဟုမှတ်။

---

## ထွက်သက်ဝင်သက်သိသိနေလျှင် စိတ္တာနုပဿနာသတိပဋ္ဌာန်နှင့်ပြည့်စုံပုံ

ယောဂီသည် ထွက်သက်ဝင်သက်ကို သိနေခိုက်မှာ
ကောင်းသည့်စိတ်တွေ, မကောင်းသည့်စိတ်တွေ အမျိုးမျိုး
ခဏခဏ ပေါ်လာလိမ့်မည်၊ ခဏ ခဏ ပေါ်လာတိုင်း,
ပေါ်လာတိုင်း သိသိနေခြင်းကို သတိနှင့် ပြည့်စုံတဲ့
ယောဂီ, သတိရှိတဲ့ယောဂီ, သတိမမေ့တဲ့ယောဂီဟု ဆို

ရမည်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံတဲ့ယောဂီ ဟု ဆိုရသည်။

စိတ္တေ စိတ္တာနုပဿီ အာနန္ဒ ဘိက္ခု တသ္မိံ သမယေ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

ဤကဲ့သို့ စိတ်တွေ ဖြစ်တိုင်း ဖြစ်တိုင်း သိ သိ နေတဲ့ ယောဂီမှာ သတိပညာနှင့် ပြည့်စုံနေခိုက်ဖြစ်၍ လောဘ ဒေါသ ကိလေသာတို့ကို ပယ်နိုင်ဖျောက်နိုင်သော အခါ ကောင်းဟု မှတ်ပါ။

တသ္မာတိဟာနန္ဒ စိတ္တေ စိတ္တာနုပဿီ ဘိက္ခု တသ္မိံ သမယေ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

ဤသို့ ထွက်သက်ဝင်သက် သိသိနေလျှင် စိတ္တာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံသည်ဟုမှတ်။

---

## ထွက်သက်ဝင်သက်ကိုသိသိနေလျှင် ဓမ္မာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံပုံ

ယောဂီသည် ထွက်သက် ဝင်သက်ကို အနိစ္စ အချက်နှင့် သိသိနေ၍ သတိပညာနှင့် ပြည့်စုံသည့်အဖြစ်ကြောင့် လောဘ, ဒေါသ ကိလေသာတို့ကို ပယ်နိုင်, ဖျောက်နိုင်သော အခါကောင်းဖြစ်၍ ထိုယောဂီကို ဓမ္မာနုပဿနာ-သတိပဋ္ဌာန်နှင့် ပြည့်စုံသော သူဟု ဆိုရမည်။

သော ယံ တံ အဘိဇ္ဈာဒေါမနဿာနံ ပဟာနံ၊ တံ ပညာယ ဒိသွာ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ။

ထွက်သက် ဝင်သက်ကို အနိစ္စအချက်နှင့် ဖက်တွဲ၍ ရှုသောကြောင့် ဓမ္မာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံသော သူဟု ဆိုရမည်။

တပါးသောတရားပွါးများလျှင် ၄-ပါးသော တရားနှင့် ပြည့်စုံပုံပြသောအချက်ကား ပြီး၏။

---

**သောဠသဝတ္ထုကနည်း တက်၍စီးဖြန်းပုံစသည်တို့ကို ပဋိသမ္ဘိဒါမဂ်ပါဠိတော် စာမျက်နှာ ၁၇၅-မှ ၁၉၆-အထိ တို့၌ လာသည့်အတိုင်း အကျဉ်းမျှ ပြပုံ**

| | |
|---|---|
| အရှည် ထင်ရှားမှု။<br>အတို ထင်ရှားမှု။<br>အစအလယ်အဆုံး ထင်ရှားမှု။<br>ထွက်သက် ဝင်သက်ပျောက်ငြိမ်းမှု။ | ပဌမ စတုက္က လေးချက် သမာဓိခန်း။ |
| ပီတိ ထင်ရှားမှု။<br>သုခ ထင်ရှားမှု။<br>သညာဝေဒနာ ထင်ရှားမှု။<br>သညာဝေဒနာ ပျောက်ငြိမ်းမှု။ | ဒုတိယ စတုက္က လေးချက် သမာဓိခန်း။ |
| စိတ် ထင်ရှားမှု။<br>စိတ် ရွှင်လန်းမှု။<br>စိတ် တည်ကြည်မှု။<br>စိတ် နိဝရဏ ကင်းမှု။ | တတိယ စတုက္က လေးချက် သမာဓိခန်း။ |

| | |
|---|---|
| အနိစ္စ။<br>ဝိရာဂ။<br>နိရောဓ။<br>ပဋိနိဿဂ္ဂ။ | စတုတ္ထ စတုက္က<br>လေးချက်<br>ဘာဝနာခန်း။ |

ပဋိသမ္ဘိမဂ်ပါဠိတော်လာ
စီးဖြန်းရာနည်းစု သောဠသဝတ္ထုကနည်း ပြီး၏။

---

## ဗာတ္တိံသ သတောကာရီစီးဖြန်းပုံ

အရှည် ထွက်သက်။
အရှည် ဝင်သက်။
အတို ထွက်သက်။
အတို ဝင်သက်။
အစ-အလယ်-အဆုံး ထွက်သက်။
အစ-အလယ်-အဆုံး ဝင်သက်။
ထွက်သက် ပျောက်ငြိမ်းမှု။
ဝင်သက် ပျောက်ငြိမ်းမှု။

---

ပီတိထင်ရှားမှု ထွက်သက်။
ပီတိထင်ရှားမှု ဝင်သက်။
သုခ ထင်ရှားမှု ထွက်သက်။
သုခ ထင်ရှားမှု ဝင်သက်။

သညာ ဝေဒနာ ထင်ရှားမှု ထွက်သက်။
သညာ ဝေဒနာ ထင်ရှားမှု ဝင်သက်။
သညာ ဝေဒနာ ပျောက်ငြိမ်းမှု ထွက်သက်။
သညာ ဝေဒနာ ပျောက်ငြိမ်းမှု ဝင်သက်။

---

စိတ်ထင်ရှားမှု ထွက်သက်
စိတ်ထင်ရှားမှု ဝင်သက်
စိတ်ရွှင်လန်းမှု ထွက်သက်
စိတ်ရွှင်လန်းမှု ဝင်သက်
စိတ်တည်ကြည်မှု ထွက်သက်
စိတ်တည်ကြည်မှု ဝင်သက်
စိတ်နီဝရဏကင်းမှု ထွက်သက်
စိတ်နီဝရဏ ကင်းမှု ဝင်သက်

---

အနိစ္စ ထွက်သက်။
အနိစ္စ ဝင်သက်။
ဝိရာဂ ထွက်သက်။
ဝိရာဂ ဝင်သက်။
နိရောဓ ထွက်သက်။
နိရောဓ ဝင်သက်။
ပဋိနိဿဂ္ဂထွက်သက်။
ပဋိနိဿဂ္ဂ ဝင်သက်။

[ပဋ္ဌိသမ္ဘိဒါမဂ် ဗာဟိယ-သတောကာရိ စီးဖြန်းပုံ ပြီး၏။]

**စတုဝီသတိသမာဓိစီးဖြန်းနည်း**

အရှည်ထွက်သက်။
အရှည် ဝင်သက်။
အတိုထွက်သက်။
အတို ဝင်သက်။
အစ-အလယ်-အဆုံး ထွက်သက်။
အစ-အလယ်-အဆုံး ဝင်သက်။
ထွက်သက် ပျောက်ငြိမ်းမှု။
ဝင်သက် ပျောက်ငြိမ်းမှု။

---

ပီတိ ထင်ရှားမှု ထွက်သက်။
ပီတိ ထင်ရှားမှု ဝင်သက်။
သုခ ထင်ရှားမှု ထွက်သက်။
သုခ ထင်ရှားမှု ဝင်သက်။
သညာဝေဒနာ ထင်ရှားမှု ထွက်သက်။
သညာဝေဒနာ ထင်ရှားမှု ဝင်သက်။
သညာဝေဒနာ ပျောက်ငြိမ်းမှု ထွက်သက်။
သညာဝေဒနာ ပျောက်ငြိမ်းမှု ဝင်သက်။

---

စိတ်ထင်ရှားမှု ထွက်သက်။
စိတ်ထင်ရှားမှု ဝင်သက်။
စိတ်ရွှင်လန်းမှု ထွက်သက်။

စိတ်ရှင်လန်းမှု ဝင်သက်။
စိတ်တည်ကြည်မှု ထွက်သက်။
စိတ်တည်ကြည်မှု ဝင်သက်။
စိတ်နိဝရဏာ ကင်းမှု ထွက်သက်။
စိတ်နိဝရဏာ ကင်းမှု ဝင်သက်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်
[စတုဝီသတိသမာဓိ စီးဖြန်းနည်းကား ပြီး၏။]

---

## ဒွေသတ္တတိဘာဝနာစီးဖြန်းနည်း

အရှည် ထွက်သက် .... .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
အရှည် ဝင်သက် .... .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
အတို ထွက်သက် .... .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
အတို ဝင်သက် .... .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
အစ-အလယ်-အဆုံးထွက်သက်.... .... အနိစ္စ - ဒုက္ခ - အနတ္တ။
အစ-အလယ်-အဆုံး ဝင်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
ထွက်သက် ပျောက်ငြိမ်းမှု .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
ဝင်သက် ပျောက်ငြိမ်းမှု .... .... အနိစ္စ - ဒုက္ခ - အနတ္တ။

---

ပီတိ ထင်ရှားမှု ထွက်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
ပီတိ ထင်ရှားမှု ဝင်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
သုခ ထင်ရှားမှု ထွက်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
သုခ ထင်ရှားမှု ဝင်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
သညာ ဝေဒနာ ထင်ရှားမှု ထွက်သက်.... အနိစ္စ - ဒုက္ခ - အနတ္တ။
သညာ ဝေဒနာ ထင်ရှားမှု ဝင်သက် .... အနိစ္စ - ဒုက္ခ - အနတ္တ။
သညာ ဝေဒနာ ချုပ်ငြိမ်းမှု ထွက်သက်.... အနိစ္စ - ဒုက္ခ - အနတ္တ။
သညာ ဝေဒနာ ချုပ်ငြိမ်းမှု ဝင်သက်.... အနိစ္စ - ဒုက္ခ - အနတ္တ။

စိတ်ထင်ရှားမှု ထွက်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
စိတ်ထင်ရှားမှု ဝင်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
စိတ်ရွှင်လန်းမှု ထွက်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
စိတ်ရွှင်လန်းမှု ဝင်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
စိတ်တည်ကြည်မှု ထွက်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
စိတ်တည်ကြည်မှု ဝင်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။
စိတ်နီဝရဏ ကင်းမှု ထွက်သက်.... .... အနိစ္စ - ဒုက္ခ - အနတ္တ။
စိတ်နီဝရဏ ကင်းမှု ဝင်သက် .... .... အနိစ္စ - ဒုက္ခ - အနတ္တ။

(ဒွေသတ္တတိဘာဝနာစီးဖြန်းနည်း ပြီး၏။)

---

## မနသိကာရဝိဓိရှစ်နည်း

ဂဏနာ .... .... .... .... ရေတွက်။
အနုဗန္ဓနာ .... .... .... အစဉ်ဖွဲ့။
ဖုသနာ .... .... .... .... ထိတွေ့။
ဌပနာ .... .... .... .... အာရုံပေါ်။
သလ္လက္ခဏာ .... .... .... ဘာဝနာ။
ဝိဝဋ္ဋနာ .... .... .... မဂ်။
ပါရိသုဒ္ဓိ .... .... .... ဖိုလ်။
တေသဉ္စ ပဋိပဿနာ .... .... ဆင်ခြင်မှု။

အဋ္ဌကထာတို့၌လာသော မနသိကာရဝိဓိရှစ်နည်း ပြီး၏။

| ဂဏနသွားနည်း | | ဂဏနသွားနည်း | |
|---|---|---|---|
| ထွက်သက် ၁ | ဝင်သက် ၁ | ထွက်သက် ၁ | ဝင်သက် ၁ |
| ထွက်သက် ၂ | ဝင်သက် ၂ | ထွက်သက် ၂ | ဝင်သက် ၂ |
| ထွက်သက် ၃ | ဝင်သက် ၃ | ထွက်သက် ၃ | ဝင်သက် ၃ |
| ထွက်သက် ၄ | ဝင်သက် ၄ | ထွက်သက် ၄ | ဝင်သက် ၄ |
| ထွက်သက် ၅ | ဝင်သက် ၅ | ထွက်သက် ၅ | ဝင်သက် ၅ |
| | | ထွက်သက် ၆ | ဝင်သက် ၆ |

| ဂဏနသွားနည်း | | ဂဏနသွားနည်း | |
|---|---|---|---|
| ထွက်သက် ၁ | ဝင်သက် ၁ | ထွက်သက် ၁ | ဝင်သက် ၁ |
| ထွက်သက် ၂ | ဝင်သက် ၂ | ထွက်သက် ၂ | ဝင်သက် ၂ |
| ထွက်သက် ၃ | ဝင်သက် ၃ | ထွက်သက် ၃ | ဝင်သက် ၃ |
| ထွက်သက် ၄ | ဝင်သက် ၄ | ထွက်သက် ၄ | ဝင်သက် ၄ |
| ထွက်သက် ၅ | ဝင်သက် ၅ | ထွက်သက် ၅ | ဝင်သက် ၅ |
| ထွက်သက် ၆ | ဝင်သက် ၆ | ထွက်သက် ၆ | ဝင်သက် ၆ |
| ထွက်သက် ၇ | ဝင်သက် ၇ | ထွက်သက် ၇ | ဝင်သက် ၇ |
| | | ထွက်သက် ၈ | ဝင်သက် ၈ |

| ဂဏနသွားနည်း | | ဂဏနသွားနည်း | |
|---|---|---|---|
| ထွက်သက် | ၁။ | ဝင်သက် | ၁ |
| ထွက်သက် | ၂။ | ဝင်သက် | ၂ |

သိက္ခာ ၄—ပ-မ-ဗ-သ-စ

| ဂဏနသွားနည်း | | ဂဏနသွားနည်း | |
|---|---|---|---|
| ထွက်သက် | ၃။ | ဝင်သက် | ၃ |
| ထွက်သက် | ၄။ | ဝင်သက် | ၄ |
| ထွက်သက် | ၅။ | ဝင်သက် | ၅ |
| ထွက်သက် | ၆။ | ဝင်သက် | ၆ |
| ထွက်သက် | ၇။ | ဝင်သက် | ၇ |
| ထွက်သက် | ၈။ | ဝင်သက် | ၈ |
| ထွက်သက် | ၉။ | ဝင်သက် | ၉ |

---

| | | | |
|---|---|---|---|
| ထွက်သက် | ၁။ | ဝင်သက် | ၁ |
| ထွက်သက် | ၂။ | ဝင်သက် | ၂ |
| ထွက်သက် | ၃။ | ဝင်သက် | ၃ |
| ထွက်သက် | ၄။ | ဝင်သက် | ၄ |
| တွက်သက် | ၅။ | ဝင်သက် | ၅ |
| ထွက်သက် | ၆။ | ဝင်သက် | ၆ |
| ထွက်သက် | ၇။ | ဝင်သက် | ၇ |
| ထွက်သက် | ၈။ | ဝင်သက် | ၈ |
| ထွက်သက် | ၉။ | ဝင်သက် | ၉ |
| ထွက်သက် | ၁၀။ | ဝင်သက် | ၁၀ |

[ဂဏနသွားနည်း ပြီး၏။]

## ဝိပဿနာဉာဏ်ရထား လျှောက်သွားရန်
## ၁၆-ဌာန လမ်းစခန်း

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်။
၂။ နာမရူပ ပစ္စယပရိဂ္ဂဟဉာဏ်။
၃။ သမ္မသနဉာဏ်။
၄။ ဥဒယဗ္ဗယဉာဏ်။
၅။ ဘင်္ဂဉာဏ်။
၆။ ဘယဉာဏ်။
၇။ အာဒီနဝဉာဏ်။
၈။ နိဗ္ဗိန္ဒဉာဏ်။
၉။ မုဉ္စိတုကမျတာဉာဏ်။
၁၀။ ပဋိသင်္ခါဉာဏ်။
၁၁။ သင်္ခါရုပေက္ခာဉာဏ်။
၁၂။ အနုလောမဉာဏ်။
၁၃။ ဂေါတြဘူဉာဏ်။
၁၄။ မဂ်ဉာဏ်။
၁၅။ ဖိုလ်ဉာဏ်။
၁၆။ ပစ္စဝေက္ခဏာဉာဏ်။

---

## ဝိပဿနာဉာဏ်ရထား စိစစ်ရာ(၇)ဌာန လမ်းစခန်း

၁။ သီလဝိသုဒ္ဓိ။
၂။ စိတ္တဝိသုဒ္ဓိ။

၃။ ဒိဋ္ဌိဝိသုဒ္ဓိ။

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။

၇။ ဉာဏဒဿနဝိသုဒ္ဓိ။

ပါတိမောက္ခသံဝရသီလ။

ဣန္ဒြိယသံဝရသီလ။

အာဇီဝပါရိသုဒ္ဓိသီလ။

ပစ္စယသန္နိဿိတသီလ။ ။ဤလေးပါးနှင့် ပြည့်စုံလျှင် ၀၀၀၀ သီလဝိသုဒ္ဓိ လမ်းစခန်း။

ဥပစာရသမာဓိ,အပ္ပနာသမာဓိ-ဤနှစ်ပါးနှင့် ပြည့်စုံလျှင် ၀၀၀၀ စိတ္တဝိသုဒ္ဓိ လမ်းစခန်း။

ရုပ်,နာမ် နှစ်ပါးကို ထင်မြင်လျှင် ၀၀၀၀၀၀ ဒိဋ္ဌိဝိသုဒ္ဓိ လမ်းစခန်း။

ပစ္စယပရိဂ္ဂဟာဉာဏ် ထင်လျှင် ၀၀၀၀ ကင်္ခါဝိတရဏဝိသုဒ္ဓိ လမ်းစခန်း။

သမ္မသနဉာဏ်ထင်လျှင် ၀၀၀၀ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ လမ်းစခန်း။

၁။ ဥဒယဗ္ဗယဉာဏ်
၂။ ဘင်္ဂဉာဏ်
၃။ ဘယဉာဏ်
၄။ အာဒီနဝဉာဏ်
၅။ နိဗ္ဗိန္ဒဉာဏ်
၆။ မုဉ္စိတုကမျတာဉာဏ်
၇။ ပဋိသင်္ခါဉာဏ်
၈။ သင်္ခါရုပေက္ခာဉာဏ်
၉။ အနုလောမဉာဏ်

ဤဉာဏ် ၉-တန် ထင်မြင်လျှင် ၀၀၀၀ ပဋိပဒါဉာဏ-ဒဿနဝိသုဒ္ဓိ လမ်းစခန်း။

မဂ်ဉာဏ်ကိုရလျှင် ၀၀၀၀ ဉာဏဒဿနဝိသုဒ္ဓိ လမ်းစခန်း။

ဖိုလ်ဉာဏ် ၀၀၀ ပစ္စဝေက္ခဏာ ဉာဏ်တို့မှာ ဥပစာရနည်းအားဖြင့် ဉာဏဒဿနပစ္စဝေက္ခဏာ။

---

နောက်ထပ်ပြဆိုခဲ့သော ပဋိပတ္တိက္ကမ ကျင့်စဉ်နည်းလမ်း အတိုကောက်ကို

**အကျယ်ပြန့်၍ ဆုံးဖြတ်ချက် ပြရာအခန်း**

အရှည်
အတို
**အစ-အလယ်-အဆုံး**
ထွက်သက်-ဝင်သက်-ပျောက်ငြိမ်း

} ပဥ္စမ စတုက္ကအချက်

## ယောဂီပုဂ္ဂိုလ်တို့ အလုပ်ခွင်ကို စ၍ ဝင်ရသောအခါ အလုပ်လုပ်ငန်းကား

သော သတော၀ အဿသတိ၊ သတော၀ ပဿသတိ။

သော၊ ထိုသတိရှေ့တင် တရားကိုမင်သော ယောဂီ ပုဂ္ဂိုလ်သည်။ သတော၀၊ ထွက်သက်ကိုရှူ သတိ ပြု၍ သာလျှင်။ အဿသတိ၊ ထွက်သက် လွတ်ကာ ထုတ်လိုက် ရာ၏။ သတော၀၊ ဝင်သက်ကိုရှူ သတိပြု၍ သာလျှင်။ ပဿသတိ။ ဝင်သက်ရှိုက်ကာ ရှူလိုက်ရာ၏။

ထိုစကား၏ လိုရင်းပဓာနကား။ ။တရားကိုလိုလားတဲ့ ယောဂီပုဂ္ဂိုလ် လူ့ရှင်, ရဟန်းသည် ထွက်သည် ဝင်သည် ကိုမှတ်မိအောင် အသက်ကို သတိထား၍ရှူရသည်၊ သတိ ထား၍ ရှူကြပါ။

ထိုင်ပုံနည်း နိဿယမှာ ယောကျ်ား တင်ပလ္လင်ခွေ၍ ထိုင်၊ မာတုဂါမများမှာ ကြုံ့ကြုံ့ထိုင်၊ ကိုယ်ကိုဖြောင့် ဖြောင့်ထား၊ တနာရီ ထိုင်မည်ဆိုလျှင် တနာရီ မစေ့ လျှင် မထနှင့်၊ ထလို့ရှိလျှင် ဝီရိယဆုတ်၍ နောင်ကို သည်လိုသာဖြစ်တတ်သည်။

မိမိအခွင့်သာသည့်အတိုင်း တနာရီ စေ့သောအခါ လျှောင်းလျက်က တနာရီ၊ စင်္ကြံသွားလျက်က တနာရီ၊ ရပ်လျက်က တနာရီ၊ ထိုင်ပုံအမျိုးမျိုး သွားပုံအမျိုးမျိုး

ရုပ်ပုံ အမျိုးမျိုး လျှောင်းပုံ အမျိုးမျိုးနှင့် လှည့်၍ စီးဖြန်းကြ၊ သို့မှ ရေရှည် စွမ်းနိုင်သည်။

သို့မဟုတ်လျှင် ထိုင်၍သာ စီးဖြန်းသည့် ယောဂီသည် ထိုင်နိုင်လျှင် ထိုင်၊ မထိုင်နိုင်လျှင် စိတ်လျှော့ပြီးကာ အလကား နေတတ်သည်၊ တထိုင်တည်း ထိုင်နေသည့် ယောဂီများသည် ရေရှည်မစွမ်းနိုင်၊ မကြာခင် ရောဂါ ပေါ်တတ်သည်၊ ရောဂါပေါ်လျှင် တရားဆုတ်ယုတ်တတ်သည်၊ ကြပ်ကြပ်ကြီး သတိထားကြ။

လိုရင်းအချက်ကား သွားသည် ဖြစ်စေ, ထိုင်သည် ဖြစ်စေ, အိပ်သည်ဖြစ်စေ, ထသည်ဖြစ်စေ, အဓိဋ္ဌာန်ချက် မြဲစေရမည်၊ မိမိရသော တရားကိုလည်း ဘယ်အခါမှ လွှတ်မထားရ၊ စကားပြောကို သတိထား။

'ဘယ်, ညာလက်ပိုက်' တရားလိုက် ဆိုက်ဆိုက် ရမည်သာ' ဆိုခြင်းကြောင့် ထိုင်၍စီးဖြန်းသော ယောဂီပုဂ္ဂိုလ်များသည် ညာဖက် လက်ဖျားကို ဘယ်ဖက် လက်ဖျားနှင့် ပိုက်ရမည်၊ ပိုက်ကြပါ။

[ထိုင်ပုံနည်းနိဿယကား ပြီး၏။]

---

## သတိပေးသော အခန်း

ယောဂီသည် ထွက်သက် ဝင်သက်ကို သုံးသပ်ဆင်ခြင်၍နေသောအခါ ထွေထွေရာရာ စိတ်များပေါ်၍

လာလိမ့်မည်၊ ထ၍မသွားနိုင်၊ ထချင်လိမ့်မည်၊ ကြပ်ကြပ် သတိထား၊ အဿာသ ပဿာသ=ထွက်သက် ဝင်သက်ကို အားစိုက်၍ ရှုလိုက်၊ထွေထွေရာရာ စိတ်များသည် ပျောက် ကင်း၍ သွားလိမ့်မည်။

ယောဂီသည် ထွက်သက်ဝင်သက်ကို သုံးသပ်ဆင်ခြင် ၍ နေသောအခါ ထွေထွေရာရာ ညောင်းမှု, ညာမှု, ကိုက်မှု, ခဲမှု, နာကျင်မှု, ယားယံမှုများ ပေါ်လာပါလိမ့် မည်၊ ရှေးကထက် များသည်ဟု ထင်ရလိမ့်မည်၊ မကုတ် နှင့် မလှုပ်နှင့် ကျိတ်၍သာခံ၊ အဿာသ-ပဿာသတရား ကိုသာ စိုက်၍ ရှုလိုက်၊ ထွေထွေရာရာ ဖြစ်ပေါ်သမျှတို့ သည် ပျောက်ပျက်၍ သွားလိမ့်မည်။

ယောဂီသည် ထွက်သက်ဝင်သက်ကို သုံးသပ်ဆင်ခြင်၍ နေသောအခါ ထွေထွေရာရာ ကြံစည်မှုတွေ ထိနမိဒ္ဓနှိပ်စက် ၍ ဇက်ကြောတက်ခြင်း, ဇက်လေးခြင်း, ခေါင်းကိုက် ခြင်း, ငိုက်မည်းခြင်း, မအိပ်လျှင် ဖျားတော့မလို သည့် အနေ ဖြစ်တတ်ပါသည်၊ ယောင်၍များ တုံးလုံးမလှဲလိုက် နှင့်၊ မှားတတ်သည်၊ အဿာသ-ပဿာသတရားကိုသာ အားစိုက်၍ ရှုလိုက်၊ ထွေထွေရာရာ များသည် ပျောက် သွားလိမ့်မည်။

ဤကဲ့သို့ အထူးထူးအထွေထွေ များခြင်းကို သိခြင်း သည် အခြားကြောင့် မဟုတ်၊ အဿာသ ပဿာသ ကို

သတိနှင့် စောင့်ရှောက်၍ နေသည့်အတွက် သိခြင်းဖြစ်သည်၊ သတိအနေကသည် သမာဓိအနေကို ကူး၍သွားလျှင် ပျောက်လိမ့်မည်၊ စိတ်မပျက်နှင့်၊ သူတို့၏ အနေကိုထင်ရှား သိရတာ ဝမ်းသာတို့ ကောင်းလှသည်။

ငါမဖြစ်နိုင်ပါဘူး, မထင်နိုင်ပါဘူး ဆိုပြီးလျှင် ကမ္မဋ္ဌာန်းကျောင်းက ထွက်ပြီး မှိုင်၍နေတတ်သည်၊ မနေနှင့်၊ ပြန်၍အားထုတ်ပါ။

## နိမိတ်အာရုံ မမြင်နိုင်၍ ယောဂီပုဂ္ဂိုလ် ငြီးပုံ

ကမ္မဋ္ဌာန လေ့ထပြန်ခေါက် တအောင့် မေ့မေ့နေ့ညဥ့်ကြိုးစား စေ့ဆော်ငြားလည်း တိမ်ကြားမိုးလယ် လျှပ်နွယ်တပြက် ပြိုးတပြက်မျှ ဈာန်, မဂ် ရမည် ရိပ်ရည်မထင် ခဲငြိုငြင်သော် သခင်ဘုရား ပိုင်းခြားလေးခု ပုဂ္ဂိုလ်စုတွင် ကြက်ဉဆန်ချောင် ကျန်သောရောင်သို့ သုံးထောင်တဆစ် ဤအဖြစ်ဝယ် မှေးညစ်ရမက် ဘဝဆက်မှ မထွက်လှည့်ကျင် ခဲငြိုငြင်သည့် ငါလျှင်ပဒ ပရမ ဟု လက်ချကိုယ်ကို ပြစ်တင်ဆို၍။

သည်လို လက်ချပြီး မှိုင်မနေကြနှင့်၊ သည်လိုနေလို့လဲ ကိစ္စက ပြီးမှာမဟုတ်ဘူး၊ မိမိအားထုတ်သော တရားကိုသာ အားထုတ်မြဲ အားထုတ်နေပါ၊ အားထုတ်ဖန်များ

လျှင် ထိုထွက်သက် ဝင်သက် လေသည် တခါထက်, တခါ ထင်ရှား၍ လာပါလိမ့်မည် ၊ထွက်တိုင်း ဝင်တိုင်း သိသော အခါ ထွက်မှု ဝင်မှု- သိသော အသိမျိုးနှင့် တနာရီ နှစ်နာရီ သုံးနာရီ နေနိုင်အောင်အားထုတ်၊ နေနိုင်လျှင် အကောင်းဆုံးအချုပ် သမာဓိပဲ၊ သူ့ကိုရအောင် အားထုတ်ရတာ သူ့ရလျှင် ပြီးရော၊ ဘာဘာ ညာညာ အာရုံတွေမလိုက်စားနှင့်၊ သည်လို အာရုံတွေကို လိုက်စား၍ နေသည့် အတွက်ကြောင့် သတ္တဝါတွေဟာ ဆင်းရဲပြီးနေကြသည်၊ ယခုလဲပဲ ဘာဘာညာညာအာရုံကို လိုက်စား၍ နေချင်သေးသလား၊ လိုက်စား၍နေချင်လျှင် ဝဋ်ဆင်းရဲက ထွက်မှာမဟုတ်သေးဘူး၊ ထိုဘာဘာညာညာအာရုံ ပေါ်လာသည်ကိုလည်း မမြတ်နိုးနှင့်၊ မလိုက်စားနှင့်၊ မပေါ်မှာကိုလည်း မစိုးရိမ်နှင့်၊ သူ့ဖွာသာသူ နေပါစေ၊ အရေးမစိုက်နှင့်၊ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်၊ သို့မှ အလုပ်တွင်မည်၊ စိတ်ဟာ တခြားမရောက်ပဲနှင့် တနာရီ နှစ်နာရီ သုံးနာရီ ထွက်သက် ဝင်သက်နှင့်ချည်း နေနိုင်လျှင် အကောင်းဆုံးသမာဓိကို ရတာပဲ၊ ဤလိုနေနိုင်တဲ့ အနေမျိုးကိုရလျှင် ပဌမစတုက္က လေးချက်ရှိတဲ့အနက်တွင် ပဌမအခန်းကို အောင်မြင်ပြီ။

ထိုနောက် ဒုတိယစခန်းကို ဆက်၍အားထုတ်။

[ပဌမစခန်းဆုံးဖြတ်ချက်ကား ပြီး၏။]

ဒုတိယစခန်းကို ဆက်လက်၍ အားထုတ်လိုသော
ယောဂီပုဂ္ဂိုလ်များသည်
အရှည်အတို သည်နှစ်ချက်ကို
ပိုင်နိုင်အောင် အားထုတ်ရမည်။

## ဒုတိယစခန်း ဆုံးဖြတ်ချက်

အရှည်ဆိုတာ နှေးနှေး အသက်ရှူတာ၊ အတိုဆိုတာ မြန်မြန် အသက်ရှူတာ၊ အသက်ရှူတာ နှေးတယ် မြန်တယ် သည်နှစ်ချက်ကို သိအောင် အားထုတ်၊ လူတယောက်မှာ တထိုင်ထည်း၌ ထွက်သက်, ဝင်သက် နှေးတဲ့ အလှည့်လည်း ရှိသည်၊ မြန်တဲ့ အလှည့်လည်း ရှိသည်၊ နှေးလျှင် နှေးတယ်၊ မြန်လျှင် မြန်တယ်၊ တနာရီ နှစ်နာရီ-သည်အနေမျိုးနှင့်ချည်း နေနိုင်အောင် အားထုတ်၊ သည်အနေမျိုးနှင့်ချည်း နေနိုင်လျှင် ပဉ္စမ-စတုက္က လေးချက်ရှိသည့် အနက်တွင် ဒုတိယအခန်းကို အောင်မြင်ပြီ။

ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ပေမယ်လို့ အသက်ရှူခြင်းကွဲလိမ့်မည်ဆိုတာ ရှိသည်။

[ဒုတိယစခန်းဆုံးဖြတ်ချက်ကား ပြီး၏။]

## တတိယစခန်း ဆုံးဖြတ်ချက်

တတိယစခန်းကို ဆက်လက်၍ အားထုတ်လိုသည့်
ယောဂီပုဂ္ဂိုလ်များသည်—

အစ-အလယ်-အဆုံး သုံးချက်လုံးကို ထင်ထင် လင်းလင်းကြီး သိရအောင် အားထုတ်ရမည်၊ အစဆိုတာ ချက်တိုင်ကစ၍ လေထွက် လာသည်ကို သိအောင်, အလယ်ဆိုတာ နှလုံးသားကို လေတိုက်သွားတာ သိအောင်, အဆုံးဆိုတာ နှာသီးဖျားကို လေတိုးထွက်သွားတာကြည့်၊ 'အထွက်အစ-ချက်တိုင်က၊ အဝင်အစ, နှာသီးက'၊ နှလုံးသားကို 'လေတိုက်၍ သွားသောအခါ နှုတ်ခမ်းဖျားနှင့် လေကိုမှုတ်လိုက်သည်လို နှလုံးသားမှာ ထိသွားလိမ့်မည်၊ ဉာဏ်နှင့်သိအောင်ကြည့်၊ ထင်ရှားလျှင် သိလိမ့်မည်၊ အစ အလယ် အဆုံး ထင်ရှားဘဲ့ အနေမျိုးနှင့် ကြည့်၊ တနာရီ-နှစ်နာရီ နေနိုင်လျှင် ပဌမစတုက္က လေးချက် ရှိသည့်အနက်တွင် တတိယ စခန်းမှာ အောင်မြင်ပြီ။

စတုတ္ထစခန်းကို ဆက်လက်၍ အားထုတ်။

[တတိယစခန်းဆုံးဖြတ်ချက်ကား ပြီး၏။]

## စတုတ္ထစခန်း ဆုံးဖြတ်ချက်

စတုတ္ထစခန်းကို ဆက်လက်အားထုတ်လိုသည့်
ယောဂီပုဂ္ဂိုလ်များသည်—

ထွက်သက် ဝင်သက် နှစ်ပါးကို တဖြည်းဖြည်း သိမ်မွေ့ သိမ်မွေ့ သွားအောင် အားထုတ်ရမည်၊ အလွန် သိမ်မွေ့ သွားသောအခါ ထွက်သက် ဝင်သက်ကို ရှာမတွေ့ပဲ ဖြစ်တတ်သည်၊ ထွက်သက် ဝင်သက်ကို လိုက်၍ရှာလိမ့်မည်၊ မရှာနှင့်၊ ငါ့အသက် မရှိဘူး၊ တခါခက်ချေရဲ့ ထင်ပြီး တော့ကာ၊ အလုပ်ကို ဖျက်ပစ်တတ်သည်၊ ကြပ်ကြပ် သတိထားလေ၊ မပါလျှင် စိတ်ချည့်သွားမရှာနှင့်၊ သိမ်မွေ့ သည့် အနေမျိုးနှင့် တနာရီ နှစ်နာရီ နေနိုင်လျှင် ပဌမ စတုတ္ထ လေးချက်တွင် စတုတ္ထစခန်းကို အောင်မြင်ပြီ။

[စတုတ္ထစခန်းဆုံးဖြတ်ချက်ကား ပြီး၏။]

[ပဌမစတုက္ကလေးချက် ပြီး၏။]

---

## ဝိပဿနာလမ်း အမြွက်မျှပြချက်

ဤ ပဌမစတုက္က လေးချက်ကို အောင်မြင် ပြီးသည့် ယောဂီပုဂ္ဂိုလ်သည် ရှေ့-ဒုတိယစတုက္ကကို ဆက်လက်၍ အားထုတ်လိုလျှင် အားထုတ်၊ အားမထုတ် လိုလျှင် ဝိပဿနာဖက်ကို ကူးလိုက်၊ ဝိပဿနာဖက်ကို ကူးလို

သည့် ယောဂီသည် အနိစ္စ-ဝိရာဂ-နိရောဓ-ပဋိနိဿဂ္ဂ ဆိုသည့် စတုတ္ထစတုက္ကလေးချက် ဘာဝနာခန်းသို့ ဖြတ်လမ်းဖြင့် တက်၍ စီးဖြန်းပါ။

အနိစ္စ အချက်ကို တက်၍စီးဖြန်းသည့် ယောဂီပုဂ္ဂိုလ်သည် မိမိ၏ ထွက်သက် ဝင်သက်လေကို အနိစ္စ, အနိစ္စဟု မမြဲသည့် သဘောများကို ရှုဆင်ခြင်ရမည်၊ ဤကဲ့သို့ ရှုဆင်ခြင်၍ နေခိုက်မှာ ၎င်း-လေဓာတ် ရုပ်ကလာပ် ကလေးများ တဖွားဖွားနှင့် ပေါ်လာတတ်ပါသည်၊ အချို့သော ယောဂီမှာ တကိုယ်လုံး တကောင်လုံး ရှာမတွေ့တော့ပဲ ရုပ်ကလာပ်-ရုပ်မှုန့်-ရုပ်ခိုးများကိုသာ တွေ့တတ်ကြပါသည်၊ ရုပ်ပေါ်ပုံကို အကျဉ်းမျှ ပြထားလိုက်ရပါသည်၊ နောက်မှအကျယ်ကို ပြပါမည်။

ရုပ်တရားပေါ်လျှင် နာမ်တရား ဆက်လက်၍ကြည့်၊ ရုပ်တရား, နာမ်တရား နှစ်ပါးထင်ရှားလျှင် ထိုရုပ်တရား, နာမ်တရား နှစ်ပါးကို လက္ခဏာတင်၍ သုံးသပ်၊ ဉာဏ်စဉ် အတိုင်း သုံးသပ်ပုံကို နောက်စခန်းရောက်မှ ဆက်လက်၍ ပြမည်။

ဖြတ်လမ်းက နိဗ္ဗာန်ကိုတက်လိုတဲ့ ယောဂီသည် သည် စခန်းကခွဲ၍ ဝိပဿနာလမ်းကိုလိုက်၊ ဝိပဿနာ လမ်း ဆုံးလျှင် မဂ်ဉာဏ်-ဖိုလ်ဉာဏ်လမ်းကို ဆက်၍လိုက်၊ နိဗ္ဗာန် ကို တွေ့လိမ့်မည်၊ နောက်မဆုတ်နှင့်၊ လိုက်သာလိုက်၊

ဆက်ဆက် တွေ့လိမ့်မည်၊ ဈာန်လမ်းကို လိုက်လိုလျှင် ရှေ့ စတုက္ကကိုကူး။

[ဝိပဿနာလမ်း အမြွက်မျှပြချက်ကား ပြီး၏။]

ဈာန်လမ်းကို လိုက်လိုသည့် ယောဂီသည် ဒုတိယစတုက္ကလေးချက်ကို ဆက်လက်၍ အားထုတ်ရမည်။

**ဒုတိယစတုက္က-လေးချက်ကား**

ပီတိ ထင်ရှားမှု။
သုခ ထင်ရှားမှု။
သညာ ဝေဒနာ ထင်ရှားမှု။
သညာ ဝေဒနာ ပျောက်ငြိမ်းမှု။

ငါသည် နှစ်သက်သော ပီတိကို ထင်ရှားအောင် အားထုတ်မည်၊ ဤသို့စိတ်ကထား၍ ထွက်သက် ဝင်သက် ကိုလွှတ်၊ မျှားမကြာမီ ထင်ရှားလာလိမ့်မည်၊ပီတိထင်ရှား လာသောအခါ ကြက်သီးမွေးညှင်းထခြင်း, ခေါင်းကြီး ခြင်း ဖြစ်ပေါ်လာလိမ့်မည်၊ ကိုယ်ကြီးများလည်း ရှေ့က ထက် ကြီးသည်လို့ ထင်တတ်သည်၊ မကြောက်နှင့်၊ စီးဖြန်းမြဲအတိုင်း စီးဖြန်း၊ ခုဒ္ဒကပီတိ ဖြစ်ပေါ်လျှင် သည်အနေ ဖြစ်တတ်သည်။

၎င်းနောက် ခဏိကပီတိ ထင်ရှားသောအခါ လျှပ်စစ် များကဲ့သို့ မျက်စိထဲမှာ တဝင်းဝင်းနှင့် ဖြစ်နေလိမ့်မည်၊

စိတ် စနောင့်စနင်းမရှိနှင့်၊ စီးဖြန်းမြဲအတိုင်း စီးဖြန်း၍ နေ၊ ခဏိကပီတိခေါ်သည်။

ဧင်းနောက် ဩက္ကန္တိကပီတိ ထင်ရှားသောအခါ မိမိ ကိုယ်သည် တယိမ်းယိမ်း တယိုင်ယိုင် နေလိမ့်မည်၊ မကြောက်နှင့်၊ အိပ်နေသောအခါများမှာလည်း လှေမှော ရာ လဲမှောရာပေါ်မှာ အိပ်ရသကဲ့သို့ နေလိမ့်မည်၊ ဩက္ကန္တိ-ကပီတိခေါ်သည်။

ဧင်းနောက် ဥဗ္ဗေဂါပီတိ ထင်ရှားသောအခါ မိမိကိုယ် ကြီးသည် အထက်သို့ ကြွတော့မယ်လို ဖြစ်တတ်သည်၊ ဖျာ သင်ဖြူးများနှင့် တမိုက်စ တထွာစ လွတ်၍ လဲသွားတတ် သည်၊ မလွတ်တလွတ်နေလျှင် ခုန်၍နေတတ်သည်၊ ထိုအခါ မသိသောသူများက ကြောက်တတ်သည်၊ နတ်ပူး တယ်လို့ ပြောတတ်သည်၊ ဥဗ္ဗေဂါပီတိခေါ်သည်။

ဧင်းနောက် ဖရဏာပီတိ ထင်ရှားသောအခါ မိမိရှိ သော အဿာသ-ပဿာသ ကမ္မဋ္ဌာန်းအလုပ်ကို လက် မလွှတ်နိုင်အောင် ဖြစ်တတ်သည်၊ ထိုတရားနှင့် အမြဲပင် နေချင်တော့တာပဲ၊ ဘယ်လောက်ပင် တရားထိုင်ငြား သော်လည်း အားရခြင်းမရှိ၊ နလံထများသည် အစာစား လို့ အားမရနိုင်သည်လို ဖြစ်တတ်သည်၊ ဤကဲ့သို့ဖြစ်လျှင် ဖရဏာပီတိ ဆိုက်ပြီ၊ ပီတိစခန်းကို အောင်ပြီ၊ ဒုတိယ-စတုက္ကလေးချက် ရှိသည့်အနက်တွင် ပဌမစခန်းကို

အောင်ပြီဟူ၍မှတ်၊ ယခုပြသည့်အတိုင်း ပီတိထင်ရှားစွာ ဖြစ်ပေါ်လာလျှင် နောက် ဒုတိယစခန်းကို ဆက်လက်၍ အားထုတ်။

[ပဌမစခန်းဆုံးဖြတ်ချက်ကား ပြီး၏။]

## ဒုတိယစခန်းဆုံးဖြတ်ချက်

ဒုတိယစခန်းကို ဆက်လက်လိုသည့် ယောဂီပုဂ္ဂိုလ်သည် ငါသည် သုခထင်ရှားအောင် အားထုတ်မည်၊ ဤလို စိတ်ကထား၍ ထွက်သက် ဝင်သက်ကိုလွှတ်၊ များမကြာခင် သုခ ထင်ရှား၍ လာလိမ့်မည်၊ သုခထင်ရှား၍လာလျှင် ငါသည် လူဖြစ်သည်ကစ၍ သည်လိုချမ်းသာမျိုးကို တခါမျှ မတွေ့စဘူး ယခုတခါပဲ တွေ့ပါတကားလို့ ဆိုသည့် စိတ်အနေမျိုး ဖြစ်တတ်သည်၊ မပြောတတ်နိုင်အောင် ဖြစ်တတ်သည်၊ ဤကဲ့သို့ဖြစ်လျှင် ဒုတိယစတုက္ကလေးချက် ရှိသည့်အနက် ဒုတိယစခန်းကို အောင်မြင်ပြီ၊ နောက် တတိယ စခန်းကို ဆက်လက်အားထုတ်။

[ဒုတိယစခန်း ဆုံးဖြတ်ချက်ကား ပြီး၏။]

## တတိယစခန်းဆုံးဖြတ်ချက်

တတိယစခန်းကို ဆက်လက်၍ အားထုတ်လိုသည့် ယောဂီသည် မှတ်တတ်သော သညာနှင့် ခံစားတတ်သော ဝေဒနာကို ထင်ရှားသိအောင် အားထုတ်ရမည်၊ ဤကဲ့သို့

စိတ်ကထား၍ ထွက်သက် ဝင်သက်ကိုလွှတ်၊ မျှားမကြာမီ သညာ,ဝေဒနာ ထင်ရှားလာပါလိမ့်မည်၊ သညာ, ဝေဒနာ ထင်ရှားလျှင် ဒုတိယစတုက္ကလေးချက် ရှိသည့်အနက်တွင် တတိယစခန်းကို အောင်မြင်ပြီဟူ၍မှတ်။

[တတိယစခန်း ဆုံးဖြတ်ချက်ကား ပြီး၏။]

## စတုတ္ထစခန်းဆုံးဖြတ်ချက်

ငါသည် သညာ ဝေဒနာ ချုပ်ငြိမ်းသွားအောင် အားထုတ်မည်၊ ဤကဲ့သို့ သတိယူ၍ ထွက်သက် ဝင်သက်ကိုလွှတ်၊ တဖြည်းဖြည်း သညာ ဝေဒနာ ချုပ်ငြိမ်း၍ သွားလိမ့်မည်၊ သညာ ဝေဒနာ ချုပ်ငြိမ်းသွားလျှင် မေးမရ ခေါ်မထူးဖြစ်တတ်သည်၊ ကိုင်မှန်း တွယ်မှန်း မသိ ဖြစ်တတ်သည်၊ ကြပ်ကြပ်သတိထား၊ ဆရာကောင်း လိုသည်၊ ဆရာလုပ်သူက ထိုစခန်းကို မရောက်ဘူးလျှင် တောင်ရမ်း, မြောက်ရမ်းလုပ်တတ်သည်၊ ထိုသို့လုပ်လျှင် တရား ပျောက်ကွယ်သွားတတ်သည်၊ ဤကဲ့သို့သော သညာ ဝေဒနာငြိမ်း၍သွားလျှင် ဒုတိယစတုက္ကလေးချက် ရှိသည့်အနက်တွင် စတုတ္ထစခန်း အောင်မြင်ပြီမှတ်။

[စတုတ္ထစခန်း ဆုံးဖြတ်ချက်ကား ပြီး၏။]

ဤစတုက္ကကနေပြီး ဝိပဿနာစခန်းကို တက်လိုလျှင် တက်၊ မတက်လိုလျှင် တတိယစတုက္ကကိုဆက်၍အားထုတ်။

[ဒုတိယစတုက္က ပြီး၏။]

## တတိယစတုက္ကဆုံးဖြတ်ချက်

### ပဉ္စမစခန်း

တတိယစတုက္ကလေးချက်ကို ဆက်လက်၍ အားထုတ်လိုသည့် ယောဂီပုဂ္ဂိုလ်သည် ငါ၏ အဇ္ဈတ္တသန္တာန်ထဲ၌ ရှိသော စိတ်ဓာတ်ကို ထင်ထင်ရှားရှားသိအောင် အားထုတ်မည်၊ ဤလိုစိတ်ကထား၍ ထွက်သက် ဝင်သက်ကို လွှတ်၊ များမကြာမီ စိတ်ထင်ရှား၍လာလိမ့်မည်၊ စိတ်ထင်ရှားဆိုတာ သုခ သညာ ဝေဒနာ ထင်ရှားတာကို ဆိုသည်။

ဤကဲ့သို့ ဝင်စားနိုင်လျှင် စိတ်ထင်ရှားပြီဟူ၍မှတ်၊ တတိယ စတုက္ကလေးချက်ရှိသည့်အနက်တွင် ပဉ္စမစခန်းကို အောင်မြင်ပြီဟူ၍မှတ်။

[ပဉ္စမစခန်း ဆုံးဖြတ်ချက်ကား ပြီး၏။]

---

## ဒုတိယစခန်းဆုံးဖြတ်ချက်

နောက် ဒုတိယစခန်းကို ဆက်လက်၍ အားထုတ်လိုသည့် ယောဂီပုဂ္ဂိုလ်သည် ငါ၏ အဇ္ဈတ္တသန္တာန်ထဲ၌ ရှိသော စိတ်ဓာတ်ကို ရွှင်လန်းအောင် အားထုတ်မည်၊ ဤလို စိတ်ကထား၍ ထွက်သက် ဝင်သက်ကိုလွှတ်ရမည်၊ များမကြာမီ စိတ်ရွှင်လန်းလာလိမ့်မည်၊ စိတ်ရွှင်လန်း၍

လာသောအခါ မိမိမိတ်ဆွေများအား မိမိ ပေါက်ဘူး ရောက်ဘူးသည့်တရားကို လက်ဆွဲပြချင်မတတ် ဖြစ်တတ်သည်၊ ဇွဲမြွေမဆယ်နိုင်အောင် ဖြစ်တော့သည်၊ ကြပ်ကြပ်သတိထား၊အခြားအခြားသောသူများက သည်အကောင်ဟာ အရူးထင်ပါရဲ့လို့ မှတ်ထင်ရအောင် ဖြစ်တတ်သည်၊ ဤသို့ဖြစ်လာလျှင် ဒုတိယစခန်းကို အောင်မြင်ပြီဟူ၍ မှတ်။

[ဒုတိယစခန်း ဆုံးဖြတ်ချက်ကား ပြီး၏။]

---

## တတိယစခန်းဆုံးဖြတ်ချက်

တတိယစခန်းကို ဆက်လက်၍ အားထုတ်လိုသည့် ယောဂီပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ထဲ၌ ရှိသော စိတ်ဓာတ်ကို သိသိသာသာ ထင်ထင်လင်းလင်းကြီး အားထုတ်ရမည်၊ ဤလိုစိတ်ကထား၍ ထွက်သက် ဝင်သက်ကို လွှတ်ရမည်၊ များမကြာမီ စိတ်ဓာတ်ကြည်လင်၍ လာလိမ့်မည်၊ စိတ်ဓာတ်တည်ကြည်၍ လာသောအခါ မိမိ တွေ့ခဲ့ဘူးသော တရားမျိုး, ချမ်းသာမျိုးကို ယခု လောကနယ်ကြီးထဲမှာ ပြောပြစရာ မရှိသည့်အတွက်ကြောင့် မပြောပြနိုင်သလောက် ဖြစ်တတ်သည်၊ မိမိစိတ်ဓာတ်သည်လည်း ကိုယ်ထည်းမှာ ထားချင်သလောက်ထား၊ မထွက်ပဲဖြစ်တတ်သည်၊ ကျောက်တိုင် ကျောက်ခဲကြီး

ကဲ့သို့ မတုန်မလှုပ်သော ကိုယ်ကြီး ဖြစ်နေတတ်သည်၊ ဤကဲ့သို့ ဖြစ်လာလျှင် တတိယစခန်းမှာ အောင်မြင်ပြီ မှတ်။

[တတိယစခန်း ဆုံးဖြတ်ချက်ကား ပြီး၏။]

---

## စတုတ္ထစခန်းဆုံးဖြတ်ချက်

စတုတ္ထစခန်းကို ဆက်လက်၍ အားထုတ်လိုသည့် ယောဂီပုဂ္ဂိုလ်သည် ငါသည် စိတ်နှင့်အကုသိုလ်တရားတွေ ကင်းသွားအောင် ထွက်သက် ဝင်သက်ကို လွှတ်ရမည်၊ ဤလိုစိတ်ကကြံ၍ ထွက်သက် ဝင်သက်ကိုလွှတ်၊ များ မကြာမီ အကုသိုလ်နှင့်တကွ ဆန့်ကျင်ဖက်တရားတွေ ကင်းစင်၍ သွားလိမ့်မည်၊ စိတ်ဟာ ကြည်လင်အေးမြ သန့်သန့်ရှင်းရှင်းကြီးဖြစ်၍ သွားလိမ့်မည်၊ ဤသို့ဖြစ်လျှင် စတုတ္ထစခန်း အောင်မြင်ပြီမှတ်။

[စတုတ္ထစခန်း ပြီး၏။]

[တတိယစတုက္က ဆုံးဖြတ်ချက် ပြီး၏။]

---

## စတုတ္ထစတုက္ကဆုံးဖြတ်ချက်
### ပဌမစခန်း

စတုတ္ထစတုက္ကကို ဆက်လက်၍ အားထုတ်လိုသည့် ယောဂီပုဂ္ဂိုလ် သူတော်ကောင်းသည် ထွက်သက် ဝင်သက်

လွှတ်သောအခါ ခန္ဓာငါးပါးတွင် တပါးပါးကိုအာရုံပြု၍ မမြဲသည့်အနေကို သတိထား၍ ထွက်သက် ဝင်သက်လွှတ်၊ များမကြာမီ ခန္ဓာငါးပါးမမြဲသော အခြင်းအရာ ပေါ် ထွက်လာလိမ့်မည်၊ ထင်ထင်လင်းလင်းကြီး မြင်၍ လာလိမ့်မည်၊ ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာ အစပဌမ ပေါ် ထွက်လာလိမ့်မည်၊ နောက် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ပေါ်ထွက်၍လာပါလိမ့်မည်၊ မမြဲသည့်အနေ ခဏခဏပျက်သည့်အနေ, ရပ်တည်၍မရ ပျက်သည့်အနေ, ရှန်းတိုင်းဆန်အောင် ပျက်သည့်အနေ၊ သည်လိုနေအောင်ရှု၊ ဉာဏ်အားမသန်ခင် ခပ်နှေးနှေး ပျက်လိမ့်မည်၊ ဉာဏ်အားသန်လျှင် မြန်မြန်ပျက်လိမ့်မည်၊ ဤကဲ့သို့မြင်လျှင် စတုတ္ထစတုက္ကလေးချက်ရှိသည့်အနက်တွင် ပဌမစခန်းကို အောင်မြင်ပြီ။

[ပဌမစခန်း ဆုံးဖြတ်ချက်ကား ပြီး၏။]

## ဒုတိယစခန်းဆုံးဖြတ်ချက်

ဒုတိယစခန်းကို ဆက်လက်၍ အားထုတ်လိုသည့် ယောဂီပုဂ္ဂိုလ် သူတော်ကောင်းသည် ထွက်သက် ဝင်သက် လွှတ်သောအခါ ခန္ဓာငါးပါး၌ နှစ်သက်သာယာ မြတ်နိုးသော စိတ်မရှိအောင် အားထုတ်ရမည်၊ သည်လို စိတ်ကထား၍ ထွက်သက် ဝင်သက်ကိုလွှတ်၊ များမကြာမီ

မိမိသုံးသပ်၍ ဝင်စားနေသော ခန္ဓာငါးပါးတရားများကို သာယာနှစ်သက်မြတ်နိုးနေသောစိတ် ကင်းပြတ်၍ သွားသော ဉာဏ်တမျိုးပေါ်ပေါက်၍ လာလိမ့်မည်၊ ထိုအခါ ယောဂီပုဂ္ဂိုလ်သည် ပြတ်ပြတ်တောက်တောက်ဖြစ်၍ နေတတ်သည်၊ သည်လိုဉာဏ်မျိုး ဖြစ်ပေါ်လာလျှင် ဒုတိယစခန်းကို အောင်မြင်ပြီဟူ၍မှတ်။

နောက် တတိယစခန်းသို့ ဆက်လက်၍ အားထုတ်။

[ဒုတိယစခန်း ဆုံးဖြတ်ချက်ကား ပြီး၏။]

## တတိယစခန်းဆုံးဖြတ်ချက်

တတိယစခန်းကို ဆက်လက်၍ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ် သူတော်ကောင်းသည် ထွက်သက်ဝင်သက်ကို လွှတ်သောအခါ ငါသည် ခန္ဓာငါးပါးတရားများကို ချုပ်ငြိမ်း၍သွားအောင် အားထုတ်မည်၊ သည်လိုစိတ်ကနှလုံးသွင်း၍ ထွက်သက်ဝင်သက်ကိုလွှတ်၊ များမကြာမီ ရုပ်,နာမ်ခန္ဓာတရားများ ချုပ်ငြိမ်းသွားလိမ့်မည်၊ ထိုအခါ ယောဂီပုဂ္ဂိုလ်သူတော်ကောင်းသည် အအေးကြီး အေးပါလိမ့်မည်၊ အကောင်းကြီး ကောင်းပါလိမ့်မည်၊ အအေးကြီးအေးသည့် ဉာဏ်တမျိုး, အကောင်းကြီးကောင်းသည့် ဉာဏ်တမျိုးပေါ်လာလျှင် တတိယစခန်း အောင်မြင်ပြီ။

နောက် စတုတ္ထစခန်းကို ဆက်လက်၍အားထုတ်။

[တတိယစခန်း ဆုံးဖြတ်ချက်ကား ပြီး၏။]

## စတုတ္ထစခန်းဆုံးဖြတ်ချက်

စတုတ္ထစခန်းကို ဆက်လက်၍ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ် သူတော်ကောင်းသည် ထွက်သက်ဝင်သက် လွှတ်သောအခါ ငါသည် ခန္ဓာငါးပါးတရားများနှင့်တကွ တထောင်ငါးရာ ကိလေသာတို့ကို ပယ်စွန့်လိုက်မည်၊ သည်လိုနှလုံးသွင်း၍ ထွက်သက် ဝင်သက်ကိုလွှတ်၊ များ မကြာမီ ခန္ဓာငါးပါး ကိလေသာများကို ပယ်စွန့်နိုင်သော ဉာဏ် ပေါ်ပေါက်လာပါလိမ့်မည်၊ ထိုအခါ ယောဂီပုဂ္ဂိုလ် သူတော်ကောင်း၏စိတ်သည် နိဗ္ဗာန်သို့ ပြေးဝင်သောစိတ် ဖြစ်နေလျှင် စတုတ္ထစခန်းအောင်မြင်ပြီ။

[စတုတ္ထစခန်း ဆုံးဖြတ်ချက်ကား ပြီး၏။]
စတုတ္ထစတုက္ကစခန်း အပြီးတင်ပြီ။
သောဠသဝတ္ထုက (၁၆)နည်း စီးဖြန်းပုံ ဤတွင်ပြီး၏။

---

### ဝိပဿနာခန်း

အနိစ္စ၊ ဝိရာဂ၊ နိရောဓ၊ ပဋိနိဿဂ္ဂ။

### ဝိရာဂ(၂)မျိုး

ခယဝိရာဂ။

အစ္စန္တဝိရာဂ။

ခန္ဓာငါးပါး တရားများ ဘင်အနေအားဖြင့် ခဏခဏ ပျက်၍နေသည်ကို ခယ-ဝိရာဂဆိုသည်။

အစ္စန္တဝိရာဂ ဆိုသည်မှာ နိဗ္ဗာန်ကို အာရုံပြု၍ ရှိသော ဝိပဿနာမဂ်ကို အစ္စန္တဝိရာဂဆိုသည်၊ ဝိရာဂ စခန်းကို တက်၍ စီးဖြန်းသည့် ယောဂီပုဂ္ဂိုလ် သူတော်ကောင်းကို မဂ်ရသည့် ပုဂ္ဂိုလ်ဟု ဆိုရ၏၊ မဂ်နှင့်ပြည့်စုံ၏။

ဝိရာဂကို တက်၍စီးဖြန်းသည့် ယောဂီပုဂ္ဂိုလ်များကို မဂ်ရသော ယောဂီပုဂ္ဂိုလ်ဟုမှတ်၊ ခယဝိရာဂ,အစ္စန္တဝိရာဂ ၂-ပါး၏ ထူးခြားကွဲလွဲပုံကိုမှတ်။

[ဝိရာဂ အဆုံးအဖြတ် ပြီး၏။]

---

## နိရောဓ(၂)မျိုး

ခယ နိရောဓ။

အစ္စန္တ နိရောဓ။

ခယနိရောဓ ဆိုသည်မှာ ခန္ဓာငါးပါး တရားများ ဘင်အနေအားဖြင့် ခဏခဏ ချုပ်၍သွားသည်ကို ခယ- နိရောဓဆိုသည်၊ အစ္စန္တနိရောဓ ဆိုသည်မှာ နိဗ္ဗာန်ကို အာရုံပြု၍ရှိသော ဝိပဿနာမဂ်ကိုဆိုသည်၊ နိရောဓကို တက်၍ စီးဖြန်းသည့် ယောဂီပုဂ္ဂိုလ်များသည် မဂ်ကိုရ၏။

[နိရောဓ အဆုံးအဖြတ် ပြီး၏။]

## ပဋိနိဿဂ္ဂ (၂)မျိုး

ပရိစ္စာဂပဋိနိဿဂ္ဂ။
ပက္ခန္ဒနပဋိနိဿဂ္ဂ။

ပရိစ္စာဂပဋိနိဿဂ္ဂ ဆိုသည်မှာ ခန္ဓာငါးပါးနှင့်တကွ ကိလေသာကို သမုစ္ဆေဒအားဖြင့် ပယ်သည်ကို ပရိစ္စာဂ ပဋိနိဿဂ္ဂ-ခေါ်သည်၊ ပက္ခန္ဒနပဋိနိဿဂ္ဂ ဆိုသည်မှာ နိဗ္ဗာန်သို့ လွတ်လွတ်ပြေးဝင်သည်ကို ပက္ခန္ဒနပဋိနိဿဂ္ဂ ခေါ်သည်။

[ပဋိနိဿဂ္ဂ အဆုံးအဖြတ်ကား ပြီး၏။]

## လက္ခဏာအိမ်မြှောင်ပြခန်း

သံသရာ ရေယဉ်ထဲမှာ ရွှေနောက်လှဲ မြောက်တောင်ဝေ မဂ္ဂင်မှူး အထင်မှားလို့ ယောဂီဆွေ ပုဂ္ဂိုလ်များတို့ သွားခက်လှပေ၊ ကြိမ်းသေ တတ်သိ ဖလ်နတ်နေ ရွှေအိမ်မြှောင်-သူဟောက ရွှေနောက်လော ဘယ်မကြံ လက်သုံးထပ်ခံ၊ ကေန်သိသည့် ပုံသဏ္ဌာန်လို အိမ်မြှောင်တဖန် ဆိုဦးအံ့လေး။

ယခု လောက၌ မဟာသမုဒ္ဒရာကို ဖြတ်သန်း သွားလာ၍ ကူးသန်းရောင်းဝယ်ခြင်းကို ပြုလုပ်၍ နေကြကုန်သော နိုင်ငံခြား အင်္ဂလိပ် - စူလတီ - ဂျာမဏီ - ဂျပန် - စသော ကုန်သည်ကြီးများတို့သည် မိမိတို့ သင်္ဘော-သွားနေကြ

လမ်းကို မဟာသမုဒ္ဒရာမှာ လေပြင်းမုန်တိုင်း ထသော်၎င်း ကမ်းခြေ-လမ်းခြေ မမြင်၍ အရှေ့-အနောက်-တောင်-မြောက် မသိသော်၎င်း, မာလိမ်မှူးအထင်မှား၍ သင်္ဘောသား ငါးရာတို့ အသွားခက်၍သော်၎င်း မိမိတို့သင်္ဘောမှာ ပါရှိသော အိမ်မြှောင်ကို အမှန်ထား၍ သွားကြသဖြင့် သမုဒ္ဒရာတဘက်ကမ်းသို့ ကောင်းမွန်စွာ ရောက်ကြသကဲ့သို့ ထို့အတူ-နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းကို ကူးလိုသည့် ယောဂီ-သူတော်ကောင်းတို့သည် ရုပ်, နာမ်, ခန္ဓာ များ မပြတ် အမြဲ ဖြစ်၍နေသည့် သံသရာ မဟာသမုဒ္ဒရာကြီးကို ဖြတ်သန်း၍ ကူးသောအခါ ဝိတက် ဝိစာရ-တည်းဟူသော လှိုင်းတန်ပိုးများ အားကြီးစွာထ၍ နေခြင်းကြောင့် နိဗ္ဗာန်တည်းဟူသော လမ်းခြေ ကမ်းခြေကို မမြင်နိုင် မထင်နိုင်ခဲ့သော် အနိစ္စ-ဒုက္ခ-အနတ္တ တည်းဟူသော လက္ခဏာအိမ်မြှောင်ကိုကြည့်၍ ခုတ်မောင်းသည်ရှိသော် နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ကောင်းမွန်စွာ ရောက်ကြလိမ့်မည်၊ သမုဒ္ဒရာထဲမှာ သွားကြ,လာကြကုန်သော သင်္ဘောသားတို့သည် အိမ်မြှောင်ကို မကြည့်ပဲ ခုတ်မောင်းလို့ရှိလျှင် သမုဒ္ဒရာထဲမှာ တလည်လည်နှင့် နေကြရ၏၊ အလိုရှိရာ ကမ်းခြေသို့ မရောက်နိုင်သကဲ့သို့ ထိုအတူ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်ကို ကူးကြသည့် ယောဂီပုဂ္ဂိုလ် သင်္ဘောသားတို့သည် အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော လက္ခဏာအိမ်မြှောင်ကို မကြည့်

ခဲ့လိုရှိလျှင် ရုပ်, နာမ်, ခန္ဓာ သံသရာ ပင်လယ်ထည်းမှာ တကြောင်ကြောင်, တပတ်ပတ်, တလည်လည် နေရလိမ့်မည်၊ သို့အတွက် ယောဂီပုဂ္ဂိုလ်သည် လက္ခဏာ အိမ်မြှောင်ကို သတ္တလောက, ဩကာသလောက ကမ်းခြေပျောက်ကတည်းက နိဗ္ဗာန်ကမ်းခြေရောက်အောင် တကြည့်တည်း ကြည့်၍ နေရမည်။

**ဝိပဿနာ ဉာဏ်ရထား လျှောက်သွားရန်**

**၁၆-ဌာန လမ်းစခန်းကို အကျယ်ဖြန့်၍ ပြဦးမည်။**

၁။ နာမရူပ ပရိစ္ဆေဒ ဉာဏ်။

၂။ နာမရူပပစ္စယပရိဂ္ဂဟ ဉာဏ်။

၃။ သမ္မသနဉာဏ်။

၄။ ဥဒယဗ္ဗယဉာဏ်။

၅။ ဘင်္ဂဉာဏ်။

၆။ ဘယဉာဏ်။

၇။ အာဒီနဝဉာဏ်။

၈။ နိဗ္ဗိန္ဒဉာဏ်။

၉။ မုဉ္စိတုကမျတာဉာဏ်။

၁၀။ ပဋိသင်္ခါဉာဏ်။

၁၁။ သင်္ခါရုပေက္ခာဉာဏ်။

၁၂။ အနုလောမဉာဏ်။

၁၃။ ဂေါတြဘူဉာဏ်။

၁၄။ မဂ်ဉာဏ်။

၁၅။ ဖိုလ်ဉာဏ်။

၁၆။ ပစ္စဝေက္ခဏာဉာဏ်။

## ရုပ်-နာမ်-ခန္ဓာ-သံသရာပြင်ကျယ်ပင်လယ်ထဲမှာ ကူးသန်း၍နေကြကုန်သော ယောဂီပုဂ္ဂိုလ်တို့ ကျက်ထားဖို့ရာကောင်းသောဂါထာ

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မုဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။

သတိပဋ္ဌာန ဝိဘင်းအဋ္ဌကထာ

ယံ၊ အကြင် ငါ၏ကိုယ်ကြီး ငါ့ပစ္စည်းဟု အပြီးမှတ်ရာ မရှိပါသည်ကို။ ဗာလော၊ ရုပ်,နာမ် စခန်း မမြင်စမ်းသော အန္ဓပုထုဇန် လူမိုက်ကန်းကြီးသည်။ ပဿတိ၊ ငါ၏ကိုယ်ကြီး ငါ့ပစ္စည်းဟူ၍ ခင်မင်စရာ, နှစ်သက်စရာ, သာယာစရာကြီးမြင်၏။ တံ၊ ထိုခင်မင်စရာ, နှစ်သက်စရာ, သာယာစရာကြီးကို။ ပဏ္ဍိတေဟိ၊ အဂ္ဂပဏ္ဍိတ ဘွဲ့တံဆိပ် ရကုန်သော ကလျာဏပုထုဇန် အရိယာထေရ်သခင်တို့သည်။ န ဒိဋ္ဌံ၊ ငါ၏ကိုယ်ကြီး ငါ့ပစ္စည်းဟူ၍ ခင်မင်စရာ, နှစ်သက်စရာ မမြင်အပ်။ ယံ၊ ငါ၏ကိုယ်ကြီး ငါ့ပစ္စည်းဟူ၍ ခင်စရာ, မင်စရာ, ခင်မင်စရာကြီးကို။ ပဏ္ဍိတေဟိ၊ အဂ္ဂပဏ္ဍိတဘွဲ့တံဆိပ် ရကုန်သော အရိယာသခင် ထေရ်အရှင်တို့သည်။ ဒိဋ္ဌံ၊ ရုပ်, နာမ်အစစ် ခေတ်အနှစ်ကိုသာ မြင်အပ်၏။ တံ၊ ထိုရုပ်, နာမ်အစစ် ပရမတ် ခေတ်အနှစ်ကို။ ဗာလော၊ ရုပ်ခန်း, နာမ်ခန်း မမြင်စမ်းသော ပုထုဇန်

ကန်းကြီးသည်။ န ပဿတိ၊ ရုပ်ခန်း, နာမ်ခန်း အလွန် ဆန်းသည်ကို မမြင်ပေ။ အပဿံ-အပဿမာနော၊ ရုပ်ခန်း, နာမ်ခန်း အလွန်ဆန်းသည်ကို မမြင်သော။ မုဠှော၊ တွေဝေ, မိုက်မဲ ပုထုဇန်ခွဲကို။ မာရေန၊ တထောင်ငါးရာ ကိလေသာ ဗိုလ်ချုပ် အဝိဇ္ဇာမာန်ယုတ် သည်။ ဗဇ္ဈတေ၊ ပစ္စည်း, ဥစ္စာ သတ္တဝါကို တွယ်တာ နှစ်သက်ခြင်း တဏှာကျော့ကွင်းဖြင့် ဖွဲ့အပ်၏။ ဗဇ္ဈမာ-နော၊ ပစ္စည်း, ဥစ္စာကို တွယ်တာ နှစ်သက်ခြင်း တဏှာ ကျော့ကွင်းဖွဲ့မိသော ပုထုဇန်ကန်းသည်။ န မုစ္စတိ၊ ပဋိသန္ဓေ အိုနာ သေရေး ဒုက္ခဘေးတို့မှ မလွတ်နိုင်။

ယခုရသည့်ဘဝကြီးကို ဘဝပဒေသာ ဘဝသိဒ္ဓိကြီး ဟု မှတ်လိုက်ကြသူတော်ကောင်းတို့၊ ဘယ်အတွက် ဘဝပဒေ သာ ဘဝသိဒ္ဓိကြီးဟု မှတ်ရမည်နည်းဆိုလျှင် ယခုရသည့် လူ့ဘဝကြီးသည် နတ်ပြည်ကို အလိုရှိလျှင် နတ်ပြည်ကို ရနိုင်သည်၊ လူ့ပြည်ကို အလိုရှိလျှင် လူ့ပြည်ကို ရနိုင်သည်၊ ဗြဟ္မာပြည်ကို အလိုရှိလျှင် ဗြဟ္မာပြည်ကို ရနိုင်သည်၊ နိဗ္ဗာန်ကို အလိုရှိလျှင် နိဗ္ဗာန်ကို ရနိုင်သည်၊ သုခတရား ရှာမည်ဆိုပါလျှင် အကောင်းဆုံးနိဗ္ဗာန် သုခကိုရနိုင်သည်၊ ဒုက္ခတရားကို ရှာမည်ဟုဆိုပါလျှင် မကောင်းဆုံး မဟာ-အဝီစိ ငရဲပြည်ကို ရောက်နိုင်,ရနိုင်သည်၊ သို့အတွက် ဘဝ-သိဒ္ဓိ လူ့ဘဝကြီးကို ရပါလျက်နှင့်မှ မဂ်၏အခြေ, ဖိုလ်၏

**အ**ခြေ, နိဗ္ဗာန်၏အခြေဖြစ်သော ရုပ်-နာမ် နှစ်ပါး ခန္ဓာငါးပါးများကိုမှ မမြင်ရ, မတွေ့ရသည့် လူ, ရှင်,ရဟန်းတို့မှာ လူဖြစ်ကျိုးမနပ်၊ ရဟန်းဖြစ်ကျိုး မနပ်ကြချေ၊ သံသရာမှာ ထောက်တည်ရာ မရကြချေ။

လူဖြစ်ကျိုး ရဟန်းဖြစ်ကျိုး နပ်လေအောင်, သံသရာမှာထောက်တည်ရာ ရကြအောင်, ရုပ်·နာမ်နှစ်ပါးကို အလိုရှိလျှင် မြင်နိုင်အောင်, ရှုကြည့်ချင်လျှင် ရှုကြည့်နိုင်အောင်, သုံးသပ်ချင်လျှင် သုံးသပ်နိုင်အောင် ရုပ် နာမ်နှစ်ပါးတို့ကို ရှာဖွေ၍ ထားကြဖို့ကောင်းသည် သူတော်ကောင်းအပေါင်းတို့။

ရုပ်-နာမ်တရား မမြင်သည့် ပုဂ္ဂိုလ်များမှာ သံသရာမှာထောက်တည်ရာ မရကြသေးပါ၊ လူဖြစ်ကျိုးမနပ်ကြသေးပါ၊ လူမိုက်အဖြစ်က .မလွတ်ကြသေး၊ လူမိုက်အဖြစ်က လွတ်လိုသည့် သူများသည် ရုပ်-နာမ်နှစ်ပါးကို မြင်အောင်ကြည့်၊ မမြင်သည့်သူ လူမိုက်ပဲ၊ မြင်သည့်သူ လူလိမ္မာပဲ၊ ရုပ်-နာမ်ကို မမြင်ပဲနှင့် ငါ့ကိုယ်ကြီး ငါ့သား-ငါ့မယား-ငါ့ပစ္စည်း သည်လို ထင်မြင်နေလျှင် လူမိုက်ကန်းကြီး ဖြစ်၍နေသေး၏၊ လူမိုက်ကန်းကြီးသည် ငါ့ကိုယ်, ငါ့သား, ငါ့မယား, ငါ့ပစ္စည်း ဤကဲ့သို့ထင်မြင်တတ်သည်၊ လူလိမ္မာများသည် ငါ့ကိုယ်, ငါ့သား, ငါ့မယား, ငါ့ပစ္စည်း ဤကဲ့သို့မထင်၊ ရုပ် နှင့် နာမ် အမှန်ကိုသာ မြင်သည်၊

ရုပ်နှင့်-နာမ် အမှန်ကိုမြင်လျှင် လူလိမ္မာဖြစ်ပြီ၊ ရုပ်-နာမ် အမှန်မမြင်သည့် လူမိုက်ကန်းသည် ပဋိသန္ဓေ နေခြင်း, အိုခြင်း, နာခြင်း, သေခြင်း ဘေးအမျိုးမျိုးတို့မှ ဘယ်သောအခါမျှ မလွတ်နိုင်။

ထို့ကြောင့် ဝိဘင်းအဋ္ဌကထာ၌—

ယံ ပဿတိ န တံ ဒိဋ္ဌံ၊
ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မုဠှော၊
ဗဇ္ဈမာနော န မုစ္စတိ။
အနက်ကို နောက်က ပြခဲ့ပြီ။

---

ရုပ်-နာမ်-ကြည့်ပုံ

မန်လည်မြို့ အဂ္ဂမဟာပဏ္ဍိတ

**မန်လည် ဆရာတော် ဘုရား၏ မိန့်ခွန်းတော်**

အကြောင်းလေးပါးကြောင့် ဖြစ်ပေါ်လာသည့်ရုပ်မှုန့် ရုပ်စု သိမ်းဆည်းပုံ။

မိန်းမ-ယောကျ်ား အကောင် သတ္တဝါ မဟုတ်၊ ကံကြောင့် ဖြစ်သည့် ရုပ်မှုန့် ရုပ်စုဟုရှု။

မိန်းမ-ယောကျ်ား- အကောင် သတ္တဝါ မဟုတ်၊ စိတ်ကြောင့်ဖြစ်သည့် ရုပ်မှုန့်-ရုပ်စုဟု ရှု။

မိန်းမ-ယောကျ်ား အကောင် သတ္တဝါမဟုတ်၊ ဥတု ကြောင့်ဖြစ်သည့် ရုပ်မှုန့် ရုပ်စုဟူ၍။

မိန်းမ-ယောကျ်ား အကောင် သတ္တဝါ မဟုတ်၊ အာဟာရကြောင့် ဖြစ်သည့်-ရုပ်မှုန့်-ရုပ်စုဟူ၍။

ဤကဲ့သို့ရုပ်မှုန့် ရုပ်စုကို မြင်အောင် ရှုခြင်းသည် တကယ့်ပညာရှိကြီးများ သုံးသပ်တော်မူကြသော နည်း လမ်းပေတည်း။

---

## ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတ

## ကန်ဦး ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်

ပဝတ္တိဝိထိ, မရဏာသန္နဝိထိ, ပဋိသန္ဓေ ဝိထိတို့၏ အစွမ်းအားဖြင့် ရုပ်အစဉ်, နာမ်အစဉ် ဖြစ်ဟန်ကို ဉာဏ- သမ္ပယုတ် မနောဝိညာဏ်ဖြင့် ကြည့်လေ။

အကြိမ်ကြိမ် အခါခါ ကြည့်ဖန်များသဖြင့် ပျားအုံမှ ထွက်သော ပျားကောင်များကဲ့သို့ ဖြစ်ချေ, ပျက်ချေ နေသော နာမ်ကို မြင်လိမ့်မည်၊ ပိုးထိုး၍ နေသည့် တိုင်ကြီးက ပိုးမှုန်များ ကျကျနေသကဲ့သို့ ရုပ်တရားတွေ ကို မြင်ရလိမ့်မည်၊ အထပ်ထပ် အခါခါ ကြည့်ကြပါလေ၊ ဉာဏသမ္ပယုတ် မနောဝိညာဏ်၌ မထင်မမြင်သည့် အာရုံ မည်သည် မရှိပါ တပည့်တို့။

**သိက္ခာ-၆ ပ-မ-ဗ-သ-စ**

တကယ့်ပညာရှိကြီးများး သုံးသပ်တော်မူသည့်ထုံးကို သိကြပါလေ ယောဂီတွေတို့။

---

## ပြည်မြို့ အင်ကြင်းမြောင် ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်

(နာမရူပပရိစ္ဆေဒဉာဏ်။)

ဖောက်ပြန်ပျက်စီးတတ်သည့် ရုပ္ပနသဘော ရုပ်တရား။
ခံစားတတ်သည့် ဝေဒယိတသဘော ဝေဒနာ တရား။
မှတ်သားတတ်သည့် သဉ္ဇာနနသဘော သညာတရား။
ပြုပြင်တတ်, စေ့ဆော်တတ်သည့် ဃခ်ါရသဘော-သင်္ခါရ တရား။
သိတတ်သည့် ဝိဇာနနသဘော ဝိညာဏ်တရား။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ရုပ် နာမ်တရားတို့ကို မိမိ သဏ္ဍာန်၌ ပိုင်းပိုင်း ခြားခြား သိမြင်ခြင်းသည် ရုပ် နာမ် ကို ပိုင်းခြား၍ မြင်သည့်ဉာဏ်ဟု ဆိုရမည်။

တနည်းကား—မဟာသမုဒ္ဒရာကြီးသည် ရေကွမ်းစား အရာ, ရေကွမ်းစား အထောင်, ရေကွမ်းစား အသောင်း, ရေကွမ်းစား အသိန်းတို့ဖြင့် ရေတွက်အပ် သကဲ့သို့ ဤခန္ဓာကိုယ်ကြီး၌ အသိန်း အသန်း မကသော ရုပ်စု, ရုပ်မှုန့် ရုပ်ငွေ့တို့ကို မြင်အောင်ကြည့်၍ မြင်ပါက ရုပ်ကို မြင်သည်မည်၏၊ ရုပ်ကိုမြင်သည်ဟုမှတ်၊ ထိုရုပ်ကိုမှီ၍

ဖဿ- ဝေဒနာ- သညာ-သင်္ခါရ- ဝိညာဏ် ဟူသော နာမ်တရားတို့သည် ဖြစ်ကုန်၏။ ဤသို့ ရုပ်, နာမ်ကို ဟုတ်မှန်စွာမြင်က ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။

(နာမရူပပရိစ္ဆေဒဉာဏ် ပြီး၏။)

---

ပစ္စယပရိဂ္ဂဟဉာဏ်ကို နောက်မှဆက်ပြမည်။

တနာရီမှာ ထွက်သက်- ဝင်သက်ပေါင်း (၇၂၀) ဖြစ်၍ ထွက်သက် (၃၆၀) ဝင်သက် (၃၆၀။)

တရက်အတွင်း နာရီပေါင်း (၆၀) ဖြစ်၍ တရက်အတွင်းမှာ ထွက်သက်- ဝင်သက်ပေါင်း (၄၃၂၀၀။) ထွက်သက်=ဝါယော လေရုပ်များ ပျက်ပျက် သွားနိုင်၏။

ဤကဲ့သို့ နာရီပေါင်း (၆၀) ရှိသည့် တရက်အတွင်းမှာ ထွက်သက်- ဝင်သက် လေရုပ် ဝါယောဓာတ် အကြိမ်ပေါင်း (၄၃၂၀၀) ဖြစ်ပျက်နိုင်သည်ဟု ရှုစားခြင်းသည် သာမာန်ပုဂ္ဂိုလ်များ စဉ်းစားမိရုံ, ရှုစားမိရုံသာ ရေးသားခြင်းဖြစ်ပါသည်။

ထွက်သက် လေရုပ် ကလာပ်တို့သည် ဝင်သက် လေရုပ် ကလာပ်သို့ မပါမရောက်သည်၏ အဖြစ်ကြောင့် အနိစ္စ မမြဲသည့် သဘောကိုရှု။

ဝင်သက် လေရုပ် ကလာပ်တို့သည် ထွက်သက်-လေရုပ် ကလာပ်သို့ မပါမရောက်သည်၏အဖြစ်ကြောင့် အနိစ္စမြဲသည့်သဘောဟု ရှု။

ဤကဲ့သို့ ရှုစားခြင်းသည် သာမာန် ပုဂ္ဂိုလ်အဖြစ်နှင့် ရှုစားတုံးသာ ဖြစ်ပါသည်၊ ရှုစားနိုင်ရုံသာ ဖြစ်ပါသေးသည်၊ ၎င်းသာမာန် ပုဂ္ဂိုလ်အဖြစ်နှင့် ရှုစား၍ ဝိသေသ ပုဂ္ဂိုလ် ဖြစ်လာသောအခါ ဝိသေသပုဂ္ဂိုလ်အဖြစ်သို့ ရောက်လာသောအခါမှာ ထင်မြင်ပုံကား ဤသို့တည်း—

ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ
ပညာယ သမ္ပန္နာဂတော အရိယာယ
နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

ဣတိဝုတ်ပါဠိတော်။

ပညဝါ၊ နက်နဲ ခက်ခဲသော ပညာရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥဒယတ္ထဂါမိနိယာ၊ ကိုယ့်ခန္ဓာ,သူ့ခန္ဓာ ရုပ်,နာမ် နှစ်ဖြာတို့၌ ခဏမစဲ တသဲသဲဖြစ်ပေါ်မှု,ခဏမစဲ တသဲသဲ ချုပ်ကွယ်မှုတို့ကို လိုက်၍မြင်ခြင်းငှါ စွမ်းနိုင်ထသော။ အရိယာယ၊ ပုထုဇဉ်မှန်လူသာမန်, နတ်သာမန်,ပြဟ္မာသာမန်တို့နှင့် မထိုက်မတန် တရားမှန် ဖြစ်တော်မူသော။ နိဗ္ဗေဓိကာယ၊ တဏှာစွဲ,ဒိဋ္ဌိစွဲ,မာနစွဲတို့ကို။ ဝါ၊ တဏှာခဲ,ဒိဋ္ဌိခဲ,မာနခဲတို့ကို ရက်ရက်ရဲရဲ ဝက်ဝက်ကွဲအောင်

ဖြိုးခဲ့ခြင်းငှါ စွမ်းနိုင်သော ဉာဏ်စွမ်းလည်း ရှိထသော။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခက္ခယဂါမိနိယာ၊ ဆင်းရဲဒုက္ခ ဝဋ်ဟူသမျှတို့၏ ကုန်ခန်းရာသို့ ရောက်စေနိုင်ထသော။ ပညာယ၊ ဝိပဿနာဝက္ခနုံမြူး ပညာထူးနှင့်။ သမ္မန္နာဂတော၊ ပြည့်စုံ၏။

ယောဂီပုဂ္ဂိုလ်သည် ထွက်သက် ဝင်သက်ကို သိအောင် မှတ်၊ မှတ်နေရင်းပင် တကိုယ်လုံး တကောင်လုံး ရုပ်ခိုး ရုပ်မှုန့် ရုပ်ကလာပ်တို့သည် တပြိုင်တည်း ပေါ်လာသဖြင့် ကိုယ်ရယ်လို့ ရှာမတွေ့တော့ပဲ ရုပ်ကလာပ်တွေကိုသာ တွေ့မြင်နေသဖြင့် ထိတ်လန့် ကြောက်ရွံ့၍ နေတတ်သည်။

အချို့ယောဂီမှာ ကိုယ်ခန္ဓာကြီးဟာ သဲကမ်းပါး ကြီးများ ပြိုကျသလို ကိုယ်တခြမ်း ပြိုကျသွားတာကို တွေ့မြင်နေသဖြင့် ထိတ်လန့် ကြောက်ရွံ့နေတတ်သည်။

အချို့ယောဂီမှာ ကိုယ်ရယ်လို့ ထင်ထင်ရှားရှား မမြင် ရတော့ပဲ အရိပ်ကြီးလို မှုန်တုန်တုန် မှိုင်းတိုင်းတိုင်း ဖုန်ဖွားဖွားဖြစ်၍ နေတတ်သည်၊ ဤကဲ့သို့ မြင်လာလျှင် ကြိုးစား၍ ဂရုစိုက်ပါ၊ တဖြည်းဖြည်း ဉာဏ်အမြင် သန် လာပါလိမ့်မည်၊ ဉာဏ်အမြင် သန်လာတဲ့အခါမှာ တရိပ်ရိပ် နှင့် ပျက်ပျက်နေတာတွေသာ မြင်ရပါလိမ့်မည်၊ ကြိုး စားကြပါ။

သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ။

သမာဟိတော၊ တည်ကြည်သောသမာဓိရှိသည့်ပုဂ္ဂိုလ်သည်။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဇာနာတိ၊ ပရမတ်အစစ်ကို သိနိုင်၏။ ပဿတိ၊ ပရမတ် အစစ်ကို မြင်နိုင်၏။

ဤကဲ့သို့မြင်လာလျှင် ကြိုးစား၍ ဂရုစိုက်ပါ၊ တဖြည်းဖြည်း ဉာဏ်အမြင် သန်လာပါလိမ့်မည်၊ ဉာဏ်အမြင် သန်လာသည့်အခါမှာ တရိပ်ရိပ်နှင့် ပျက်ပျက်နေသည်ကိုသာ မြင်ပါလိမ့်မည်၊ ကြိုးစားကြပါ။

သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ။

သမာဟိတော၊ တည်ကြည်သော သမာဓိရှိသည့် ပုဂ္ဂိုလ်သည်။ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း။ ဇာနာတိ၊ ပရမတ်အစစ်ကို သိနိုင်၏။ ပဿတိ၊ ပရမတ် အစစ်ကို မြင်နိုင်၏။

စုဏ္ဏနည်း ကလာပနည်းနှင့် ကြည့်သောအခါ ယောဂီပုဂ္ဂိုလ်၏ဉာဏ်မှာ သဲမှုန့်ကလေးများကဲ့သို့ ထွက်၍နေသည်ကို မြင်တတ်သည်၊ အခိုးများထွက်၍ သွားသည်ကို မြင်တတ်သည်၊ ဤကဲ့သို့ မမြင်မီ မိမိကိုယ်ကြီးသည် အရိပ်ကြီးကဲ့သို့ဖြစ်၍ လာတတ်သည်၊ ထိုအရိပ်ကြီး တည်၍နေသည်ကို ကြပ်ကြပ်ကြည့်လျှင် သဲမှုန့်များလို ဖွားဖွား

ဖွားဖွားနှင့် ထွက်၍နေသည်ကို မြင်ရလိမ့်မည်၊ ဤကဲ့သို့ မြင်လျှင် ရုပ်ခေတ်ပေါက်ပြီ၊ ပထဝီ ခေတ်သဘောသည် သဲမှုံ့ကဲ့သို့မဟုတ်၊ ခက်မာမှု သဘောသက်သက်မျှ ဖြစ်သည်။

ရုပ်တရားသည် မသိတတ်၊ ရုပ်တရားကိုမြင်လျှင် နာမ်တရားကိုမြင်အောင်ကြည့်၊ ဖွားဖွား ဖွားဖွားနှင့် မြင်သည့် ရုပ်တရားနှင့်တကွ ဝေဒနာဆိုသည့် နာမ်တရားပါသည်၊ သညာဆိုသည့် နာမ်တရားပါသည်၊ သင်္ခါရဆိုသည့် နာမ်တရားပါသည်၊ ဝိညာဏ်ဆိုသည့် နာမ်တရား ပါသည်။

(၁) ဝေဒနာဆိုသည့် နာမ်တရားက စံစားတတ်သည်။

(၂) သညာဆိုသည့် နာမ်တရားက မှတ်သားတတ်သည်။

(၃) သင်္ခါရဆိုသည့် နာမ်တရားက ပြုတတ်, ပြင်တတ်သည်။

(၄) ဝိညာဏ်ဆိုသည့် နာမ်တရားက အရာရာကို သိတတ်သည်။

ယခုပြောဆိုသော အချက်ကား နာမ်တရား၏သဘော သက်သက်ကိုသာ ပြသောအချက် ဖြစ်သည်၊ ယောဂီ ပုဂ္ဂိုလ်တို့၏ ဉာဏ်မှာ ထင်ရှား၍ လာသောအခါ ရုပ်တရားများ ထင်ရှား၍ လာသကဲ့သို့ တမျိုးပဲ နာမ်တရား

ထင်ရှားလာပါ လိမ့်မည်၊ ယခု ပြောပြသည့် အရာများကို ထင်ဘူး, မြင်ဘူးလျှင် သိကြပါလိမ့်မည်၊ နာမ်တရားကို ထင်နိုင်, မြင်နိုင်သည့်လူက နည်းသည်၊ ရုပ်တရားကိုသာ ထင်သူ မြင်သူ များသည်၊ မေး၍ကြည့်က နာမ်တရားကို သဘောမျှသာ ပြောတတ်သည်။

ရူပက္ခန္ဓာ ရုပ်သဘောက ဖောက်ပြန် ပျက်ပြား တတ်သည်။

ဝေဒနက္ခန္ဓာ-ဝေဒနာသဘောက ခံစားတတ်, စံစား တတ်သည်။

သညာက္ခန္ဓာ-သညာသဘောက မှတ်သားတတ်သည်။

သင်္ခါရက္ခန္ဓာ သင်္ခါရသဘောက ပြုပြင်စီမံတတ်သည်။

ဝိညာဏက္ခန္ဓာ- ဝိညာဏ်သဘောက အရာရာ သိတတ် သည်။

ခန္ဓာငါးပါးခေါ်သည်။

---

(၁) ဖောက်ပြန် ပျက်ပြားတတ်သည်ကို ရုပ်ဟုမှတ်။
(၂) အရာရာ သိတတ်။
(၃) ခံစားတတ်။
(၄) မှတ်တတ်။
(၅) ပြုပြင်တတ်သည်ကို နာမ်ဟုမှတ်။

ရုပ်က တပါး, နာမ်လေးပါး ခန္ဓာငါးပါးခေါ်သည်၊ ထိုခန္ဓာငါးပါးကို အတိုကောက် ရုပ် နာမ်နှစ်ပါး ခေါ်

သည်၊ ထိုရုပ်နာမ် နှစ်ပါးကို ပိုင်းပိုင်းခြားခြားသိလျှင် နာမရူပ ပရိစ္ဆေဒဉာဏ်ခေါ်သည်၊ ဒိဋ္ဌိဝိသုဒ္ဓိခေါ်သည်။

နာမရူပ ပရိစ္ဆေဒဉာဏ်မှာ ရုပ်ခန်း, နာမ်ခန်း အလွန် ဆန်းကြယ်သည်ကို မြင်ရလိမ့်မည်။

ရုပ်ခန်း,နာမ်ခန်း အလွန် **ဆန်းကြယ်သည်ကို** မြင်ရလျှင် ကိုယ်ဟု မှတ်ထင်၍နေရသော ကိုယ်ကြီးပျောက်၍ သွားပါလိမ့်မည်၊ ကိုယ်ကြီးပျောက်၍သွားလျှင် ကောင်းကင်မှာ နက္ခတ်တာရာများ ပေါ်၍နေသည်ကို မြင်ရသကဲ့သို့ ရုပ် နာမ် များသည် တဝင်းဝင်း, တထိန်ထိန်, ဖြစ်ထွန်း ပေါ်ပေါက်၍ နေသည်ကို မြင်ရပါလိမ့်မည်၊ ဤကဲ့သို့မြင်လျှင် ဒိဋ္ဌိကြီးခွါ၍ ထွက်သွားသည်မှတ်။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏၊ ဒိဋ္ဌိဝိသုဒ္ဓိစခန်း ပေါက်ရောက်၏ဟုမှတ်၊ ဒိဋ္ဌိကြီးကွာ၍ သွားလျှင် ရုပ်, နာမ်, နှစ်ပါး ခန္ဓာငါးပါးပေါ်၍ လာပါလိမ့်မည်၊ ရုပ် နာမ်-နှစ်ပါး ခန္ဓာငါးပါးသာ မြင်ရပါလိမ့်မည်။

---

## အရာရာမျက်စိနှင့် မြင်သောအခါ ဝိပဿနာရှုပုံ။

မျက်စိနှင့်အဆင်းကို မြင်သောအခါ ရုပ်တရားများ တဖွားဖွား, တဖွားဖွားနှင့်, ဖြစ်၍နေသည်။

ဖဿ၊ တဖွားဖွားနှင့် ဖြစ်၍နေသည်။

ဝေဒနာ၊ တဖွားဖွားနှင့် ဖြစ်၍နေသည်။

သညာ၊ တဖွားဖွားနှင့် ဖြစ်၍နေသည်။
သင်္ခါရ၊ တဖွားဖွားနှင့် ဖြစ်၍နေသည်။
ဝိညာဏ်၊ တဖွားဖွားနှင့် ဖြစ်၍နေသည်။

နာမ်ငါးပါး တရားများ တဖွားဖွားနှင့်နေသည်ကို
မြင်အောင်ကြည့်။

တဖွားဖွားနှင့် ဖြစ်နေတဲ့ ရုပ်နာမ်တွေကိုမြင်မှ ဒိဋ္ဌိကွာမည်၊ ဒိဋ္ဌိမကွာလျှင် ရုပ် နာမ်မပေါ်ဘူး၊ (ဒိဋ္ဌိမကွာ ရုပ်နာမ်ဟာ ဘယ်ခါမပေါ်ပါ၊) ဒိဋ္ဌိကြီး မကွာလျှင် အပါယ်ကျ မအေးသေးဘူး၊ (ဒိဋ္ဌိမကွာ၊ ပယ်လေးရွာ၊ အမှန်ကျတတ်ပါ။ အပါယ်မကျ၊ နိဗ္ဗာန်ရ၊ လမ်းစရှာဘို့သာ။)

ပရမတ်ဆတ်ဆတ်မြင်လျှင် ရုပ်နာမ် နှစ်ပါးသာရှိသည်၊ လူမရှိ, နတ်မရှိ, ဗြဟ္မာမရှိ။
(ပရမတ်ဆတ်ဆတ်၊ မြင်တုံလတ်၊ ရုပ်နှင့်နာမ်နှင့်သာ။)

ယခု လောကမှာ မည်သူမည်ဝါရယ်လို့ နာမည်ပေးကြ ခေါ်ကြတာ နှုတ်ကဖြစ်ထာချည်းမှတ်။

(အမည်နာမ၊ ခေါ်သမျှ၊ နှုတ်ကဖြစ်ကြတာ။)

နှုတ်ကဖြစ်မှန်းသိလျှင် ငါသိပြီလို့ စွဲလမ်းခြင်းကို ခွါဘို့သင့်၏။

(နှုတ်ကဖြစ်မှန်း၊ သိနိုင်စွမ်း၊ ခွါခန်းသက္ကာယာ။)

ယခုလောက ရှိကြတဲ့ သတ္တဝါတွေဟာ အဘိဓမ္မာ တရားတော်များ မကြာမကြာ နာကြရသည့်အတွက် ကြောင့် အသံဟာ နှုတ်ကဖြစ်မှန်းသိကြရဲ့ သက္ကာယက မကွာ၊ မခွါလို့ မကွာသည်ဟု မှတ်။

(ခက်ပါသပ၊ သက္ကာယ၊ ခွါ၍မရတာ)

ဒိဋ္ဌိကြီးကွာ၍သွားလျှင် လူကိုမမြင်ဘူး၊ ရုပ်နှင့် နာမ် နှစ်ပါးကိုသာ မြင်လိမ့်မည်၊ ဒိဋ္ဌိမကွာလျှင် ရုပ်နာမ် မပေါ်ဘူး။

(ဒိဋ္ဌိမကွာ၊ ရုပ်နာမ်ဟာ၊ ဘယ်ခါမပေါ်ပါ။)

ဒိဋ္ဌိမကွာသမျှကာလပတ်လုံး အပါယ်ကျ မအေးသေး ဘူး၊ တခါခါ ကျလိမ့်ဦးမည်။

(ဒိဋ္ဌိမကွာ၊ ပါယ်လေးရွာ၊ ကေန်ကျမည်သာ။)

အားလုံးသော သတ္တဝါတွေဟာ ဒိဋ္ဌိကြီး လက်ထဲမှာ ချည်းဘဲ နေကြရသည်။

(ဗိုလ်ထုများစွာ၊ သတ္တဝါ၊ ဒိဋ္ဌိလက်ထဲမှာ။)

အားလုံးသော သတ္တဝါတွေကို ဒိဋ္ဌိကြီး အပါယ်ဆွဲချ နေသည်၊ သတိထားကြ။

(ဒိဋ္ဌိကြီးဟာ၊ လူများစွာ၊ ပါယ်ရွာချလှပါ။)

## အရာရာ နားနှင့်ကြားသောအခါ ဝိပဿနာရှုပုံ

နားနှင့်အသံကိုကြားသောအခါ ရုပ်တရားတွေ တဖွားဖွားနှင့် ဖြစ်၍နေတာ။

ဖဿ၊ တဖွားဖွားနှင့်ဖြစ်၍နေတာ။
ဝေဒနာ၊ တဖွားဖွားနှင့်ဖြစ်၍နေတာ။
သညာ၊ တဖွားဖွားနှင့် ဖြစ်၍နေတာ။
သင်္ခါရ၊ တဖွားဖွားနှင့် ဖြစ်၍နေတာ။
ဝိညာဏ်၊ တဖွားဖွားနှင့် ဖြစ်၍နေတာ။

နာမ်တရားတွေ တဖွားဖွားဖြစ်၍နေတာ မြင်အောင်ကြည့်။

သတ္တဝါတွေ တဏှာတည်းဟူသော ရေအယဉ်ထဲမှာ မျော၍နေရတာ ဒိဋ္ဌိကြီးသဘောအတွက်ကြောင့် မျော၍ နေကြရသည်၊ (တဏှာရေကျော၊ နစ်ခါမျော၊ ဒိဋ္ဌိသဘောပါ။)

ယခုလောကကြီး ပျောက်ကင်း၍သွားလျှင် နိဗ္ဗာန်ကို မြင်ဘို့ လွယ်၏၊ မပျောက်လျှင် နိဗ္ဗာန်ကို မြင်ဘို့ ခက်သေး၏။ (လောကကြီးနယ်၊ ပျောက်ကင်းကွယ်၊ အလွယ်နိဗ္ဗူတာ။)

ဝိပဿနာ ဉာဏ်အမြင်မှာ လောကပညတ် လူပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်, ငရဲပြည်, အပါယ်လေးဘုံ မရှိ၊ ရုပ်နာမ် နှစ်ပါး ပရမတ်ဆတ်ဆတ်တရားသာ ရှိသည်။

(မရှိပညတ်၊ ရှိပရမတ်၊ မှတ်ကြဉာဏ်မြင်မှာ။)

## အရာရာနံ့သောဒ ခါ ဝိပဿနာရှုပုံ

နှာခေါင်းနှင့် အနံ့ကိုရှူသောအခါ ရုပ်တရားတွေ တဖွားဖွားနှင့် ဖြစ်၍နေတာ။

ဖဿ၊ တဖွားဖွားနှင့် ဖြစ်၍နေတာ။
ဝေဒနာ၊ တဖွားဖွားနှင့် ဖြစ်၍နေတာ။
သညာ၊ တဖွားဖွားနှင့် ဖြစ်၍နေတာ။
သင်္ခါရ၊ တဖွားဖွားနှင့် ဖြစ်၍နေတာ။
ဝိညာဏ်၊ တဖွားဖွားနှင့် ဖြစ်၍နေတာ။
နာမ်ငါးပါးတရားတွေ တဖွားဖွားနှင့် ဖြစ်၍နေတာ မြင်အောင်ကြည့်။

## လျှာနှင့် အရသာမျိုးကို လျက်သောအခါ ဝိပဿနာရှုပုံ

လျှာနှင့် အရသာကို လျက်သောအခါ ရုပ်တရားတွေ တဖွားဖွားနှင့် ဖြစ်၍နေတာ။

ဖဿ၊ တဖွားဖွား ဖြစ်၍နေတာ။
ဝေဒနာ၊ တဖွားဖွားဖြစ်၍ နေတာ။

သညာ၊ တဖွားဖွား ဖြစ်၍နေတာ။
သင်္ခါရ၊ တဖွားဖွား ဖြစ်၍နေတာ။
ဝိညာဏ်၊ တဖွားဖွား ဖြစ်၍နေတာ။
နာမ်ငါးပါးတရားတွေ တဖွားဖွားဖြစ်၍နေတာ မြင်အောင်ကြည့်။

## ကိုယ်နှင့်အဝတ်အစား အင်္ကျီများထိသောအခါ ဝိပဿနာရှုပုံ

ကိုယ်နှင့် အဝတ်အစား အင်္ကျီများ ထိသောအခါ ရုပ်တရားတွေ တဖွားဖွား ဖြစ်၍နေတာ။

ဖဿ၊ တဖွားဖွား ဖြစ်၍နေတာ။
ဝေဒနာ၊ တဖွားဖွား ဖြစ်၍နေတာ။
သညာ၊ တဖွားဖွား ဖြစ်၍နေတာ။
သင်္ခါရ၊ တဖွားဖွား ဖြစ်၍နေတာ။
ဝိညာဏ်၊ တဖွားဖွား ဖြစ်၍နေတာ။
နာမ်ငါးပါးတရားတွေ ဖွားဖွားဖွားဖွားနှင့် ဖြစ်၍နေတာ မြင်အောင်ကြည့်။

---

## ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံထိခိုက်၍နေတာကို ဝိပဿနာရှုပုံ

ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံထိခိုက်သောအခါ ရုပ်တရားတွေဟာ တဖွားဖွား ဖြစ်၍နေတာ။

ဖဿ၊ တဖွားဖွား ဖြစ်၍နေတာ။
ဝေဒနာ၊ တဖွားဖွား ဖြစ်၍နေတာ။

သညာ၊ တဖွားဖွား ဖြစ်၍နေတာ။
သင်္ခါရ၊ တဖွားဖွား ဖြစ်၍နေတာ။
ဝိညာဏ်၊ တဖွားဖွား ဖြစ်၍နေတာ။

နာမ်ငါးပါးတရားတွေ တဖွားဖွားနှင့် ဖြစ်၍နေတာ
မြင်အောင်ကြည့်။

ရုပ်နာမ်တရားတွေကို သည်လိုကြည့်မြင်လျှင် နာမရူပပရိစ္ဆေဒဉာဏ် ခေါ်ပါသည်၊ ဒိဋ္ဌိဝိသုဒ္ဓိ စခန်း ပေါက်ရောက်ပြီမှတ်။

နာမရူပပရိစ္ဆေဒဉာဏ်ကို ဒိဋ္ဌိဝိသုဒ္ဓိ-ခေါ်သည်၊ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိစခန်းအကျဉ်းချုပ် ပြရာသောအချက်မှတ်။

---

## နာမရူပပစ္စယပရိဂ္ဂဟဉာဏ် တက်၍ စီးဖြန်းပုံ ဥပမာ

ယခုလောကမှာ အမြို့မြို့, အရွာရွာမှာ ဆေးကုစားတဲ့ ဆရာဝန်တွေ များစွာရှိကြသည်၊ ထိုဆေးဆရာဝန်များသည် လူနာတယောက်ကို ကုသမည်လိုကြံလျှင် အခြေအမြစ် အနာရောဂါ၏ အကြောင်းအကျိုးကို မေးမြန်းစုံစမ်းပြီးမှ ထိုသူနာကို သင့်လျော် လျောက်ပတ်သောဆေးကိုပေး၍ ကုစားသဖြင့် ချမ်းချမ်းသာသာ ရောဂါပျောက်ကင်းခြင်းသို့ ရောက်ထာလို ထို့အတူ ယခု

ဖြစ်ထွန်းပေါ်ပေါက်၍ လာသော ရူပကာယ သံသရာ ရုပ်နာမ်နာကြီးကို ကုစားလိုတဲ့ ယောဂီဆေးဆရာဝန်ကြီးသည် မိမိတို့မှာ ဖြစ်ထွန်းပေါ်ပေါက်၍ လာသော ရုပ်နာမ်ခန္ဓာ အနာကြီးကို အခြေအမြစ် ရောဂါကို စစ်လိုက်တော့ကာ အဝိဇ္ဇာ, တဏှာ, ဥပါဒန်, ကံ, အာဟာရငါးပါးသော ဇနကအကြောင်း, ဥပတ္ထမ္ဘက အကြောင်းတို့ကြောင့် ဖြစ်သည်ကို သိရ၏။ ထိုသို့သိရသဖြင့် သံသရာထဲမှာ နှစ်မွန်း၍နေရသော သံသရာဒုက္ခ အနာကြီးကို တရားတည်းဟူသောဆေးနှင့် ကုသမှ ချမ်းသာခြင်းသို့ ရောက်နိုင်မည်။

## နာမရူပပစ္စယပရိဂ္ဂဟဉာဏ်တက်၍ စီးဖြန်းပုံ

နာမရူပပရိစ္ဆေဒဉာဏ်ကိုရ၍ နာမရူပပရိဂ္ဂဟဉာဏ်ကို တက်လိုတဲ့ ယောဂီပုဂ္ဂိုလ်သည် ယခုဖြစ်ပေါ်တဲ့ ရုပ်နာမ် နှစ်ပါးသည် ဘယ့်ကြောင့် ဖြစ်ပါလိမ့်မလဲလို့ ဆင်ခြင်သော်—

ရုပ်နာမ်နှစ်ပါးသည်—

အဝိဇ္ဇာ၊

တဏှာ၊

ဥပါဒါန်၊

ကံ၊

အာဟာရ၊

ငါးပါးသော ဇနကအကြောင်းနှင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု ဆိုအပ်သော ဥပတ္ထမ္ဘက အကြောင်းတို့ ကြောင့် ဖြစ်ကုန်၏၊ ဤကဲ့သို့ သိသာ၍ လာလိမ့်မည်၊ အကြောင်း တရားနှင့်တကွ ထင်၍ လာပါလိမ့်မည်၊ အကြောင်းအကျိုးကို ဆက်သွယ်၍ကြည့်။

အကြောင်းငါးတန်၊ ရှိရိုးမှန်၊ ရုပ်နာမ်ဖြစ်စေမြဲ။
ရုပ်-နာမ် နှစ်ဖြာ၊ ဖြစ်ပေါ်တာ၊
ငါးဖြာအကြောင်းပဲ။
အကြောင်းငါးတန်၊ သူတို့ဉာဏ်၊
ဂျွန်းပျံမှောက်ခုံလဲ။
ဘဝသံသရာ၊ ရှည်ရတာ၊ သူတို့ဉာဏ်ချည်းပဲ။

ရုပ်-နာမ်-တို့သည် အမေနှင့် အဘကြောင့် ဖြစ်သည် မဟုတ်၊ အမေနှင့် အဘသည် ရုပ် နာမ် နှစ်ပါးကို မလုပ်တတ်၊ ငါတို့သည် အမေနှင့် အဘကြောင့် လူဖြစ် လာသည်၊ ရုပ်နာမ်နှစ်ပါး ပေါ်ပေါက်လာသည်၊ သည်လို ထင်လျှင် ဒိဋ္ဌိဖြစ်၏။

သည်လိုမဟုတ်မူ၍
နတ်ကပဲ ဖန်ဆင်းတယ်၊
ဗြဟ္မာကြီးကပဲ ဖန်ဆင်းတယ်၊

ထာဝရ ဘုရားကပဲ ဖန်ဆင်းတယ်လို့ ထင်လျှင်
ဒိဋ္ဌိ။
သည့်လို မဟုတ်မူ၍
ငါတို့ကို အမေ အဖေလုပ်၍ ထားတာမဟုတ်၊
နတ်ဖန်ဆင်း၍ ထားတာမဟုတ်၊
ဗြဟ္မာဖန်ဆင်း၍ ထားတာမဟုတ်၊
ထာဝရဘုရား ဖန်ဆင်း၍ထားတာမဟုတ်၊

၁။ အဝိဇ္ဇာ၊

၂။ တဏှာ၊

၃။ ဥပါဒါန်၊

၄။ ကံ၊

၅။ အာဟာရ။

ဤငါးပါးသော အကြောင်းကြောင့် ဖြစ်ရတာပါ လားလို့ အရင်းအစ မူလ အကြောင်းတွေ ပေါ်လာလိမ့် မည်၊ သည့်လိုသိလျှင် ဒိဋ္ဌိ ကင်း၏၊ ယုံမှားခြင်းကင်း၏။

---

## ၁၆-ပါးသော ယုံမှားခြင်းကို ပြသောအချက်

[အတိတ်၌ယုံမှားခြင်း ၅-ပါး ပြချက်။]

၁။ ငါ-ရှေးဘဝက ဖြစ်ပြီးပြီလား။

၂။ ငါ-ရှေးဘဝက မဖြစ်ရသေးဘူးလား။

၃။ ဘယ်လိုသူ ရှေးဘဝတုန်းက ဖြစ်ပါလိမ့်မည်လဲ။
၄။ ရှေးဘဝ လူဖြစ်တုန်းက အရပ် မြင့်သလား၊ နိမ့်သလား။
၅။ ရှေးဘဝ လူဖြစ်တုန်းက
မင်းပဲ ဖြစ်ခဲ့သလား၊ ပုဏ္ဏားပဲဖြစ်ခဲ့သလား။

[အနာဂါတ်၌ ယုံမှားခြင်း ၅-ပါး ပြချက်။]

၁။ ငါ နောက်ဘဝ ဖြစ်ဦးမည်လား။
၂။ ငါ နောက်ဘဝ မဖြစ်ဘူးလား။
၃။ နောက်ဘဝရောက်လျှင် ဘယ်လိုသူ ဖြစ်ဦးမည်လဲ။
၄။ နောက်ဘဝ လူဖြစ်လျှင် အရပ် မြင့်မည်လား၊ နိမ့်မည်လား။
၅။ နောက်ဘဝ လူဖြစ်လျှင်
မင်းပဲ ဖြစ်မည်လား၊ ပုဏ္ဏားပဲ ဖြစ်မည်လား။

[ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး။]

၁။ ငါ ယခုဘဝ ဖြစ်ပြီလား။
၂။ ယခုဘဝ၌ ငါမဖြစ်သေးဘူးလား။
၃။ ယခုဘဝ၌ ငါဘယ်လိုသူ ဖြစ်၍နေမည်လဲ။

၄။ ငါ ယခုဘဝ၌ အရုပ် နိမ့်သလား၊ မြင့်သလား။
၅။ ယခုဘဝကို ငါ ဘယ်လိုဘဝက ကူးခဲ့သလဲ။
၆။ ယခုဘဝက တခါ ဘယ်ဘဝကို ကူးဦးမည်လဲ။
[ပေါင်း ယုံမှားခြင်း (၁၆)ပါး ပြီး၏။]

## ဝိပဿနာရှုပုံ

တနည်းမှာလည်း နာမ်-ရုပ်တရား နှစ်ပါးသည် ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်၏။

ဤကဲ့သို့ပင် သုံးသပ်ဆင်ခြင်ကြဦး။

ကံသည် ကံကြောင့်ဖြစ်သော ရုပ်ကို ဖြစ်စေသည်၊ စိတ်သည် စိတ်ကြောင့်ဖြစ်သော ရုပ်ကို ဖြစ်စေသည်၊ ဥတုနှင့် အာဟာရတို့သည် ဥတုလျှင်ဖြစ်ကြောင်းရှိသော ရုပ်, အာဟာရလျှင် ဖြစ်ကြောင်းရှိသော ရုပ်ကို ဖြစ်စေ သည်။

ယခု ဖြစ်၍နေသော ရုပ်တွေဟာလဲ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရား လေးပါး အတွက်ကြောင့် ဖြစ်၍နေသည်။

ရှေးဘဝက ဖြစ်ခဲ့တဲ့ ရုပ်တွေဟာလဲ ကံ စိတ် ဥတု အာဟာရ အကြောင်းတရား လေးပါးအတွက်ကြောင့် ဖြစ်၍နေကြသည်၊ နောက်ဖြစ်မည့် ရုပ်တရားတွေဟာလဲ

ပဲ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်း တရားလေးပါး အတွက်ကြောင့် ဖြစ်၍နေကြသည်၊ ရှေးဘဝတုန်းကလဲပဲ လူမဟုတ်, နတ်မဟုတ်, ဗြဟ္မာမ ဟုတ်, ရုပ် နာမ် နှစ်ပါးသာဟုတ်သည်၊ ယခုဘဝမှာလဲ လူမဟုတ်, နတ်မဟုတ်, ဗြဟ္မာမဟုတ် ရုပ်နှင့်နာမ်သာ ဟုတ်သည်၊ နောက်ဘဝမှာလဲပဲ လူမဟုတ်, နတ်မဟုတ်, ဗြဟ္မာမဟုတ် ရုပ် နာမ် နှစ်ပါးသာ ဟုတ်သည်၊ သည်လို စိတ်ထဲ, ဉာဏ်ထဲမှာ ထင်၍, မြင်၍ လာလိမ့်မည်၊ သည်ကဲ့သို့ စိတ်ထဲ, ဉာဏ်ထဲမှာ ထင်မြင်၍လာလျှင် နာမရူပပရိဂ္ဂဟဉာဏ် ပေါက်ရောက်ပြီ၊ ကင်္ခါဝိတရဏာ-ဝိသုဒ္ဓိစခမ်းသို့ ရောက်ပြီမှတ်၊ ရှေးဘဝ၌ ယုံမှားခြင်း, ယခုဘဝ၌ ယုံမှားခြင်း, နောက်ဘဝ၌ ယုံမှားခြင်း ကင်းပြတ်၏ဟုမှတ်၊ ရှေးဘဝကလဲ ရုပ် နာမ်, ယခုဘဝလဲပဲ ရုပ် နာမ်, နောက်ဘဝလဲ ရုပ် နာမ်,သည်လိုသာ ထင်တော့ မည်။

နာမရူပပရိစ္ဆေဒ နာမရူပပရိဂ္ဂဟ ဉာဏ်နှစ်ပါးကို ရောက်ပြီ ပေါက်ပြီ။

## စူဠဝေဒသောတာပန်စခန်းကိုပြပုံ

နာမရူပပရိစ္ဆေဒဉာဏ်, နာမရူပပရိဂ္ဂဟဉာဏ် ဤဉာဏ် နှစ်ပါးကို ပေါက်ပြီ ရောက်ပြီ၊ ၎င်းဉာဏ်နှစ်ပါးကို ပေါက်ရောက်လျှင် စူဠဝေဒသောတာပန် ဖြစ်ပြီမှတ်။

စူဠသောတာပန်ဖြစ်လျှင် သံသရာမှာ ထောက်တည်ရာကို ရပြီ၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့ကို အမြဲတမ်း လက်မှတ်ထိုးပြီးသား ဖြစ်ပြီမှတ်၊ ဘဝပင်စင်ယူပြီ၊ ရပြီမှတ်၊ သတ္တဝါတွေမှာ စူးဝင်နေတဲ့ ဒိဋ္ဌိတည်းဟူသော ဆူးငြောင့်ကြီးကို နှုတ်၍ပစ်လိုက်ပြီ။ ထို့ကြောင့် ဒီဃ-နိကာယ် ဗြဟ္မဇာလသုတ်အဋ္ဌကထာ၌—

> ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿ-
> ကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပ္ပ-
> တိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော
> နာမ။

ဣမိနာ ပန ဉာဏေန၊ ဤနာမရူပပရိစ္ဆေဒ, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့်။ သမန္နာဂတော၊ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ရှိသော။ ဝိပဿကော၊ နေ့ညဉ့်ကျိုးကုတ် ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ ထိန်ထိန်ဝါဝင်း ဘုရားသာသနာတော်တွင်း၌။ လဒ္ဓဿာသော၊ နိဗ္ဗာနချမ်းသာ မြိုက်ရသာသို့ ရောက်ကြောင်း တရားကောင်းကို မြင်ရသောကြောင့် စိတ်၏သက်သာခြင်းကို ရသည်ဖြစ်၍ရင်း။ လဒ္ဓ-ပ္ပတိဋ္ဌော၊ သံသရာဝဋ်ဆင်းရဲ၌ ထောက်တည်ရာ, မှီခိုရာကြီးကို ရသည်ဖြစ်၍ရင်း။ နိယတဂတိကော၊ လူ့ဘုံ,နတ်ဘုံ, ဗြဟ္မာ့ဘုံ၌ မြဲသော ကတိစာချုပ်ရှိသည်ဖြစ်၍ရင်း။

စူဠဝေဒလ္လသုတ္တန်ပန္နာသ နာမ၊ ဘုရား၏မြေး သောတာပန်ကလေးဖြစ်၏။

ယခုပြဆိုသော အခန်းကား နာမရူပပစ္စယပရိဂ္ဂဟညာဏ် ကင်္ခါဝိတရဏဝိသုဒ္ဓိအခန်းကို ပြဆိုသည်မှတ်။

[ပစ္စယပရိဂ္ဂဟညာဏ် ပြီး၏။]

---

## သမ္မသနညာဏ်သုံးသပ်ပုံအခန်း

ယခုဘဝ ကိုယ်၌ရှိသော—

၁။ ရုပ်။ ၄။ သင်္ခါရ။

၂။ ဝေဒနာ။ ၅။ ဝိညာဏ်။

၃။ သညာ။

နာမ် ရုပ်တရားတွေဟာ အမြဲမတည် ခဏခဏ ပျက်စီး၍ နေခြင်းကြောင့် အမြဲမရှိ အနိစ္စ၊ ဖိစီးနှိပ်စက်ညှဉ်းပန်းခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခ၊ လူမဟုတ်, နတ်ဗြဟ္မာမဟုတ် နာမ်ရုပ်ချည်းသက်သက် အနှစ်သာရဘာမျှတစ် အမာခံမရှိသည်၏အဖြစ်ကြောင့် ပိုင်စိုး အုပ်ချုပ်လို့မရ အနတ္တ၊ သည်လိုထင်အောင်, မြင်အောင် သုံးသပ်။

[ယခုပစ္စုပ္ပန် ရုပ်နာမ်ကို သမ္မသနညာဏ် သုံးသပ်ပုံ ပြီး၏။]

ရှေးဘဝက—

၁။ ရုပ်။ ၄။ သင်္ခါရ။

၂။ ဝေဒနာ။ ၅။ ဝိညာဏ်။

၃။ သညာ။

ရုပ်နာမ်တရားတွေဟာ အမြဲမတည် ခဏခဏပျက်စီး၍ နေခြင်းကြောင့် အမြဲမရှိ အနိစ္စ၊ ဖိစီးနှိပ်စက် ညှင်းပန်း၍ နေခြင်းကြောင့် ဆင်းရဲခြင်း ဒုက္ခ၊ လူ နတ် ဗြဟ္မာ သတ္တဝါမဟုတ် ရုပ် နာမ်ချည်း သက်သက် အနှစ်သာရ ဘာမျှတစ် အမာခံမရှိသည်၏အဖြစ်ကြောင့် ပိုင်စိုး အုပ်ချုပ်လို့မရ အနတ္တ၊ သည်လိုထင်အောင် မြင်အောင် သုံးသပ်။

[ရှေးဘဝက ရုပ်နာမ်ကို သမ္မသနဉာဏ် သုံးသပ်ပုံ ပြီး၏။]

---

နောက်ဘဝက—

၁။ ရုပ်။ ၄။ သင်္ခါရ။

၂။ ဝေဒနာ။ ၅။ ဝိညာဏ်။

၃။ သညာ။

ရုပ် နာမ် တရားတွေဟာ အမြဲမတည် ခဏခဏ ပျက်စီး၍နေခြင်းကြောင့် အမြဲမရှိ အနိစ္စ၊ ဖိစီးနှိပ်စက် ညှင်းပမ်း၍နေခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခ၊ လူ နတ် ဗြဟ္မာ

သတ္တဝါမဟုတ် ရုပ် နာမ်ချည်းသက်သက် အနှစ်သာရ ဘာမျှတစိ အမာခံ မရှိသည်၏ အဖြစ်ကြောင့် ပိုင်စိုးအုပ် ချုပ်လို့မရ အနတ္တ၊ ဤကဲ့သို့ ထင်မြင်အောင်သုံးသပ်။

## သမ္မသနဉာဏ်လက္ခဏာတင်ပုံစခန်း

အတိတ်, အနာဂါတ်, ပစ္စုပ္ပန်, အတွင်း, အပ, ကြမ်း တမ်းသိမ်မွေ့, အယုတ်, အမြတ်, အဝေး, အနီးစသည်တို့၌ ဖြစ်ကုန်သော ခန္ဓာတို့ကို——

## သမ္မသနဉာဏ်သုံးသပ်ပုံ

ရုပ်တရားတွေ အမြဲမရှိ အနိစ္စ။....ဆင်းရဲခြင်းဒုက္ခ။....
အစိုးမရ အနတ္တ။
ဝေဒနာတွေ အမြဲမရှိ အနိစ္စ။....ဆင်းရဲခြင်းဒုက္ခ။....
အစိုးမရ အနတ္တ။
သညာတွေ အမြဲမရှိ အနိစ္စ။....ဆင်းရဲခြင်းဒုက္ခ။....
အစိုးမရ အနတ္တ။
သင်္ခါရတွေ အမြဲမရှိ အနိစ္စ။....ဆင်းရဲခြင်းဒုက္ခ။....
အစိုးမရ အနတ္တ။
ဝိညာဏ်တွေ အမြဲမရှိ အနိစ္စ။....ဆင်းရဲခြင်းဒုက္ခ။....
အစိုးမရ အနတ္တ။

ဤကဲ့သို့ ထင်မြင်အောင် အားထုတ်- သုံးသပ်မှ သံသရာကကျွတ်လွတ်၍ ကိလေသာတို့မှ စင်ကြယ်သော နိဗ္ဗာန်ကိုရောက်ခြင်း အကြောင်းဖြစ်မည်။

[သမ္မသနဉာဏ် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတင်ပုံ ပြီး၏။]

## ယောဂီပုဂ္ဂိုလ်တို့ နှလုံးသွင်းစရာ သရဇ္ဈာယ်ဖွယ်ရာ ကောင်းသော

## နိဗ္ဗိန္ဒဂါထာ

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးတန် ရုပ်နှင့် နာမ်တို့သည်။ အနိစ္စာ၊ ခဏမစဲ အမြဲပဲ ပျက်၍နေကြကုန်၏။ ဣတိ၊ ဤသို့အမှန် ဖြစ်ပျက်ဟန်ကို။ ယဒါ၊ အကြင်ဝိပဿနာအလုပ် အားထုတ်သော အခါ၌။ ယော၊ အကြင် နေ့-ညဉ့် ကျိုးကုတ် တရားကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ပညာယ၊ ဝိပဿနာ လက်ရှိ ပညာမျက်စိဖြင့်။ ပဿတိ၊ ခန္ဓာငါးတန်၊ ရုပ်နှင့် နာမ်တို့ ဖန်ဖန်ဖြစ်ပျက် အနိစ္စ အချက်ကိုမြင်၏။ အထ၊ ထိုသို့ခန္ဓာငါးတန် ရုပ်,နှင့် နာမ်တို့ ဖန်ဖန်ဖြစ်ပျက် အနိစ္စအချက်ကို မြင်သည်ရှိသော်။ သော၊ ထို နေ့,ညဉ့် ကျိုးကုတ် တရားကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဒုက္ခေ၊ ခန္ဓာငါးတန် ရုပ်နှင့် နာမ်တို့ ဖန်ဖန်ဖြစ်ရ ဝဋ်ဒုက္ခ၌။ နိဗ္ဗိန္ဒတိ၊ တောင်ထိုင်- မြောက်ထိုင် တမှိုင်မှိုင် နှင့် မကြည်မသာ ငြီးငွေ့ရှာ၏။ ဧသ ဧသော နိဗ္ဗိန္ဒော၊ ဤသို့ တောင်ထိုင်- မြောက်ထိုင်- တမှိုင်မှိုင်နှင့် မကြည် မသာ ငြီးငွေ့ရှာသော ယောဂီပုဂ္ဂိုလ်သည်။ ဝိသုဒ္ဓိယာ၊

စင်ကြယ် သန့်ရှင်း ရာဂ ကင်းသော နိဗ္ဗာန်ကိုသွားခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန် လမ်းဟောင်း ခရီးကောင်းပေတည်း။

**ယောဂါဝစရပုဂ္ဂိုလ်တို့ နှလုံးသွင်းစရာ သရဇ္ဈာယ်ဖို့ရာ ကောင်းသော**

**နိဗ္ဗိန္ဒဂါထာ**

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးတန် ရုပ်နှင့် နာမ်တို့သည်။ ဒုက္ခာ၊ ဖန်ဖန်ထပ်ထပ် မကြံတတ်အောင် နှိပ်စက်ဖိစီးခြင်းကြောင့် ဆင်းရဲကုန်၏။ ဣတိ၊ ဤသို့အမှန် ဆင်းရဲဟန်ကို။ ယဒါ၊ အကြင် ဝိပဿနာအလုပ် အားအင်ထုတ်သော အခါ၌။ ယော၊ အကြင် နေ့ညဉ့် ကျိုးကုတ် တရားကို လုပ်သော ယောဂီပုဂ္ဂိုလ်သည်။ ပညာယ၊ ဝိပဿနာလက်ရှိ ဉာဏ်မျက်စိဖြင့်။ ပဿတိ၊ ခန္ဓာငါးတန် ရုပ် နှင့် နာမ်တို့ ဖန်ဖန်နှိပ်စက် ဒုက္ခအချက်ကို မြင်၏။ အထ၊ ထိုသို့ ခန္ဓာငါးတန် ရုပ်နှင့် နာမ်တို့ ဖန်ဖန်နှိပ်စက် ဒုက္ခအချက်ကို မြင်သည်ရှိသော်။ သော၊ ထို နေ့ညကျိုးကုတ် တရားကိုလုပ်သော ယောဂီပုဂ္ဂိုလ်သည်။ ဒုက္ခေ၊ ခန္ဓာငါးတန် ရုပ် နှင့် နာမ်တို့ ဖန်ဖန်ဖြစ်ရ ဝဋ္ဋဒုက္ခ၌။ နိဗ္ဗိန္ဒတိ၊ တောင်ထိုင် မြောက်ထိုင်-တမှိုင်မှိုင်နှင့် မကြည်မသာ ငြီးငွေ့ရှာ၏။ ဧသ သော နိဗ္ဗိန္ဒော၊

ဤသို့ တောင်ထိုင်-မြောက်ထိုင်- တမှိုင်မှိုင်နှင့် မကြည် မသာ ငြီးငွေ့ရှာသော ယောဂီပုဂ္ဂိုလ်သည်။ ဝိသုဒ္ဓိယာ၊ စင်ကြယ်သန့်ရှင်း ရာဂကင်းသော နိဗ္ဗာန်ကို သွားခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်လမ်းကြောင်း ခရီးဟောင်းပေတည်း။

ဤဂါထာတော်ကို မြတ်စွာဘုရား ဟောတော်မူသည့် အဆုံးမှာ များစွာကုန်သော ယောဂီရဟန်းတို့သည် အာသဝေါကုန်စင်၍ ရဟန္တာ ဖြစ်ကြကုန်သည်။

## ယောဂီပုဂ္ဂိုလ်တို့ နှလုံးသွင်းစရာ သရဇ္ဈာယ်ဖို့ရာ ကောင်းသော

## နိဗ္ဗိန္ဒဂါထာ

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ ဣတိ၊ ဤသို့အမှန် အစိုးရခြင်းမရှိဟန်ကို။ ယဒါ၊ အကြင်ဝိပဿနာအလုပ် အားအင်ထုတ်သောအခါ၌။ ယော၊ အကြင် နေ့ညဉ့် ကျိုးကုတ် တရားကိုလုပ်သော ယောဂီပုဂ္ဂိုလ်သည်။ ပညာယ၊ ဝိပဿနာလက်ရှိ ပညာမျက်စိဖြင့်။ ပဿတိ၊ ပိုင်သူအုပ်ချုပ် အစိုးတရ ပြုလုပ်၍ မဖြစ်နိုင်သည်ကို

မြင်၏။ အထ၊ ထိုသို့ပိုင်သူအုပ်ချုပ် အစိုးတရပြုလုပ်၍ မဖြစ်နိုင်သည်ကို မြင်သည်ရှိသော်။ သော၊ ထိုနေ့, ညဉ့် ကျိုးကုတ်တရားကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဒုက္ခေ၊ ခန္ဓာငါးတန် ရုပ်နှင့် နာမ်တို့ ဖန်ဖန်ဖြစ်ရ ဝဋ္ဋ ဒုက္ခဥ်။ နိဗ္ဗိန္ဒတိ၊ တောင်ထိုင် မြောက်ထိုင် တမှိုင်မှိုင်နှင့် မကြည်မသာ ငြီးငွေ့ရှာ၏။ ဧသ သော နိဗ္ဗိန္ဒော၊ ဤသို့ တောင်ထိုင် မြောက်ထိုင် တမှိုင်မှိုင်နှင့် မကြည်မသာ ငြီးငွေ့ရှာသော ယောဂီပုဂ္ဂိုလ်သည်။ ဝိသုဒ္ဓိယာ၊ စင်ကြယ် သန့်ရှင်း ရာဂကင်းသော နိဗ္ဗာန်ကို သွားခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်လမ်းဟောင်း ခရီးကောင်းပေတည်း။

ဤဂါထာတော်ကို မြတ်စွာဘုရား ဟောကြားတော်မူပြီးသည့် အဆုံး၌ များစွာသော ယောဂီပုဂ္ဂိုလ်ရဟန်းတို့သည် ရဟန္တာဖြစ်သွားကြကုန်၏။

## အသက်အရှယ်ပြုလက်ာကိုမိန့်ဆိုခန်း

လက္ခဏာအပြား ထိုတရားကို သုံးပါးအရှယ် ယူရာ ဝယ်၌ သုံးဆယ့်သုံးနှစ် မွေးနေ့စစ်၍ ဖွားလစ်တုံထ ပဌမဟု ဝယမည်ပင်၊ ရှေးဦးတင်လျက် ထိုတွင်လေးနှစ် သုံးဆယ် ဖြစ်၍ ခုနစ်စွမ်းမြင် ခြောက်ဆယ်တွင်ကား မှန်စင်သူလပ် နေကြမှတ်၏၊ အမြတ်သုံးဖွယ် နှစ်သုံးဆယ်ကား အကယ် ရာစစ် သူကြီးဖြစ်၏၊ သုံးဆစ်ပိုင်းခြား သုံးပါးလက္ခဏာ တင်ပြီးစွာမှ သုံးမှာကိုယ်တွင် ပြင်နှင့်အတွင်း မယွင်းအညီ

ကိုးခုစိဖြင့် ထပ်ပြီးပေါင်းဆ ဆဲ့ရှစ်ရ၏၊ မန္ဒ ခိဍ္ဍ ဝဏ္ဏ ဗလာ ပညာ ဟာနိ ထိုပြီးပဗ္ဘာ ဝင်္ကာ မောဟ သယန-ဟု ဒသကနှင့် ဆယ်ဆ ဆယ်ချက် တရားသက်ကို ပွါးတက်စေထ ဆယ်နှစ်မျှကား မန္ဒဒသကံ အကြံနည်းစွာ မလိမ္မာတည်း၊ ခိဍ္ဍာအရွယ် သက်နှစ်ဆယ်မှာ မြူးရယ် ပျော်ရွှင်ပြန့်လွင့်ချင်၏၊ ထို့ပြင်ဝဏ္ဏ ဒသကမှာ ရောက်ထသက်ဆစ်သုံးဆယ်ဖြစ်ရှဲ နုသစ်မျက်နှာ ကျော့ရှင်းစွာ၏၊ တခါဗလဒသကမှာ ကြီးလှအားခွန် ကြိမ်ဖန်ရွယ်မြောက် လေးဆယ်ရောက်၏၊ ထိုနောက်ပညာ ဒသမှာမူ လိမ္မာတတ်ပြွန်ဉာဏန္တရ ကြီးလှတွင်ကျယ် သက်ငါးဆယ်တည်း၊ ထိုဝယ်ထပ်ဖြည့် ဟာနိဒသကာ ခြောက်ဆယ်မှာကား ရွှင်ရာမဲ့လျှဉ်း အဆင်းအဝါ အားပညာတို့ ယုတ်မာတလ္လ ရေသို့ကျ၏၊ ပဗ္ဘာရဒသက ရောက်ထအရွယ် ခုနစ်ဆယ်မှာမျောက်နှယ် မျက်နှာ ပိန်စွာချိုင့်မြောင် မျက်တွင်းချောင်နှင့် ပါးစောင်ပမုန်း ရှုံ့ပက်ရှုံး၏၊ တတုံစင်က ဒသပေါ်တက် ရှစ်ဆယ်သက်မူ ဝှန်ကိုင်းတူဘိ ကျောက်ကုန်းရှိ ပြား ငိုက်ဆိုက်သွား၏၊ တခြားမောဟ ဒသကမူ အိုလှသက်ရွယ် ကိုးဆယ်တိုင်ရောက် မိန်းရှောက်မိန်းမှိုင် မခိုင်သတိ ချွတ်ယွင်းဘိ၏၊ ထိုပြီးဆယ်ဆ သယနဟု ဒသကမှာ သက်တရာကား အိပ်ခါလည်းနေ လက်ခြေတန့်ခိုင်မစွမ်းနိုင်ပြီ၊ ရှည်လို့ခန့်တွက် တရာသက်ကို ဆယ်ချက်ဆယ်ခု ခွဲဝေပြုလျက် ချင့်တွက်ပိုင်းခြား သုံးပါးလက္ခဏာ

တင်ပြီးခါမှ သူ့မှာပုံပြင် ငါ့ကိုယ်တွင်လည်း သို့စဉ်သဘော ဖြစ်လှည့်သောဟု နှီးနှောကြံဆ ခြောက်ဆယ်ရ၏၊ လက္ခဏာ တဖန် တင်ပြန်ခန္ဓာ ဆယ့်ငါးဖြာနှင့် သချော်ပေါင်းလစ် ဆယ့်ခြောက်ဖြစ်၏၊ စင်စစ်အာယတန ဒွါဒသဉ္စ ဆတ္တိံ သပေါင်း ထပ်လောင်းရုံးသွယ် သုံးဆယ့်ခုနစ်ပါး သရုပ် ပြား၏၊ တခြားစိတ်ဝယ် ဆယ့်ရှစ်သွယ်၍ ငါးဆယ့်လေး ခု ပေါင်းစုစင်ကြွယ် ငါးဆယ့်ငါးဖြာ မှန်လှစွာ၏၊ ခြင်းရာ နက်လေး ဆိုရေးပိုင်းခြား ဤတရားကို ယောကျာ်း အထွတ် ဗောဓိသတ်တို့ ဆတ်ဆတ်မယွင်း သိကုန်လျဉ်း ၏၊ မပျင်းနေ့တိုင်း အားသွန်လှိုင်း၍ ကသိုဏ်းပုံထု စီးဖြန်းရှု။

ယခုပြဆိုခဲ့သော သဘောအချက်များကို နောက်မှ ပြမည်။

[သမ္မသနဉာဏ် စီးဖြန်းချက် သုံးသပ်နည်း ပြီး၏။]

## ဥဒယဗ္ဗယဉာဏ်တက်ပုံ

ဥဒယဗ္ဗယဉာဏ်တက်၍ စီးဖြန်းပုံ ပြဦးမည်။

ဥဒယဗ္ဗယဉာဏ်တက်၍ စီးဖြန်းလိုတဲ့ ယောဂီပုဂ္ဂိုလ် သည် ခန္ဓာငါးပါးကို လက္ခဏာငါးဆယ် ထင်မြင်အောင် ရှုရမည်။

ဥဒယရှုသောအခါ လက္ခဏာနှစ်ဆဲ့ငါး, ဝယရှုသော အခါ လက္ခဏာနှစ်ဆဲ့ငါး, ပေါင်းလက္ခဏာငါးဆယ်။

### ဥဒယရှုသောအခါ လက္ခဏာ နှစ်ဆဲ့ငါးပါးကား

၁။ ရူပက္ခန္ဓာ၌ ငါးပါး။
၂။ ဝေဒနာက္ခန္ဓာ၌ ငါးပါး။
၃။ သညာက္ခန္ဓာ၌ ငါးပါး။
၄။ သင်္ခါရက္ခန္ဓာ၌ ငါးပါး။
၅။ ဝိညာဏက္ခန္ဓာ၌ငါးပါး။

ပေါင်း ၂၅-ပါးဖြစ်၏။

### ဝယရှုသောအခါ လက္ခဏာ နှစ်ဆဲ့ငါးပါးကား

၁။ ရူပက္ခန္ဓာ၌ ငါးပါး။
၂။ ဝေဒနာက္ခန္ဓာ၌ ငါးပါး။
၃။ သညာက္ခန္ဓာ၌ ငါးပါး။
၄။ သင်္ခါရက္ခန္ဓာ၌ ငါးပါး။
၅။ ဝိညာဏက္ခန္ဓာ၌ငါးပါး။

ပေါင်း ၂၅-ပါးဖြစ်၏။

### ရူပက္ခန္ဓာ၌ ဥဒယရှုသောအခါ လက္ခဏာငါးပါး ထင်မြင်အောင် ရှုနည်း

၁။ အဝိဇ္ဇာကြောင့် ရုပ်တွေ တဖွားဖွား ဖြစ်လာသည်။

၂။ တဏှာကြောင့် ရုပ်တွေ တဖွားဖွားဖြစ်လာသည်။

၃။ ဥပါဒါန်ကြောင့် ရုပ်တွေ တဖွားဖွား ဖြစ်လာသည်။

၄။ ကံကြောင့် ရုပ်တွေ တဖွားဖွားဖြစ်လာသည်။

၅။ အာဟာရကြောင့် ရုပ်တွေ တဖွားဖွား ဖြစ်လာသည်။

[ရူပက္ခန္ဓာ၌ ဥဒယရှုသောအခါ လက္ခဏာငါးပါးထင်အောင်ရှုနည်း ပြီး၏။]

## ရူပက္ခန္ဓာ၌ ဝယကိုရှုသောအခါ လက္ခဏာငါးပါး ထင်မြင်အောင်ရှုနည်းကား

၁။ အဝိဇ္ဇာချုပ်ပျက်ခြင်းကြောင့် ရုပ်တွေ ချုပ်ပျက်ကုန်၏။

၂။ တဏှာချုပ်ပျက်ခြင်းကြောင့် ရုပ်တွေ ချုပ်ပျက်ကုန်၏။

၃။ ဥပါဒါန်ချုပ်ပျက်ခြင်းကြောင့် ရုပ်တွေ ချုပ်ပျက်ကုန်၏။

၄။ ကံချုပ်ပျက်ခြင်းကြောင့် ရုပ်တွေ ချုပ်ပျက်ကုန်၏။

၅။ အာဟာရ ချုပ်ပျက်ခြင်းကြောင့် ရုပ်တွေ ချုပ်ပျက်ကုန်၏။

[ရူပက္ခန္ဓာ၌ ဝယကိုရှုသောအခါ လက္ခဏာငါးပါး ထင်မြင်အောင်ရှုနည်း ပြီး၏။]

## ဝေဒနာက္ခန္ဓာ၌ ဥဒယကိုရှုသောအခါ လက္ခဏာငါးပါး ထင်အောင်ရှုနည်း

၁။ အဝိဇ္ဇာကြောင့် ဝေဒနာတွေ တဖွားဖွား ဖြစ်လာသည်။

၂။ တဏှာကြောင့် ဝေဒနာတွေ တဖွားဖွားဖြစ်လာသည်။

၃။ ဥပါဒါန်ကြောင့် ဝေဒနာတွေ တဖွားဖွားဖြစ်လာသည်။

၄။ ကံကြောင့် ဝေဒနာတွေ တဖွားဖွား ဖြစ်လာသည်။

၅။ ဖဿကြောင့် ဝေဒနာတွေ တဖွားဖွား ဖြစ်လာသည်။

[ဝေဒနာက္ခန္ဓာ၌ ဥဒယကို လက္ခဏာငါးပါးထင်အောင် ရှုနည်းကား ပြီး၏။]

---

## ဝေဒနာက္ခန္ဓာ၌ ဝယကို ရှုသောအခါ လက္ခဏာ ငါးပါး ထင်အောင်ရှုနည်း

၁။ အဝိဇ္ဇာ ချုပ်ပျက်ခြင်းကြောင့် ဝေဒနာတွေ ချုပ်ပျက်ကုန်၏။

၂။ တဏှာ ချုပ်ပျက်ခြင်းကြောင့် ဝေဒနာတွေ ချုပ်ပျက်ကုန်၏။

၃။ ဥပါဒါန် ချုပ်ပျက်ခြင်းကြောင့် ဝေဒနာတွေ ချုပ်ပျက်ကုန်၏။

၄။ ကံချုပ်ပျက်ခြင်းကြောင့် ဝေဒနာတွေ ချုပ်ပျက်ကုန်၏။

၅။ ဖဿ ချုပ်ပျက်ခြင်းကြောင့် ဝေဒနာတွေ ချုပ်ပျက်ကုန်၏။ သည်လိုမြင်အောင်ရှု။

ဝေဒနာက္ခန္ဓာ၌ ဝယကို ရှုသောအခါ လက္ခဏာငါးပါး ထင်မြင်အောင် ရှုနည်း ပြီး၏။

ဝေဒနာက္ခန္ဓာ၌ ဥဒယ-ဝယ ၂-ပါး ရှုသောအခါ လက္ခဏာ ၁၀-ပါး ထင်အောင်ရှုနည်း ပြီး၏။

---

## သညာက္ခန္ဓာ၌ ဥဒယကို ရှုသောအခါ လက္ခဏာငါးပါး ထင်အောင်ရှုနည်းကား

၁။ အဝိဇ္ဇာကြောင့် သညာတွေ တဖွားဖွား ဖြစ်လာ၏။

၂။ တဏှာကြောင့် သညာတွေ တဖွားဖွား ဖြစ်လာ၏။

၃။ ဥပါဒါန်ကြောင့် သညာတွေ တဖွားဖွား ဖြစ်လာ၏။

၄။ ကံကြောင့် သညာတွေ တဖွားဖွား ဖြစ်လာ၏။

၅။ ဖဿကြောင့် သညာတွေ တဖွားဖွားဖြစ်လာ၏။

သညာက္ခန္ဓာ၌ ဥဒယကို ရှုသောအခါ လက္ခဏာငါးပါး
ထင်အောင်ရှုနည်းကား ပြီး၏။

## သညာက္ခန္ဓာ၌ ဝယကို ရှုသောအခါ လက္ခဏာငါးပါး ထင်မြင်အောင်ရှုနည်း

၁။ အဝိဇ္ဇာ ချုပ်ပျက်ခြင်းကြောင့် သညာတွေ ချုပ်ပျက်ကုန်၏။

၂။ တဏှာ ချုပ်ပျက်ခြင်းကြောင့် သညာတွေ ချုပ်ပျက်ကုန်၏။

၃။ ဥပါဒါန် ချုပ်ပျက်ခြင်းကြောင့် သညာတွေ ချုပ်ပျက်ကုန်၏။

၄။ ကံ ချုပ်ပျက်ခြင်းကြောင့် သညာတွေ ချုပ်ပျက်ကုန်၏။

၅။ ဖဿ ချုပ်ပျက်ခြင်းကြောင့် သညာတွေ ချုပ်ပျက်ကုန်၏။

သညာက္ခန္ဓာ၌ ဝယကို လက္ခဏာငါးပါး ထင်အောင် ရှုနည်း ပြီး၏။ သည်လိုဖြစ်အောင်ရှု။

သညာက္ခန္ဓာ၌ ဥဒယ-ဝယကို လက္ခဏာ ၁၀-ပါး
ထင်အောင်ရှုနည်း ပြီး၏။

## သင်္ချိုင်းကြောင့်ဖြစ်သော ဥဒယကို လက္ခဏာငါးပါး ထင်အောင်ရှုနည်း

၁။ အဝိဇ္ဇာကြောင့် သင်္ခါရတွေ တဖွားဖွား ဖြစ်ပေါ်လာ၏။

၂။ တဏှာကြောင့် သင်္ခါရတွေ တဖွားဖွား ဖြစ်ပေါ်လာ၏။

၃။ ဥပါဒါန်ကြောင့် သင်္ခါရတွေ တဖွားဖွားဖြစ်ပေါ်လာ၏။

၄။ ကံကြောင့် သင်္ခါရတွေ တဖွားဖွား ဖြစ်ပေါ်လာ၏။

၅။ ဖဿကြောင့် သင်္ခါရတွေ တဖွားဖွား ဖြစ်ပေါ်လာ၏။

သင်္ခါရက္ခန္ဓာ၌ ဥဒယကို လက္ခဏာငါးပါး
ထင်မြင်အောင်ရှုနည်း ပြီး၏။

---

## သင်္ခါရက္ခန္ဓာ၌ ဝယကို လက္ခဏာငါးပါး ထင်အောင်ရှုနည်း

၁။ အဝိဇ္ဇာ ချုပ်ပျောက်ခြင်းကြောင့် သင်္ခါရတွေ ချုပ်ပျက်ကုန်၏။

၂။ တဏှာ ချုပ်ပျက်ခြင်းကြောင့် သင်္ခါရတွေ ချုပ်ပျက်ကုန်၏။

၃။ ဥပါဒါန် ချုပ်ပျက်ခြင်းကြောင့် သင်္ခါရတွေ ချုပ်ပျက်ကုန်၏။

၄။ ကံ ချုပ်ပျက်ခြင်းကြောင့် သင်္ခါရတွေ ချုပ်ပျက်ကုန်၏။

၅။ အာဟာရ ချုပ်ပျက်ခြင်းကြောင့် သင်္ခါရတွေ ချုပ်ပျက်ကုန်၏။

သင်္ခါရက္ခန္ဓာ၌ ဝယကို လက္ခဏာငါးပါး ထင်မြင်အောင် ရှုနည်းကား ပြီး၏။

သင်္ခါရက္ခန္ဓာ၌ ဥဒယ-ဝယကို လက္ခဏာ ၁၀-ပါး
ထင်မြင်အောင် ရှုနည်းကား ပြီး၏။
(သည်လိုမြင်အောင် ရှုကြပါ။)

---

**ဝိညာဏက္ခန္ဓာ၌ ဥဒယကို လက္ခဏာငါးပါး**

**ထင်အောင် ရှုနည်းကား**

၁။ အဝိဇ္ဇာကြောင့် ဝိညာဏ်တွေ တဖွားဖွား ဖြစ်ပေါ်လာ၏။

၂။ တဏှာကြောင့် ဝိညာဏ်တွေ တဖွားဖွား ဖြစ်ပေါ်လာ၏။

၃။ ဥပါဒါန်ကြောင့် ဝိညာဏ်တွေ တဖွားဖွား ဖြစ်ပေါ်လာ၏။

၄။ ကံကြောင့် ဝိညာဏ်တွေ တဖွားဖွား ဖြစ်ပေါ် လာ၏။

၅။ နာမ် ရုပ်ကြောင့် ဝိညာဏ်တွေ တဖွားဖွား ဖြစ်ပေါ်လာ၏။

ဝိညာဏက္ခန္ဓာ၌ ဥဒယကို လက္ခဏာငါးပါး
ထင်အောင် ရှုနည်းကား ပြီး၏။
(သည်လိုမြင်အောင်ရှု။)

---

**ဝိညာဏက္ခန္ဓာ၌ ဝယကို လက္ခဏာငါးပါး**
**ထင်အောင် ရှုနည်းကား**

၁။ အဝိဇ္ဇာ ချုပ်ပျက်ခြင်းကြောင့် ဝိညာဏ်တွေ ချုပ်ပျက်ကုန်၏။

၂။ တဏှာ ချုပ်ပျက်ခြင်းကြောင့် ဝိညာဏ်တွေ ချုပ်ပျက်ကုန်၏။

၃။ ဥပါဒါန် ချုပ်ပျက်ခြင်းကြောင့် ဝိညာဏ်တွေ ချုပ်ပျက်ကုန်၏။

၄။ ကံ ချုပ်ပျက်ခြင်းကြောင့် ဝိညာဏ်တွေ ချုပ် ပျက်ကုန်၏။

၅။ နာမ် ရုပ် ချုပ်ပျက်ခြင်းကြောင့် ဝိညာဏ်တွေ ချုပ်ပျက်ကုန်၏။

ဝိညာဏက္ခန္ဓာ၌ ဝယကို လက္ခဏာငါးပါး ထင်မြင်အောင်
ရှုနည်း ပြီး၏။
(သည်လိုမြင်အောင်ရှု။)

ဝိညာဏက္ခန္ဓာ၌ ဥဒယ-ဝယကို လက္ခဏာ (၁၀) ပါး
ထင်အောင်ရှုနည်း ပြီး၏။

ပေါင်း ဥဒယ-ဝယ ဉာဏ်၌ လက္ခဏာငါးဆယ် ဖြစ်၏။

ယောဂီပုဂ္ဂိုလ် သူတော်ကောင်းတို့သည် ဥဒယ-ဝယ
ဉာဏ်ကို လက္ခဏာငါးဆယ် ထင်အောင်ရှုလိုလျှင်
ဤကဲ့သို့ ရှုတော်မူကြပါ။

---

**ရုပ်, နာမ် နှစ်ပါးကို ဥဒယဗ္ဗယဉာဏ်ဖြင့်
တမျိုးသုံးသပ်ပုံ**

ရုပ်, နာမ် နှစ်ပါးကို ဥဒယဗ္ဗယ ဉာဏ်ဖြင့် သုံးသပ်လိုတဲ့ ယောဂီပုဂ္ဂိုလ်သည် အာနာပါန ကမ္မဋ္ဌာန်းကို ရှေးဦးစွာ နာရီတက္ကက်-နှစ်ကွက်လောက် သမာဓိရအောင် သုံးသပ်ပြီးသည်နောက် မိမိ ရုပ်, နာမ် နှစ်ပါးကို အာရုံပြုပါ။

ရုပ်,နာမ် တွေ-ခုဖြစ်,ခုပျက်၏၊ ရုပ်,နာမ်တွေ ခုများစွာ ဖြစ်၏၊ ခုများစွာ ပျက်၏၊ ရုပ်,နာမ်တွေ ခုမရေ မတွက် နိုင်အောင်ဖြစ်, ခုမရေမတွက်နိုင်အောင် ပျက်၏ဟု

စီးဖြန်း၊ ရုပ်, နာမ် ခုဖြစ် ခုပျက်နေပါတကား၊ ရုပ်,နာမ် ခုမရေ မတွက်နိုင်အောင်ဖြစ် ခုမရေမတွက်နိုင်အောင် ပျက်နေပါတကား ဟု ဉာဏ်ဖြင့်ဆင်ခြင်၊ ရုပ်,နာမ် ခုဖြစ်၍ ခုပျက် မမြဲသောကြောင့် အနိစ္စ အနိစ္စ၊ ရုပ်,နာမ်, ခုဖြစ်၍ ခုပျက် ဆင်းရဲလေသောကြောင့် ဒုက္ခ-ဒုက္ခ၊ ရုပ်, နာမ် ခုဖြစ်၍ ခုပျက် အစိုးမရလေသောကြောင့် အနတ္တ-အနတ္တ၊

ရုပ်,နာမ် ခုများစွာဖြစ် ခုများစွာပျက် မမြဲလေသောကြောင့် အနိစ္စ-အနိစ္စ၊ ရုပ်,နာမ် ခုများစွာ ဖြစ်, ခုများစွာ ပျက်၍ ဆင်းရဲ လေသောကြောင့် ဒုက္ခ-ဒုက္ခ၊ ရုပ်,နာမ်, ခုများစွာဖြစ်, ခုများစွာပျက်၍ အစိုး မရလေသောကြောင့် အနတ္တ-အနတ္တ။

ရုပ်,နာမ် ခုမရေမတွက်နိုင်အောင်ဖြစ်, ခု မရေမတွက် နိုင်အောင်ပျက်၍ မမြဲလေသောကြောင့် အနိစ္စ-အနိစ္စ၊ ရုပ်,နာမ်,တွေ ခု မရေမတွက်နိုင်အောင်ဖြစ်, ခုမရေမတွက် နိုင်အောင် ပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ-ဒုက္ခ၊ ရုပ်,နာမ် တွေ ခုမရေမတွက်နိုင်အောင်ဖြစ်, ခုမရေမတွက် နိုင်အောင် ပျက်လေသောကြောင့် အစိုးမရ အနတ္တ-အနတ္တ။

အဇ္ဈတ္တရုပ်,နာမ် နှစ်ပါးကို အနိစ္စ ဒုက္ခ အနတ္တ စီးဖြန်းနည်းပြီး၏။
(ဤလို ထင်အောင် မြင်အောင် သုံးသပ်တော်မူကြပါ။)

## ဥဒယဗ္ဗယဉာဏ်သဘောသွားကို အနည်းငယ် အမြွက်မျှ မှတ်သားကြရန်
### ပွတ်သမား ဥပမာ

ယခု ရုပ်တွေ-နာမ်တွေ ဖြစ်ပျက်၍ ရနေပုံသည် ပွတ်တိုက်သောသူ၏ စူးထိပ်ဖျားပေါ်မှာ သံမှုန့်-မြေမှုန့်တွေကို တင်လိုက်လျှင် တင်လိုက်သည်နှင့်တပြိုင်နက် စင်စင်-စင်စင် သွားသည်၊ သည်လိုပဲ လူတို့၏ ကိုယ်၌ ရှိသော ရုပ်တွေ, နာမ်တွေဟာ ယောဂီပုဂ္ဂိုလ်များ ရ၍ထားတဲ့ ယထာဘူတဝိပဿနာဉာဏ်ပေါ်သို့ တင်လိုက်လျှင် ဖွားကနဲ ဖွားကနဲ စင်စင် လွင့်လွင့် သွားပါလိမ့်မည်။ ။သည်လို မြင်အောင် ရှုစားကြပါ။

### ကျက်မှတ်စရာအလွန်ကောင်းသည့်
### သာသပူပမာဂါထာ

အနိမာနဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာယေဝ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

ဘဂ္ဂါ၊ ချုပ်ပျက်ဆုံးပါး ရုပ်တရားတို့သည်။ အနိမာနဂတာ၊ သိုမြှုပ်သိမ်းထား စောင့်ရှောက်သူ အမွေစား မရှိကုန်။ အနာဂတေ၊ ဝိပဿနာဉာဏ်အောက် မရောက်မီကာလ၌။ ပုဉ္ဇော၊ စု၍ပုံထား ဖြစ်ဖို့ရန် သဲပုံများသည်။ နတ္ထိ၊ နှမ်းစေ့ပမာ မရှိပါ။ နိဗ္ဗတ္တာယေဝ၊ ရှေ့တွင်

မျက်မှောက် ဌီ သို့ရောက်မှသာလျှင်။ တိဋ္ဌန္တိ၊ တန့်ရပ်ခဏ တည်လာကြကုန်၏။ ကိမိဝ၊ ဘယ့်နှယ်ဆရာ ဘယ့်နှယ်ဟာလို။ တိဋ္ဌန္တိ၊ တန့်ရပ်ခဏ တည်လာကြကုန်သနည်း။ အာရဂ္ဂေ၊ အပ်နဖားပေါက်အလား ပွတ်ဆောက်ဖျား၌။ သာသပူပမာဝ၊ တင်ရှိထားဘိ မုန်ညင်းစေ့ကဲ့သို့။ တိဋ္ဌန္တိ၊ တန့်ရပ်ခဏ တည်လာကြကုန်၏။

## ဥဒယဗ္ဗယဉာဏ်သဘောကို လျှပ်စစ်ဥပမာဖြင့် မှတ်သားရန်

အဇဋ္ဌာပြင် မိုးသည်းကောင်းကင်မှာ မိုးသားတိမ်တိုက် ကင်းရှိနေသောအခါ လျှပ်စစ်များ တဝင်းဝင်း တပြောင်ပြောင် မထွက်မပေါ် မိုးသားတိမ်တိုက်တွေ တက်၍ တက်၍လာလျှင် လျှပ်ရောင်တွေ တဝင်းဝင်းနှင့် အဇဋ္ဌာပြင် မိုးသည်းကောင်းကင်မှာ ထွက်ခါ, ထွက်ခါ ပေါ်လာကြကုန်၏။

လျှပ်စစ်ထွက်ခြင်းဟာ တခြားကြောင့်မဟုတ် မိုးသားတိမ်တိုက်ခြင်း ဆတ်မိ-ရိုက်မိ ထိခိုက်မိခြင်းကြောင့် လျှပ်စစ်တွေဖြစ်ပေါ်လာသည်။

ထိုနည်းအတူ ရုပ်, နာမ်တရားတွေဟာ အကြောင်းတရားတွေကင်း၍နေပါက တဖြစ်ထဲဖြစ် တပျက်ထဲပျက် ၍မနေ မဖြစ်ထွန်း မပေါ်ပေါက်လာပေ၊ ယခုတော့

အကြောင်းတရားတွေ မကုန်နိုင် မခန်းနိုင်အောင် တိုက်ဆိုင် တိုက်ဆိုင်မိသည်အတွက်ကြောင့် ရုပ်,နာမ်တရားတွေ အမြဲပဲ တဖြစ်ထဲဖြစ် တပျက်ထဲပျက်၍ နေကြသည်၊ ဖြစ်လဲဖြစ်သည်၊ ပျက်လဲပျက်သည်။

(သည်လိုမြင်အောင် ရှုကြပါ)

---

## လျှပ်စစ်ဂါထာ

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တု ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။

ဘဂ္ဂါ၊ ချုပ်ပျက်ဆုံးပါး ရုပ်,နာမ်တရားတို့သည်။ အဒဿနတော၊ မရှိမထင် ကြည့်မမြင်သောအရပ်က။ အာယန္တိ၊ တန့်ရပ်ခဏ တည်လာကြကုန်၏။ ဘဂ္ဂါ၊ ချုပ်ပျက်ဆုံးပါး ရုပ်နာမ်တရားတို့သည်။ အဒဿနံ၊ မရှိမထင် ကြည့်မမြင်သောအရပ်သို့။ ဂစ္ဆန္တိ၊ ပျောက်ပျက်လွင့်ပြေ ရောက်ကြလေကုန်၏။ အာကာသေ၊ အဇဋာပြင် မိုးဃံးကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ လျှပ်စစ်ကဲ့သို့။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်လည်း ဖြစ်ကြကုန်၏။ ဝယန္တိ စ၊ ပျက်လည်း ပျက်ကြကုန်၏။

ဥဒယဗ္ဗယဉာဏ် သဘောသွားကို အသက်ကြီး၍ အချိန်မစီး အဘိုးကြီး၍ အဘိုးမတန်၊ အသက် ကြီးသလောက် အချိန်မခံ၊ အဘိုးကြီးသလောက် အဘိုးမတန်၊

ပညာသိသလောက် ပညာမရှိဆိုတဲ့ ဥပမာကို အနည်းငယ် အမြွက်မျှမှတ်သားကြရန်။

## ဥဒယဗ္ဗယဉာဏ်ကို ချီးမွမ်းသောဥပမာ

အကြင်သူဟာ ရုပ်,နာမ်တရားနှစ်ပါးတို့၏ ဖြစ်မှု, ပျက်မှုကို မမြင်၊ ထိုသူဟာ အသက်တရာပင် ရှိငြားသော်လဲပဲ လူဖြစ်ကျိုး မနပ်သေး။

အကြင်သူဟာ တနေ့တရက်လောက် ရုပ်နာမ်တရား နှစ်ပါးတို့၏ ဖြစ်မှုပျက်မှုကိုမြင်၏၊ ထိုသူဟာ လူဖြစ်ကျိုး နပ်ပြီ၊ အကြင်သူဟာ ရုပ် နာမ်တရားနှစ်ပါးတို့၏ အဖြစ် အပျက်ကို မမြင်၊ ထိုသူဟာ အသက်တရာပင် ရှိငြား သော်လဲ မမြတ်သေး။

အကြင်သူဟာ သူငယ်ပင် ဖြစ်ငြားသော်လဲပဲ ရုပ် တရား, နာမ်တရားနှစ်ပါးတို့၏ ဖြစ်မှု ပျက်မှုကို မြင်၏၊ အသက်တရာရှိသော အဘိုးကြီးထက်ပင် မြတ်၏။

ဒကာဟာ ရုပ်, နာမ်တရား နှစ်ပါးတို့၏ ဖြစ်မှုပျက်မှု ကို မမြင်၊ ဒကာမဟာ ရုပ် နာမ်တရား နှစ်ပါးတို့၏ ဖြစ်မှု ပျက်မှုကို မြင်၏။ ဒကာမက ဒကာထက် မြတ်၏။

ဒကာမဟာ ရုပ် နာမ်တရားနှစ်ပါးတို့၏ ဖြစ်မှုပျက်မှု ကို မမြင်၊ ဒကာက ရုပ် နာမ်တရားနှစ်ပါးတို့၏ ဖြစ်မှု ပျက်မှုကို မြင်၏။ ဒကာက ဒကာမထက်ပင် မြတ်၏။

## ဥဒယဗ္ဗယဉာဏ်ကိုချီးမွမ်းသောဂါထာ

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယော၊ အကြင်ငါးပါးအာရုံ ကာမဂုဏ်ကို နေ့ညဉ့်ကျိုးကုတ် လိုလ လထုတ်သောသူသည်။ ဥဒယဗ္ဗယံ၊ ဖြစ်မှုဖြစ်မှု ရုပ်နာမ်စုကို။ အပဿံ အပဿန္တော၊ ဉာဏ်ဖြင့်အထူး မမြင်ဘူးပဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ ဇီဝေယျ၊ အသက်ရှိငြားအံ့။ တတော၊ မမြင်ရှိစမ်းထိုသူကန်းထက်။ ဥဒယဗ္ဗယံ၊ ဖြစ်မှုပျက်မှု ရုပ်နာမ်စုကို။ ပဿတော၊ ဝိပဿနာဉာဏ်ထူး မြင်ရဘူးသော သူ၏။ ဧကာဟံ၊ အရှေ့မဆက် တနေ့တရက်မျှ။ ဇီဝိတံ၊ အသက်ရှင်စွာ နေရခြင်းသည်။ သေယျော၊ မြတ်သေး၏။

## ဘင်ဉာဏ်တက်၍စီးဖြန်းပုံ

ဘင်ဉာဏ်ကိုတက်၍ စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ရုပ်-နာမ်တရားတွေကို အဖြစ်ကိုလွှတ်၍ အပျက်ကိုရှုရမည်။

### အပျက်ကိုရှုပုံကား

ရုပ်-နာမ် တွေပျက်စီး၍ကုန်ပြီ၊ ရုပ်-နာမ်တွေ ပျက်စီး၍ကုန်ပြီ၊ ရုပ်- နာမ်တွေ ပျက်စီး၍ကုန်ပြီ၊ အမြဲမရှိ အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တ၊

ဤကဲ့သို့ စီးဖြန်း၊ ဤကဲ့သို့ ရှု၊ ဤကဲ့သို့ မြင်အောင်ရှု၊ ကြပ်- ကြပ်- ကြည့်ဖန်များလျှင် အဖြစ်ကိုလွှတ်၍ အပျက်ကို မြင်လာလိမ့်မည်၊ ထင်လာလိမ့်မည်၊ အပျက်ကိုထင်လာသောအခါ ရေပွက်ကလေးတွေ တံလျှပ်တွေလို ခဏခဏ ပျက်နေတာ မြင်ရလိမ့်မည်၊ သည်လို မြင်ရလျှင် ဘင်္ဂညာဏ်ကိုဆိုက်ပြီ၊ မမြင်ရသေးလျှင် မဆိုက်၊ ဝိပဿနာ အလုပ်ဖြုတ်လိုက်သောအခါ ထို ယောဂီပုဂ္ဂိုလ်စိတ်သည် ကျောင်းများ အိမ်များကို မီးလောင်သောအခါ ထုပ် လျှောက်-ဒိုင်းများတို့ ပြုတ်ပြုတ်ကျ၍ ပျက်စီးခြင်းသို့ ရောက်ထာကို မြင်ရသလို ထို့အတူ ဘုံသုံးပါး၌ ရှိရှိသမျှ သတ္တဝါ တော- တောင်- ရေ- မြေ သမုဒ္ဒရာတွေဟာ ဘယ်ဝတ္ထုမျိုးမှ မြဲလိမ့်မည် မထင်နိုင်၊ ပျက်စီး၍နေ တာကိုသာ စိတ်ထဲ ညာဏ်ထဲမှာ ထင်၏၊ အလုပ်ခွင်ကို ဝင်၍ ဝိပဿနာညာဏ်ကို ကောက်လိုက်လျှင် ရေပွက် တွေ တံလျှပ်တွေလို ရုပ် နာမ် တရားတွေ ပျက်၍နေတာ မြင်လိမ့်မည်၊ ဤကဲ့သို့ မြင်အောင် ကြည့်ကြပါကုန်။

(မြစ်ကြီး, ပင်လယ် ရေပြင်ကျယ်ထက် ရေပွက် အများ မြင်သည့်လားသို့ မခြားထို့တူ ရုပ် နာမ်မှုကို ပျက်ယူရှုစား ယောဂီများတို့ ညာဏ်အားထင်ပါ ဤအရာ ကို ဘင်္ဂသဘော မှတ်လေလော။)

(ရေပွက်တွေလိုထင်လျှင် ဘင်္ဂညာဏ်မှတ်။)

(တပေါင်း တံကူး လန္ဒစ်ဦးတွင် အထူးပူပြီး နွေကြီး ခေါင်ကင် သဲသောင်ပြင်ထိပ် ဖိတ်ဖိတ်ထွက်လျံ့ တံလျှပ် အလား မခြားပမာ ရုပ်- နာမ်ဟာကို မြင်စွာရှုစား ယောဂီများတို့ ဉာဏ်အားထင်လာ ဤအရာကို ဘင် သဘော မှတ်လေလော။)

(တံလျှပ်လိုဖြစ်လျှင် ဘင်ဉာဏ်မှတ်။)

## သေမင်းမမြင်တဲ့ဂါထာ

ယထာ ပုပ္ဖုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ပုပ္ဖုဠကံ၊ ရေဥ္စပေါ်လာ ရေပွက်လာကို။ ပဿေယ- ထာ၊ ရှုကြည့်သူအများ မြင်ရသည့်အလားသို့။ မရီစိကံ၊ အခိုးလျှံ့ထွက် တံလျှပ်ကို။ ပဿေ ယထာ၊ ရှုကြည့်သူ အများ မြင်ရသည့် အလားသို့။ ဧဝံ တထာ၊ ထိုနှင့်မခြား ပုံမပြားပဲသာလျှင်။ လောကံ၊ လောကသုံးပါး ရုပ်, နာမ် တရားကို။ အဝေက္ခန္တံ၊ ရှု၍ထင်ထင် ကြည့်ရှု၍မြင်သော သူကို။ မစ္စုရာဇာ၊ နေ့တိုင်းမပြတ် လူကို သတ်သော သေမင်းသည်။ န ပဿတိ၊ လိုက်လံရှာဖွေ မမြင်ရချေ။

ရေပွက်လို- တံလျှပ်လို- ရုပ်- နာမ်ကိုမြင်ရလျှင်
ဘင်ဉာဏ်ဆိုက်ပြီမှတ်။

## ဘင်္ဂညဏ်အကျယ်တဝင့်စီးဖြန်းပုံ

၁။ ရူပက္ခန္ဓာကို အာရုံပြု၍ ဖြစ်သော စိတ်တွေပျက်၍ သွားကုန်ပြီ။

၂။ ဝေဒနာက္ခန္ဓာကို အာရုံပြု၍ ဖြစ်သောစိတ်တွေ ပျက်၍ သွားကုန်ပြီ။

၃။ သညာက္ခန္ဓာကို အာရုံပြု၍ ဖြစ်သော စိတ်တွေ ပျက်၍သွားကုန်ပြီ။

၄။ သင်္ခါရက္ခန္ဓာကို အာရုံပြု၍ ဖြစ်သောစိတ်တွေ ပျက်၍ သွားကုန်ပြီ။

၅။ ဝိညာဏက္ခန္ဓာကို အာရုံပြု၍ ဖြစ်သောစိတ်တွေ ပျက်၍ သွားကုန်ပြီ။

၁။ ရူပက္ခန္ဓာတွေ ပျက်၍ သွားကုန်ပြီ၊ ရူပက္ခန္ဓာကို အာရုံပြု၍ ဖြစ်သောစိတ်တွေ ပျက်၍ သွားကုန်ပြီ။

၂။ ဝေဒနာက္ခန္ဓာတွေ ပျက်၍ သွားကုန်ပြီ၊ ဝေဒနာက္ခန္ဓာကို အာရုံပြု၍ ဖြစ်သောစိတ်တွေ ပျက်၍ သွားကုန်ပြီ။

၃။ သညာက္ခန္ဓာတွေ ပျက်၍ သွားကုန်ပြီ၊ သညာက္ခန္ဓာကို အာရုံပြု၍ ဖြစ်သောစိတ်တွေ ပျက်၍ သွားကုန်ပြီ။

၄။ သင်္ခါရက္ခန္ဓာတွေ ပျက်၍ သွားကုန်ပြီ၊ သင်္ခါ-ရက္ခန္ဓာကို အာရုံပြု၍ဖြစ်သော စိတ်တွေ ပျက်၍ သွားကုန်ပြီ။

၅။ ဝိညာဏက္ခန္ဓာတွေ ပျက်၍ သွားကုန်ပြီ၊ ဝိညာ-ဏက္ခန္ဓာကို အာရုံပြု၍ဖြစ်သော စိတ်တွေပျက်၍ သွားကုန်ပြီ။

(ဘင်္ဂဉာဏ် အကျယ်တဝင့် စီးဖြန်းပုံ ပြီး၏။)

---

## အဇ္ဈတ္တိကာယတန (၆)ပါး ဘင်္ဂဉာဏ် အကျယ်တဝင့် စီးဖြန်းပုံ

၁။ မျက်လုံး အကြည်ကို အာရုံပြု၍ ဖြစ်ပေါ် လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၂။ နားအကြည်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၃။ နှာခေါင်း အကြည်ကို အာရုံပြု၍ ဖြစ်ပေါ် လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၄။ လျှာအကြည်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၅။ ကာယအကြည်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၆။ မနာယတနကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၁။ မျက်လုံးအကြည်တို့သည် ပျက်ကုန်၏၊ မျက်လုံးကို အာရုံပြု၍ ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။
၂။ နားအကြည်တို့သည် ပျက်ကုန်၏၊ နားကို အာရုံပြု၍ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။
၃။ နှာခေါင်း အကြည်တို့သည် ပျက်ကုန်၏၊ နှာခေါင်းကို အာရုံပြု၍ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။
၄။ လျှာတို့သည် ပျက်ကုန်၏၊ လျှာကို အာရုံပြု၍ ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။
၅။ ကိုယ်တို့သည် ပျက်ကုန်၏၊ ကိုယ်ကို အာရုံပြု၍ ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။
၆။ မနာယတနတို့သည် ပျက်ကုန်ပြီ၊ မနာယတနကို အာရုံပြု၍ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။

အဇ္ဈတ္တိကာယတန (၆)ပါး ဘင်ဉာဏ် အကျယ်စီးဖြန်းပုံပြီး၏။

---

## ဗာဟိရာယတန(၆)ပါး ဘင်ဉာဏ် အကျယ်စီးဖြန်းပုံ

၁။ အဆင်းကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။
၂။ အသံကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၃။ အနုံ့ကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၄။ အရသာကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၅။ အတွေ့ကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၆။ တရားကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၁။ အဆင်းတို့သည် ပျက်ကုန်ပြီ၊ အဆင်းကိုအာရုံပြု၍ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။

၂။ အသံတို့သည် ပျက်ကုန်ပြီ၊ အသံကို အာရုံပြု၍ ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။

၃။ အနံ့တို့သည် ပျက်ကုန်ပြီ၊ အနံ့ကို အာရုံပြု၍ ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။

၄။ အရသာတို့သည် ပျက်ကုန်ပြီ၊ အရသာကို အာရုံပြု၍ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။

၅။ အတွေ့တို့သည် ပျက်ကုန်ပြီ၊ အတွေ့ကိုအာရုံပြု ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။

၆။ တရားတို့သည် ပျက်ကုန်ပြီ၊ တရားကိုအာရုံပြု၍ ဖြစ်သောစိတ်တို့သည် ပျက်ကုန်ပြီ။

ဗာဟိရာယတန (၆) ပါး ဘင်္ဂဉာဏ် အကျယ်တဝင့်စီးဖြန်းပုံ ပြီး၏။

## ခေတ် ၁၈-ပါး ဘင်္ဂညာဏ်အကျယ်တဝင့် စီးဖြန်းပုံ

၁။ မျက်လုံးအကြည်ခေတ်ကို မှီ၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၂။ နားအကြည်ခေတ်ကို မှီ၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၃။ နှာခေါင်းအကြည်ခေတ်ကို မှီ၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၄။ လျှာအကြည်ခေတ်ကို မှီ၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၅။ ကာယအကြည်ခေတ်ကို မှီ၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၆။ မနောအကြည်ခေတ်ကို မှီ၍ ဖြစ်ပေါ်လာသော စိတ်တို့သည် ပျက်ကုန်ပြီ။

၇။ အဆင်းခေတ်ကို မှီ၍ ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။

၈။ အသံခေတ်ကို မှီ၍ ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။

၉။ အနံ့ခေတ်ကို မှီ၍ ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။

၁၀။ အရသာဓာတ်ကို မှီ၍ ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။
၁၁။ အတွေ့ဓာတ်ကို မှီ၍ ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။
၁၂။ တရားဓာတ်ကို မှီ၍ဖြစ်သော စိတ်တို့သည် ပျက်ကုန်ပြီ။
၁၃။ မျက်လုံးအသိဓာတ်တို့သည် ပျက်ကုန်ပြီ။
၁၄။ နားအသိဓာတ်တို့သည် ပျက်ကုန်ပြီ။
၁၅။ နှာခေါင်းအသိဓာတ်တို့သည် ပျက်ကုန်ပြီ။
၁၆။ လျှာအသိဓာတ်တို့သည် ပျက်ကုန်ပြီ။
၁၇။ ကိုယ်အသိဓာတ်တို့သည် ပျက်ကုန်ပြီ။
၁၈။ စိတ်အသိဓာတ်တို့သည် ပျက်ကုန်ပြီ။

ဓာတ် ၁၈-ပါး ဘင်္ဂဉာဏ်အကျယ်စီးဖြန်းပုံ ပြီး၏။
(ဘင်္ဂဉာဏ် ပြီး၏)

## ဘယဉာဏ်တက်၍ စီးဖြန်းပုံ

ယခုပျက်စီး၍နေတဲ့ ရုပ်နာမ်တွေသည် ကြောက်စရာကြီးပါတကား။
ပျက်စီး၍နေတဲ့ ရုပ်နာမ်တွေသည် ကြောက်စရာကြီးပါတကား။
ပျက်စီး၍နေတဲ့ ရုပ်နာမ်တွေသည် ထိတ်လန့်စရာကြီးပါတကား။

ရှေးဘဝက ဖြစ်ခဲ့တဲ့ ရုပ်နာမ် တရားတွေသည် ကြောက်စရာကြီးပါတကား။

ရှေးဘဝကဖြစ်ခဲ့တဲ့ ရုပ်နာမ်တွေသည် ကြောက်စရာကြီးပါတကား။

ရှေးဘဝကဖြစ်ခဲ့တဲ့ရုပ်နာမ်တရားတွေသည် ထိတ်လန့်စရာကြီးပါတကား။

နောက်ဘဝဖြစ်မဲ့ ရုပ်နာမ်တွေသည် ကြောက်စရာကြီးပါတကား။

နောက်ဘဝဖြစ်မဲ့ ရုပ်နာမ်တွေသည် ကြောက်စရာကြီးပါတကား။

နောက်ဘဝဖြစ်မဲ့ ရုပ်, နာမ် တွေသည် ထိတ်လန့်စရာကြီးပါတကား။

အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးပါးကို သည်လိုဆင်ခြင်၊ သည်လိုစီးဖြန်း၊ သည်လိုရှု၊ ဤကဲ့သို့ ရှုဖန်များလာလျှင် ရုပ် နာမ် တရားတွေကို တထိတ်ထိတ် တလန့်လန့်ဖြစ်၍ နေလိမ့်မည်၊ အားကိုးစရာမရှိဖြစ်၍ နေလိမ့်မည်၊ မိုးသည်းကြီးလေကြီး ကျသောအခါ မိုးသည်းကြိုးတွေ များစွာထစ်ခြင်း,များစွာပစ်ခြင်းကို ပြုသောအခါ အားလုံးသော သတ္တဝါတွေဟာ တထိတ်ထိတ် တလန့်လန့်ဖြစ်၍ နေကြတာလို ထို့အတူ ဘာယညာဏ်ကိုဆိုက်သော ယောဂီပုဂ္ဂိုလ်၏ စိတ်ဟာ တရားအလုပ်ကို ဖြုတ်လိုက်သောအခါ ဤကဲ့သို့

ဖြစ်၍ နေလိမ့်မည်၊ မကြောက်နှင့်၊ ကြိုးစား၍သာ အားထုတ်၊ မိမိတို့က ဉာဏ်ရေသာ၍လာပြီ၊ မကြောက်နှင့်၊ နောက်မဆုတ်နှင့်၊ တိုး၍သာအားထုတ်လိုက်၊ အလုပ်ခွင်ကိုဝင်၍ ဖြတ်ခနဲ ဝိပဿနာဉာဏ်ကို ကောက်လိုက်ပြန်လျှင် ရုပ် နာမ် တွေကို တထိတ်ထိတ် တလန့်လန့်နှင့် နေလိမ့်မည်၊ သည်လိုနေလျှင် ဘယဉာဏ်ဆိုက်ပြီမှတ်၊ ဤကဲ့သို့ မနေသေးလျှင် မဆိုက်သေး။

## တနည်း ဘယဉာဏ်ရှုပုံ

ဥပါဒ်ကို ဘေးဟုမြင်အောင်ရှု။
ပဝတ္တိကို ဘေးဟုမြင်အောင်ရှု။
နိမိတ်ကို ဘေးဟုမြင်အောင်ရှု။
ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ကံကို ဘေးဟု မြင်အောင်ရှု။
ပဋိသန္ဓေကို ဘေးဟု မြင်အောင်ရှု။
လားရာဂတိကို ဘေးဟု မြင်အောင်ရှု။
ဖြစ်ခြင်းကို ဘေးဟု မြင်အောင်ရှု။
ဇာတိကို ဘေးဟု မြင်အောင်ရှု။
ဗျာဓိကို ဘေးဟု မြင်အောင်ရှု။
မရဏကို ဘေးဟု မြင်အောင်ရှု။
သောကကို ဘေးဟု မြင်အောင်ရှု။

ပရိဒေဝကို ဘေးဟု မြင်အောင်ရှု။

ဥပါယာသကို ဘေးဟု မြင်အောင်ရှု။

သင်္ခါရတို့ ဖြစ်ခြင်းကို ဘေးကြီးတခု မြင်အောင်ရှု။

ပဝတ္တိအခါ၌ သင်္ခါရတို့၏ စပ်ခါ, စပ်ခါ ဖြစ်ခြင်းကို ဘေးကြီးတခု မြင်အောင်ရှု။

သင်္ခါရနိမိတ်ကို ဘေးကြီးတခု မြင်အောင်ရှု။

တဖန် ဘဝသစ်၌ ပဋိသန္ဓေနေခြင်းကို ဘေးကြီးတခု မြင်အောင်ရှု။

ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ကံကို ဘေးကြီးတခု မြင်အောင်ရှု။

နောင်တဖန် ပဋိသန္ဓေ နေရခြင်းကို ဘေးကြီးတခု မြင်အောင်ရှု။

ဖြစ်ရာဌာန ငါးပါးသော ဂတိကို ဘေးကြီးတခု မြင်အောင်ရှု။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းကို ဘေးကြီးတခု မြင်အောင်ရှု။

ဝိပါက်၏ ဖြစ်ခြင်းကို ဘေးကြီးတခုမြင်အောင်ရှု။

ဇာတိကို ဘေးကြီးတခု မြင်အောင်ရှု။

ဇရာကို ဘေးကြီးတခု မြင်အောင်ရှု။
ဗျာဓိကို ဘေးကြီးတခု မြင်အောင်ရှု။
သေခြင်းမရဏကို ဘေးကြီးတခု မြင်အောင်ရှု။
စိုးရိမ်ခြင်းကို ဘေးကြီးတခု မြင်အောင်ရှု။
ငိုကြွေးခြင်းကို ဘေးကြီးတခု မြင်အောင်ရှု။
ပူဆွေးခြင်းကို ဘေးကြီးတခု မြင်အောင်ရှု။

သည်လိုစီးဖြန်းလျှင် မျှားမကြာမီ ဘဝသုံးပါးကို မီးပုံကြီးကဲ့သို့ ထင်လာလိမ့်မည်။

ပထဝီ-အာပေါ-တေဇော-ဝါယော ဟု ဆိုအပ်သော မိမိကိုယ်တွင်ရှိသော ဓာတ်လေးပါး တို့ကိုလည်း ပြင်းပြသော အဆိပ်ရှိသော မြွေ ကြမ်းတမ်းသော အဆိပ်ရှိသော မြွေကဲ့သို့ ထင်၍လာလိမ့်မည်။

ခန္ဓာငါးပါး တရားကိုလည်း သူသတ်ယောကျ်ားကြီးကဲ့သို့ ထင်၍ လာလိမ့်မည်၊ အဇ္ဈတ္တိကာယတနခြောက်ပါးကို ကာလပျက်လို လူတွေ ထွက်ပြေးသော ရွာပျက်ကြီးလို ထင်၍ လာလိမ့်မည်၊ ဗာဟိရာယတနခြောက်ပါးကို ဖျက်တတ်သော ခိုးသူထားပြကဲ့သို့ ထင်လာလိမ့်မည်၊ သည်လို ကြပ်ကြပ် ထင်မြင်လျှင် ဘယဉာဏ်ထင်ပြီမှတ်။

(ဘဝသုံးဖြာ မီးပမာလို ထင်လာရှိငြား ယောဂီ များတို့ ကြိုးစား၍သာ အားထုတ်ရှာမှ ဉာဏ်တွင်ဘယ ထင်မြင်ကြ၏။)

ဘုံသုံးပါးကို မီးပုံကြီးကဲ့သို့ထင်လျှင် ဘယညာဏ်။

(ကိုယ်တွင်ရှိငြား ခါတ်လေးပါးကို ဆိပ်အားပြင်းပြ မြွေဟောက်မျှသို့ ကြောက်စရာထင်လာ ဤအရာကို ဘယ ဉာဏ မှတ်လေကြ။)

ကိုယ်တွင်ရှိသော ဓာတ်လေးပါးကို ပြင်းပြသော မြွေဟောက်ဆိပ်ကဲ့သို့ ထင်လျှင် ဘယညာဏ်။

(ခန္ဓာငါးပါး ရုပ် နာမ် များကို သူသတ်ယောကျ်ား ထောင်မှူးလားသို့ မခြားပမာ ထင်မြင်လာက ဘယညာဏ မှတ်ကုန်ကြ။)

ခန္ဓာငါးပါး သူသတ် ယောကျ်ားကြီးကဲ့သို့ ထင်လျှင် ဘယညာဏ်။

အတိတ်ဖြစ်သော ရုပ်,နာမ်တို့သည် ချုပ်ပျက်ကုန်ပြီ၊ ပစ္စုပ္ပန်၌ ဖြစ်သော ရုပ်,နာမ် သင်္ခါရ တို့သည် ချုပ်၍ နေတုန်း၊ အနာဂတ်ဖြစ်သော ရုပ်,နာမ် တို့သည် ချုပ်လိမ့် မည်၊ ဤကဲ့သို့ ဘုံသုံးပါး၌ ဖြစ်သော ရုပ်,နာမ် တွေကို မီးပုံကြီး မီးပုံစုကဲ့သို့ ထိတ်လန့် ကြောက်ရွံ့ခြင်း ဖြစ် လိမ့်မည်။

အတီတာ သင်္ခါရာ နိရုဒ္ဓါ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ
အနာဂတာ နိရုဇ္ဈိဿန္တိတိ တီရဏမတ္တမေဝ ဟောတိ။

အတီတာ၊ လွန်လေပြီးကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးတန် ရုပ်နှင့် နာမ်တို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျက်ဆုံးပါးခြင်းသို့ ရောက်ကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ယခုပစ္စုပ္ပန် ကာလ၌ ဖြစ်ကုန်သော ခန္ဓာငါးတန် ရုပ်နှင့် နာမ် တို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ပျက်ဆုံးပါးခြင်းသို့ ရောက်နေကုန်၏။ အနာဂတာ၊ မရောက်မီအခါက အနာဂတ်ကာလ၌ ဖြစ်ကုန်သော ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့သည်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ပျက်ဆုံးပါးခြင်းသို့ရောက်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ တီရဏမတ္တမေဝ၊ စုံစမ်းခြင်းမျှသည်လျှင်။ ဟောတိ၊ ဖြစ်၏။

တနည်း ဘယဉာဏ်ရှုပုံ ပြီး၏။

---

## ခန္ဓာငါးပါး-ဘယဉာဏ် အကျယ်တဝင့်စီးဖြန်းပုံ

လွန်လေပြီးသော ရုပ်တို့သည် ပျက်ကုန်ပြီးပြီ။
ခုဘဝဖြစ်သော ရုပ်တို့သည် ချုပ်၍နေတုန်း။
နောက်ဘဝ၌ဖြစ်သော ရုပ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော ဝေဒနာတို့သည် ချုပ်ပြီးပြီ။
ယခုဘဝ၌ဖြစ်သောဝေဒနာတို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ဖြစ်သော ဝေဒနာတို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသောသညာတို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော သညာတို့သည် ချုပ်နေတုန်း။
နောက်ဘဝ၌ ဖြစ်သော သညာတို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော သင်္ခါရတို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော သင်္ခါရတို့သည် ချုပ်နေတုန်း။
နောက်ဘဝ၌ ဖြစ်သော သင်္ခါရတို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော ဝိညာဏ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော ဝိညာဏ်တို့သည် ချုပ်နေတုန်း။
နောက်ဘဝ၌ ဖြစ်သော ဝိညာဏ်တို့သည် ချုပ်ကုန်လတ္တံ့။

ခန္ဓာငါးပါး ဘယညာဏ် အကျယ်တဝင့် စီးဖြန်းပုံ ပြီး၏။

---

## အဇ္ဈတ္တိကာယတန (၆)ပါး ဘယညာဏ် အကျယ်စီးဖြန်းပုံ

လွန်လေပြီးသော စက္ခာယတနတို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော စက္ခာယတနတို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သော စက္ခာယတနတို့သည် ချုပ်ကုန်လတ္တံ့။

လွန်လေပြီးသော သောတာယတနတို့သည် ချုပ်၍ပြီးပြီ။

ယခုဘဝ၌ဖြစ်သော သောတာယတနတို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သော သောတာယတနတို့သည် ချုပ်ကုန်လတ္တံ့။

လွန်လေပြီးသော ဃာနာယတနတို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော ဃာနာယတနတို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သော ဃာနာယတနတို့သည် ချုပ်ကုန်လတ္တံ့။

လွန်လေပြီးသော ဇိဝှါယတနတို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော ဇိဝှါယတနတို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သော ဇိဝှါယတနတို့သည် ချုပ်ကုန်လတ္တံ့။

လွန်လေပြီးသော ကာယာယတနတို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော ကာယာယတနတို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သော ကာယာယတနတို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော မနာယတနတို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော မနာယတနတို့သည်ချုပ်၍နေတုန်း။
နောက်ဘဝ၌ ဖြစ်လတ္တံ့သော မနာယတနတို့သည် ချုပ်ကုန်လတ္တံ့။

အဇ္ဈတ္တိကာယတန (၆) ပါး ဘယညာဏ်
အကျယ်စီးဖြန်းပုံပြီး၏။

---

## ဗာဟိရာယတန (၆) ပါး ဘယညာဏ်အကျယ် စီးဖြန်းပုံ

လွန်လေပြီးသော ရူပါရုံတို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော ရူပါရုံတို့သည် ချုပ်၍နေတုန်း။
နောက်ဘဝ၌ ဖြစ်လတ္တံ့သော ရူပါရုံတို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော သဒ္ဒါရုံတို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော သဒ္ဒါရုံတို့သည် ချုပ်၍နေတုန်း။
နောက်ဘဝ၌ ဖြစ်လတ္တံ့သော သဒ္ဒါရုံတို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော ဂန္ဓာရုံတို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော ဂန္ဓာရုံတို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သော ဂန္ဓာရုံတို့သည် ချုပ်ကုန်လတ္တံ့။

လွန်လေပြီးသော ရသာရုံတို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော ရသာရုံတို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သော ရသာရုံတို့သည် ချုပ်ကုန်လတ္တံ့။

လွန်လေပြီးသော ဖောဋ္ဌဗ္ဗာရုံတို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံတို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သော ဖောဋ္ဌဗ္ဗာရုံတို့သည် ချုပ်ကုန်လတ္တံ့။

လွန်လေပြီးသော ဓမ္မာရုံတို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော ဓမ္မာရုံတို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သော ဓမ္မာရုံတို့သည် ချုပ်ကုန်လတ္တံ့။

ဗာဟိရာယတန (၆)ပါး ဘယညာဏ်စီးဖြန်းပုံ ပြီး၏။

[ပေါင်း အာယတန (၁၂)ပါး-ဘယညာဏ်စီးဖြန်းပုံ ပြီး၏]

---

**ဓာတ် ၁၈-ပါး ဘယညာဏ်အကျယ်စီးဖြန်းပုံ**

လွန်လေပြီးသော စက္ခုဓာတ်တို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော စက္ခုဓာတ်တို့သည် ချုပ်နေတုန်း။

နောက်ဖြစ်လတ္တံ့သော စက္ခုဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော သောတဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော သောတဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော သောတဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော ဃာနဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ ဖြစ်သော ဃာနဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော ဃာနဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော ဇိဝှါဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော ဇိဝှါဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော ဇိဝှါဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော ကာယဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ ဖြစ်သော ကာယဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သောကာယဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော စိတ်ဓာတ်တို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော စိတ်ဓာတ်တို့သည် ချုပ်နေတုန်း။
နောက်ဘဝ၌ဖြစ်လတ္တံ့သော စိတ်ဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော ရုပ်ဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော ရုပ်ဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော ရုပ်ဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော အသံဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော အသံဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော အသံဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော အနံ့ဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော အနံ့ဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော အနံ့ဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော ရသာဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ ဖြစ်သော ရသာဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော ရသာဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော အတွေ့ဓာတ်တို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ ဖြစ်သော အတွေ့ဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော အတွေ့ဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော ဓမ္မဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော ဓမ္မဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော ဓမ္မဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော မျက်လုံးအသိဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော မျက်လုံးအသိဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော မျက်လုံး အသိဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော နားအသိဓာတ်တို့သည် ချုပ်ပြီးပြီ။
ခုဘဝ၌ဖြစ်သော နားအသိဓာတ်တို့သည် ချုပ်၍နေတုန်း။
နောက်ဖြစ်လတ္တံ့သော နားအသိဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။
လွန်လေပြီးသော နှာခေါင်းအသိဓာတ်တို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော နှာခေါင်းအသိဓာတ်တို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သော နှာခေါင်းအသိဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။

လွန်လေပြီးသော လျှာအသိဓာတ်တို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော လျှာအသိဓာတ်တို့သည် ချုပ်၍နေတုန်း။

နောက်ဖြစ်လတ္တံ့သော လျှာအသိဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။

လွန်လေပြီးသော ကိုယ်အသိဓာတ်တို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော ကိုယ် အသိဓာတ်တို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ ဖြစ်လတ္တံ့သောကိုယ် အသိဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။

လွန်လေပြီးသော စိတ်ဓာတ်တို့သည် ချုပ်ပြီးပြီ။

ခုဘဝ၌ဖြစ်သော စိတ်ဓာတ်တို့သည် ချုပ်၍နေတုန်း။

နောက်ဘဝ၌ဖြစ်သော စိတ်ဓာတ်တို့သည် ချုပ်ကုန်လတ္တံ့။

ဓာတ် (၁၈) ပါး-ဘယဉာဏ်အကျယ်

စီးဖြန်းပုံ ပြီး၏

## အာဒိနဝဉာဏ်ကိုတက်၍စီးဖြန်းပုံ

အာဒီနဝဉာဏ်ကို တက်၍ စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ အနည်းငယ် အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်ပါ၊ အားထုတ်၍ စိတ်တည်ကြည် လာသောအခါ မိမိ ထင်မြင်ပြီးသော ရုပ်,နာမ် နှစ်ပါးကို အာရုံပြုလျက် ပျက်စီး၍နေသော ရုပ်နာမ်တို့သည် အပြစ်ကြီးစွတကား၊ ဘယ်သူမှ ဆီးတား၍ မရနိုင်ပါတကား၊ မတတ်နိုင်ပါတကား။

ပျက်စီး၍နေသော ရုပ်,နာမ်တို့သည် အပြစ်ကြီးစွတကား၊ ဘယ်သူမျိုးမှ မဆီးတား နိုင်ပါတကား၊ မတတ်နိုင်ပါတကား၊ ပျက်စီး၍နေသော ရုပ်,နာမ်တို့သည် အပြစ်ကြီးစွ တကား၊ ဘယ်သူမျိုးမှ မဆီးတားနိုင်ပါတကား၊ မတတ်နိုင်ပါတကား။

သည်လိုစီးဖြန်း၊ မကြာခင် ထိုရုပ်,နာမ်တို့၏ အပြစ်ဒေါသတွေကို မြင်နိုင်ထင်နိုင်သော ဉာဏ်ပေါက်၍လာလိမ့်မည်၊ အလုပ်ကို ဖြုတ်လိုက်သောအခါ ယောဂီပုဂ္ဂိုလ်စိတ်ဟာ သည်ကိုယ်ကြီးကို ကျွေးမွေးရတဲ့ အပြစ်ဒေါသတွေကို မြင်၍ နေလိမ့်မည်၊ မသဒ္ဓါနိုင်ပဲ ဖြစ်၍နေလိမ့်မည်၊ ထိုဉာဏ် မရောက်ခင်, မရခင်တုန်းကတော့ သည်ခန္ဓာကိုယ်ကြီးကို ကျွေးရ, မွေးရ, ရေချိုးရ, အဝတ်

တန်ဆာ ဒွါဒယာတို့ဖြင့် ဆင်ရ, ပြင်ရတာကို အပြစ် မမြင်နိုင်၊ ယခု သည်ဉာဏ်ကိုရတော့ သည်ဉာဏ်ကို ရသည့် နေ့ကစ၍ ကျွေးရ, မွေးရ, ရေချိုးရ, အဝတ်တန်ဆာ ဒွါဒယာတို့ဖြင့် ဆင်ရ, ပြင်ရတာတွေကို အပြစ်ကြီးမြင်၍ နေလိမ့်မည်။

သည်ဉာဏ်ကို မရခင်က ခန္ဓာကိုယ်ကြီး၏အပြစ် မမြင်၊ သည်ဉာဏ်ကိုရခါမှ ခန္ဓာကိုယ်ကြီးကို အပြစ်မြင်ခြင်းသည် ကိုယ်ကြီးနှင့် ယောဂီများ မတွဲဟန်ရှိကြသည်။

ဥပမာ ဘာနှင့် အလားတူပါသလဲလို့ ဆိုလျှင်——

တယောက်နှင့် တယောက် ချစ်ကျွမ်း ဝင်နေသော အဆွေခင်ပွန်း နှစ်ယောက်တို့သည် ချစ်ကျွမ်းဝင်၍ နေကြသောအခါ အပြစ်ပင်ရှိငြားသော်လည်း တယောက်၏အပြစ်ကို တယောက် မမြင်နိုင်ကြချေ၊ ထိုသူနှစ်ယောက်တို့ မသင့် မတင့် ရှိကြသောအခါ တယောက်၏ အပြစ်ကို တယောက် မြင်ကြတာလို ဘယ်လိုပင်ကောင်းအောင် ပြုငြားသော်လည်း ဘယ်တော့မှ အကောင်းမထင်တာလို ထို့အတူ ထိုဉာဏ်ကို ရသည့်နေ့ကစ၍ ဤခန္ဓာကိုယ်ကြီးကို အပြစ်မြင်၍ နေတော့တာပဲ။

အလုပ်ခွင်ကို ဝင်၍ ဖြတ်ခနဲ ဝိပဿနာဉာဏ်ကို ကောက်လိုက်သောအခါ ရုပ်,နာမ်တရားတွေ၏ အပြစ်

ကိုသာ မြင်၍နေ၏၊ ထိုရုပ်,နာမ်တရားတွေကို မရှုစိမ့်နိုင်အောင် ဖြစ်တတ်သည်။

သည်လိုဖြစ်လျှင် အာဒီနဝဉာဏ် ဆိုက်ပြီ။
မချစ်လျှင်အပြစ်၊ ချစ်လျှင်အနှစ် ဆိုတဲ့စကားသည် အလွန်မှန်၏။

---

## တနည်း အာဒီနဝဉာဏ်ရှုပုံ

သင်္ခါရတို့၏ဖြစ်ခြင်းကို အပြစ်ကြီးတခု မြင်အောင်ရှု။

ပဝတ္တိအခါ၌ သင်္ခါရတို့၏ စပ်ခါစပ်ခါ ဖြစ်ခြင်းကို အပြစ်ကြီးတခု မြင်အောင်ရှု။

သင်္ခါရနိမိတ်ကို အပြစ်ကြီးတခု မြင်အောင်ရှု။

တဖန် ဘဝသစ်၌ ပဋိသန္ဓေနေရခြင်းကို အပြစ်ကြီးတခု မြင်အောင်ရှု။

ပဋိသန္ဓေ၏ အကြောင်းကံကို အပြစ်ကြီးတခု မြင်အောင်ရှု။

ဖြစ်ရာ၌ ငါးပါးသော ဂတိကို အပြစ်ကြီးတခု မြင်အောင်ရှု။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းကို အပြစ်ကြီးတခု မြင်အောင်ရှု။

ဝိပါက်၏ ဖြစ်ခြင်းကို အပြစ်ကြီးတခု မြင်အောင်ရှု။

ဇာတိကို အပြစ်ကြီးတခု မြင်အောင်ရှု။

ဗျာဓိကို အပြစ်ကြီးတခု မြင်အောင်ရှု။

သေခြင်း မရဏကို အပြစ်ကြီးတခု မြင်အောင်ရှု။
စိုးရိမ်ခြင်းကို အပြစ်ကြီးတခု မြင်အောင်ရှု။
ငိုကြွေးခြင်းကို အပြစ်ကြီးတခု မြင်အောင်ရှု။
ပူဆွေးခြင်းကို အပြစ်ကြီးတခု မြင်အောင်ရှု။

သည်လိုစီးဖြန်းလျှင် မျှားမကြာမီ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေရဲ့ အပြစ်တွေကိုမြင်၍ လာလိမ့်မည်။

မိမိနှင့် မသင့်မတင့်ရှိတဲ့သူကို အပြစ်မြင်၍ နေတာလို ထို့အတူ ခန္ဓာငါးပါး ရုပ်,နာမ်, တရားတွေကို အပြစ်မြင်၍ နေလိမ့်မည်။

---

## အာဒီနဝဂါထာ

ဥပ္ပါဒဥ္စ ပဝတ္တဥ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒီနဝေ ဣဒံ။

## အာဒီနဝဂါထာအနက်

ဥပ္ပါဒဥ္စ၊ သင်္ခါရဖြစ်ခြင်းကိုငင်း။ ပဝတ္တဥ္စ၊ လူ့ပြည့်, နတ်ရွာ ရောက်သောအခါ၌ သင်္ခါရတို့ စပ်ခါ စပ်ခါ ဖြစ်ခြင်းကိုငင်း။ နိမိတ္တဥ္စ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့၏ အရိပ်နိမိတ်ကိုငင်း။ အာယူဟနံ၊ ပဋိသန္ဓေ၏ အကြောင်း ဖြစ်သော ကံကိုငင်း။ ပဋိသန္ဓိံ၊ နောင်တဖန် ပဋိသန္ဓေ တည်နေခြင်းကိုငင်း။ ဒုက္ခန္တိ၊ ဖြစ်ဖြစ်သမျှ ဝဋ်ဒုက္ခကြီး ဟူ၍။ ပဿတိ၊ ဝိပဿနာလက်ရှိ ဉာဏ်မျက်စိဖြင့် ရှု၏။

ဣဒံ ဉာဏံ၊ ဤသို့ ခန္ဓာငါးပါးအကြောင်း ရှိသော ဉာဏ်ကို။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဖြစ်သော အပြစ်ဒေါသကိုမြင်သော ဉာဏ်ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၁။ သင်္ခါရတို့ဖြစ်ခြင်းကို အပြစ်မြင်ခြင်း တပါး။

၂။ သင်္ခါရတို့ စပ်ခါစပ်ခါ ဖြစ်ခြင်းကို အပြစ်မြင်ခြင်း တပါး။

၃။ ခန္ဓာငါးပါးတို့၏ အရိပ်နိမိတ်ကို အပြစ်မြင်ခြင်း တပါး။

၄။ ကံကို အပြစ်မြင်ခြင်း တပါး။

၅။ နောင်တဖန် ပဋိသန္ဓေတည်နေရမည်ကို အပြစ်မြင်ခြင်း တပါး။

ဤအပြစ်ဒေါသ ငါးပါးမြင်သောဉာဏ်ကို အာဒီနဝဉာဏ် ခေါ်သည်။

## သန္တိပဒဂါထာ

အနုပ္ပါဒံ အပ္ပဝတ္တံ၊ အနိမိတ္တံ သုခန္တိ စ။
အနာယူဟနံ အပ္ပဋိသန္ဓိံ၊ ဉာဏံ သန္တိပဒေ ဣဒံ။

## သန္တိပဒဂါထာအနက်

အနုပ္ပါဒံ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့ မရှိသော မြို့နိဗ္ဗာန်ကိုရင်း။ အပ္ပဝတ္တံ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့ စပ်ခါစပ်ခါ တချာချာနှင့် ဖြစ်ခြင်းမရှိသော မြို့နိဗ္ဗာန်ကိုရင်း။ အနိမိတ္တံ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့၏ အရိပ်

နိမိတ်ကင်းသော နိဗ္ဗာန်ကိုရင်း။ အနာဃူဟာနံ၊ ကာံနှစ်ပါး တို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ကိုရင်း။ အပ္ပဋိသန္ဓိံ၊ ပဋိသန္ဓေ တဖန် တည်နေခြင်းကင်းသော နိဗ္ဗာန်ကိုရင်း။ သုခန္တိ၊ ချမ်းသာသုခ မြေသော ဓာတ်သဘာဝဟူ၍။ ပဿတိ၊ ရှုအပ်၏။ သန္တိပဒေ၊ သင်္ခါရတို့၏ ငြိမ်းရာအမှန် မြို့နိဗ္ဗာန်၌။ နိန္နာဒိဘာဝေန၊ ညွတ်ခြင်းစသည်အဖြစ်ဖြင့်။ ဌိတံ၊ တည်သော။ ဣဒံ ဉာဏံ၊ ဤငါးပါးသော ဝတ္ထုရှိ သော ဉာဏ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၁။ ခန္ဓာငါးပါးမရှိသော နိဗ္ဗာန်။

၂။ ခန္ဓာငါးပါးတွေ့ စပ်ခါစပ်ခါ မဖြစ်သော နိဗ္ဗာန်။

၃။ ခန္ဓာငါးပါး အရိပ်နိမိတ် ကင်းသော နိဗ္ဗာန်။

၄။ ပဋိသန္ဓေ ယူခြင်း၏ အကြောင်းကံ ကုန်သော နိဗ္ဗာန်။

၅။ သန္ဓေတည်ခြင်း ကင်းသော နိဗ္ဗာန်။

ဤငါးပါးကိုသိသောဉာဏ်ကို သန္တိပဒဉာဏ်ဟု ခေါ်သည်။

---

## အာဒီနဝဉာဏ်သန္တိပဒဉာဏ်နှစ်ပါးခြားနားပုံ

ဣတိ အာဒီနဝေ ဉာဏံ၊ ပဉ္စဋ္ဌာနေသု ဇာယတိ။
ပဉ္စဋ္ဌာနေ သန္တိပဒေ၊ ဒသ ဉာဏေ ပဇာနာတိ။
ဒွိသုယေဝ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတိ။

အာဒီနဝေ၊ အပြစ်ဒေါသ၌။ ဉာဏံ၊ သိသောဉာဏ် သည်။ ပဉ္စဋ္ဌာနေသု၊ ငါးပါးသောအရာဌာနတို့၌။ ဇာ-

ယတိ၊ ဖြစ်၏။ သန္တိပဒေ၊ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာနိဗ္ဗာန်၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ပဥ္စဒွါနေသု၊ ငါးပါးသောအရာဌာနတို့၌။ ဇာယတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒသ ဉာဏေ၊ ဆယ်ပါးသောဉာဏ်တို့ကို။ ပဇာနာတိ၊ သိ၏။ ဒွိသုယေဝ၊ အာဒီနဝဉာဏ်, သန္တိပဒဉာဏ် နှစ်ပါးတို့၌သာ။ ကုသလတာ-ကုသလတာယ၊ လိမ္မာသည့် အဖြစ်ကြောင့်။ နာနာဒိဋ္ဌိသု၊ အထူးထူးသော ဒိဋ္ဌိတို့ ကြောင့်။ န ကမ္ပတိ၊ မတုန်မလှုပ်။

အာဒီနဝဉာဏ် သန္တိပဒဉာဏ် နှစ်ပါးကို ခြားနား၍ မှတ်။

---

## အာဒီနဝဉာဏ် (၁၀)ပါးသောဘေး စီးဖြန်းပုံ

၁။ ရုပ်,နာမ်တွေ ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ပျက်၍ နေခြင်းကြောင့် ဘေးရန်ကြီးပါတကား။

၂။ ရုပ်,နာမ်တွေ အသက်ကုန်ဆုံးခြင်းကြောင့် ဘေးရန် ကြီးပါတကား။

၃။ ရုပ်,နာမ်တွေ ပဋိသန္ဓေ အဖန်ဖန်နေခြင်းကြောင့် ဘေးရန်ကြီးပါတကား။

၄။ ရုပ်, နာမ်တွေ ဘဝတပါးသို့ လားရခြင်းကြောင့် ဘေးရန် ကြီးပါတကား။

၅။ ရုပ်,နာမ်တွေ အဖန်ဖန် အိုရခြင်းကြောင့် ဘေး ရန် ကြီးပါတကား။

၆။ ရုပ်,နာမ်တွေ အဖန်ဖန် နာရခြင်းကြောင့် ဘေးရန် ကြီးပါတကား။

၇။ ရုပ်,နာမ်တွေ သေရခြင်းကြောင့် ဘေးရန်ကြီးပါတကား။

၈။ ရုပ်,နာမ်တွေ စိုးရိမ်ရခြင်းကြောင့် ဘေးရန်ကြီးပါတကား။

၉။ ရုပ်,နာမ်တွေ ငိုကြွေးရခြင်းကြောင့် ဘေးရန်ကြီးပါတကား။

၁၀။ ရုပ်,နာမ်တွေ နောင်တဖန် ပူပန်ရခြင်းကြောင့် ဘေးရန် ကြီးပါတကား။

အာဒီနဝဉာဏ်ကို ထင်လွယ် မြင်လွယ်အောင်
ယခု ပြဆိုသည့်အတိုင်း ရှုရမည်။

ဤကဲ့သို့ ရှု၍ အဟုတ်အဟတ် ဉာဏ်အမြင်ပေါက်ခဲ့လျှင် နောက်ဘဝ၌ တဖန် မဖြစ်ပါက ချမ်းသာ၏ဟု ထင်နိုင်မြင်နိုင်သော သန္တိပဒဉာဏ် ပေါ်လာတတ်သည်။

---

## အာဒီနဝဉာဏ် မီး (၁၁)ပါး စီးဖြန်းပုံ

၁။ ရုပ်,နာမ်အတွက် တပ်နှစ်သက်သော မီးတွေ ဖြစ်ပေါ်လာ၏။

၂။ ရုပ်,နာမ်အတွက် အမျက်ထွက်သော မီးတွေ ဖြစ်ပေါ်လာ၏။

၃။ ရုပ်,နာမ်အတွက် ဖုံးလွှမ်းသော မီးတွေ ဖြစ်ပေါ်လာ၏။

၄။ ရုပ်, နာမ်အတွက် ပဋိသန္ဓေနေရသော မီးတွေ ဖြစ်ပေါ်လာ၏။

၅။ ရုပ်,နာမ်အတွက် အိုရသော မီးတွေ ဖြစ်ပေါ်လာ၏။

၆။ ရုပ်,နာမ်အတွက် သေရသော မီးတွေ ဖြစ်ပေါ်လာ၏။

၇။ ရုပ်,နာမ်အတွက် စိုးရိမ်ရသော မီးတွေ ဖြစ်ပေါ်လာ၏။

၈။ ရုပ်, နာမ်အတွက် ငိုကြွေးရသော မီးတွေ ဖြစ်ပေါ်လာ၏။

၉။ ရုပ်,နာမ်အတွက် ဆင်းရဲရသော မီးတွေ ဖြစ်ပေါ်လာ၏။

၁၀။ ရုပ်,နာမ်အတွက် စိတ်နှလုံးမသက်သာသော မီးတွေ ဖြစ်ပေါ်လာ၏။

၁၁။ ရုပ်,နာမ်အတွက် သက်ကြီးရှိုက်ငင် ပင်ပန်းရသော မီးတွေ ဖြစ်ပေါ်လာ၏။

အာဒိနဝဉာဏ် မီး (၁၁)ပါး စီးဖြန်းပုံ ပြီး၏။

(အာဒိနဝဉာဏ် ပြီး၏)

## နိဗ္ဗိန္ဒဉာဏ်ကို တက်၍ စီးဖြန်းပုံ

နိဗ္ဗိန္ဒဉာဏ်ကို တက်၍ စီးဖြန်းလိုတဲ့ ယောဂီပုဂ္ဂိုလ်သူတော်ကောင်းသည် အာနာပါနကမ္မဋ္ဌာန်းကို အနည်းငယ်မျှ သုံးသပ်၍ သမာဓိတည်ကြည်သောအခါ ရုပ်,နာမ်တရားနှစ်ပါးကို အာရုံပြု၍ ပျက်စီးနေသော ရုပ်,နာမ်တို့သည် စိတ်ပျက်စရာ ကောင်းလေစွ၊ ငြီးငွေ့စရာ ကောင်းလေစွတကား၊ ပျက်စီး၍နေသော ရုပ်,နာမ်တို့သည် စိတ်ပျက်စရာ ကောင်းလေစွ၊ ငြီးငွေ့စရာ ကောင်းလေစွတကား၊ ပျက်စီး၍နေသော ရုပ်,နာမ်တို့သည် စိတ်ပျက်စရာ ကောင်းလေစွတကား၊ ငြီးငွေ့စရာ ကောင်းလေစွတကား၊ သည်ကဲ့သို့စီးဖြန်း၊ ပဋိသန္ဓေစိတ်မှစ၍ စုတိစိတ်တိုင်အောင် ရုပ်,နာမ်တို့သည် မျက်စိတမှိတ် လျှပ်တပြက်မျှမရပ်မဆိုင်း ဒိုင်း,ဒိုင်းပြေး ပျက်စီး၍ နေသောကြောင့် ရုပ် နာမ် တို့သည် စိတ်ပျက်စရာ ကောင်းလေစွတကား၊ ငြီးငွေ့စရာ ကောင်းလေစွတကား၊ သည်လို ကြပ်ကြပ်ကြည့်ရှု၊ မျှားမကြာမီ နိဗ္ဗိန္ဒဉာဏ် ပေါ်ပေါက်၍ လာလိမ့်မည်။

နိဗ္ဗိန္ဒဉာဏ်ပေါ်ပေါက်၍လာလျှင် ရုပ်,နာမ် နှစ်ပါးကိုကြည့်၍နေရတာ ကြည့်၍မကောင်း၊ သွေ့ခြောက်ခြောက်ကြီး ဖြစ်၍ နေတတ်သည်၊ ခြောက်တောက်တောက်ကြီးဖြစ်နေတတ်သည်၊ ပင့်သက်ကြီးမျှားလဲ ရှူ၍နေတတ်သည်၊

ဟိန်းချလို့လဲ နေတတ်သည်၊ ကိုယ့်ကိုယ်ကိုလဲပဲ တောင်တောင် မြောက်မြောက် ထင်တတ်သည်၊ ပျင်းမုန်းကြီးလဲပဲ ဖြစ်တတ်သည်၊ ငိုခြင်း, ရီခြင်း ဖြစ်တတ်သည်၊ မျက်ရည်များလဲ ကျတတ်သည်၊ လူတောထဲမှာ မနေချင်ပဲ ဖြစ်တတ်သည်။ သည်လိုဖြစ်လျှင် နိဗ္ဗိန္ဒဉာဏ်စခန်းကို ဆိုက်ပြီမှတ်။

---

## နိဗ္ဗိန္ဒဂါထာ

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးတန် ရုပ်,နှင့်နာမ်တို့သည်။ အနိစ္စာ၊ ခဏမစဲ အမြဲပဲ ပျက်၍နေကြကုန်၏။ ဣတိ၊ ဤသို့အမှန် ဖြစ်ပျက်ဟန်ကို။ ယဒါ၊ အကြင် ဝိပဿနာအလုပ် အားအင်ထုတ်သောအခါ၌။ ယော၊ အကြင် နေ့ညဉ့်ကြိုးကုတ် တရားကိုအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ပညာယ၊ဝိပဿနာလက်ရှိ ပညာမျက်စိဖြင့်။ ပဿတိ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့ ဖန်ဖန်ဖြစ်ပျက် အနိစ္စအချက်ကို မြင်၏။ အထ၊ ထိုသို့ ခန္ဓာငါးတန် ရုပ်,နှင့်နာမ်တို့ ဖန်ဖန်ဖြစ်ပျက် အနိစ္စအချက်ကို မြင်သည်ရှိသော်။ သော၊ ထို နေ့ညဉ့်ကြိုးကုတ် တရားကို အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည်။ ဒုက္ခေ၊

ခန္ဓာငါးတန် ရုပ်နှင့် နာမ်တို့ ဖန်ဖန်ဖြစ်ရ ဝဋ္ဋဒုက္ခ၏။ နိဗ္ဗိန္ဒတိ၊ တောင်ထိုင် မြောက်ထိုင် တမှိုင်မှိုင်နှင့် မခိုင် မတည် မကြည်မသာ ငြီးငွေ့ရှာ၏။ သော ယောဂီ နိဗ္ဗိန္ဒော၊ ဤသို့ တောင်ထိုင် မြောက်ထိုင် တမှိုင်မှိုင်နှင့် မခိုင် မတည် မကြည်မသာ ငြီးငွေ့ရှာသော ယောဂီ ပုဂ္ဂိုလ်သည်။ ဝိသုဒ္ဓိယာ၊ သန့်သန့်ရှင်းရှင်း နိဗ္ဗာန်မြို့ကြီးကို သွားခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်လမ်းဟောင်း ခရီးကောင်းပေတည်း။

## နိဗ္ဗိန္ဒဂါထာ

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(အနက် နောက်က ပြခဲ့ပြီ။)

## နိဗ္ဗိန္ဒဂါထာ

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(အနက် နောက်က ပြခဲ့ပြီ။)

## နိဗ္ဗိန္ဒဉာဏ်ကိုဥပမာများဖြင့်ပြပုံ

နိဗ္ဗိန္ဒဉာဏ်ကို ရောက်၍ နေသော ယောဂီပုဂ္ဂိုလ်များတို့၏ စိတ်သည် ရွှေဟင်္သာမင်းနှင့် ပမာတူ၏။

အနောတတ်အိုင်၏ အနောက်ဖက်မျက်နှာ စိတ္တကူဋ တောင်ခြေရင်း၌ မွေ့လျော်နေသော ရွှေဟင်္သာမင်းသည် မသန့်ရှင်းသော ဒွန်းစဏ္ဍားရွာတံခါးအနီးရှိ အိုင်ငယ်၌ ပျော်ရွှင်မြူးထူးမွေ့လျော်ခြင်းကို မပြုနိုင်၊ အိုင်ကြီးခုနစ် အိုင်တို့၌သာလျှင် မွေ့လျော်ပျော်ပါးခြင်းကို ပြုနိုင်သကဲ့သို့ ထိုအတူ ရွှေဟင်္သာမင်းကြီးနှင့် တူသော ယောဂီပုဂ္ဂိုလ်သည် ဒွန်းစဏ္ဍာရွာအနီး၌ရှိသော အိုင်ငယ်နှင့်တူသော စိန် ကျောက် ရတနာ ရွှေ ငွေ ဘဏ္ဍာ တိုက်တာ အိမ်ကျောင်း ရှိရှိသမျှသော တေဘူမက သင်္ခါရ တရားအပေါင်းတို့၌ ပျော်ရွှင်မြူးထူး မွေ့လျော်ခြင်းကို မပြုနိုင်၊ သုံးပါးသော အနုပဿနာတို့၌သာ မွေ့လျော် ပျော်ပါးခြင်းကို ပြုနိုင်၏။

နိဗ္ဗိန္ဒဉာဏ်စခန်းရောက်တဲ့ ယောဂီပုဂ္ဂိုလ်များစိတ်ဟာ ရွှေ, ငွေ, ဆင်, မြင်း, ကျွဲ, နွား, ကျေးကျွန်, သား, သမီး, ခြေရံ, သင်းပင်းများနှင့် မမွေ့လျော်နိုင်၊ လူ့ပြည်မှာ, နတ်ပြည်မှာ, ဗြဟ္မာ့ပြည်မှာလဲပဲ မမွေ့လျော်နိုင်၊ သည်လို ဖြစ်တတ်သည်။

နိဗ္ဗိန္ဒဉာဏ်ရောက်တဲ့ ယောဂီပုဂ္ဂိုလ်များဟာ ရွှေချိုင့်ထဲမှာ လှောင်၍ထားသော ခြင်္သေ့မင်းနှင့်တူ၏၊ ရွှေချိုင့်ထဲမှာ လှောင်၍ထားသော ခြင်္သေ့မင်းသည် ထိုရွှေချိုင့်သည် ဘယ်လောက်ပင် အဖိုးအနဂ္ဃ ထိုက်တန်သော်လဲ

ရွှေချိုင့်ထဲမှာ မမွှေ့လျော်နိုင်၊ ယူဇနာသုံးထောင် အပြော ကျယ်သော ဟိမဝန္တာတောင်၌သာလျှင် မွှေ့လျော်နိုင် တာလို ထို့အတူ နိဗ္ဗိန္ဒဉာဏ်ကို ရောက်၍နေသော ကေသရာဇာ ခြင်္သေ့မင်းနှင့်တူသော ယောဂီပုဂ္ဂိုလ်သည် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ဟု ဆိုအပ်သော ဘုံသုံးပါး၌ မမွေ့လျော်နိုင်၊ သုံးပါးသော အနုပဿနာတို့၌သာလျှင် မွေ့လျော်နိုင်၏။

နိဗ္ဗိန္ဒဉာဏ်သို့ ရောက်နေသော ယောဂီပုဂ္ဂိုလ်သည် ဆဒ္ဒန်ဆင်မင်းနှင့်တူ၏၊ ဆဒ္ဒန်ဆင်မင်းသည် ဘယ်လိုပင် တင့်တင့် တယ်တယ် မြို့လယ်မှာ ထားငြားသော်လည်း မမွေ့လျော် မပျော်ပါးနိုင်၊ ဟိမဝန္တာတော ဆဒ္ဒန်အိုင်၌ သာလျှင် ပျော်ပါးနိုင်၏၊ ထို့အတူ နိဗ္ဗိန္ဒဉာဏ်သို့ရောက်နေ သော ဆဒ္ဒန်ဆင်မင်းနှင့်တူသော ယောဂီပုဂ္ဂိုလ် သူတော် ကောင်းသည် ဘယ်လိုပင် တင့်တင့်တယ်တယ်၊ ဖွယ်ဖွယ် ရာရာ မြို့ထဲမှာ နေရငြားသော်လဲ မမွေ့လျော်နိုင်၊ ဆူဆူ ပူပူ အပေါင်း အဖော်တို့နှင့် မမွေ့လျော်နိုင်။

---

## နိဗ္ဗိန္ဒဉာဏ်အကျယ်တဝင့်စီးဖြန်းပုံ

ရူပက္ခန္ဓာတို့သည် ဖရိုဖရဲ ကြွဲ၍နေကုန်၏ တကား။
ဝေဒနာက္ခန္ဓာတို့သည် ဖရိုဖရဲကြွဲ၍နေကုန်၏ တကား။
သညာက္ခန္ဓာတို့သည် ဖရိုဖရဲ ကြွဲ၍နေကုန်၏ တကား။

သင်္ခါရက္ခန္ဓာတို့သည် ဖရိုဖရဲ ကြဲ၍နေကုန်၏ တကား။
ဝိညာဏက္ခန္ဓာတို့သည် ဖရိုဖရဲကြဲ၍နေကုန်၏တကား။
ရူပက္ခန္ဓာတို့သည် ရှိန်ရှိန်ပူ၍နေကုန်၏ တကား။
ဝေဒနာက္ခန္ဓာတို့သည် ရှိန်ရှိန်ပူ၍နေကုန်၏ တကား။
သညာက္ခန္ဓာတို့သည် ရှိန်ရှိန်ပူ၍နေကုန်၏ တကား။
သင်္ခါရက္ခန္ဓာတို့သည် ရှိန်ရှိန်ပူ၍နေကုန်၏ တကား။
ဝိညာဏက္ခန္ဓာတို့သည် ရှိန်ရှိန်ပူ၍နေကုန်၏ တကား။

တခဏ်းပြီး၏။

ရူပက္ခန္ဓာတို့သည် များစွာတောက်လောင်၍ နေကုန်၏ တကား။

ဝေဒနာက္ခန္ဓာတို့သည် များစွာ တောက်လောင်၍ နေကုန်၏ တကား။

သညာက္ခန္ဓာတို့သည် များစွာ တောက်လောင်၍ နေကုန်၏ တကား။

သင်္ခါရက္ခန္ဓာတို့သည် များစွာ တောက်လောင်၍ နေကုန်၏ တကား။

ဝိညာဏက္ခန္ဓာတို့သည် များစွာ တောက်လောင်၍ နေကုန်၏ တကား။

နိဗ္ဗိန္ဒညာဏ် အကျယ်စီးဖြန်းပုံ ပြီး၏။

နိဗ္ဗိန္ဒညာဏ်တခဏ်း ပြီး၏။

## မုဒ္ဒိတုကမ္မဋ္ဌာနကို တက်၍စီးဖြန်းပုံ

မုဒ္ဒိတုကမ္မဋ္ဌာန်ကို တက်၍စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ အာနာပါနကမ္မဋ္ဌာန်းကို အနည်းငယ်မျှ အားထုတ်၍ စိတ်တည်ကြည်သောအခါ ယခုပျက်စီး၍နေသော ရုပ်,နာမ်နှစ်ပါးက ဘယ်တော့ခါမှ လွတ်ပါ့မယ်လဲ လွတ်ခဲလှချေရဲ့ လွတ်အောင် ဘယ်လိုကြံပါ့မယ်ဘုံး လွတ်သွားရင်ကောင်းလေစွ၊ ယခုပျက်စီး၍နေသော ရုပ်, နာမ် နှစ်ပါးက ဘယ်တော့ခါမှ လွတ်ပါ့မယ်တုံး လွတ်ခဲလှချေရဲ့ လွတ်အောင် ဘယ်လိုကြံပါ့မလဲ လွတ်သွားရင် ကောင်းလေစွ။

ယခုပျက်စီးနေသော ရုပ်နာမ် နှစ်ပါးက ဘယ်တော့မှ လွတ်ပါ့မယ်လဲ လွတ်ခဲလှချည့်ရဲ့ လွတ်အောင် ဘယ်လိုကြံမလဲ လွတ်သွားရင်ကောင်းလေစွ၊ သည်လိုစီးဖြန်း၊ များမကြာမီ မုဒ္ဒိတုကမ္မဋ္ဌာ ဉာဏ်ပေါ် ပေါက်၍ လာလိမ့်မည်။

မုဒ္ဒိတုကမ္မဋ္ဌာဉာဏ်ကို ရောက်၍နေသော ယောဂီပုဂ္ဂိုလ်သည် စီးဖြန်း၍နေသောအခါ ရုပ်,နာမ်တရားနှစ်ပါးမှ လွတ်လိုတဲ့စိတ် ဖြစ်၍နေလိမ့်မည်၊ အလုပ်ကိုဖြုတ်လိုက်သောအခါ သည်ခန္ဓာကိုယ်ကြီးကို သင့်တော်ရာမှာထား၍ ပစ်ခဲ့ချင်တဲ့စိတ် ဖြစ်၍နေလိမ့်မည်၊ ပိုက်ထဲ ကွန်ထဲမှာ မိ၍နေသော ငါးများသည် ပိုက်ထဲ ကွန်ထဲက များစွာ

လွှတ်ချင်သကဲ့သို့, လက်ထိတ်ခတ်၍ ထားသောသူသည် လက်ထိတ်တွေ လွှတ်ချင်သကဲ့သို့, အနာရောဂါရောက်၍ နေသောသူသည် အနာရောဂါက လွှတ်ချင်သကဲ့သို့ ထို့အတူ ဘုံသုံးပါးမှငှင်း၊ ရုပ်, နာမ် တရားနှစ်ပါး သင်္ခါရတရားမှငှင်း၊ လွှတ်၍သွားချင်တဲ့စိတ် ဖြစ်၍နေလိမ့်မည်။

သည်ကဲ့သို့ဖြစ်၍နေလျှင် မုဋ္ဌိတုကမျတာဉာဏ်။

## မုဋ္ဌိတုကမျတာဉာဏ်

### ဘုံသုံးပါးက မလွှတ်နိုင်၍ ယောဂါဝစရပုဂ္ဂိုလ်များငြီးပုံ

ဣမေသံ မမ ခန္ဓာနံ ဥပ္ပဇ္ဇနံ ဝါ ဘိဇ္ဇနံ ဝါ ဒုက္ခံ ဒုက္ခံ အတိဒုက္ခံ၊ တတော ကဒါဟံ မုစ္စေယျံ၊ သာဓု ဝတ မုစ္စနံ၊ သာဓု ဝတ အပဂမနံ၊ သာဓု ဝတ နိဗ္ဗုတိ၊ ဧဝံ မုစ္စနာနုပဿနာ မုဋ္ဌိတုကမျတာဉာဏံ။

မမ၊ ဝိပဿနာအလုပ် အားထုတ်သောငါ၏။ ဣမေသံ ခန္ဓာနံ၊ ဤခန္ဓာငါးပါး ရုပ်, နာမ် တရားတို့၏။ ဥပ္ပဇ္ဇနံ ဝါ၊ ခဏအတွင်း ရှေ့တွင်ဖြစ်ခြင်းသည်ငှင်း။ ဘိဇ္ဇနံ ဝါ၊ ခဏချက်ခြင်း ရှေ့တွင်ပျက်ခြင်းသည်ငှင်း။ ဒုက္ခံ ဒုက္ခံ၊ ကြီးငယ်သောင်းပြောင်း ဒုက္ခအပေါင်းတို့ဖြင့် နှိပ်စက်၏။ အတိဒုက္ခံ၊ လွန်လွန်ကဲကဲ ဆင်းရဲရ၏။ တတော၊ ထိုဆင်းရဲပေါင်းစုံ သုံးပါးဘုံမှ။ ကဒါ၊ ဘယ်နံ့ရောအခါ၌။ အဟံ၊ ဝိပဿနာအလုပ် အားထုတ်သောငါသည်။ မုစ္စေယျံ၊

ဆင်းရဲပေါင်းဆုံ သုံးပါးဘုံမှ လွတ်ရပါအံ့နည်း။ မုစ္စနံ၊ ဆင်းရဲပေါင်းဆုံ သုံးပါးဘုံမှ လွတ်ခြင်းသည်။ သာဓု ဝတ၊ ကောင်းလေစွ ကောင်းလေစွ။ အပဂမနံ၊ ဆင်းရဲပျောက်ကင်း ပြာပူတွင်းမှ လွတ်ပါမူကား။ သာဓု ဝတ၊ ကောင်းလေစွ ကောင်းလေစွ။ နိဗ္ဗုတိ၊ ခန္ဓာဇာတ်သိမ်း ငြိမ်းပါမူကား။ သာဓု ဝတ၊ ကောင်းလေစွ ကောင်းလေစွ။ ဇဝံ၊ ဤသို့။ မုစ္စနာဒုပဿနာ၊ ဆင်းရဲပေါင်းဆုံ သုံးပါးဘုံမှ လွတ်ခြင်းကိုရှုခြင်းသည်။ မုဉ္စိတုကမျတာဉာဏံ၊ မုဉ္စိတုကမျတာဉာဏ် မည်၏။

မုဉ္စိတုကမျတာဉာဏ် ပြီး၏။

---

## ပဋိသင်္ခါဉာဏ်

ပဋိသင်္ခါဉာဏ်တက်၍ စီးဖြန်းလိုတဲ့ ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ အာနာပါန ကမ္မဋ္ဌာန်းကို အနည်းငယ်မျှ သုံးသပ်၍ စိတ်ကြည်သောအခါ မိမိမြင်၍ထားသော ရုပ်, နာမ် နှစ်ပါးကို ဥဒယဗ္ဗယဉာဏ်ကစ၍ မုဉ္စိတုကမျတာဉာဏ်ထိအောင် ယခုဖြစ်ပျက်၍နေသော ရုပ်, နာမ် တို့သည် အမြဲမရှိ အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တ၊ ယခု ဖြစ်ပျက်၍နေသော ရုပ်နာမ်တို့သည် အမြဲမရှိ အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တ၊ ယခုဖြစ်ပျက်၍နေသော ရုပ်, နာမ်တို့သည် အမြဲမရှိ အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တ၊ သည်လိုစီးဖြန်း။

တနည်းမှာ ယခု ဖြစ်ပျက်၍နေသော ရုပ်, နာမ်တို့သည် ပျက်စီးခြင်း အနိစ္စ၊ ပျက်စီး၍ ဆင်းရဲခြင်း ဒုက္ခ၊ ပျက်စီးတာကို အစိုးမရ အနတ္တ၊ ယခု ပျက်စီး၍နေသော ရုပ်, နာမ်တို့သည် ပျက်စီးခြင်း အနိစ္စ၊ ပျက်စီး၍ ဆင်းရဲခြင်း ဒုက္ခ၊ ပျက်စီးတာကို အစိုးမရ အနတ္တ၊ ယခု ပျက်စီး၍နေသော ရုပ်, နာမ်တို့သည် ပျက်စီးခြင်း အနိစ္စ၊ ပျက်စီး၍ ဆင်းရဲခြင်း ဒုက္ခ၊ ပျက်စီးတာကို အစိုးမရ အနတ္တ၊ သည်လိုစီးဖြန်း၊ မျှားမကြာမီ ပဋိသင်္ခါဉာဏ် ပေါ်ပေါက်၍ လာလိမ့်မည်။

သည်ကဲ့သို့ ဥဒယဗ္ဗယဉာဏ်ကစ၍ မုဉ္စိတုကမျတာဉာဏ်ထိ လက္ခဏာသုံးချက်တင်၍ စီးဖြန်းသောယောဂီပုဂ္ဂိုလ်သည် ထိုဉာဏ်တို့၏ သဘောလက္ခဏာတွေဟာ ဉာဏ်ထဲမှာ စုစည်းထားတာလို ထင်လာလိမ့်မည်၊ ကျိုးစား၍သာ အားထုတ်ပေတော့။

---

## သုညတာ၏သဘောသွားကိုပြပုံ

အနတ္တဆိုတာ အတ္တဆိတ်သည်၊ အတ္တဆိတ်ဆိုတာ ရုပ် နာမ်သာကျန်သည်၊ ဥပမာတခုမှာ ခဲနက် ကြေးနီစသော အညစ် အကြေးမှကင်းသော ဘော်သည် ခဲနက် ကြေးနီ မရှိသည် ရှိသော် ဘော်ချည်းသာ သက်သက် သန့်သန့် ရှင်းရှင်း စင်စင် ကြယ်ကြယ် ဖြစ်၍နေတာလို ထို့အတူ ကိုယ်ဟူသော အတ္တသာရမှ ကင်းသည်ရှိသော် ကိုယ်ဟူသော အတ္တသာရနှင့် မရောမရှက်သည်ရှိသော် ရုပ် နာမ်ချည်းသာ သက်သက် သန့်သန့် ရှင်းရှင်း စင်စင်

ကြယ်ကြယ် ဖြစ်၍နေသောကြောင့် သုညတဟုမှတ်၊ သုညတ၏ သဘောသွားကို ခြားနား၍ သိစေခြင်းငှါ အနတ္တလက္ခဏာကို ထပ်မံ၍ စီးဖြန်းအားထုတ်ရမည်။

(သုံး) ဆိုတဲ့သဘောသွားသည် လောကကြီးသုံးတာကို ဆိုသည်၊ လူ နတ် ဗြဟ္မာ တော တောင် ရေ မြေ သမုဒ္ဒရာ နေ လ နက္ခတ် ရှိရှိသမျှကို ဆိုသည်၊ လူ နတ် ဗြဟ္မာ တော တောင် ရေ မြေ သမုဒ္ဒရာ မရှိလျှင် သုညတဟု မှတ်တော် မူကြပါ၊ ရုပ် နှင့် နာမ် သာရှိပါတော့သည်။

## ပဋိသန္ဓေဉာဏ်ထင်၍နေသော ယောဂီပုဂ္ဂိုလ်သည် ငါးဆောင်းသောသူနှင့်တူကြောင်း ပြရာသောအချက်

ငါးဆောင်းသော ယောကျ်ားသည် ငါးကိုအလွန်လိုချင်တဲ့ဆန္ဒ အားကြီးလှသည့်အတွက်ကြောင့် အိုင်ငယ် အင်းငယ်တို့၌ လိုက်လံ၍ ငါးကို ဆောင်းသောအခါ ကံအားလျော်စွာ ရေ မြေ့ဟောက်ကြီးကို အုပ်မိ ဆောင်းမိသည့်အတွက်ကြောင့် ရေမြေ့ဟောက်ထ၍ တဖန်ဆောင်းကို တိုးပြန်သည်ရှိသော် တံငါယောကျ်ားဆောင်းသမားက အာရဝမ်းသာ အေရာမငါးကြီး တခါဖြင့်မိပြီ၊ ဤကဲ့သို့အထင်နှင့် ဖြတ်ခနဲ ဆောင်းပေါက်က နှိုက်၍ ဖမ်းသောအခါ ရေမြေ့ဟောက်၏ လယ်ဂုတ်ပိုင်းကို ကိုင်မိ

ဆုပ်မိ၏၊ ထိုအခါ ငါးကြီးဟု မှတ်ထင်သည့်အတွက် စိတ်မပျက်သောကြောင့် အားတက်၍ တဖန်ဝမ်းမြောက် ပြန်၏၊ ဝမ်းမြောက်ဝမ်းသာ ရေမြွေဟောက်ကို ဆောင်း ပေါက်မှထုတ်လေက ငါးကား မဟုတ်၊ လည်ရေးသုံးရစ် ရှိတဲ့ မြွေဟောက်ကြီး ဟုတ်သည်ကို အမှန်သိရသောအခါ ဆောင်းရော့, မြွေပါ နှစ်ဖြာသော ပစ္စည်းတို့ကို မတွယ် မတာ သာယာခြင်းကင်းပြတ်၍ စွန့်ပစ်ကာပြေးသွားပြီးမှ ကံကြီးလို့သာ မြွေဟောက်ကြီး ငါ့ကို မကိုက်သည်၊ ဤကဲ့ သို့ဆို၍ ပြန်ပြီး လှည့်ကြည့်တာလို ထို့အတူ ယောဂီပုဂ္ဂိုလ် ငါးဆောင်းသမားကြီးသည် ရုပ်, နာမ် တည်းဟူသော ရေမြွေဟောက်ကို ပဋိသင်္ခါဉာဏ် ရောက်သောအခါ ပြန် လှည့်၍ ကြည့်မိပါလိမ့်မည်။

အထက်ပါ ဥပမာကိုရည်၍ ဆုတောင်းခန်းပျို့ ပိုဒ်ရေ (၅၇)၌ ရှင်သီလဝံသစပ်ဆိုတော်မူသည့် လင်္ကာကား

ဆယ်လံအစောက်၊ ရေထဲအောက်သို့၊ ထုတ်ချောက် စုပ်စုပ်၊ စုံးစုံးငုပ်၍၊ စမ်းခုပ်သရော်၊ သူပေါ်စိမ်းစား၊ တံငါသားလျှင်၊ လည်ကြားသုံးရစ်၊ မည်းချစ်ရင်ပြောက်၊ ရေမြွေဟောက်ကို၊ လန့်ကြောက်မရှိ၊ ငါးဟုမိ၍၊ လည်စိ ကိုင်ဆုပ်၊ ဝမ်းသာရုပ်ဖြင့်၊ သူနုပ်ကျွန်လျော်၊ ကြည့် လျက်ပေါ်သော်၊ မြော်ကတုံးတုံး၊ အလူဆုံးဟု၊ နှလုံးမဆံ့၊ ရင်တီးအံ့သို့၊ သိနှံ့ပညာ၊ ထိုရော်ငါလည်း၊ ပမာဤတူ၊

စည်းစိမ်ထူ၍၊ ရှိန်းပူမထိ၊ ချမ်းသာရှိလျက်၊ သတိ မြင်ကျယ်၊ သူတော်နှယ်ကို၊ ယိုးမယ်မဲ့လျှင်း၊ အချင်း စစ်ဖွေ၊ ကြံတုံချေက၊ မွေးရေခပင်း၊ နှလုံးတွင်း၌၊ သားညှင်းအသွင်၊ မီးငယ်ကင်သော်၊ ပိတ်ပင်မပြန့်၊ ရှုံ့ရှုံ့တွန့်လျက်၊ ကြောက်လန့်ထိတ်စွာ၊ ဘော်သုံး ရွာတွင်၊ ဝါဝါလည်းလောင်၊ လူတို့ဘောင်ကား၊ ပြောင် ပြောင်ငါ့အား ညီသတည်း။

တံငါယောကျ်ားငါးဆောင်းသမားသည် မြွေဟောက် ကိုဆောင်းနှင့် အုပ်ဖမ်းမိသဖြင့် ငါးဟုမှတ်၍ နှစ်သက်၍ နေသော အခါနှင့် ယောဂီသည် အတ္တဘောကိုယ်ကြီးကို ရစ နှစ်သက်၍ နေသော အခါနှင့်တူ၏။

ငါးဆောင်းသမားသည် ရေမြွေဟောက်ကို ဆောင်း ပြင်ဘက်သို့ ထုတ်၍ ကြည့်သောအခါ လည်ရေးသုံးရစ် မြင်တာနှင့် ယောဂီပုဂ္ဂိုလ်သည် ခန္ဓာကိုယ်ကြီးကို ခွဲခြမ်း စိတ်ဖြာကာ သင်္ခါရဓမ္မ ရုပ်,နာမ်တို့ကို လက္ခဏာသုံးချက် တင်၍ မြင်တာနှင့် တူလှ၏။

ငါးဆောင်းသမားသည် လည်ရစ်သုံးရစ်ကို မြင်ရ သဖြင့် ရေမြွေဟောက်မှန်းသိ၍ ဆတ်ဆတ်တုံအောင် ကြောက်သောအခါနှင့် ယောဂီပုဂ္ဂိုလ်သည် ဘယဉာဏ်ကို ဆိုက်သောအခါ တူလှ၏။

ငါးဆောင်းသမားသည် ရေမြွေဟောက်မှန်း အမှန် သိ၍ ကိုက်လျှင် သေတတ်သော အပြစ်မြင်တာနှင့်

ယောဂီပုဂ္ဂိုလ်သည် အာဒီနဝဉာဏ်ဆိုက်၍ ရုပ်,နာမ်တို့၏ အပြစ်မြင်တာနှင့် တူလှ၏။

ငါးဆောင်းသမားသည် ကိုင်မိသောမြွေကို ပစ်ချင်သော်လည်း ရုတ်တရက် မပစ်ပဲနှင့် ငြီးငွေ့၍နေတာနှင့် ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗိန္ဒဉာဏ်ကိုဆိုက်၍ နေတာနှင့် တူလှ၏။

ငါးဆောင်းသမားသည် မြွေကို လွှတ်ချင်သော စိတ်နှင့် ယောဂီပုဂ္ဂိုလ်သည် မုဥ္စိတုကမျတာဉာဏ်ကို ဆိုက်၍နေတာနှင့် တူလှ၏။

ငါးဆောင်းသမားသည် မြွေကို လွှတ်သောအခါ ငါ့ကို ထိုမြွေပြန်၍ မကိုက်နိုင်အောင် ဘယ်လိုလုပ်၍ လွှတ်ရမည်လဲလို့ ဆင်ခြင်တာနှင့် ယောဂီပုဂ္ဂိုလ်သည် ပဋိသင်္ခါဉာဏ်ကိုဆိုက်၍ သင်္ခါရတရားတို့ကို လက္ခဏာ တင်တာနှင့် တူလှ၏။ •

အနိစ္စကို နှလုံးသွင်း၍ စီးဖြန်းလျှင် သင်္ခါရတို့၏ အရိပ်နိမိတ်ကို သိတဲ့ဉာဏ်ဖြစ်သည်။

ဒုက္ခကို နှလုံးသွင်း၍ စီးဖြန်းလျှင် သင်္ခါရတို့ဖြစ်ခြင်း ကို သိတဲ့ဉာဏ်ဖြစ်သည်။

အနတ္တကို နှလုံးသွင်း၍ စီးဖြန်းလျှင် သင်္ခါရတို့၏ အရိပ်နိမိတ်ကိုရင်း, သင်္ခါရတို့၏ဖြစ်ခြင်းကိုရင်း သိသော ဉာဏ်ဖြစ်သည်။

ပဋိသင်္ခါဉာဏ်တခန်း ပြီး၏။

## ဒွိကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ

၁။ ရူပက္ခန္ဓာသည် ငါမဟုတ်၊ ငါ့ကိုယ်မှ သုံးပါတကား၊ ဆိတ်ပါတကား။

၂။ ရူပက္ခန္ဓာသည် ငါ့ဥစ္စာမဟုတ်၊ ငါ့ဥစ္စာမှ သုံးပါတကား၊ ဆိတ်ပါတကား။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါးတရားကို ထိုနည်းအတူ စီးဖြန်းလေ။

ဒွိကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ ပြီး၏။

---

## စတုကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ

၁။ ရူပက္ခန္ဓာသည် ငါမဟုတ်၊ ငါ့ကိုယ်မှ သုံးပါတကား၊ ဆိတ်ပါတကား။

၂။ ရူပက္ခန္ဓာသည် ငါ့ဥစ္စာမဟုတ်၊ ငါ၏ဥစ္စာမှ သုံးပါတကား၊ ဆိတ်ပါတကား။

၃။ ရူပက္ခန္ဓာသည် သူတပါးမဟုတ်၊ သူတပါး၏ကိုယ်မှ သုံးပါတကား၊ ဆိတ်ပါတကား။

၄။ ရူပက္ခန္ဓာသည် သူတပါးဥစ္စာ မဟုတ်၊ သူတပါး၏ဥစ္စာမှ သုံးပါတကား၊ ဆိတ်ပါတကား။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါးကို ထိုနည်းအတူ စီးဖြန်းလေ။

စတုကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ ပြီး၏။

## ဆကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ

၁။ ရူပက္ခန္ဓာသည် ငါ၏ကိုယ်မဟုတ်၊ ငါ၏ကိုယ်မှ သုံးပါတကား၊ ဆိတ်ပါတကား။

၂။ ရူပက္ခန္ဓာသည် ငါ၏ဥစ္စာမဟုတ်၊ ငါ၏ဥစ္စာမှ သုံးပါတကား၊ ဆိတ်ပါတကား။

၃။ ရူပက္ခန္ဓာသည် မြဲသောသဘော မရှိ၊ မြဲသော သဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

၄။ ရူပက္ခန္ဓာသည် ကောင်းကင်ကဲ့သို့ မြဲသော သဘောမဟုတ်၊ ကောင်းကင်ကဲ့သို့ မြဲသော သဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

၅။ ရူပက္ခန္ဓာသည် နက္ခတ်ကဲ့သို့ မြဲသော သဘော မဟုတ်၊ နက္ခတ်ကဲ့သို့ မြဲသောသဘောမှ သုံးပါ တကား၊ ဆိတ်ပါတကား။

၆။ ရူပက္ခန္ဓာသည် စိန် ကျောက်ကဲ့သို့ မဖောက်ပြန် သော သဘောမဟုတ်၊ စိန် ကျောက်ကဲ့သို့ မဖောက်ပြန်သော သဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ခန္ဓာငါးပါးလုံးတို့၌လည်း ထိုနည်းအတူ စီးဖြန်းလေ။

ဆကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ ပြီး၏။

## အင္ဒကောဠိကသညတနည်းစီးဖြန်းပုံ

၁။ ရူပက္ခန္ဓာသည် ကောင်းကင်ကဲ့သို့ အနှစ်သာရ မရှိ၊ အနှစ်သာရမှ သုံးပါတကား၊ ဆိတ်ပါ တကား။

၂။ ရူပက္ခန္ဓာသည် ခိုင်ခံ့သော သဘောမရှိ၊ အနှစ် သာရမှ သုံးပါတကား၊ ဆိတ်ပါတကား။

၃။ ရူပက္ခန္ဓာသည် ချမ်းသာသော သဘောမရှိ၊ ချမ်းသာသော အနှစ်သာရမှ သုံးပါတကား၊ ဆိတ်ပါတကား။

၄။ ရူပက္ခန္ဓာသည် ကိုယ်မဟုတ်၊ ကိုယ်ဟူသော အနှစ်သာရမှ သုံးပါတကား၊ ဆိတ်ပါတကား။

၅။ ရူပက္ခန္ဓာသည် မြဲသောသဘောမရှိ၊ မြဲသော သဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

၆။ ရူပက္ခန္ဓာသည် မြဲမြံခိုင်ခံ့သော သဘောမရှိ၊ မြဲမြံ ခိုင်ခံ့သော သဘောမှ သုံးပါတကား၊ ဆိတ်ပါ တကား။

၇။ ရူပက္ခန္ဓာသည် နေ့, လ, ပမာကဲ့သို့ မြဲသော သဘောမရှိ၊ နေ့, လ ပမာကဲ့သို့ မြဲသည်မှ သုံးပါ တကား၊ ဆိတ်ပါတကား။

၈။ ရူပက္ခန္ဓာသည် စိန်ကျောက်ကဲ့သို့ မြဲသော သဘောမရှိ၊စိန်ကျောက်ကဲ့သို့ မြဲသောသဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာ-ဏက္ခန္ဓာ၊ ခန္ဓာငါးပါးတို့၌ ထိုနည်းတူစွာ စီးဖြန်းလေ။

အဋ္ဌကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ ပြီး၏။

---

## ဒသကောဌိုကသုညတနည်းစီးဖြန်းပုံ

၁။ ရူပက္ခန္ဓာသည် ယုတ်သော ချမ်းသာခြင်းရှိ၏၊ မြတ်သော ချမ်းသာခြင်းမှ သုံးပါတကား၊ ဆိတ်ပါတကား။

၂။ ရူပက္ခန္ဓာသည် ကိုယ်မဟုတ်၊ ကိုယ်မှ သုံးပါတကား၊ ဆိတ်ပါတကား။

၃။ ရူပက္ခန္ဓာသည် အစိုးရခြင်းမရှိ၊ အစိုးရခြင်းမှ သုံးပါတကား၊ ဆိတ်ပါတကား။

၄။ ရူပက္ခန္ဓာသည် ပြုပြင်၍မရ၊ ပြုပြင်၍ ရသော သဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

၅။ ရူပက္ခန္ဓာသည် ချမ်းသာသော သဘောသို့ တောင့်တလို့ မရ၊ ချမ်းသာသော သဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

၆။ ရူပက္ခန္ဓာသည် အုပ်ချုပ်လို့မရ၊ အုပ်ချုပ်လို့ရသော သဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

၇။ ရူပက္ခန္ဓာသည် ကိုယ်ဟူသော အနှစ်သာရမရှိ၊ ကိုယ်ဟူသော အနှစ်သာရမှ သုံးပါတကား၊ ဆိတ်ပါတကား။

၈။ ရူပက္ခန္ဓာသည် ကိုယ့်အလိုသို့ မလိုက်၊ ကိုယ့်အလိုသို့လိုက်သော သဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

၉။ ရူပက္ခန္ဓာသည် ကိုယ်မှ အမှန်ဆိတ်၏၊ အမှန်ဆိတ်ပါတကား၊ သုံးပါတကား။

၁၀။ ရူပက္ခန္ဓာသည် အစိုးရခြင်း သဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ကိုလည်း ထိုနည်းအတူ စီးဖြန်းလေ။

(ဒသကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ ပြီး၏။)

---

## ဒွါဒသကောဋ္ဌိက သုညတနည်းစီးဖြန်းပုံ

၁။ ရူပက္ခန္ဓာသည် သတ္တဝါမဟုတ်၊ သတ္တဝါမှ သုံးပါတကား၊ ဆိတ်ပါတကား။

၂။ ရူပက္ခန္ဓာသည် အသက်မဟုတ်၊ အသက်မှ သုံးပါတကား၊ ဆိတ်ပါတကား။

၃။ ရူပက္ခန္ဓာသည် လူမဟုတ်၊ လူမှ-သုံးပါတကား၊ ဆိတ်ပါတကား။

၄။ ရူပက္ခန္ဓာသည် လုလင်မဟုတ်၊ လုလင်မှ သုံးပါတကား၊ ဆိတ်ပါတကား။

၅။ ရူပက္ခန္ဓာသည် မိန်းမ မဟုတ်၊ မိန်းမမှ သုံးပါတကား၊ ဆိတ်ပါတကား။

၆။ ရူပက္ခန္ဓာသည် ယောကျ်ားမဟုတ်၊ ယောကျ်ားမှ သုံးပါတကား၊ ဆိတ်ပါတကား။

၇။ ရူပက္ခန္ဓာသည် ငါမဟုတ်၊ ငါမှ-သုံးပါတကား၊ ဆိတ်ပါတကား။

၈။ ရူပက္ခန္ဓာသည် သူမဟုတ်၊ သူမှ-သုံးပါတကား၊ ဆိတ်ပါတကား။

၉။ ရူပက္ခန္ဓာသည် တက်ကြွသော သဘောမရှိ၊ တက်ကြွသော သဘောမှ သုံးပါတကား၊ ဆိတ်ပါတကား။

၁၀။ ရူပက္ခန္ဓာသည် ငါမဟုတ်၊ ငါမှ-သုံးပါတကား၊ ဆိတ်ပါတကား။

၁၁။ ရူပက္ခန္ဓာသည် သူမဟုတ်၊ သူမှ-သုံးပါတကား၊ ဆိတ်ပါတကား။

၁၂။ ရူပက္ခန္ဓာသည် တစုံတရာမှ-သုံးပါတကား၊ ဆိတ်ပါတကား။

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့၌လည်း ထိုနည်းအတူ စီးဖြန်းလေ။

ဒွါဒသကောဋ္ဌိကသုညတနည်း ပြီး၏။

စတ္တာလီသသုညတနည်းစီးဖြန်းပုံ

ပဋ္ဌိသင်္ခါရဉာဏ်အကျယ်တဝင့်စီးဖြန်းပုံ

သင်္ခါရုပေက္ခာဉာဏ်စီးဖြန်းပုံတို့ကိုလဲ ဒွါဒသကောဋ္ဌိကသုညတနည်းအတူ စီးဖြန်းကြပါလေ။

---

## စတ္တာလီသကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ။

၁။ ရူပက္ခန္ဓာသည် အမှန်မမြဲသော သဘောကြီးပါပါတကား။

၂။ ရူပက္ခန္ဓာသည် အမှန်ဆင်းရဲသော သဘောကြီးပါတကား။

၃။ ရူပက္ခန္ဓာသည် ၉၆-ပါးသော အနာတို့၏ တည်ရာကြီးပါတကား။

၄။ ရူပက္ခန္ဓာသည် အိုင်းအမာ-အနာကြီးပါတကား။

၅။ ရူပက္ခန္ဓာသည် ဒိဋ္ဌိ-တဏှာတို့၏ စူးဝင်ရာကြီးပါတကား။

၆။ ရူပက္ခန္ဓာသည် သူတော်ကောင်းများ ကဲ့ရဲ့သော တရားကြီးပါတကား။

၇။ ရူပက္ခန္ဓာသည် အသရေမဲ့သော အနာဆိုးကြီးပါတကား။

၈။ ရူပက္ခန္ဓာသည် အို့နာ့သေဘေးကြီးဖြင့် လှုပ်ရှားတတ်သော သဘောကြီးပါတကား။

၉။ ရူပက္ခန္ဓာသည် သူတပါးလုံ့လနှင့် ပျက်စီးတတ်သော သဘောကြီးပါတကား။

၁၀။ ရူပက္ခန္ဓာသည် ရန်သူကိုလွတ်အောင် မစောင့်စားနိုင်သော သဘောကြီးပါတကား။

၁၁။ ရူပက္ခန္ဓာသည် ရန်သူကိုလွတ်အောင် မပုန်းနိုင်သော သဘောကြီးပါတကား။

၁၂။ ရူပက္ခန္ဓာသည် ဘေးရန်များကို မကာကွယ်နိုင်သော သဘောကြီးပါတကား။

၁၃။ ရူပက္ခန္ဓာသည် ကိုးကွယ်ရာမရသော သဘောကြီးပါတကား။

၁၄။ ရူပက္ခန္ဓာသည် အနှစ်သာရမှကင်းသော သဘောကြီးပါတကား။

၁၅။ ရူပက္ခန္ဓာသည် ချမ်းသာမရှိ၊ ဆင်းရဲသော သဘောကြီးပါတကား။

၁၆။ ရူပက္ခန္ဓာသည် ကိုယ်မဟုတ်၊ ကိုယ်ဟု ခေါ်ဆိုခြင်းမှ သုံးသော သဘောကြီးပါတကား။

၁၇။ ရူပက္ခန္ဓာသည် အပြစ်များသော သဘောကြီးပါတကား။

၁၈။ ရူပက္ခန္ဓာသည် ဖောက်ပြန်တတ်သော သဘောကြီးပါတကား။

၁၉။ ရူပက္ခန္ဓာသည် အနှစ် မရှိသော တရားကြီးပါတကား။

၂၀။ ရူပက္ခန္ဓာသည် ချစ်ကျွမ်းဝင်သောသူကို သတ်တတ်သော သဘောကြီးပါတကား။

၂၁။ ရူပက္ခန္ဓာသည် မကောင်းမှုအကုသိုလ်တို့၏ တည်ရာသဘောကြီးပါတကား။

၂၂။ ရူပက္ခန္ဓာသည် အစိုးရများ မစိုးရင်နိုင်သော ရန်သူကြီးပါတကား။

၂၃။ ရူပက္ခန္ဓာသည် အိုမှု နာမှု သဘောကြီးပါတကား။

၂၄။ ရူပက္ခန္ဓာသည် ပျက်စီးခြင်းကို များစွာ ဆောင်တတ်သော သဘောကြီးပါတကား။

၂၅။ ရူပက္ခန္ဓာသည် ၁၆-ပါးသော ဥပဒ္ဒဝေါတို့၏ ပေါ်ပေါက် လာရန်ဖြစ်သော တရားကြီးပါတကား။

၂၆။ ရူပက္ခန္ဓာသည် ၂၅-ပါးသော ဘေးတို့၏ တည်ရာကြီးပါတကား။

၂၇။ ရူပက္ခန္ဓာသည် ခိုင်ခံ့ခြင်းမရှိသော သဘောကြီးပါတကား။

၂၇။ ရူပက္ခန္ဓာသည် ဘဝကို တပ်နှစ်သက်သော တဏှာကြီးပါတကား။

၂၉။ ရူပက္ခန္ဓာသည် အာသဝေါတရား ၄-ပါးတို့၏ အာရုံကြီးပါတကား။

၃၀။ ရူပက္ခန္ဓာသည် မပြုပြင်တတ်သော သဘောကြီး ပါတကား။

၃၁။ ရူပက္ခန္ဓာသည် ကိလေသာမာရ်၏ ဥစ္စာထုတ် ကြီးပါတကား။

၃၂။ ရူပက္ခန္ဓာသည် ဖြစ်တတ် ပျက်တတ်သော သဘောကြီးပါတကား။

၃၃။ ရူပက္ခန္ဓာသည် အိုခြင်းသဘောကြီးပါတကား။

၃၄။ ရူပက္ခန္ဓာသည် အခါခါနာရခြင်း သဘောကြီး ပါတကား။

၃၅။ ရူပက္ခန္ဓာသည် အခါခါသေ၍ မစဲခြင်းသဘော ကြီးပါတကား။

၃၆။ ရူပက္ခန္ဓာသည် စိုးရိမ်ကြောင့်ကြခြင်း သဘော ကြီးပါတကား။

၃၇။ ရူပက္ခန္ဓာသည် များစွာ ပျက်စီးတတ်သော သဘောကြီးပါတကား။

၃၈။ ရူပက္ခန္ဓာသည် ဖြစ်ခြင်း, ပျက်ခြင်း, ချုပ်ခြင်း သဘောကြီးပါတကား။

၃၉။ ရူပက္ခန္ဓာသည် ကိုးကွယ်ရာမရှိသော သဘော ကြီးပါတကား။

၄၀။ ရူပက္ခန္ဓာသည် မကောင်းသော တိတ်, နိမိတ်တို့ ဖြစ်ပေါ်လာသော သဘောကြီးပါတကား။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာ-ဏက္ခန္ဓာတို့၌လည်း ထိုနည်းတူစွာ စီးဖြန်းလေ။

စတ္တာလီသကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ ပြီး၏။

ပဋ္ဌိသင်္ခါဉာဏ်ပြီး၏။

## သင်္ခါရုပေက္ခာဉာဏ်တက်၍စီးဖြန်းပုံ

ရုပ်,နာမ် ဖြစ်ခြင်း, ပျက်ခြင်း သဘောသည် သူ့သဘောအတိုင်း ဖြစ်ပါတကား။ ဖြစ်ခြင်း, ပျက်ခြင်း ရှိသော ရုပ် နာမ် သည် နိစ္စ သုခ အတ္တ သုဘ မှ ကင်းဆိတ်ပါတကား၊ ရုပ် နာမ်သည် ငါလည်းမဟုတ်, သူတပါးလည်း မဟုတ်ပါတကား၊ ငါလည်း မဟုတ်, သူတပါးလည်း မဟုတ်တဲ့ ရုပ် နာမ်သည် ချစ်စရာ, မုန်းစရာ မရှိပါတကား။

ယသ္မာ ခေါ အာနန္ဒ သုညံ အတ္တေန ဝါ အတ္တနိ-ယေန ဝါ၊ တသ္မာ သုညော လောကောတိ ဝုစ္စတိ။

အာနန္ဒ၊ ငါ၏ ခြေရင်း မြဲဝပ်စင်းသည့် ညီရင်းလိမ္မာ အာနန္ဒာ။ ခေါ၊ အမှန်စင်စစ်။ ယသ္မာ၊ အကြင်နတ်, လူ မဟုတ် ရုပ် နာမ် ဟုတ်ခြင်းကြောင့်။ အတ္တေန ဝါ၊ အတ္တ ဟုတ်ငြား လူရုပ်အားဖြင့်မူလည်း။သုညံ၊ မရှိကေန် ဆိတ် ရိုးမှန်၏။ အတ္တနိယေန ဝါ၊ အတ္တနှင့် စပ် ကိုယ့်ဥစ္စာဟူသော အမှတ်အားဖြင့်လည်း။ သုညံ၊ မရှိကေန် သုံးရိုး မှန်၏။ တသ္မာ၊ ထိုသို့ နတ်, လူ မဟုတ်-ရုပ်, နာမ် ဟုတ်ခြင်း ကြောင့်။ လောကော၊ ဖြစ်တတ် ပျက်တတ် လောက ဓာတ်ကို။ သုညောတိ၊ လူ, နတ် ကေန် ဆိတ်ရိုး မှန်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**ဒိဋ္ဌိကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ**

ဒိဋ္ဌိကောဋ္ဌိက သုညတနည်းကို စီးဖြန်းလိုတဲ့ ယောဂီ ပုဂ္ဂိုလ်သည် အာနာပါန ကမ္မဋ္ဌာန်းကို အနည်းငယ်သုံး သပ်၍ စိတ်တည်ကြည်သောအခါ—

ကိုယ်မဟုတ်၊ ရုပ်, နာမ် သာဟုတ်သည်။

ကိုယ့်ဥစ္စာဟူသော မှတ်ထင်ခြင်းမရှိ၊ ရုပ်, နာမ် သာ မှတ်ထင်ချက်ရှိသည်။

၁။ ကိုယ်မရှိ။

၂။ ကိုယ့်ဥစ္စာမရှိ။

ကိုယ်မရှိအောင် ကိုယ့်ဥစ္စာမရှိအောင် ထင်မြင်အောင် စီးဖြန်း၊ မကြာခင်ထင်ရှားလာလိမ့်မည်။

ဒိဋ္ဌိကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ ပြီး၏။

## စတုကောဋိကသုညတနည်းစိစ်ဖြန်းပုံ

နာဟံ ကွစနိ န ကဿစိ ကိဉ္စနတသ္မိံ
န စ မမ ကွစနိ ကိသ္မိဉ္စိ ကိဉ္စနတာ န စတ္ထိ။

ကွစနိ၊ အဇ္ဈတ္တ ဗဟိဒ္ဓ တစုံတခု၌။ အတ္တနော၊ မိမိ၏။ အဟံ၊ ငါ၏ကိုယ်သည်။ န စတ္ထိ၊ ရှိလည်းမရှိပါ။ ကဿစိ၊ အဇ္ဈတ္တ ဗဟိဒ္ဓ တစုံတခု၌။ မမ၊ ငါ၏။ ကိဉ္စနတသ္မိံ၊ အတ္တနိယသည်။ န စတ္ထိ၊ ရှိလည်းမရှိပါ။ ကွစနိ၊ အဇ္ဈတ္တ ဗဟိဒ္ဓ တစုံတခု၌။ ပရဿ၊ သူတပါး၏။ အဟံ၊ ငါဟူသောကိုယ်သည်။ န စတ္ထိ၊ ရှိလည်းမရှိပါ။ ကိသ္မိဉ္စိ၊ အဇ္ဈတ္တ ဗဟိဒ္ဓ တစုံတခု၌။ ပရဿ၊ သူတပါး၏။ ကိဉ္စနတာ၊ အတ္တနိယသည်။ န စတ္ထိ၊ ရှိလည်းမရှိပါ။

၁။ ကိုယ်တွင်း, ကိုယ်ပ နှစ်ဌာန၌ ငါ့ကိုယ်မရှိ။
၂။ ကိုယ်တွင်း, ကိုယ်ပ နှစ်ဌာန၌ ငါ့ဥစ္စာမရှိ။
၃။ ကိုယ်တွင်း, ကိုယ်ပ နှစ်ဌာန၌ သူတပါး၏ကိုယ် မရှိ။
၄။ ကိုယ်တွင်း, ကိုယ်ပ နှစ်ဌာန၌ သူတပါး၏ဥစ္စာ မရှိ။

ရုပ်နှင့် နာမ်သာ ကြွင်းအမှန်ရှိ၏။ ဤကဲ့သို့စိစ်ဖြန်း။

စတုကောဋိကသုညတနည်းစိစ်ဖြန်းပုံ ပြီး၏။

## ဆကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ

စက္ခုံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။

စက္ခုံ၊ စက္ခုပသာဒသည်။ အတ္တေန ဝါ၊ ငါ့မျက်စိမှ ရင်း။ အတ္တနိယေန ဝါ၊ ငါ့ဥစ္စာမှရင်း။ နိစ္စေန ဝါ၊ အဇဋ္ဌာပြင် ကောင်းကင်ကဲ့သို့ မြဲသောအဖြစ်မှရင်း။ ဓုဝေန ဝါ၊ မချွတ်မယွင်း ခိုင်ခံ့သော အဖြစ်မှရင်း။ သဿတေန ဝါ၊ နေ, လ, နက္ခတ်ကဲ့သို့ အခါခပ်သိမ်း မြဲသောအဖြစ်မှရင်း။ အဝိပရိဏာမဓမ္မေန ဝါ၊ မဖောက် ပြန်သော သဘောမှရင်း။ သုညံ၊ ဆိတ်သုံး၏။

၁။ စက္ခုပသာဒသည် ငါ့မျက်စိမဟုတ် သုံး၏။
၂။ စက္ခုပသာဒသည် ငါ့မျက်စိ၏ တည်ရာမဟုတ် သုံး၏။
၃။ စက္ခုပသာဒသည် ကောင်းကင်ကဲ့သို့ အမြဲသုံး၏။
၄။ စက္ခုပသာဒသည် ခိုင်ခံ့သော သဘောမရှိ သုံး၏။
၅။ စက္ခုပသာဒသည် နေ, လ,နက္ခတ်ကဲ့သို့ မမြဲ သုံး၏။
၆။ စက္ခုပသာဒသည် မဖောက်ပြန်သော သဘော မဟုတ်၊ ဖောက်ပြန်၏၊ သုံး၏။

စက္ခုပသာဒကို ဆကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ ပြီး၏။

## သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယ-ပသာဒ-တို့၌

### ဆကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ

၁။ သောတ ဃာနဇိဝှါ ကာယ တို့သည် ငါ့ကိုယ် မဟုတ် သုံး၏။

၂။ သောတ ဃာန ဇိဝှါ ကာယတို့သည် ငါ့ကိုယ်၏ တည်ရာမဟုတ် သုံး၏။

၃။ သောတ ဃာန ဇိဝှါ ကာယတို့သည် ကောင်း ကင်ကဲ့သို့ မမြဲ သုံး၏။

၄။ သောတ ဃာန ဇိဝှါ ကာယတို့သည် ခိုင်ခံ့ သောသဘောမရှိ သုံး၏။

၅။ သောတ ဃာန ဇိဝှါ ကာယတို့သည် နေ, လ, နက္ခတ်ကဲ့သို့ မမြဲ သုံး၏။

၆။ သောတ ဃာန ဇိဝှါ ကာယတို့သည် မဖောက် ပြန်သော သဘောမဟုတ်၊ ဖောက်ပြန်၏၊ သုံး၏။

ဆဋ္ဌကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ ပြီး၏။

## အာယတနတဆယ့်နှစ်ပါး၌ ဆင့်ကောဋ္ဌိကသုညတနည်း စီးဖြန်းပုံ

၁။ စက္ခာယတန။ ၇။ ရူပါယတန။
၂။ သောတာယတန။ ၆။ သဒ္ဒါယတန။
၃။ ဃာနာယတန။ ၉။ ဂန္ဓာယတန။
၄။ ဇိဝှါယတန။ ၁၀။ ရသာယတန။
၅။ ကာယာယတန။ ၁၁။ ဖောဋ္ဌဗ္ဗာယတန။
၆။ မနာယတန။ ၁၂။ ဓမ္မာယတန။

ဟု ဆိုအပ်သော အာယတန တဆယ့်နှစ်ပါးတို့သည် ငါ့ကိုယ်မဟုတ် သုံး၏။

၁။ စက္ခာယတန။ ၇။ ရူပါယတန။
၂။ သောတာယတန။ ၈။ သဒ္ဒါယတန။
၃။ ဃာနာယတန။ ၉။ ဂန္ဓာယတန။
၄။ ဇိဝှါယတန။ ၁၀။ ရသာယတန။
၅။ ကာယာယတန။ ၁၁။ ဖောဋ္ဌဗ္ဗာယတန။
၆။ မနာယတန။ ၁၂။ ဓမ္မာယတန။

ဟု ဆိုအပ်သော အာယတန တဆယ့်နှစ်ပါးတို့သည် ငါ့ကိုယ်၏ တည်ရာမဟုတ် သုံး၏။

၁။ စက္ခာယတန။ ၄။ ဇိဝှါယတန။
၂။ သောတာယတန။ ၅။ ကာယာယတန။
၃။ ဃာနာယတန။ ၆။ မနာယတန။

| | |
|---|---|
| ၇။ ရူပါယတန။ | ၁၀။ ရသာယတန။ |
| ၈။ သဒ္ဒါယတန။ | ၁၁။ ဖောဋ္ဌဗ္ဗာယတန။ |
| ၉။ ဂန္ဓာယသန။ | ၁၂။ ဓမ္မာယတန။ |

ဟု ဆိုအပ်သော အာယတန တဆယ့်နှစ်ပါးတို့သည် ကောင်းကင်ကဲ့သို့မမြဲ သုံး၏။

| | |
|---|---|
| ၁။ စက္ခာယတန။ | ၇။ ရူပါယတန။ |
| ၂။ သောတာယတန။ | ၈။ သဒ္ဒါယတန။ |
| ၃။ ဃာနာယတန။ | ၉။ ဂန္ဓာယတန။ |
| ၄။ ဇိဝှါယတန။ | ၁၀။ ရသာယတန။ |
| ၅။ ကာယာယတန။ | ၁၁။ ဖောဋ္ဌဗ္ဗာယတန။ |
| ၆။ မနာယတန။ | ၁၂။ ဓမ္မာယတန။ |

ဟု ဆိုအပ်သော အာယတန တဆယ့်နှစ်ပါးတို့သည် ခိုင်ခံ့သောသဘောမရှိ သုံး၏။

| | |
|---|---|
| ၁။ စက္ခာယတန။ | ၇။ ရူပါယတန။ |
| ၂။ သောတာယတန။ | ၈။ သဒ္ဒါယတန။ |
| ၃။ ဃာနာယတန။ | ၉။ ဂန္ဓာယတန။ |
| ၄။ ဇိဝှါယတန။ | ၁၀။ ရသာယတန။ |
| ၅။ ကာယာယတန။ | ၁၁။ ဖောဋ္ဌဗ္ဗာယတန။ |
| ၆။ မနာယတန။ | ၁၂။ ဓမ္မာယတန။ |

ဟု ဆိုအပ်သော အာယတန တဆယ့်နှစ်ပါးတို့သည် နေ လ နက္ခတ်ကဲ့သို့မမြဲ သုံး၏။

၁။ စက္ခာယတန။
၂။ သောတာယတန။
၃။ ဃာနာယတန။
၄။ ဇိဝှါယတန။
၅။ ကာယာယတန။
၆။ မနာယတန။
၇။ ရူပါယတန။
၈။ သဒ္ဒါယတန။
၉။ ဂန္ဓာယတန။
၁၀။ ရသာယတန။
၁၁။ ဖောဋ္ဌဗ္ဗာယတန။
၁၂။ ဓမ္မာယတန။

ဟုဆိုအပ်သော အာယတန တဆယ့်နှစ်ပါးတို့သည် မဖောက်ပြန်သော သဘောမဟုတ် ဖောက်ပြန်၍ သုံး၏။

ယခုပြသောနည်းကား အာယတန တဆယ့်နှစ်ပါးကို ပေါင်း၍ ဆက်ာဒ္ဓိကသုညတနည်းအားဖြင့် ခြောက်ချက်သာပြသော နည်းအတိုကောက် ဖြစ်သည်၊ ထိုအာယတန တဆယ့်နှစ်ပါးကို အကျယ်ဖြန့်၍ စီးဖြန်းသည်ရှိသော် အာယတန တပါးတပါးလျှင် ခြောက်ချက်-ခြောက်ချက် စီးဖြန်းရလေသောကြောင့် အာယတန တဆယ့်နှစ်ပါး စေ့သောအခါ ခုနစ်ဆယ့်နှစ်ချက် စီးဖြန်းရ၏။ ကျယ်မည်စိုးသောကြောင့် အကျဉ်းအမြွက်မျှ ပြလိုက်သည်၊ အာယတန တဆယ့်နှစ်ပါး၌ ဆက်ာဒ္ဓိကသုညတနည်း စီးဖြန်းလိုတဲ့ ယောဂီပုဂ္ဂိုလ်သည် အကျယ်ဖြန့်၍ စီးဖြန်းကြပါ။

## အာယတန တဆယ့်နှစ်ပါး ဆကောဋ္ဌိကသုညတနည်း လှည့်၍စီးဖြန်းပုံပြသော ဇယား

| | | | | | | | |
|---|---|---|---|---|---|---|---|
| စက္ခာယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| သောတာယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဃာနာယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဇိဝှါယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ကာယာယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| မနာယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ရူပါယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| သဒ္ဒါယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဂန္ဓာယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ရသာယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဖောဋ္ဌဗ္ဗာယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဓမ္မာယတန | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |

အာယတန တဆယ့်နှစ်ပါးကို ဆကောဋ္ဌိကသုညတနည်းနှင့် လှည့်၍စီးဖြန်းသောအခါ သဘောတွေ့ဝေခြင်း ဖြစ်ခဲ့ပါလျှင် ယခု ကွက်စိပ်ရိုက်ထားသော အခန်းကိုကြည့်ရှု၍ အာယတနတပါးလျှင် ခြောက်ချက် ခြောက်ချက်ကျစီသွား၍ အာယတန တဆယ့်နှစ်ပါး ပေါင်းမိသောအခါ ခုနစ်ဆယ့်နှစ်ချက် ဖြစ်ပါလိမ့်မည် စီးဖြန်းကြပါ။

(အာယတန တဆယ့်နှစ်ပါး ဆကောဋ္ဌိကသုညတနည်း စီးဖြန်းပုံဇယား ပြီး၏။)

## ဓာတ် (၁၈) ပါး ဆကောဋ္ဌိကသုညတနည်းနှင့် လှည့်၍စီးဖြန်းပုံ

| | | | | | | | |
|---|---|---|---|---|---|---|---|
| စက္ခုဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| သောတဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဃာနဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဇိဝှါဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ကာယဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| မနောဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ရူပဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| သဒ္ဒဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဂန္ဓဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ရသဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဖောဋ္ဌဗ္ဗဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| စက္ခုဝိညာဏဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |

## ဓာတ်(၁၈)ပါး၊ ဆကောဋ္ဌိကသုညတနည်းနှင့် လှည့်၍စီးဖြန်းပုံ

| | | | | | | | |
|---|---|---|---|---|---|---|---|
| သောတဝိညာဏဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဃာနဝိညာဏဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဇိဝှါဝိညာဏဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ကာယဝိညာဏဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| မနောဝိညာဏဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဓမ္မဓာတ် | ငါမဟုတ် | မမြဲ | ငါ့ဥစ္စာမဟုတ် | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |

ဓာတ် (၁၈) ပါးကို ဆကောဋ္ဌိကသုညတနည်းနှင့် လှည့်၍ စီးဖြန်းသောအခါ သဘောတွေ့ဝေခြင်းဖြစ်ခဲ့လျှင် ယခု ကွက်စိပ်ရိုက်၍ ပြထားသောအခန်းကို ရှုကြည့်၍ ဓာတ်တပါးလျှင် ခြောက်ချက်-ခြောက်ချက်စီသွား၍ ဓာတ် (၁၈)ပါး ပေါင်းမိသော် (၁၀၈) ချက် စီးဖြန်းကြပါ။

ဓာတ် (၁၈) ပါးကို ဆကောဋ္ဌိကသုညတနည်းနှင့် လှည့်၍ စီးဖြန်းပုံကား ပြီး၏။



နိဗ္ဗိန္ဒတောင်-ဆရာတော်
တရားဟောပလ္လင်နှင့် ၁၃၁၃-ခုနှစ် ရိုက်ကူးထားသောပုံ။

## ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ရပ်ကို ဆကောဋ္ဌိကသုညတနည်း လှည့်၍စီးဖြန်းပုံ

| | | | | | | | |
|---|---|---|---|---|---|---|---|
| အဝိဇ္ဇာ | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| သင်္ခါရ | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဝိညာဏ် | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| နာမ်-ရုပ် | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| သဠာယတန | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဖဿ | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဝေဒနာ | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| တဏှာ | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဥပါဒါန် | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဘဝ | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဇာတိ | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |
| ဇရာမရဏ | ငါမဟုတ် | ငါ့ဥစ္စာမဟုတ် | မမြဲ | မခိုင် | မမြဲ | ဖောက်ပြန်၏ | ၆ |

ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ရပ်ကို ဆကောဋ္ဌိကသုညတ နည်းအားဖြင့် လှည့်၍စီးဖြန်းသောအခါ သဘောတွေ့ဝေခြင်း ဖြစ်ခဲ့လျှင် ယခုကွက်စိပ်ရိုက်၍ပြထားသော အကွက်ကိုကြည့်၍ ပဋိစ္စသမုပ္ပါဒ် တပါး တပါးလျှင် ခြောက်ချက် ခြောက်ချက်စီသွား၍ ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးပေါင်းမိသော် ခုနစ်ဆယ့်နှစ်ချက်စေ့အောင် စီးဖြန်းကြပါ။

(ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ဆကောဋ္ဌိကသုညတနည်းနှင့်လှည့်၍ စီးဖြန်းပုံအချက်ကား ပြီး၏။)

## အဋ္ဌကောဋ္ဌိကသုညတနည်းစီးဖြန်းပုံ

ယထာ ရေဏ္ဏော အသာရော နိသာရော သာရာပ-ဂတော ဧဝမေဝ ရူပံ အသာရံ နိသာရံ သာရာပဂတံ၊ နိစ္စသာရသာရေန ဝါ ဓုဝသာရသာရေန ဝါ သုခ-သာရသာရေန ဝါ အတ္တသာရသာရေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။

ရေဏ္ဏော၊ ကျက်ဆူပင်သည်။ အသာရော ယထာ၊ အနှစ်မဟုတ်သကဲ့သို့ငှါ။ နိသာရော ယထာ၊ အနှစ်မရှိသကဲ့သို့ငှါ။ သာရာပဂတော ယထာ၊ အနှစ်သာရမှကင်းသကဲ့သို့ငှါ။ ဧဝမေဝ၊ ဤအနှစ်မရှိသော သစ်ပင်အတူသာလျှင်။ ရူပံ၊ ရူပက္ခန္ဓာသည်။ နိစ္စသာရ-သာရေန ဝါ၊ အစအဆုံးမရှိ ကောင်းကင်ကဲ့သို့ မြဲသော နိစ္စသာရ အနှစ်ရှိသော အားဖြင့်ငှါ။ ဓုဝသာရ-သာရေန ဝါ၊ မချွတ်မယွင်းခိုင်ခံ့သော ဓုဝသာရဟူသော အနှစ်ရှိသော အားဖြင့်ငှါ။ သုခသာရသာရေန ဝါ၊ ချမ်းသာခြင်း သုခသာရဟူသော အနှစ်ရှိသော အားဖြင့်ငှါ။ အတ္တသာရသာရေန ဝါ၊ အတ္တဟူသော အတ္တသာရ အနှစ်ရှိသော အားဖြင့်ငှါ။ နိစ္စေန ဝါ၊ အစအဆုံး မရှိသော ကောင်းကင်ကဲ့သို့ မြဲခြင်းဖြင့်ငှါ။ ဓုဝေန ဝါ၊ မချွတ်မယွင်း ခိုင်ခံ့သော မြဲခြင်းအားဖြင့်ငှါ။ သဿတေန ဝါ၊ နေ့, လ, မြင်းမိုရ်စသော ဝတ္ထုတို့ကဲ့သို့

အခါခပ်သိမ်း ထင်ရှားရှိသော မြဲခြင်းအားဖြင့်၎င်း။ အဝိပရိဏာမဓမ္မေန ဝါ၊ စိန် - ကျောက် - ပတ္တမြားမျိုးတို့သည် အိုခြင်း, ရင့်ခြင်း, ဖောက်ပြန်ခြင်း မထင်မရှား သကဲ့သို့ ဖောက်ပြန်ခြင်း, အိုခြင်းမရှိသော သဘောအားဖြင့်၎င်း။ အသာရံ၊ ဆိုခဲ့ပြီးသော အနှစ်စုမဟုတ်။ နိသာရံ၊ ဆိုခဲ့ပြီးသော အနှစ်မရှိ။ သာရာပဂတံ၊ ဆိုခဲ့ပြီးသော အနှစ်စုမှ ကင်း၏။

## ခန္ဓာငါးပါး အဋ္ဌကောဋ္ဌိကသညာတနည်း လှည့်၍စီးဖြန်းပုံ

ရူပက္ခန္ဓာ
ဝေဒနာက္ခန္ဓာ
သညာက္ခန္ဓာ
သင်္ခါရက္ခန္ဓာ
ဝိညာဏက္ခန္ဓာ
} ခန္ဓာငါးပါးတို့သည်

၁။ ကောင်းကင်ကဲ့သို့ မြဲသောသဘောမရှိ သုံး၏။
၂။ မချွတ်မယွင်း ခိုင်ခံ့သောသဘောမရှိ သုံး၏။
၃။ ချမ်းသာခြင်း အနှစ်သာရမရှိ သုံး၏။
၄။ ကိုယ်ဟူသော အနှစ်မရှိ သုံး၏။
၅။ နေ, လ, မြင်းမိုရ်ကဲ့သို့ အခါခပ်သိမ်း ထင်ရှား ရှိသော သဘောမှ သုံး၏။

၆။ စိန်-ကျောက်-ပတ္တမြားမျိုးကဲ့သို့ မဖောက် မပြန် သော သဘောမရှိ သုံး၏။
၇။ ဆိုခဲ့ပြီးသော အနှစ်စုမရှိ သုံး၏။
၈။ ဆိုခဲ့ပြီးသော အနှစ်စုမှကင်း၏၊ သုံး၏။

ခန္ဓာငါးပါးတရားကို အဋ္ဌကောဋ္ဌိကသုညတနည်းနှင့် လှည့်၍ စီးဖြန်းသောအခါ ခန္ဓာတပါးလျှင် ရှစ်ချက် ရှစ်ချက်လှည့်၍ စီးဖြန်း၊ သို့အတွက် ခန္ဓာငါးပါးစေ့သောအခါ အချက်လေးဆယ် သုညတ ထွက်အောင် စီးဖြန်းကြပါ။

ယထာ ဥဒုမ္ဗရော ... .... ရေသဖန်းပင်ကဲ့သို့။
ယထာ သေတဝစ္ဆော .... ခတက်ပင်ကဲ့သို့။
ယထာ ပါရိဆတ္တကော .... ကသစ်ပင်ကဲ့သို့။
ယထာ ဖေဏပိဏ္ဍော .... ရေမြှုပ်ကဲ့သို့။
ယထာ ဥဒကပုပ္ဖုဠံ .... ရေပွက်ကဲ့သို့။
ယထာ မရီစိ .... .... တံလျှပ်ကဲ့သို့။
ယထာ ကဒလိက္ခန္ဓော .... ငှက်ပျောတုံးကဲ့သို့။
ယထာ မာယာ ... .... မျက်လှည့်ကဲ့သို့။

(ခန္ဓာငါးပါး အဋ္ဌကောဋ္ဌိက သုညတနည်း လှည့်၍စီးဖြန်းပုံ ပြီး၏။)

အာယတန တဆယ့်နှစ်ပါးကို အဋ္ဌကောဋ္ဌိကသုညတ နည်းနှင့် လှည့်၍ စီးဖြန်းသောအခါ နောက်က ပြဆို ခဲ့သော ခန္ဓာငါးပါး စီးဖြန်းသည့်အတိုင်း အာယတန တဆယ့်နှစ်ပါးမှာလဲ တပါး တပါးလျှင် ရှစ်ချက် ရှစ်ချက်

ရသည့်အတွက်ကြောင့် အာယတန တဆယ့်နှစ်ပါးမှာ ကိုးဆယ့်ခြောက်ချက် သုညတနည်း ထွက်အောင်စီးဖြန်းတော်မူကြပါ။

အာယတနတဆယ့်နှစ်ပါး အဌကောဋ္ဌိကသုညတနည်း
လှည့်၍စီးဖြန်းပုံ ပြီး၏။

ဓာတ်တဆယ့်ရှစ်ပါးကို အဌကောဋ္ဌိကသုညတနည်းနှင့် လှည့်၍ စီးဖြန်းသောအခါ နောက်ကပြဆိုခဲ့သော အာယတန တဆယ့်နှစ်ပါး စီးဖြန်းသည့်အတိုင်း ဓာတ်တဆယ့်ရှစ်ပါးမှာလဲ ဓာတ်တပါးလျှင် ရှစ်ချက်ရသည့်အတွက်ကြောင့် ဓာတ်တဆယ့်ရှစ်ပါးမှာ တရာ့လေးဆယ့်လေးချက် သုညတထွက်အောင် စီးဖြန်းတော်မူကြပါ။

ဓာတ်တဆယ့်ရှစ်ပါးကို အဌကောဋ္ဌိကသုညတနည်းနှင့်
လှည့်၍စီးဖြန်းပုံ ပြီး၏။

---

## ပဋိစ္စသမုပ္ပါဒ်-တဆယ့်နှစ်ပါး အဌကောဋ္ဌိက-သုညတနည်းစီးဖြန်းပုံ

ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကိုအဌကောဋ္ဌိကသုညတနည်းနှင့်လှည့်၍ စီးဖြန်းသောအခါ နောက်က ပြဆိုခဲ့သော ဓာတ်တဆယ့်ရှစ်ပါး စီးဖြန်းသည့်အတိုင်း ပဋိစ္စ-သမုပ္ပါဒ် တဆယ့်နှစ်ပါးလဲပဲ တပါးလျှင် ရှစ်ချက်ရသည့်

အတွက်ကြောင့် ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးမှာ ကိုး ဆယ့်ခြောက်ချက် သုညတထွက်အောင် လှည့်၍စီးဖြန်း ကြပါ။

ပဋိစ္စသမုပ္ပါဒ်တဆယ့်နှစ်ပါး အဌကောဌိကသုညတနည်း
စီးဖြန်းပုံ ပြီး၏။

## ခန္ဓာငါးပါးကို ဒသကောဋ္ဌိကသုညတနည်း စီးဖြန်းပုံ

ရူပံ ရိတ္တတော ပဿတိ တုစ္ဆတော သုညတော အနတ္တတော အနိဿရိယတော အကာမကာရိယ-တော အလဗ္ဘနိယတော အဝသဝတ္တနတော ပရတော ဝိဝိတ္တတော။

ရူပံ၊ ရူပက္ခန္ဓာကို။ ရိတ္တတော၊ အနှစ်သာရ ကင်း ရှင်း၏ဟု။ ပဿတိ၊ ရှုအပ်၏။ တုစ္ဆတော၊ အချည်းနှီးသာ ဖြစ်၏ဟု။ ပဿတိ၊ ရှုအပ်၏။ သုညတော၊ ကိုယ်မှဆိတ်၏ ဟု။ ပဿတိ၊ ရှုအပ်၏။ အနတ္တတော၊ အစိုးရခြင်း စသော ဂုဏ်မရှိဟု။ ပဿတိ၊ ရှုအပ်၏။ အနိဿရိယတော၊ အစိုးမရဟု။ ပဿတိ၊ ရှုအပ်၏။ အကာမကာရိယတော၊ အလိုအတိုင်း မပြုပြင်အပ်သောသဘောဟု။ ပဿတိ၊ ရှုအပ်၏။ အလဗ္ဘနိယတော၊ မဆင်းရဲပါစေနှင့် တောင့်တ ၍ မရသော သဘောဟု။ ပဿတိ၊ ရှုအပ်၏။ အဝသ-

ဝတ္တနုတော၊ အလိုသို့မလိုက်သော သဘောဟု။ ပဿတိ၊ ရှုအပ်၏။ ပရတော၊ မင်းစိုးမစီရင်နိုင်သော ရန်သူကြီးဟု။ ပဿတိ၊ ရှုအပ်၏။ ဝိဝိတ္တတော၊ ဆိတ်ငြိမ်သော သဘောဟု။ ပဿတိ၊ ရှုအပ်၏။

ရူပက္ခန္ဓာ

ဝေဒနာက္ခန္ဓာ

သညာက္ခန္ဓာ

သင်္ခါရက္ခန္ဓာ

ဝိညာဏက္ခန္ဓာ

ဤခန္ဓာငါးပါး ရုပ်,နာမ်တရားနှစ်ပါးသည်—

၁။ အနှစ်သာရကင်းရှင်း၏။

၂။ အချည်းနှီးဖြစ်၏။

၃။ အတ္တမှဆိတ်၏။

၄။ အစိုးရခြင်းစသောဂုဏ်မရှိ။

၅။ အစိုးမရ။

၆။ အလိုအတိုင်း မပြုပြင်အပ်သော သဘောရှိ၏။

၇။ မဆင်းရဲပါစေနှင့်ဟု တောင့်တ၍ မရသော သဘောရှိ၏။

၈။ အလိုသို့မလိုက်သောသဘောရှိ၏။
၉။ မင်းစိုး မစီရင်နိုင်သောသဘောရှိ၏။
၁၀။ ဆိတ်ငြိမ်သော သဘောရှိ၏။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဒသကောဋ္ဌိက သုညတ နည်းဖြင့် လှည့်၍ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ခန္ဓာငါးပါးကို စသောအခါ ခန္ဓာတပါးလျှင် ဆယ်ချက် ဆယ်ချက်, ဖြစ်သောကြောင့် သုညတနည်း ငါးဆယ် ထွက်အောင် စီးဖြန်းတော်မူကြပါ။

ခန္ဓာငါးပါးကို ဒသကောဋ္ဌိကသုညတနည်းနှင့် စီးဖြန်းပုံ ပြီး၏။

## အာယတနတဆယ့်နှစ်ပါးကို ဒသကောဋ္ဌိကသုညတ နည်းနှင့် လှည့်၍စီးဖြန်းပုံ

အာယတနတဆယ့်နှစ်ပါးကို ဒသကောဋ္ဌိကသုညတ နည်းဖြင့် လှည့်၍ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အာယတန တဆယ့်နှစ်ပါး စေ့သောအခါ အာယတန တပါး တပါးလျှင် ဆယ်ချက်, ဆယ်ချက်ဖြစ်ခြင်းကြောင့် သုညတနည်း တရာ့နှစ်ဆယ် ထွက်အောင် စီးဖြန်းတော် မူကြပါ။

အာယတန တဆယ့်နှစ်ပါးကို ဒသကောဋ္ဌိကသုညတနည်းနှင့် လှည့်၍စီးဖြန်းပုံ ပြီး၏။

## ခေတ် တဆယ့်ရှစ်ပါးကို ဒသကောဋ္ဌိကသုညတနည်းနှင့် လှည့်၍စီးဖြန်းပုံ

ခေတ် တဆယ့်ရှစ်ပါးကို ဒသကောဋ္ဌိကသုညတနည်းနှင့် လှည့်၍ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ခေတ် တဆယ့် ရှစ်ပါး စေ့သောအခါ ခေတ်တပါး တပါးလျှင် ဆယ်ချက်, ဆယ်ချက် ဖြစ်ခြင်းကြောင့် သုညတနည်း တရာ့ရှစ်ဆယ် ထွက်အောင် စီးဖြန်းတော်မူကြပါ။

ခေတ် တဆယ့်ရှစ်ပါးကို ဒသကောဋ္ဌိကသုညတနည်းနှင့် လှည့်၍စီးဖြန်းပုံ ပြီး၏။

---

## ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ဒသကောဋ္ဌိကသုညတ နည်းနှင့်လှည့်၍စီးဖြန်းပုံ

ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ဒသကောဋ္ဌိက သုညတ နည်းနှင့် လှည့်၍စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ပဋိစ္စ-သမုပ္ပါဒ် တဆယ့်နှစ်ပါးစေ့သောအခါ ပဋိစ္စသမုပ္ပါဒ် တပါးလျှင် ဆယ်ချက်, ဆယ်ချက် ဖြစ်ခြင်းကြောင့် သုညတနည်း တရာ့နှစ်ဆယ် ထွက်အောင် စီးဖြန်းတော်မူကြပါ။

ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ဒသကောဋ္ဌိကသုညတနည်းနှင့် စီးဖြန်းပုံ ပြီး၏။

## ခန္ဓာငါးပါးကိုဒွါဒသကောဋ္ဌကသုညတနည်းနှင့် စီးဖြန်းပုံ

ရူပံ န သတ္တော န ဇီဝေါ န နရော န မာနဝေါ န
ဣတ္ထီ န ပုရိသော န အတ္တာ နာဟံ န အတ္တနိယံ န
မမ န အညဿ န ကဿစိ။

ရူပံ၊ ရူပက္ခန္ဓာသည်။ န သတ္တော၊ ဂုဏ်ရှိသောသတ္တဝါ မဟုတ်။ န ဇီဝေါ၊ အသက်မဟုတ်။ န နရော၊ အမှုကိစ္စကို ပြီးအောင်ဆောင်တတ်သောသတ္တဝါမဟုတ်။ န မာနဝေါ၊ မာနတက်စရာ သတ္တဝါမဟုတ်။ န ဣတ္ထီ၊ ယောကျ်ားကို ကြိုက်တတ်သော မိန်းမမဟုတ်။ န ပုရိသော၊ ယောကျ်ား မဟုတ်။ န အတ္တာ၊ ကိုယ်မဟုတ်။ နာဟံ၊ ငါမဟုတ်။ န အတ္တနိယံ၊ ကိုယ်နှင့်စပ်သော ဝတ္ထုမဟုတ်၊ န မမ၊ ငါ၏ ပစ္စည်းဥစ္စာမဟုတ်။ န အညဿ၊ သူတပါး၏ပစ္စည်းဥစ္စာ မဟုတ်။ န ကဿစိ၊ တစုံတခုသော ဝတ္ထုမဟုတ်။

ရူပက္ခန္ဓာ။
ဝေဒနာက္ခန္ဓာ။
သညာက္ခန္ဓာ။
သင်္ခါရက္ခန္ဓာ။
ဝိညာဏက္ခန္ဓာ။

ဤခန္ဓာငါးပါး ရုပ်, နာမ် တရားတို့သည်—

၁။ ဂုဏ်ရှိသောသတ္တဝါမဟုတ်။
၂။ အသက်မဟုတ်။
၃။ အမှုကိစ္စကို ပြီးအောင် ဆောင်တတ်သော သတ္တဝါမဟုတ်။
၄။ မာနတက်စရာသတ္တဝါမဟုတ်။
၅။ ယောကျ်ားကိုကြိုက်တတ်သော မိန်းမ မဟုတ်။
၆။ ယောကျ်ားမဟုတ်။
၇။ ကိုယ်မဟုတ်။
၈။ ငါမဟုတ်။
၉။ ကိုယ်နှင့်စပ်သောဝတ္ထုမဟုတ်။
၁၀။ ငါ၏ပစ္စည်းဥစ္စာမဟုတ်။
၁၁။ သူတပါး၏ပစ္စည်းဥစ္စာမဟုတ်။
၁၂။ တစုံတခုသောဝတ္ထုမဟုတ်။

ခန္ဓာငါးပါးကိုဒွါဒသကောဋ္ဌိကသုညတနည်းနှင့် လှည့်၍ စီးဖြန်းသောအခါ ခန္ဓာတပါး တပါးလျှင် ဆယ့်နှစ်ချက်,ဆယ့်နှစ်ချက် လှည့်၍စီးဖြန်းသည့် အတွက်ကြောင့် ခန္ဓာငါးပါးစေ့သောအခါ အချက်ပေါင်း ခြောက်ဆယ် သုညတနည်းထွက်အောင် လှည့်၍ စီးဖြန်းတော်မူကြပါ။

ခန္ဓာငါးပါး ဒွါဒသကောဋ္ဌိကသုညတနည်းနှင့် လှည့်၍
စီးဖြန်းပုံ ပြီး၏။

## အာယတန တဆယ့်နှစ်ပါးကို ဒွါဒသကောဋ္ဌိက- သုညတနည်းနှင့် စီးဖြန်းပုံ

အာယတန တဆယ့်နှစ်ပါးကို ဒွါဒသကောဋ္ဌိက သုညတနည်းနှင့် လှည့်၍စီးဖြန်းသောအခါ နောက်က ပြဆိုခဲ့သော ခန္ဓာငါးပါး စီးဖြန်းသည့်အတိုင်း အာယတန တဆယ့်နှစ်ပါးမှာလဲပဲ တပါးတပါးလျှင် ဆယ့်နှစ်ချက် ရသည်အတွက်ကြောင့် အာယတန တဆယ့်နှစ်ပါးမှာ တရာ့လေးဆယ့်လေးချက် သုညတနည်းထွက်အောင် လှည့်၍ စီးဖြန်းတော်မူကြပါ။

အာယတနတဆယ့်နှစ်ပါးကို ဒွါဒသကောဋ္ဌိကသုညတ နည်းနှင့် စီးဖြန်းပုံ ပြီး၏။

## ဓာတ်တဆယ့်ရှစ်ပါးကို ဒွါဒသကောဋ္ဌိက- သုညတနည်းနှင့် လှည့်၍စီးဖြန်းပုံ

ဓာတ်တဆယ့်ရှစ်ပါးကို ဒွါဒသကောဋ္ဌိကသုညတ နည်းနှင့် လှည့်၍စီးဖြန်းသောအခါ နောက်ကပြဆိုခဲ့သော အာယတန တဆယ့်နှစ်ပါးအတိုင်း ဓာတ်တဆယ့်ရှစ်ပါး မှာလဲ တပါးတပါးလျှင် ဆယ့်နှစ်ချက် ရသည့်အတွက် ကြောင့် ဓာတ်တဆယ့်ရှစ်ပါးမှာ နှစ်ရာတဆယ့်ခြောက် ချက် သုညတထွက်အောင် စီးဖြန်းတော်မူကြပါ။

ဓာတ်တဆယ့်ရှစ်ပါးကို ဒွါဒသကောဋ္ဌိကသုညတနည်းနှင့် လှည့်၍ စီးဖြန်းပုံ ပြီး၏။

## ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ဒွါဒသကောဋ္ဌိက သုညတနည်းနှင့် လှည့်၍စီးဖြန်းပုံ

ပဋိစ္စသမုပ္ပါဒ်တဆယ့်နှစ်ပါးကို ဒွါဒသကောဋ္ဌိက-သုညတနည်းနှင့်လှည့်၍ စီးဖြန်းသောအခါ နောက်ကပြဆိုခဲ့သော ဓာတ်တဆယ့်ရှစ်ပါးကို စီးဖြန်းသည့်အတိုင်း ပဋိစ္စသမုပ္ပါဒ်တဆယ့်နှစ်ပါးမှာလဲ တပါးတပါးလျှင် ဆယ့်နှစ်ချက်ရသည့်အတွက်ကြောင့် ပဋိစ္စသမုပ္ပါဒ်တဆယ့်နှစ်ပါးမှာ တရာလေးဆယ့်လေးချက်သုညတနည်း ထွက်အောင် စီးဖြန်းတော်မူကြပါ။

ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ဒွါဒသကောဋ္ဌိကသုညတနည်းနှင့် လှည့်၍စီးဖြန်းပုံ ပြီး၏။

---

## ခန္ဓာငါးပါးကို ဒွါစတ္တာလီသကောဋ္ဌိကသုညတနည်း စီးဖြန်းပုံ ပါဠိ-အနက်

ရူပံ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော ဤတိတော ဥပဒ္ဒဝတော ဘယတော ဥပသဂ္ဂတော စလတော ပဘင်္ဂုတော အဒ္ဓုဝတော အတာဏတော အလေဏတော အသရဏတော အသရဏီဘူတတော ရိတ္တတော တုစ္ဆတော သုညတော အနတ္တတော အာဒီနဝတော ဝိပရိဏာမဓမ္မတော အသာရကတော အဃမူလတော ဝဓကတော ဝိဘဝတော သာသဝတော သင်္ခ-

တတော မာရာမိသတော ဇာတိမဒ္ဒတော ဇရာမဒ္ဒတော ဗျာဓိမဒ္ဒတော မရဏမဒ္ဒတော သောကပရိဒေဝဒုက္ခ-ဒေါမနဿုပါယာသမဒ္ဒတော သမုဒယတော အတ္ထင်္ဂမ-တော အာဒီနဝတော နိဿရဏတော ပဿတိ။

ရူပံ၊ ရူပက္ခန္ဓာကို။ အနိစ္စတော၊ မမြဲဟူ၍ရှုငြင်း။ ဒုက္ခ-တော၊ ဆင်းရဲအတိဟူ၍ရှုငြင်း။ ရောဂတော၊ ရောဂါ အမျိုးမျိုးတို့၏ ဖြစ်ရာဟူ၍ရှုငြင်း။ ဂဏ္ဍတော၊ ဆင်းရဲဒုက္ခ တို့သည် ထိုးကျင့်ကိုက်ခဲအပ် ကိလေသာဟူသော သွေး, ပြည်တို့၏ ယိုစီးရာ ဥပါဒ်,ဋ္ဌ,ဘင်တို့ဖြင့် ယောင်ခြင်း, မှည့် ခြင်း, ပေါက်ကွဲခြင်းရှိသော အိုင်း, အမာကြီးဟူ၍ရှုငြင်း။ သလ္လတော၊ တဏှာဒိဋ္ဌိတို့၏ စူးဝင်တတ်သော ငြောင့်ဟူ၍ ရှုငြင်း။ အဃတော၊ စီးပွါးချမ်းသာမရှိ အကုသိုလ်တို့၏ ဖြစ်ရာ သူတော်ကောင်းတို့သည် ကဲ့ရဲ့အပ်သော အမှုဟူ၍ ရှုငြင်း။ အာဗာဓတော၊ ရောဂါဖြစ်ကြောင်း ကျက်သရေ မရှိ သည်ကို ဖြစ်စေတတ်သည် ဟူ၍ရှုငြင်း။ ပရတော၊ အလိုမပါ စီရင်ရာမရ သူစိမ်းပြင်ပ ဟူ၍ရှုငြင်း။ ပလောကတော၊အို ခြင်း, နာခြင်း, သေခြင်းဖြင့် ပျက်စီးတတ်၏ဟူ၍ရှုငြင်း။ ဤတိတော၊ များစွာသော ပျက်စီးခြင်းကို ဆောင်တတ်၏ ဟူ၍ရှုငြင်း။ ဥပဒ္ဒဝတော၊ သုံးဆယ့်နှစ်ပါးသော ကမ္မကရဏ တို့ဖြစ်ရာ ဟူ၍ရှုငြင်း။ ဘယတော၊ ကြောက်မက်ဖွယ် ဘေးမျိုးတို့ဖြစ်ရာ ဟူ၍ရှုငြင်း။ ဥပသဂ္ဂတော၊ မကောင်း

သော အတိတ် နိမိတ်ဟူ၍ငင်း။ စလတော၊ အို, နာ, သေခြင်းတို့ဖြင့် လှုပ်ရှားတတ်၏ ဟူ၍ငင်း။ ပဘင်္ဂုတော၊ မိမိလှုံလ သူတပါးလုံ့လတို့ဖြင့် ပျက်စီးတတ်၏ ဟူ၍ငင်း။ အဓုဝတော၊ အလုံးစုံသော အခိုက်အတန့်၌ ကျတတ် မခိုင်ခံ့တတ် ဟူ၍ငင်း။ အတာဏတော၊ ဘေးရန်ကင်းအောင် မစောင့်ရှောက်နိုင် ဟူ၍ငင်း။ အလေဏတော၊ ဘေးရန်လွတ်အောင် မပုန်းအောင်းနိုင် ပုန်းအောင်းရာ မဟုတ်ဟူ၍ငင်း။ အသရဏတော၊ မှီခိုသောသူတို့၏ အိုခြင်း, နာခြင်းစသော ဘေးတို့ကို မဖျက်ဆီးနိုင် ဟူ၍ငင်း။ အသရဏီဘူတတော၊ ကိုးကွယ်ရာဟု မယူအပ် ဟူ၍ငင်း။ ရိတ္တတော၊ တိတ္ထိတို့ ကြံဆအပ်သော အတ္တဟူသောအနှစ်မှ အလျှဉ်းကင်း၏ ဟူ၍ငင်း။ တုစ္ဆတော၊ မမြဲသောကြောင့် ယုတ်ညံ့သော ဆင်းရဲခြင်းတို့ဖြင့် ခြံရံသောကြောင့် အသုံးမကျ, အချည်းနှီးဖြစ်၏ ဟူ၍ငင်း။ သုညတော၊ အစိုးရခြင်း, အလိုလိုက်ခြင်းကိစ္စကို ပြီးစေနိုင်ခြင်း, သိတတ်ခံစားတတ်ခြင်း အစရှိသော ဂုဏ်ရှိသောအတ္တ၏ တည်ရာမဟုတ် အတ္တအားဖြင့် သုံး၏ ဟူ၍ငင်း။ အနတ္တတော၊ အတ္တဟူသော အနှစ်မဟုတ်ဟူ၍ငင်း။ အာဒီနဝတော၊ မမြဲခြင်း, ဆင်းရဲခြင်း, ဖောက်ပြန်ခြင်း အပြစ်ရှိ၏ ဟူ၍ငင်း။ ဝိပရိဏာမဓမ္မတော၊ အိုခြင်း, နာခြင်း, သေခြင်းတို့ဖြင့် ဖောက်ပြန်တတ်သောကြောင့်ငင်း။ အသာရကတော၊ ခိုင်ခံ့သော အနှစ်မရှိ အကာဟူ၍ငင်း။ အဃမူလတော၊

မကောင်းမှု အကုသိုလ်တို့၏ ဖြစ်ကြောင်းဟူ၍ရင်း။ ဝဓကောတော၊ အကျွမ်းဝင်သောသူကို သတ်တတ်၏ ဟူ၍ ရင်း။ ဝိဘဝတော၊ ပျက်စီးကြောင်း ဝိဘဝဒိဋ္ဌိ ဘဝ-တဏှာတို့၏ ဖြစ်ရာဟူ၍ရင်း။ သာသဝတော၊ အာသဝေါ တရားတို့၏ အာရုံဟူ၍ရင်း။ သင်္ခတတော၊ အကြောင်း ဟိတ် ကျေးဇူးပြုသော ပစ္စည်းတို့သည် ဖြစ်စေတတ်၏, ထောက်ပံ့တတ်၏ ဟူ၍ရင်း။ မာရာမိသတော၊ သေမင်း ကိလေသာဟူသော မာရ်တို့၏ ဥစ္စာပစ္စည်း ဟူ၍ရင်း။ ဇာတိဓမ္မတော၊ ဖြစ်တတ်သော သဘောဟူ၍ရင်း။ ဇရာ-ဓမ္မတော၊ အိုတတ်သော သဘောဟူ၍ရင်း။ ဗျာဓိ-ဓမ္မတော၊ နာတတ်သော သဘောဟူ၍ရင်း။ မရဏ-ဓမ္မတော၊ သေတတ်သော သဘောဟူ၍ရင်း။ သောက-ပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မတော၊ စိုးရိမ်ခြင်း, ငိုကြွေးမည်တမ်းခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, အလွန်ပင်ပန်းခြင်း သဘောဟူ၍ရင်း။ သမုဒယတော၊ အကြောင်းတို့ကြောင့် ဖြစ်တတ်သော သဘောဟူ၍ရင်း။ အတ္ထင်္ဂမတော၊ ဖြစ်၍ပျက်တတ်သော သဘောဟူ၍ရင်း။ အာဒီနဝတော၊ အထီးကျန်တတ်သော သဘောဟူ၍ရင်း။ နိဿရဏတော၊ ကိုးကွယ်ရာမရှိ ဟူ၍ရင်း။ ပဿတိ၊ ရှုအပ်၏။

ခန္ဓာငါးပါးကို ဒွါစတ္တာလီသကောဋ္ဌိက သုညတနည်းဖြင့် စီးဖြန်းပုံပါဌ်-အနက်ပြီး၏။



ပြည်မြို့၊ နိဗ္ဗိန္ဒဆရာတော်ပုံ။ ၁၃၁၅-ခုနှစ် ရိုက်ကူးထားသည်။

## ခန္ဓာငါးပါးကို ဒွါစတ္တာလီသကောဋ္ဌိကသုညတနည်းနှင့် စီးဖြန်းပုံအကျယ်

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ဤခန္ဓာငါးပါး ရုပ်,နာမ်တရားနှစ်ပါးတို့ကို—

၁။ မမြဲခြင်း အနိစ္စရှု။

၂။ ဆင်းရဲခြင်း ဒုက္ခရှု။

၃။ ရောဂါဖြစ်ရာအရပ်ဒေသဟုရှု။

၄။ အိုင်းအမာကြီးဟုရှု။

၅။ တဏှာဒိဋ္ဌိငြောင့်ဖြင့် စူးဝင်တတ်၏ဟုရှု။

၆။ ချမ်းသာမဲ့ဟုရှု။

၇။ ရောဂါဖြစ်ရာ ကြွက်သရေမဲ့တတ်၏ဟုရှု။

၈။ မင်းစိုးမစီရင်နိုင်ဟုရှု။

၉။ အိုတတ်, နာတတ်, သေတတ်, ပျက်စီးတတ်၏ဟုရှု။

၁၀။ များသောပျက်စီးခြင်းကို ဆောင်တတ်၏ဟုရှု။

၁၁။ သုံးဆယ့်နှစ်ပါးသော-ကံကြမ္မာတို့၏ ဖြစ်ရာအရပ်ဟုရှု။

၁၂။ ကြောက်မက်ဖွယ်ကြီးဟုရှု။

၁၃။ မကောင်းသော- တိတ်- နိမိတ်ကြီးဟုရှု။

၁၄။ အိုခြင်း, နာခြင်းတို့ကြောင့် လှုပ်ရှားတတ်၏ ဟူ၍။
၁၅။ ပျက်စီးတတ်၏ဟူ၍။
၁၆။ မမြဲ၏ဟူ၍။
၁၇။ ဘေးကင်းအောင် မစောင့်ရှောက်နိုင်သော ဝတ္ထုကြီးဟူ၍။
၁၈။ ဘေးလွတ်အောင် မပုန်းနိုင်သော အရပ်ဟူ၍။
၁၉။ မှီခိုရာကြီးမမှတ်အပ်ဟူ၍။
၂၀။ ကိုးကွယ်ရာကြီးမမှတ်အပ်ဟူ၍။
၂၁။ အနှစ်သာရ အလျှဉ်းကင်း၏ဟူ၍။
၂၂။ အချည်းနှီးဖြစ်၏ဟူ၍။
၂၃။ ကိုယ်မှသုံး၏ဟူ၍။
၂၄။ အနှစ်မဟုတ်ဟူ၍။
၂၅။ ဆင်းရဲသည်, ဆင်းရဲသားဟုအပြစ်ကို၍။
၂၆။ အိုခြင်း, သေခြင်း နှစ်ပါးတို့ဖြင့် ဖောက်ပြန် တတ်၏ဟူ၍။
၂၇။ အကာအတိဖြစ်၏ဟူ၍။
၂၈။ အကုသိုလ်တို့၏ ဖြစ်ရာအရပ်ဟူ၍။
၂၉။ အကျွမ်းဝင်သောသူကို သတ်တတ်၏ဟူ၍။
၃၀။ ဝိဘဝတဏှာတို့၏ ဖြစ်ရာဟူ၍။
၃၁။ အာသဝေါတရား လေးပါးတို့၏အာရုံဟူ၍။

၃၂။ ပစ္စည်းတရားတို့သည်ဖြစ်စေတတ်၏၊ ထောက်ပံ့တတ်၏ဟူ၍။

၃၃။ ကိလေသာ မာရ်ဟူသော သေမင်းကြီး၏ဥစ္စာဟူ၍။

၃၄။ ဖြစ်တတ်သောသဘောဟူ၍။

၃၅။ အိုတတ်သောသဘောဟူ၍။

၃၆။ နာတတ်သောသဘောဟူ၍။

၃၇။ သေတတ်သောသဘောဟူ၍။

၃၈။ စိုးရိမ်- ငိုကြွေး- မည်တမ်း- ဆင်းရဲ- နှလုံးမသာယာ အလွန်ပင်ပန်းသော သဘောဟူ၍။

၃၉။ အကြောင်းတို့ကြောင့် ဖြစ်တတ်သောသဘောဟူ၍။

၄၀။ ဖြစ်၍ပျက်တတ်သော သဘောဟူ၍။

၄၁။ အထီးကျန်တတ်သောသဘောဟူ၍။

၄၂။ ကိုးကွယ်ရာမရှိဟူ၍။

ခန္ဓာငါးပါးကို ဒွါစတ္တာလီသကောဋိကသုညတနည်းနှင့် လှည့်၍ စီးဖြန်းသောအခါ ခန္ဓာတပါး တပါးလျှင် လေးဆယ့်နှစ်ချက် လှည့်၍ စီးဖြန်းသောကြောင့် ခန္ဓာငါးပါးစေ့သောအခါ အချက်ပေါင်း နှစ်ရာ့တဆယ် သုညတနည်း ထွက်အောင်စီးဖြန်းတော်မူကြပါ။

ခန္ဓာငါးပါးကို ဒွါစတ္တာလီသကောဋိကသုညတနည်း လှည့်၍စီးဖြန်းပုံ ပြီး၏။

## အာယတနတဆယ့်နှစ်ပါးကိုဒွါစတ္တာလီသကောဋ္ဌိက-သုညတနည်းနှင့်လှည့်၍စီးဖြန်းပုံ

အာယတန တဆယ့်နှစ်ပါးကို ဒွါစတ္တာလီသကောဋ္ဌိက သုညတနည်းနှင့် လှည့်၍စီးဖြန်းသောအခါ နောက်ကပြဆိုခဲ့သော ခန္ဓာငါးပါး စီးဖြန်းသည့်အတိုင်း အာယတန တဆယ့် နှစ်ပါးမှာလဲ တပါး တပါးလျှင် လေးဆယ့်နှစ်ချက် လှည့်၍ စီးဖြန်းသည့်အတွက်ကြောင့် အာယတနတဆယ့် နှစ်ပါးစေ့သောအခါ ငါးရာ့လေးချက် သုညတ နည်း ထွက်အောင်လှည့်၍ စီးဖြန်းတော်မူကြပါ။

အာယတနတဆယ့်နှစ်ပါး ဒွါစတ္တာလီသကောဋ္ဌိကသုညတနည်းနှင့် လှည့်၍စီးဖြန်းပုံ ပြီး၏။

ဓာတ် တဆယ့်ရှစ်ပါးကို ဒွါစတ္တာလီသသုညတ နည်း နှင့် လှည့်၍ စီးဖြန်းသောအခါ နောက်က ပြဆိုခဲ့သော အာယတန တဆယ့်နှစ်ပါး စီးဖြန်းသည့်အတိုင်း ဓာတ် တဆယ့် ရှစ်ပါးမှာလဲ လေးဆယ့်နှစ်ချက်လှည့်၍ စီးဖြန်း ရသည့်အတွက်ကြောင့် ဓာတ်တဆယ့်ရှစ်ပါးမှာ ခုနစ်ရာ ငါးဆယ့်ခြောက်ချက် သုညတနည်းထွက်အောင် လှည့်၍ စီးဖြန်းတော်မူကြပါ။

ဓာတ်တဆယ့်ရှစ်ပါးကို ဒွါစတ္တာလီသကောဋ္ဌိကသုညတနည်းလှည့်၍ စီးဖြန်းပုံ ပြီး၏။

ပဋိစ္စသမုပ္ပါဒ်တဆယ့်နှစ်ပါးကို ဒွါဒသတ္တာလီသကောဋ္ဌိ-ကသုညတနည်းနှင့်လှည့်၍ စီးဖြန်းသောအခါ နောက်က ပြဆိုခဲ့သော ဓာတ်တဆယ့်ရှစ်ပါး စီးဖြန်းသည့်အတိုင်း ပဋိစ္စသမုပ္ပါဒ်တဆယ့်နှစ်ပါးမှာလဲ တပါးတပါးလျှင် လေးဆယ့်နှစ်ချက် စီးဖြန်းရသည့်အတွက်ကြောင့် ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါး စေ့သောအခါ ငါးရာ့လေးချက် သုညတ နည်းထွက်အောင် လှည့်၍စီးဖြန်းတော်မူကြပါ။

ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ဒွါဒသတ္တာလီသကောဋ္ဌိကသုညတနည်း လှည့်၍စီးဖြန်းပုံ ပြီး၏။

## သင်္ခါရုပေက္ခာဉာဏ်စီးဖြန်းပုံ

ဤကဲ့သို့ ပြဆိုခဲ့ပြီးသော နည်းအမျိုးမျိုးတို့နှင့် သွားတိုင်း, ရပ်တိုင်း, ထိုင်တိုင်း, လျောင်းတိုင်း စီးဖြန်းလျှင် မကြာခင် သင်္ခါရုပေက္ခာဉာဏ်စခန်းသို့ ဆိုက်ပါလိမ့်မည်၊ သင်္ခါရုပေက္ခာဉာဏ်စခန်းသို့ ဆိုက်သောအခါ နန္ဒီဘယ ပျောက်လိမ့်မည်။

ဘဝသုံးပါး၌ မနှစ်ခြိုက် လျစ်လျူရှုနိုင်၏။
ထိုအခါ သင်္ခါရုပေက္ခာဉာဏ် ရောက်ပြီမှတ်။

ဤ ရုပ် နာမ် တို့၌ လျစ်လျူရှု၍ အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် ရှုလျက်တည်၏၊ ဤ ရုပ် နာမ် တို့၌ ဘေးလည်း

မထင်၊ တပ်လည်းမတပ်၊ အနိစ္စ ဒုက္ခ အနတ္တသာ ထင်မြင်ရှိနေသောစိတ်ကို ဝိမောက္ခမုခ သုံးပါးခေါ်သည်။

ဤလောကသုံးပါး ရုပ် နာမ် တရားတို့ကို သုညတအားဖြင့် ရှုနိုင်သောသူကို သေမင်းမမြင်နိုင်၊ သို့အတွက်သေမင်းကိုကြောက်သောသူတို့သည် လောကကြီးသုံးပါးကို ဆိတ်သုံးအောင် ကြည့်တော်မူကြပါ။

သုညတော လောကံ အဝေက္ခဿု၊
မောဃရာဇ သဒါသတော။
အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊
ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ န ပဿတိ။

မောဃရာဇ၊ မောဃရာဇမည်သောမင်း။ သဒါ၊ အခါခပ်သိမ်း။ သတော၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ အတ္တရှိ၏ဟု စွဲလန်း၍ယူခြင်းကို။ ဦဟစ္စ၊ နှိပ်စက်၍။ လောကံ၊ လောကသုံးပါးကို။ သုညတော၊ နိစ္စသုခ အတ္တအားဖြင့် သုံး၏ဟု။ အဝေက္ခဿု၊ ရှုလေလော့။ ဧဝံ၊ ဤသို့ သုညတအားဖြင့် ရှုသည်ရှိသော်။ မစ္စုတရော၊ သေခြင်းကို လွန်မြောက်နိုင်သည်။ သိယာ၊ ဖြစ်ရာ၏။ လောကံ၊ လောကသုံးပါးကို။ ဧဝံ အဝေက္ခန္တံ၊ ဤသို့

သုညတအားဖြင့် ရှုသောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်ရာ။

မုဉ္စိတုကမျတာညာဏ်။
ပဋိသင်္ခါညာဏ်။
သင်္ခါရုပေက္ခာညာဏ်။

ဤညာဏ်သုံးပါးသည် အမည်နာမ အနု အရင့်သာ ကွဲပြား၏။ သဘောကား အတူတူ။

သင်္ခါရုပေက္ခာညာဏ် ပြီး၏။

---

## အနုလောမညာဏ်စီးဖြန်းပုံ

ဥဒယဗ္ဗယညာဏ်ကစ၍ သင်္ခါရုပေက္ခာညာဏ်အထိ တေဘူမ္မကသင်္ခါရတို့ကို အနိစ္စ အနိစ္စ, ဒုက္ခ ဒုက္ခ, အနတ္တ အနတ္တ ဟု လျော်အောင် အာရုံပြုနိုင်ခြင်း, အထက်အထက်က ဖြစ်သော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ကို လျော်အောင် အာရုံပြုနိုင်ခြင်းကို အနုလောမညာဏ် ခေါ်သည်။

၁။ ဥဒယဗ္ဗယညာဏ်
၂။ ဘင်္ဂညာဏ်
၃။ ဘယညာဏ်
၄။ အာဒီနဝညာဏ်
၅။ နိဗ္ဗိန္ဒညာဏ်

၆။ မုဋ္ဌိတုကမျတာဉာဏ်။
၇။ ပဋိသင်္ခါဉာဏ်။
၈။ သင်္ခါရုပေက္ခာဉာဏ်။

ဤဉာဏ်ရှစ်ပါးကို တခုမကျန် နောက်သို့ပြန်၍ နှလုံးသွင်းခြင်း, အထက်အထက်ဖြစ်သော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ကိုလည်း မဂ်ခဏ၌ သဘောကျအောင် နှလုံးသွင်းခြင်း, နောက်သို့ ပြန်၍ရှုလျှင် အဖြစ်အပျက်ကိုထင်ရမည်၊ အပျက်ကိုထင်ရမည်၊ ဘေးကြီးကိုထင်ရမည်၊ အပြစ်ကြီးကိုထင်ရမည်၊ ငြီးငွေ့ရမည်၊ လွတ်ခြင်းကိုထင်ရမည်၊ သုံးသပ်ဆင်ခြင်အပ်သော တရားတို့ကို သုံးသပ်ဆင်ခြင်ခြင်း, လျစ်လျူရှုအပ်သော တရားတို့ကို လျစ်လျူရှုနိုင်ခြင်း ဤရှစ်ပါးသော ဉာဏ်တို့၏ မဖောက်မပြန် မှန်သောကိစ္စရှိသည်၏ အဖြစ်အား လျော်၍၊ အထက်ဖြစ်သော မဂ်ခဏ၌ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့အား မှန်သောကိစ္စ အားဖြင့်လျော်၍၊ သင်္ခါရတို့၌ အနိစ္စ- ဒုက္ခ- အနတ္တဟု အာရုံပြုသော ပဌမဇော စိတ်ကို 'ပရိကံ'ခေါ်သည်။

ထိုနောက်တဖန် သင်္ခါရတို့၌ အနိစ္စ- ဒုက္ခ- အနတ္တဟု အာရုံပြုပြန်သောဒုတိယ ဇောစိတ်ကို 'ဥပစာ'ခေါ်သည်။

ထိုနောက်တဖန် သင်္ခါရတို့၌ အနိစ္စ- ဒုက္ခ- အနတ္တဟု အာရုံပြုပြန်သော တတိယ ဇောစိတ်ကို 'အနုလုံ'ခေါ်သည်။

အနုလောမဉာဏ်သည် သစ္စာလေးပါးကို ဖုံး၍ထားတဲ့ ကိလေသာကို ပယ်လိုက်သည်နှင့်တပြိုင်နက် ဂေါတြဘူဉာဏ် ပေါ်ပေါက်၍လာ၏၊ ဂေါတြဘူဉာဏ်ပေါ်ပေါက်၍ လာသည်နှင့်တပြိုင်နက် မဂ်ဉာဏ် ပေါ်ပေါက်၍လာ၏၊ မဂ်ဉာဏ်ပေါ်ပေါက်၍လာသည်နှင့် တပြိုင်နက် ဖိုလ်ဉာဏ် ပေါ်ပေါက်၍လာ၏၊ ဖိုလ်ဉာဏ်ပေါ်ပေါက်၍ လာသည်နှင့် တပြိုင်နက် ပစ္စဝေက္ခဏာဉာဏ် ပေါ်ပေါက်၍လာ၏။

သစ္စာလေးပါး တရားကို ဖုံး၍ထားသော ကိလေသာကို အနုလောမဉာဏ်က မပယ်သေးလျှင် ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံမပြုနိုင်၊ ဂေါတြဘူဉာဏ် မပေါ်ပေါက်သေးလျှင် မဂ်ဉာဏ်မပေါ်ပေါက်နိုင်၊မဂ်ဉာဏ်မပေါ်ပေါက်သေးလျှင် ပစ္စဝေက္ခဏာဉာဏ်မပေါ်ပေါက်နိုင်။

ပရိကံ
ဥပစာ
အနုလုံ
ဂေါတြဘူ
မဂ်ဉာဏ်
ဖိုလ်ဉာဏ်
ပစ္စဝေက္ခဏာဉာဏ်

အနုလောမဉာဏ်သည် ဘုရင်ကေရာဇ်မင်းနှင့်တူ၏။

၁။ ဥဒယဗ္ဗယဉာဏ်
၂။ ဘင်္ဂဉာဏ်

၃။ ဘယဉာဏ်
၄။ အာဒီနဝဉာဏ်
၅။ နိဗ္ဗိန္ဒဉာဏ်
၆။ မုဉ္စိတုကမျတာဉာဏ်
၇။ ပဋိသင်္ခါဉာဏ်
၈။ သင်္ခါရုပေက္ခာဉာဏ်

ဤဉာဏ်ရှစ်ပါးသည် အမတ်ကြီးရှစ်ယောက်နှင့် တူ၏။

နိုင်ငံကို လွှဲအပ်ခြင်း ခံရသော တရားစောင့်သော အမတ်ကြီးရှစ်ယောက်တို့ တရားသဖြင့် တိုင်းရေးပြည်မှုကို ဆုံးဖြတ်စီရင်သည်ကို တရားစောင့်သော မင်းကြောဇ်ကသင့်လှပေသည်ဟူ၍ ကြိုက်နှက်သက်ခြင်း, တရားကျမ်းဂန် ရာဇဓမ္မတို့နှင့်လည်း ညီညွတ် လိုက်လျောခြင်းကဲ့သို့ ဤအနုလောမ ဉာဏ်သည် မိမိအောက်၌ ဖြစ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ သင်္ခါရုပေက္ခာ ဉာဏ်တိုင်အောင် သင်္ခါရတို့ကို ယထာဘူတအားဖြင့် သိမြင်သည်ကိုရင်း, မိမိအထက်၌ရလတ္တံ့သော သုံးဆယ့်ခုနစ်ပါး ကုန်သော ဗောဓိပက္ခိယ တရားတို့ကို ဤဝိပဿနာ ဉာဏ်အဆင့်ဆင့်တို့ဖြင့်သာ ရအပ်သည်ဖြစ်၍ ဝိပဿနာဉာဏ်ရှစ်ပါးတို့နှင့် ဗောဓိပက္ခိယတရား သင့်လျော်ညီညွတ်ကြ၏ဟု သိမြင်နှစ်သက် လိုက်လျောသည်ကိုရင်း မှတ်အပ်၏။

အနုလောမဉာဏ်ခန်း ပြီး၏။

## ဂေါတြဘူညာဏ်စီးဖြန်းပုံ

အနုလောမညာဏ်သည် သင်္ခါရတို့၏ ဥပါဒ်,ဌီ,ဘင်ဟူသော အနိစ္စ, ဒုက္ခ,အနတ္တ လက္ခဏာရေး သုံးပါးဟူသော အာရုံရှိသောမဂ်ကို ရောက်လတ္တံ့, ရလတ္တံ့ဖြစ်၍ ဝုဋ္ဌာန-ဂါမိနီမည်သော ဝိပဿနာညာဏ်တို့တွင် အထွဋ်အထိပ်သို့ ရောက်သော အဆုံးဖြစ်သော ညာဏ်သည် ဤအနုလောမ ညာဏ်ပင်တည်း၊ ၎င်းအနုလောမညာဏ်ကို သဋ္ဌာယတန-ဝိဘင်းသုတ်၌ အတမ္မယတာ ခေါ်သည်၊ အလဂဒ္ဒသုတ်၌ နိဗ္ဗိဒါ ခေါ်သည်၊ သဂါထာဝဂ္ဂသံယုတ် သုသိမသုတ်၌ ဓမ္မဋ္ဌိတိညာဏ်ခေါ်သည်၊ ပေါဋ္ဌပါဒသုတ်၌ သညဂ္ဂခေါ် သည်၊ ဒသုတ္တရသုတ်၌ ပါရိသုဒ္ဓိပဓာနိယင်္ဂခေါ်သည်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ မုဉ္စိတုကမျတာညာဏ်, ပဋိသင်္ခါ ညာဏ်, သင်္ခါရုပေက္ခာညာဏ်ဟူ၍ အမည်သုံးခုတို့ဖြင့် ခေါ် သည်၊ ပဋ္ဌာန်းကျမ်းကြီး၌ကား အနုလောမ ဟူ၍၎င်း, ဂေါတြဘူဟူ၍၎င်း, ဝေါဒါနဟူ၍၎င်း အမည်သုံးခုတို့ဖြင့် ခေါ်သည်၊ ရထဝိနီတသုတ်၌ကား ပဋိပဒါဉာဏဒဿန-ဝိသုဒ္ဓိခေါ်သည်၊ ဤများစွာသော အမည်တို့ဖြင့် ဤအနု-လောမညာဏ်ကို ဟောတော်မူသည်။

သင်္ခါရုပေက္ခာညာဏ်ဖြင့် သင်္ခါရတို့၏ လက္ခဏာတို့ကို ဝါဖတ်သကဲ့သို့ ထုချေ ထောင်းဖွတ်သည်ရှိသော် သစ္စာလေးပါးတို့ကို ဖုံးလွှမ်းစေတတ်ကုန်သော အထပ်ထပ်သော

ကိလေသာတို့ကို ပရိကံ, ဥပစာ, အနုလုံ ဉာဏ်သုံးခု တို့ဖြင့် ခွါ၍ ပျောက်ပျက်စေသည့်ကာလ ခပ်သိမ်းသော သင်္ခါရတို့၌စိတ်သည်မသက်ဝင်, မတည်, မငုပ်,မကပ်,မငြိ, မတွယ်, မရစ်, မပတ်၊ ပိန်းကြာဖက်၌ ရေကဲ့သို့ တွန့်၏၊ ဆုတ်၏၊ သင်္ခါရတည်းဟူသော နိမိတ်ကိုရင်း, သင်္ခါရတို့ ဖြစ်ကြောင်းဖြစ်ခြင်း, ပဋိသန္ဓေတည်ခြင်း, ပဝတ္တိကိုရင်း နှောက်ရှက်ရှုပ်ထွေးသော အမှိုက်စုကဲ့သို့ ထင်၏၊ ထို သင်္ခါရတို့၏ ကင်းရာနိဗ္ဗာန်ကို အာရုံပြုသည်ဖြစ်၍ ရှာ၏၊ ထိုအခါ သင်္ခါရဟူသော နိမိတ်မဟုတ်သော အနိမိတ္တ သင်္ခါရတို့၏ဖြစ်ခြင်း,ပဋိသန္ဓေ နေခြင်းမဟုတ်သော အပ-ဝတ္တသင်္ခါရတို့နှင့် အရှင်းကင်းသော ဝိသင်္ခါရ, သင်္ခါရ တို့၏ ချုပ်ရာ နိရောဓဖြစ်သော နိဗ္ဗာန်ကို အာရုံပြုသော ပုထုဇန်ဟူသော အနွယ်အရေအတွက်ဘုံကို လွန်နိုင်သော အရိယာတို့၏ အနွယ်အရေအတွက်ဘုံသို့ ရောက်သော နိဗ္ဗာန်ဟူသောအာရုံ၌ ရှေးဦးဖြစ်သော နိဗ္ဗာန်ဟူသော အာရုံကို ပဌမသုံးဆောင်သော ပဌမနှလုံးသွင်းသော မဂ်စိတ်အား အနန္တရ, သမနန္တရ, အာသေဝန, ဥပနိ-ဿယ,နတ္ထိ,ဝိဂတ တည်းဟူသော ပစ္စည်းခြောက်ခုတို့ဖြင့် ကျေးဇူးပြုသော အထွဋ်သို့ရောက်သော သိခါပတ္တဝိပ-ဿနာ၏ ဦးထိပ်ဖြစ်သော အကြိမ်ကြိမ်ဖြစ်ခြင်း မရှိ တကြိမ်သာဖြစ်သော ဂေါတြဘူဉာဏ်သည် အနုလောမ ဉာဏ်သုံးခုနှင့် တစပ်တည်း ဖြစ်၏။

ထိုနောင် ဂေါ်တြဘူဉာဏ်သည် ယူအပ်သော နိဗ္ဗာန်ဟူသော အာရုံကိုပင် အာရုံပြုလျက် ဂေါ်တြဘူဉာဏ်နှင့် တစပ်တည်းဖြစ်သော မဖျက်မဆီး-မဖောက်မခွဲဘူးသော လောဘတုံး, ဒေါသတုံး, မောဟတုံးတို့ကို ဖောက်ခွဲ ဖြိုဖျက်၍ သောတာပတ္တိမဂ်ဉာဏ်ဖြစ်၏၊ အနမတဂ္ဂသံသရာဝဋ်ဆင်းရဲသို့ အကြိမ်များစွာ သွားလာကျင်လည်ရမည်ကိုလည်း ဖျက်ဆီး၏၊ အပါယ်တံခါးပိတ်၏၊ မိစ္ဆာမဂ္ဂင်ရှစ်ပါးကိုပယ်၏၊ သူတော်ဥစ္စာခုနစ်ပါးကိုရ၏၊ အရိယ-မဂ္ဂင်ရှစ်ပါးကို ရ၏၊ မြတ်စွာဘုရားသခင်၏ သားတော်ရှစ်ယောက်တို့တွင် တယောက်ဖြစ်၏၊ ထိုနောင် ထိုသောတာပတ္တိမဂ်စိတ်နှင့် အကြားမရှိ တစပ်တည်းသော သောတာပတ္တိ ဖိုလ်စိတ်နှစ်ကြိမ်ဖြစ်၏၊ သောတာပန်မည်သော နှစ်ယောက်မြောက်သော အရိယာပုဂ္ဂိုလ်ဖြစ်၏၊ သမထ ဝိပဿနာကို မေ့လျော့သော်လည်း အလွန်အားဖြင့် ခုနစ်ကြိမ်သာ နတ်ပြည်လူ့ပြည်တို့၌ သွားလာကျင်လည်၍ သံသရာဝဋ်ဆင်းရဲ၏ အဆုံးကိုပြုနိုင်၏၊ ထို ဖိုလ်စိတ်နောက် ဘဝင်သို့ သက်လေ၏၊ ဤ မဂ်ဖိုလ်ဖြစ်သော ဝီထိစိတ်အစဉ်၌ ဝီထိတခုတည်း၌ အနုလောမဉာဏ်သည် သင်္ခါရတို့၏ လက္ခဏာတို့ကို အာရုံပြု၍ ဂေါ်တြဘူစိတ် မဂ်စိတ် ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြု၏။

## အာနာပါနအကျိုး(၇) ပါးပြပုံ

၁။ မျက်မှောက်သော ကိုယ်၌ အရဟတ္တဖိုလ်ကို ရခြင်း အကျိုးတပါး။

၂။ သေခါနီးကာလ၌ အရဟတ္တဖိုလ်ရခြင်း အကျိုး တပါး။

၃။ အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ဖြစ်ခြင်း အကျိုး တပါး။

၄။ ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်ဖြစ်ခြင်း အကျိုး တပါး။

၅။ အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်ဖြစ်ခြင်း အကျိုး တပါး။

၆။ သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်ဖြစ်ခြင်း အကျိုး တပါး။

၇။ ဉြဒ္ဓံသောတအကနိဋ္ဌဂါမီ...

## အာနာပါနအကျိုးပြသောစကပါဌ်

ဧဝံ ဘာဝိတာ ခေါ ဘိက္ခဝေ အာနာပါနဿတိ ဧဝံ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ ဧဝံ ဘာဝိတာယ ခေါ ဘိက္ခဝေ အာနာပါနဿတိယာ ဧဝံ ဗဟုလီကတာယ သတ္တ ဖလာ သတ္တာနိသံသာ ပါဋိကင်္ခါ။ ကတမေ သတ္တ ဖလာ သတ္တာနိသံသာ၊ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ

အညံ အာရာမေတိ၊ နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာမေတိ၊ အထ မရဏကာလေ အညံ အာရာမေတိ၊ နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာမေတိ၊ နော စေ မရဏကာလေ အညံ အာရာမေတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ အန္တရာ-ပရိနိဗ္ဗာယီ ဟောတိ၊ ဥပဟစ္စပရိနိဗ္ဗာယီ ဟောတိ၊ အသင်္ခါရပရိနိဗ္ဗာယီ ဟောတိ၊ သသင်္ခါရပရိနိဗ္ဗာယီ ဟောတိ၊ ဥဒ္ဓံသောတော ဟောတိ အကနိဋ္ဌဂါမီ။ ဧဝံ ဘာဝိတာယ ခေါ ဘိက္ခဝေ အာနာပါနဿတိယာ ဧဝံ ဗဟုလီကတာယ ဣမေ သတ္တ ဖလာ သတ္တာနိသံသာ ပါဋိကင်္ခါတိ။

မဟာဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ(၂၇၃-၄)၌ ပါရှိ၏။

## အာနာပါန အကျိုးအနက်

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ဧဝံ၊ ဤသို့။ ဘာဝိတာ၊ ပွါးအပ်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်သော။ အာနာပါနဿတိ၊ အာနာပါနသတိသည်။ မဟပ္ဖလာ၊ များသော အကျိုးရှိသည်။ မဟာနိသံသာ၊ များသော အာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ အာနာပါန-ဿတိယာ၊ အာနာပါနသတိကို။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဘာဝိတာယ၊ ပွါးသည်ရှိသော်။

ဗဟုလီကတာယ၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ သတ္တ ဖလာ၊ ခုနစ်ပါးသော အကျိုးတို့ကို။ သတ္တာနိသံသာ၊ ခုနစ်ပါးသော အာနိသင်တို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ သတ္တ ဖလာ၊ ခုနစ်ပါးသော အကျိုးတို့သည်။ သတ္တာနိ-သံသာ၊ ခုနစ်ပါးသော အာနိသင်တို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ပစ္စုပ္ပန်အတ္တဘော၌ပင်လျှင်။ ပဋိကစ္စ၊ အသီး ပြု၍။ အညံ၊ အရဟတ္တဖိုလ်ကို။ အာရာဓေတိ၊ ဖြစ်စေနိုင်၏။ ဝါ၊ ရနိုင်ရောက်နိုင်၏။ အထ၊ ထိုသို့ မရသည်ရှိသော်။ မရဏကာလေ၊ သေခါနီးကာလ၌။ အညံ၊ အရဟတ္တဖိုလ်ကို။ အာရာဓေတိ၊ ရနိုင်၏။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ပစ္စုပ္ပန်အတ္တဘော၌ပင်လျှင်။ ပဋိကစ္စ၊ အသီးပြု၍။ အညံ၊ အရဟတ္တဖိုလ်ကို။ နော စေ အာရာ-ဓေတိ၊ အကယ်၍ မရသည်ဖြစ်အံ့။ အထ၊ ထိုသို့ မရသည်ရှိသော်။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဩရမ္ဘာဂိယ-သံယောဇနာနံ၊ ဩရမ္ဘာဂိယ သံယောဇဉ်တို့ကို။ ပရိက္ခ-ယာ၊ ကုန်စေခြင်းကြောင့်။ အန္တရာပရိနိဗ္ဗာယီ၊ အန္တရာ-ပရိနိဗ္ဗာယီ အနာဂါမ်သည်။ ဟောတိ၊ ဖြစ်၏။ ဥပဟစ္စ-ပရိနိဗ္ဗာယီ၊ ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်သည်။ ဟောတိ၊ ဖြစ်၏။ အသင်္ခါရပရိနိဗ္ဗာယီ၊အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်သည်။ ဟောတိ၊ ဖြစ်၏။ သသင်္ခါရပရိနိဗ္ဗာယီ၊ သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်သည်။ ဟောတိ၊ ဖြစ်၏။

ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ၊ ဥဒ္ဓံသောတအကနိဋ္ဌ အနာဂါမ်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ဧဝံ၊ ဤသို့။ အာနာပါနဿတိယာ၊ အာနာပါနသတိကို။ ဘာဝိတာ၊ ပွါးအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ သတ္တဖလာ၊ ခုနစ်ပါးသော အကျိုးတို့ကို။ သတ္တာနိသံသာ၊ ခုနစ်ပါးသော အာနိသင်တို့ကို။ ပါဋိကင်္ခါ၊ အလိုပြည့်စုံအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## ပီတိငါးပါး၏သဘောသွားကိုပြပုံ

အဋ္ဌသာလိနီအဋ္ဌကထာ နံပါတ် (၁၅၈-၉)၌—

> သာ ပနေသာ ခုဒ္ဒိကာပီတိ ခဏိကာပီတိ ဩက္ကန္တိကာပီတိ ဥဗ္ဗေဂါပီတိ ဖရဏာပီတီတိ ပဉ္စဝိဓာ ဟောတိ။

သာ ပနေသာ-သာ ပန ဧသာ ပီတိ၊ ထိုပီတိသည်။ ခုဒ္ဒိကာပီတိ၊ အနည်းငယ်နှစ်သက်ခြင်းလည်းတပါး။ ခဏိကာပီတိ၊ ခဏ ခဏနှစ်သက်ခြင်းလည်းတပါး။ ဩက္ကန္တိကာပီတိ၊ သက်၍ သက်၍ နှစ်သက်ခြင်းလည်းတပါး။ ဥဗ္ဗေဂါပီတိ၊ ထကြွလာအောင် နှစ်သက်ခြင်းလည်းတပါး။ ဖရဏာပီတိ၊ အပြန့်အနှံ့ နှစ်သက်ခြင်းလည်း တပါး။ ဣတိ၊ ဤသို့။ ပဉ္စဝိဓာ၊ ငါးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

တတ္ထ ခုဒ္ဒိကာပီတိ သရီရေ လောမဟံသမတ္တမေဝ ကာတုံ သက္ကောတိ။

တတ္ထ၊ ထိုငါးပါးသောပီတိတို့တွင်။ ခုဒ္ဒိကာပီတိ၊ မကြီးမကျယ် အနည်းငယ်နှစ်သက်သော ခုဒ္ဒိကာပီတိသည်။ သရီရေ၊ ငါးဝစုံစွာ ကိုယ်ခန္ဓာ၌။ လောမဟံသ-မတ္တမေဝ၊ ကြက်သီးမွေးညှင်း တဖျဉ်းဖျဉ်း ထခြင်းမျှကိုသာလျှင်။ ကာတုံ၊ အမြဲမပြတ် တလစပ်ပြုခြင်းငှါ။ သက္ကောတိ၊ ကောင်းစွာပိုင်ပိုင် တတ်နိုင်၏။

ခုဒ္ဒိကာပီတိ ပြီး၏။

ခဏိကာပီတိ ခဏေ ခဏေ ဝိဇ္ဇုပ္ပါဒသဒိသာ ဟောတိ။

ခဏိကာပီတိ၊ ခဏခဏ နှစ်သက်သော ခဏိကာပီတိသည်။ ခဏေ ခဏေ၊ မပြတ်မစဲ ခဏပဲ ခဏပဲ။ ဝိဇ္ဇုပ္ပါဒ-သဒိသာ၊ ထူးခြားဆန်းကြယ် လျှပ်စစ်နွယ်နှင့် တူသည်။ ဟောတိ၊ ဖြစ်၏။

ခဏိကာပီတိ ပြီး၏။

ဩက္ကန္တိကာပီတိ သမုဒ္ဒတီရံ ဝီစိ ဝိယ, ကာယံ ဩက္ကမိတွာ ဩက္ကမိတွာ ဘိဇ္ဇတိ။

ဩက္ကန္တိကာပီတိ၊ သက်ကာ သက်ကာ နှစ်သက်ပါသော ဩက္ကန္တိကာပီတိသည်။ သမုဒ္ဒတီရံ၊ လေနီကြမ်းမွှေ သမုဒ္ဒရာကမ်းခြေ၌။ ဝီစိ ဝိယ၊ တဖြန်းဖြန်းတက် လှိုင်းဂယက်ကဲ့သို့။ (ဝီစိ ဝိယ၊ တဖြန်းဖြန်းတိုး လှိုင်းတံပိုး

ကဲ့သို့။) ကာယံ၊ ငါးဝပေါင်းခို ယောဂီပုဂ္ဂိုလ်၏ ကိုယ်ကို။ ဩက္ကမိတွာ-ဩက္ကမိတွာ၊ သက်၍သက်၍။ (ဩက္ကမိတွာ ဩက္ကမိတွာ၊ယိမ်းကာယိုင်ကာ သက်ကာလာ၍။) ဘိဇ္ဇတိ၊ ခဏမနေ ပျက်ရလေ၏။ (ဘိဇ္ဇတိ၊ နှစ်ဖြာထက်ခြမ်း ဖြန်းဖြန်းကွဲ ကွဲရလေ၏။)

ဩက္ကန္တိကာပီတိ ပြီး၏။

ဥဗ္ဗေဂါပီတိ ဗလဝတီ ဟောတိ၊ ကာယံ ဥဒ္ဓဂ္ဂံ ကတွာ အာကာသေ လင်္ဃာပနပ္ပမာဏပ္ပတ္တာ။

ဥဗ္ဗေဂါပီတိ၊ ကြွထလာအောင်နှစ်သက်သော ဥဗ္ဗေဂါ-ပီတိသည်။ ဗလဝတီ၊ အလုံးစုံနှံ့သော အားရှိသည်ဖြစ်၍။ ကာယံ၊ ငါးဝစုံစွာ ကိုယ်ခန္ဓာကို။ ဥဒ္ဓဂ္ဂံ၊ ပင့်မြှောက်သမူ တက်ကြွခြင်းကို။ ကတွာ၊ ပြု၍။ အာကာသေ၊ အဇဋ္ဌာ ပြင် မိုးကောင်းကင်၌။ လင်္ဃာပနပ္ပမာဏပ္ပတ္တာ၊ ပျံတက် ခြင်းသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ဥဗ္ဗေဂါပီတိ ပြီး၏။

ဖရဏာပီတိယာ ပန ဥပ္ပန္နာယ သကလသရီရံ ဖရိတွာ ပူရိတဝတ္ထိ ဝိယ, မဟတာ ဥဒကောဃေန ပက္ခန္ဒပဗ္ဗတ-ကုစ္ဆိ ဝိယ စ အနုပရိပ္ဖုဋံ ဟောတိ။

ပန၊ ဥဗ္ဗေဂါပီတိမှတပါး ဖရဏာပီတိကိုဆိုဦးအံ့။ ဖရဏာပီတိယာ၊ တဖိန်ဖိန်နေအောင် အပြန့်အနှံ့ နှစ်သက် သော ဖရဏာပီတိသည်။ ဥပ္ပန္နာယ၊ သဘောအလျောက်

ဖြစ်ထွန်းပေါ်ပေါက်၍ လာသည်ရှိသော်။ သကလသရီရံ၊ ခြေဆုံး ခေါင်းဆုံးတကိုယ်လုံးကို။ ဖရိတွာ၊ တဖိန့်ဖိန့်သာ ပြန့်နှံ့ပါ၍။ ပူရိတဝတ္ထိ ဝိယ၊ ရေဖြင့်ပြည့်သော စည်ပေါင်းကဲ့သို့။ မဟတာ၊ များစွာသော။ ဥဒကောဃေန၊ သန့်ရှင်းကြည်လင် ရေအလျှင်ဖြင့်။ ပက္ခန္ဒပဗ္ဗတကုစ္ဆိ ဝိယ စ၊ စီးဝင်ထူးတွင်း တောင်ခြေဝမ်းကဲ့သို့ငင်း။ အနုပရိပ္ဖုဋ္ဌံ၊ လုံးစုံမကြွင်း တကိုယ်လုံးထက်ဝန်းကျင်မှ အဖန်တလဲလဲ ပြန့်နှံ့ခြင်းသည်။ ဟောတိ၊ ထင်ရှားမသွေ ဖြစ်လာလေ၏။

ဖရဏာပီတိ ပြီး၏။

## လွယ်လင့်တကူနှင့် ပေါက်ရောက်နိုင်သော ဝိသုဒ္ဓိမဂ်သမ္မောဟအဋ္ဌကထာတို့၌ လာသောနည်း

၁။ ရူပက္ခန္ဓာ
၂။ ဝေဒနာက္ခန္ဓာ
၃။ သညာက္ခန္ဓာ
၄။ သင်္ခါရက္ခန္ဓာ
၅။ ဝိညာဏက္ခန္ဓာ

ခန္ဓာငါးပါးကို အသုဘရှု၊ ရုပ်ကို အသုဘရှုလျှင် ကာယာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံ၏။

ဝေဒနာကို ဒုက္ခဟုရှု၊ ဝေဒနာကို ဒုက္ခဟု ရှုလျှင် ဝေဒနာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံ၏။

သညာ သင်္ခါရကို အနတ္တဟုရှု၊ သညာ-သင်္ခါရကို အနတ္တဟုရှုလျှင် ဓမ္မာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံ၏။

ဝိညာဏ်ကို အနိစ္စဟုရှု၊ ဝိညာဏ်ကို အနိစ္စဟု ရှုလျှင် စိတ္တာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံ၏။

## ရုပ်ကို-အသုဘအားဖြင့် ထင်အောင်ရှုသော ယောဂီပုဂ္ဂိုလ်အား အကျိုး(၇)ပါးနှင့် ပြည့်စုံခြင်းကို ပြသောအချက် အကျိုး(၇)ပါးကား

၁။ ကဗဠီကာရအာဟာရကို ပိုင်းခြား၍ သိခြင်း အကျိုးတပါး။

၂။ အသုဘ၌ သုဘဟု ထင်မြင်ချက်ကို ပယ်နိုင်ခြင်း တပါး။

၃။ ကာမောဃကို လွန်မြောက်နိုင်ခြင်း အကျိုး တပါး။

၄။ ကာမယောဂနှင့် မစပ်ယှဉ်ခြင်း အကျိုးတပါး။

၅။ ကာမာသဝဖြင့် အာသဝေါ မရှိခြင်း အကျိုး တပါး။

၆။ အဘိဇ္ဈာကာယဂန္ထကို ဖျက်ဆီးနိုင်ခြင်း အကျိုးတပါး။

၇။ ကာမုပါဒါန်ဖြင့် မစွဲလန်းခြင်း အကျိုးတပါး။

ရုပ်ကို အသုဘဖြင့်ရှုသော ယောဂီပုဂ္ဂိုလ်တို့၏ အကျိုးပြီး၏။

## ဝေဒနာကို ဒုက္ခအားဖြင့် ထင်အောင်ရှုသော ပုဂ္ဂိုလ်အား အကျိုးကို ပြသောအချက်

ဝေဒနာကို ဒုက္ခအားဖြင့် မြင်အောင်ရှုသော ပုဂ္ဂိုလ်အား အကျိုး (၆)ပါး ရနိုင်၏။

၁။ ဖဿာဟာရကို ပိုင်းခြား၍သိခြင်း အကျိုးတပါး။

၂။ ဒုက္ခကို သုခဟု မှတ်ထင်ချက်ကို ပယ်နိုင်ခြင်း အကျိုးတပါး။

၃။ ဘဝေါဃမှ လွန်မြောက်နိုင်ခြင်း အကျိုးတပါး။

၄။ ဘဝါသဝဖြင့် ယိုစီးခြင်းမရှိခြင်း အကျိုးတပါး။

၅။ ဗျာပါဒကာယဂန္ထကို ဖျက်ဆီးနိုင်ခြင်း အကျိုးတပါး။

၆။ သီလဗ္ဗတုပါဒါန်ဖြင့် မစွဲလမ်းခြင်း အကျိုးတပါး။

## သညာ-သင်္ခါရတို့ကို အနတ္တအားဖြင့်ရှုသော ယောဂီပုဂ္ဂိုလ်အား အကျိုး(၇)ပါး ပြသောအချက်

### အကျိုး(၇)ပါးကား

၁။ မနောသင်္ခတနာဟာရကို ပိုင်းခြား၍သိခြင်း အကျိုးတပါး။

၂။ အနတ္တ၌ အတ္တဟု မှတ်ထင်ချက်ကို ပယ်စွန့်နိုင်ခြင်း အကျိုးတပါး။

၃။ ဒိဋ္ဌောဃမှ လွတ်မြောက်နိုင်ခြင်း အကျိုးတပါး။

၄။ ဒိဋ္ဌိယောဂနှင့် မစပ်ယှဉ်ခြင်း အကျိုးတပါး။

၅။ ဒိဋ္ဌာသဝဖြင့် အာသဝေါတရား ယိုစီးခြင်း မရှိသော အကျိုးတပါး။

၆။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထကို ဖျက်ဆီးနိုင်ခြင်း အကျိုးတပါး။

၇။ အတ္တဝါဒုပါဒါန်ကို ပယ်နိုင်ခြင်းအကျိုးတပါး။

သညာသင်္ခါရတို့ကို အနတ္တဟုရှုသောအကျိုး ပြီး၏။

## ဝိညာဏ်ကို အနိစ္စအားဖြင့် ရှုသောပုဂ္ဂိုလ်၏ အကျိုး (၇) ပါးပြသောအချက်

### အကျိုး ၇-ပါးကား

၁။ ဝိညာဏအာဟာရကို ပိုင်းခြား၍သိခြင်း အကျိုးတပါး။

၂။ အနိစ္စ၌ နိစ္စဟု ထင်မြင်ချက်ကို ပယ်စွန့်နိုင်ခြင်း အကျိုးတပါး။

၃။ အဝိဇ္ဇာသြဃကို လွန်မြောက်နိုင်ခြင်း အကျိုးတပါး။

၄။ အဝိဇ္ဇာယောဂနှင့် မစပ်ယှဉ်ခြင်း အကျိုးတပါး။

၅။ အဝိဇ္ဇာသဝဖြင့် အာသဝေါယိုစီးခြင်း မရှိသော အကျိုးတပါး။

၆။ သီလဗ္ဗတပရာမာသကာယဂန္ထကို ဖျက်ဆီးနိုင်ခြင်း အကျိုးတပါး။

၇။ ဒိဋ္ဌုပါဒါန်ဖြင့် မစွဲလမ်းခြင်း အကျိုးတပါး။

ဝိညာဏ်ကို အနိစ္စရှုသောပုဂ္ဂိုလ်၏ အကျိုးပြီး၏။

## နွားကျောင်းသားများဟာ နွားများကို စားကျက်သို့ ဆောင်တာလို

## ဇရာနှင့် မရဏ အသက်ကိုဆောင်သောအချက်

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

တပည့် တကာ တကာမတို့ တောဘုမ္မက ဝဋ္ဋဒုက္ခ၌ နေကြရကုန်သော လူ,နတ်,ဗြဟ္မာ, သင်ဒကာ ဒကာမတို့သည် ဘာနှင့် အလားတူပါသတုံးလို့ဆိုလျှင် ကြီးငယ်သောင်းပြောင်း နွားအပေါင်းနှင့် တူလှ၏။ ဇရာ=အိုခြင်း, ရင့်ခြင်းတရား၊ မစ္စု=သေခြင်း, ပျက်ခြင်းတရား နှစ်ပါးက နွားကျောင်းသားနှင့် တူလှ၏၊ တပည့်ဒကာ ဒကာမတို့၊ နွားကို ကျောင်းသော နွားကျောင်းသားသည် ကြီးငယ်သောင်းပြောင်း နွားအပေါင်းတို့ကို လယ်ယာမြေစ မမွှေရအောင် တံဖျာ နှင်တံ တုတ်လုံးတံဖြင့် ရိုက်ပုတ်ထုနှက် နှိပ်စက်ကလူ ညှဉ်းပမ်းခြင်းကို ပြု၍ ရေ စာ မြက်ပေါ် စားကျက်တောသို့ ဆောင်ယူသွားတာလို ထို့အတူ သင် ဒါယကာ, ဒါယိကာမတို့ကိုလည်း ဇရာ အိုခြင်း, ရင့်ခြင်း တရား ဆောင်ယူ၍ သွားသည့်အတွက်ကြောင့် ၁၀-နှစ်အရွယ် စားကျက်နယ်က သည် ၁၅-နှစ်အရွယ် စားကျက်နယ်သို့ ရောက်၍လာကြကုန်၏။ ၁၅-နှစ်အရွယ် စားကျက်နယ်က သည် အသက် ၂၀-

စားကျက်နယ်သို့ ရောက်၍လာကြကုန်၏၊ အသက် ၂၀-စားကျက်နယ်က သည် အသက် ၃၀-စားကျက် နယ်သို့ ရောက်၍ လာကြကုန်၏၊ အသက် ၃၀ အရွယ် စားကျက်နယ်ကသည် အသက် ၄၀-အရွယ် စားကျက်နယ်သို့ ရောက်၍ လာရကြကုန်၏၊ တစားကျက်နှင့် တစားကျက် တနယ်နှင့်တနယ် မတူကြ တပည့်ဒကာ ဒကာမတို့၊ ခရီးဖြင့် တဝက်တပြက်ရောက်၍လာကြပြီ၊ ရှေးစားကျက်တို့ကဲ့သို့ နောက်ရောက်သော စားကျက်တို့သည် ကောင်းလိမ့်မည်မဟုတ်၊ တဖန် အသက် ၄၀-အရွယ် စားကျက်နယ်က အသက် ၅၀ စားကျက်နယ်သို့ ရောက်၍လာကြပြန်ပြီ၊ ဆင်းရဲလေစွ-ဆင်းရဲလေစွ၊ အသက် ၅၀ စားကျက်နယ်ကသည် အသက် ၆၀ စားကျက်နယ်သို့ ရောက်၍ လာကြပြီ တပည့် ဒကာ, ဒကာမတို့၊ အသက် ၆၀ စားကျက်နယ်ကြီးသည် သွားကျိုးခြင်း, ဆံဖြူခြင်း, ခါးကိုင်းခြင်း, နားထိုင်းခြင်း, မျက်စိမှုံခြင်း, သားရေတွဲခြင်း, ပါးရေတွန့်ခြင်းသာရှိသည်၊ ဤအသက် ၆၀ စားကျက်နယ်ကြီးသည် ဂုဏ်ရှိသော စားကျက်နယ်မဟုတ်၊ အသရေရှိသော စားကျက်နယ်ကြီးမဟုတ်၊ အသရေမဲ့သော စားကျက်နယ်သာ ဖြစ်ချေ၏၊ အသက် ၆၀-ရွယ် စားကျက်နယ်က သည် အသက် ၇၀-စားကျက်နယ်သို့ ရောက်ကြပြန်ပြီ တပည့် ဒကာ-ဒကာမတို့၊ သင်တို့သည် စားကျက်တခုမှ စားကျက်တခုသို့ တနယ်မှ တနယ်သို့ ပြောင်း၍ ပြောင်း

၍သာ လာကြရသည့်အတွက်ကြောင့် ယခုဖြင့် သေမင်း၏ စားကျက် သေမင်း၏နယ်သို့ နီးရှိလာပြီ၊ သေမင်း၏ စားကျက် သေမင်း၏နယ်သို့ ရောက်ရတော့မည် တပည့် ဒကာ ဒကာမတို့၊ သင်တို့ကို အသက် ၆၀-အသက် ၇၀ ဤနယ်ပယ်သို့ရောက်အောင် ဇရာနှင့် မရဏ ဆောင်ယူ၍ လာသည့်အတွက်ကြောင့် အသက် ၆၀-အသက် ၇၀-စားကျက်သို့ရောက်လာကြရကုန်၏၊ ဇရာ မရဏတို့၏ နယ်ပယ်က လွတ်မြောက်နိုင်အောင် ကြိုးစား၍ သုံးပါးသော ကုသိုလ်တို့ကို အားထုတ်ကြရမည်။

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

ဂေါပါလော၊ လယ်, ယာ, မြေစ မမွှေရအောင် အခနှင့်ငှါး နွားကျောင်းသားသည်။ ဒဏ္ဍေန၊ တံဖျာနှင်တံ တုတ်လုံးတံဖြင့်။ ဂါဝေါ၊ ကြီးငယ်သောင်းပြောင်း နွားအပေါင်းတို့ကို။ ဂေါစရံ၊ ရေစာမြက်ပေါ စားကျက်တောသို့။ ပါဇေတိ ယထာ၊ အတွင်ရောက်ကြောင်း နှင်ကာမောင်းသကဲ့သို့။ ဧဝံ တထာ၊ ဤနည်းထားယူ အလားတူသာလျှင်။ ဇရာ စ၊ သွား, ဆံ, အဆင်း ပျက်ယိုယွင်း၍ အိုမင်းရသော ဇရာဘေးကြီးသည်လည်းကောင်း။ မစ္စု စ၊ သက်ငင်ရှိုက်ပြင်း ဟိုက်ကာစင်း၍ သေရခြင်း မရဏာဘေးကြီးသည်လည်းကောင်း။ ပါဏိနံ၊

သုံးဘုံညွှတ်ကွင်း မလွတ်ကင်း၍ မကျွတ်ခိုအောင်း သတ္တဝါ အပေါင်းတို့၏။ အာယုံ၊ အလားမှန်ရှု နွားဟန်ပြု၍ တန္တု စံဖက် ရုပ်, နာမ်ဆက်ကို။ ပါဇော့န္တိ၊ အစဉ်ကြာညောင်း ယှဉ်ကာပေါင်း၍ နှင်မောင်းဆောင်ယူကြလေကုန်၏။

## နွားကျောင်းသားသည် နွားကိုတဖြည်းဖြည်းကျင့်တာလို စိတ်ကိုတဖြည်းဖြည်းကျင့်ပုံ

ယထာ ထမ္ဘေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမံ နရော ဣဓ။
ဗန္ဓေယျေဝံ သကံ စိတ္တံ၊ သတိယာရမ္မဏေ ဒဠှံ။

ကောက်ကျစ် စဉ်းလဲသောနွားကို တပ်၍မောင်း သောလှည်းသည် လမ်းမဟုတ်သောအရပ်သို့ သွားတတ် ၏၊ ထိုအတူ တရားမကျင့်သော သူများ၏ စိတ်သည် တရားလမ်းမဟုတ်ထာကို သွားတတ်၏၊ ကောက်ကျစ် စဉ်းလဲသော နွားငယ်ကလေးကို ဆုံးမခြင်းငှါ အလိုရှိ သော နွားကျောင်းသားသည် သင့်တော်သော အရပ်၌ ကြီးစွာသောတိုင်ငုတ်ကို မြဲစွာစိုက်၍ ကောက်ကျစ်စဉ်းလဲ သော နွားကလေးကို လည်ပင်းကြိုးတို့ဖြင့် ခိုင်ခံ့အောင် ချည်နှောင်၍ထားရမည်၊ ထိုနည်းတူစွာ ဘဝများစွာ သံသရာက အာရုံငါးပါးနောက်သို့ တကောက်ကောက် လိုက်၍နေသော ကောက်ကျစ်စဉ်းလဲသော စိတ်ရူးစိတ် မိုက်ကို အာနာပါန ချည်တိုင်ငုတ်စိုက်၍ သတိတည်း

ဟူသောကြိုးဖြင့် မြဲမြံစွာချည်၍ထားရမည်၊ ကောက်ကျစ်စဉ်းလဲသော နွားမိုက်ကလေးကို ချည်နှောင်၍ထားသောအခါ ထိုနွားမိုက်ကလေးသည် အမိနွားမကြီးထံ အမြန်သွားချင်သည့်အတွက်ကြောင့် ခဏခဏထ၍ ရုန်းလိမ့်မည်၊ ခဏခဏထ၍ ပေါက်လိမ့်မည်၊ ရုန်းရဖန်များသောအခါ,ပေါက်ရဖန်များသောအခါ ထိုနွားမိုက်ကလေးသည် မောပန်းခြင်းဖြစ်၍ တိုင်ငုတ်နားမှာပဲ ငြိမ်ဝပ်စွာ နေရလေ၏၊ ထိုနည်းအတူ ဘဝများစွာ သံသရာက အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ယခုဘဝအထိ ယခုလက်ရှိ ဝက်ဝက်ကွဲအောင် ခံစားနေကုန်သော ယောကျ်ား,မိန်းမ, ရဟန်း, ရှင်လူတို့၏စိတ်ကို သတိတည်းဟူသော လေးလွန်းတင်ကြိုးနှင့် မပြတ်, မပြေနိုင်အောင် ချည်နှောင်၍ထားသောအခါ အရှုးအမိုက် အာရုံကို လိုက်စားတတ်သော စိတ်ဟာ လိုက်စားနေကြ အာရုံငါးပါးကို မခံစားရသည့်အတွက် ဝက်ဝက်ကွဲအောင် ခံစားချင်လှသောကြောင့် ခဏခဏထ၍ သွားလိမ့်မည်၊ နောက်ကို တဖြေးဖြေး ငြိမ်ဝပ်ပိပြား၍ သွားလိမ့်မည်။

ယထာ ထမ္ဘေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမံ နရော ဣဓ။
ဗန္ဓေယျေဝံ သကံ စိတ္တံ၊ သတိယာရမ္မဏေ ဒဠှံ။

ဝစ္ဆံ၊ နွားငယ်မိုက်ကို။ ဒမံ ဒမန္တော၊ ဆုံးမလိုသော။ နရော၊ လခနှင့်ငှါး နွားကျောင်းသားသည်။ ထမ္ဘေ၊

မြေဥ်စိုက်ထား ချည်တိုင်များဥ်။ နိဗဒ္ဓေယျ ယထာ၊ မပြေ အောင်ကား ချည်နှောင်ထားဘိသကဲ့သို့။ ဧဝံ တထာ၊ နွားမိုက်နှင့်ကား ပုံမခြားပဲသာလျှင်။ ဣဓ၊ ဤပဋိပတ္တိ သာသနာ ကျင့်ကြံကြသောအရာဥ်။ သကံ စိတ္တံ၊ နွားနှင့် တူစွာ ကိုယ့်စိတ်ဟာကို။ သတိယာ၊ ကမ္မဋ္ဌာန်းဝင်စား သတိတရားဖြင့်။ အာရမ္မဏေ၊ စုဝေးလာဆုံ နိမိတ်အာရုံ ဥ်။ ဒဠှံ၊ ပြင်းပြင်းပြပြ စူးဝင်လှသော စိတ်ဖြင့်။ ဗန္ဓေယျ၊ မြဲမြံလှစွာ ချည်နှောင်ရာ၏။

စိတ်ကိုဆုံးမသော ဥပမာပြသည့် အချက်ပြီး၏။

---

## ပုဂ္ဂိုလ်အဆက်ဆက်အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံ

အာနာပါန ကမ္မဋ္ဌာန်းသည် အသံတည်းဟူသော ဆူးရှိသည်၏အဖြစ်ကြောင့် လူသူမနီးသော အရပ်သို့ ဝင်၍ အားထုတ်မှသာ မြန်မြန်ထက်ထက် ပေါက်ရောက် နိုင်သည်၊ ရပ်ထည်းရွာထည်းမှာ အားထုတ်မည်လို့ဆိုလျှင် လွယ်လင့်တကူနှင့် မပေါက်နိုင်၊ ပေါက်ခဲ၏၊ အာနာပါန ကမ္မဋ္ဌာန်းဟာ အင်မတန် အသံကိုကြောက်သော ကမ္မ- ဋ္ဌာန်းဖြစ်သည်။

အလုံးစုံသော ဘုရားအဆူဆူတို့သည် အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်တော်မူကြကုန်၍ တရားထူးကို

ရတော်မူကြပေကုန်၏၊ ယခု ပစ္စက္ခ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေတော်မူကြပေကုန်၏။

အချို့အချို့သော ပစ္စေကဗုဒ္ဓ ကိုယ်တော်မြတ်တို့သည်လည်း ဤအာနာပါနကမ္မဋ္ဌာန်းကို အားထုတ်တော်မူကြကုန်၍ ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်တော်မူကြပေကုန်၏၊ တရားထူးကို ရတော်မူကြပေကုန်၏၊ ယခု ပစ္စက္ခ မျက်မှောက်ဘဝ၌ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူကြပေကုန်၏။

အချို့အချို့သော သာဝကတို့သည်လည်း ဤအာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်တော်မူကြကုန်၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပေကုန်၏၊ တရားထူးကို ရတော်မူကြပေကုန်၏၊ ယခု ပစ္စက္ခဘဝ၌ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူကြကုန်၏။

ထိုနည်းအတူ ယခု သာသနာတော် ထွန်းလင်းတောက်ပသော ခေတ်ကောင်း အခါကောင်းကြီးထဲမှာ လူ့ဘဝကို ရကြတဲ့ လူတွေ, ရဟန်းဘဝကို ရကြတဲ့ ရဟန်းတွေသည် ဤအာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်ကြိုးပမ်းကြဖို့ တော်လှ၏၊ ယခုဘဝမှ မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ မရခဲ့လို့ရှိလျှင် နောက် ဖြစ်ရမည့်ဘဝ၌ ရဖို့ရန် ခဲယဉ်းလေစွ၊ နောက်ဘဝများ အပါယ်သို့ တိမ်းစောင်းကျလျှင် ပေါ်တော့မည်မဟုတ်၊ သို့အတွက် ယခုလက်ရှိ

လူ့ဘဝနှင့်ပဲ မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့များကို မရရအောင် ကြိုးစားဖို့ သင့်လှပေသည်၊ ကြိုးစားတော်မူကြပါ။

**ယောဂီပုဂ္ဂိုလ်အပေါင်းတို့ ငါတို့ မြတ်စွာဘုရားကိုယ်တော် မြတ်ကြီးသည် မြေကျမ်းတတ်သော ဆရာကြီးနှင့် တူလှ၏၊ တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် သည် တောသစ်သတ္တဝါနှင့် တူလှ၏။**

**တူပုံကား**

မြို့ကြီးတခု တည်ဆောက်မည် ထီးနန်းတခု တည်စိုက်မည်ဆိုလျှင် မြေကျမ်းတတ်သော ဆရာကြီးများကို ခေါ်၍ ထီးနန်းစိုက်ဖို့ မြေနေရာကို ရွေးချယ်ပြီးလျှင် ထိုမြေကျမ်းတတ်သော ဆရာကြီးစီမံသည့်အတိုင်း ထီးနန်း စိုက်ခြင်း မြို့ပြတည်ထောင်ခြင်းကို ပြု၍ ရှုချင်စဖွယ် ကြည့်ချင်စဖွယ်ဖြစ်သော မြို့ရိုး ပြအိုး ကျုံး မြောင်း လမ်းအမျိုးမျိုး သံကြိုးတိုင် အမျိုးမျိုး ဓာတ်မီးတိုင် အမျိုးမျိုး လမ်းခွ လမ်းဆုံ လမ်းတို လမ်းရှည် တိုက် အမျိုးမျိုး အိမ်အမျိုးမျိုး စီမံပြုလုပ်၍ ပြီးစီးအောင်မြင် သောအခါ ပြည့်ရှင် ဘုရင်မင်းမြတ်က ထိုက်သည့် အားလျော်စွာ ဆုတော် လာဘ်တော်များကို ပေးသနား တော်မူသဖြင့် မြေကျမ်းတတ်သော ဆရာကြီးသည် အကျိုးထူးဝိသေသကို ခံစားရတာလို ထို့အတူ တရားကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် သင့်တော်သော

တရားကို အားထုတ်သော တောရကျောင်းသို့ ချဉ်းကပ်၍ တရားကို အားထုတ်ရာ၏၊ သင့်တင့်သော တောကျောင်း၌ အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် အစဉ်အတိုင်း တရားတက်၍ အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် ထိုမြတ်စွာဘုရားသည် ကောန် မဖောက်မပြန် သစ္စာလေးပါးတရားကို သိတော်မူပါပေ၏ဟု ဂုဏ်တော်ကို ဆင်ခြင်သောအားဖြင့် ကြီးစွာသော ပူဇော်ခြင်းလာဘ်ကိုရ၏။

ယခုပြသောအချက်သည် မြတ်စွာဘုရားသခင်သည်
မြေကျုမ်းတတ်သော ဆရာကြီးနှင့်တူပုံတည်း။

## တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် တောသစ်သတ္တဝါနှင့်တူပုံကား

တောသစ်သတ္တဝါသည် တောင်, ချောက်ကြား, သစ်တောအုပ်, မြက်တောအုပ်ကြီးကို အမှီတကဲ သဟဲပြု၍ ပုန်းအောင်းကာ နေကြကုန်သော သမင်, ဒရယ်, ဂျီ, စိုင်, ဆတ်တို့ကို အလိုရှိပါက ဖမ်းယူနိုင်သကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည် လူသူမနီး တောမြိုင်ကြီးသို့ ဝင်၍ တရားကိုရှာသည်ရှိသော် သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်တို့ကို အစဉ်အတိုင်း ရနိုင်၏။

**သိက္ခာ ၁၆—ပ-မ-ဗ-သ-စ**

ယထာပိ ဒီပိကော နာမ၊ နိလီယိတွာ ဂဏှာတိ မိဂေ။
တထေဝါယံ ဗုဒ္ဓပုတ္တော၊ ယုတ္တယောဂေါ ဝိပဿကော။
အရညံ ပဝိသိတွာန၊ ဂဏှာတိ ဖလမုတ္တမံ။

ဒီပိကော နာမ၊ တောနယ်ကျွမ်းကျင်သော တောသစ်သတ္တဝါမည်သည်။ ဝနေ၊ တော တောင် စောက်ပြောင်း ချောက်ကမ်းပါး၌။ နိလီယိတွာ၊ ပုန်းကွယ်ကာသွား စားကျက်စား၍။ နိသိန္နော၊ စားကာ အိပ်ကာနေကြရှာသော။ မိဂေ၊ တော၌ခင်မင် သားသမင်တို့ကို။ ဂဏှာတိ- ဂဏှာတိ ယထာ၊ ကိုယ်ချင်းမစာ ဖမ်းယူပါသကဲ့သို့။ တထေဝ၊ ထိုသစ်နှင့်ကား ပုံမခြားပဲသာလျှင်။ ဗုဒ္ဓပုတ္တော၊ တရားကိုမြော် ဘုရား၏သားတော်ဖြစ်သော။ ယုတ္တယောဂေါ၊ ဝိပဿနာအလုပ် အားထုတ်သော။ ဝိပဿကော၊ ဝိပဿနာအရေး ရှုမြော်တွေးသော။ အယံ ဘိက္ခု၊ နိဗ္ဗာန်မြော်မှန်း ဤရဟန်းသည်။ အရညံ၊ လူ့သူမနီး မြိုင်တောကြီးသို့။ ပဝိသိတွာန၊ ဝင်၍။ ဥတ္တမံ၊ မြတ်သည်ထက် မြတ်သော။ ဖလံ၊ မပြတ်စဉ်းစား အရဟတ္တဖိုလ်တရားကို။ ဂဏှာတိ၊ အရအမိ ဖမ်းယူတတ်၏။

ဘုရားသခင်ကို မြေကျမ်းတတ်သော ဆရာကြီး, ယောဂီပုဂ္ဂိုလ်ကို
တောသစ်သတ္တဝါ ထား၍ပြသော ဥပမာ ပြီး၏။

# ယခုပြသောအချက်ကား အလုပ်ခွင်သို့ဝင်သော အချက်

သော သတော ဝ အဿသတိ သတော ဝ ပဿသတိ။ ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

သော၊ ထိုထွက်မှုဝင်မှု အာရုံပြုသော ယောဂီပုဂ္ဂိုလ်သည်။ သတော ဝ၊ မလစ်စေမူ့, သတိပြု၍သာလျှင်။ အဿသတိ၊ ထွက်သက်ထုတ်၏။ သတော ဝ၊ မလစ်စေမှု သတိပြု၍သာလျှင်။ ပဿသတိ၊ ဝင်သက်ရှိုက်၏။

လေထွက်သွားတာ ဝင်လာတာ သတိပြု၍နေရမည်။

(ထွက်လေ, ဝင်လေ၊ ဤနှစ်ထွေ၊ သိပေအောင်ဟု၊ သတိပြု။)

ထွက်သက်ဆိုတာ အပြင်ဘက်သို့ထွက်တဲ့လေ။

အဿာသောတိ ဗဟိနိက္ခမနဝါတော။ ။အဿာသောတိ၊ အဿာသဟူသည်ကား။ ဗဟိ၊ အပြင်ဘက်သို့။ နိက္ခမနဝါတော၊ ထွက်သောလေတည်း။

ဝင်သက်ဆိုတာ- အတွင်းထဲသို့ ဝင်သောလေ။

ပဿာသောတိ အန္တော ပဝိသနဝါတော။ ။ပဿာ-
သောတိ၊ ပဿာသဟူသည်ကား၊ အန္တော၊ အတွင်းသို့။
ပဝိသနဝါတော၊ ဝင်သောလေတည်း။

သတ္တဝါများဟာ ဘယ်သည့်နေ့ရက်ကစ၍ အသက်ရှူ
ပါသနည်း။

သတ္တဝါများဟာ အမိဝမ်းတွင်းက ဖွားသည့်နေ့ရက်
ကစ၍ အသက်ရှူ၏။

မာတုကုစ္ဆိတော နိက္ခမနကာလေ ပဌမံ အဗ္ဘန္တရဝါ-
တော ဗဟိ နိက္ခမိ။ ။မာတုကုစ္ဆိတော၊ အမိဝမ်းမှ။ နိက္ခ-
မနကာလေ၊ ထွက်သောကာလ၌။ နိက္ခမနကာလေ၊
ဖွားမြင်သောနေ့ရက်၌။ ပဌမံ၊ ရှေးဦးစွာ။ အဗ္ဘန္တရဝါ-
တော၊ အတွင်းလေသည်။ ဗဟိ၊ အပြင်ဘက်သို့။ နိက္ခမိ၊
ထွက်၏။

သတ္တဝါများဟာ ထွက်သက်ကို အရင်ထုတ်သလား။
ဝင်သက်ကို အရင်ရှူသလား။ ထွက်သက်ကိုအရင်ထုတ်
သည်၊ ဝင်သက်ကို နောက်မှရှူသည်ဟုမှတ်။

ထိုထွက်သက်, ဝင်သက်ဟာ ဘယ်မှာဆုံးပါသနည်း။
ငြိမ်းပါသနည်း၊ ထွက်သက်, ဝင်သက်ဟာ ချက်တိုင်မှာ
ဆုံး၏၊ ချက်တိုင်မှာ ငြိမ်း၏။

အဇ္ဈတ္တရံ ပဝိသန္တော တာလုံ အာဟစ္စ နိဗ္ဗာယိ။

အဇ္ဈတ္တရံ၊ အတွင်းသို့။ ပဝိသန္တော၊ ဝင်သည်ရှိသော်။ တာလုံ၊ ချက်တိုင်ကို။ အာဟစ္စ၊ ထိ၍။ နိဗ္ဗာယိ၊ ငြိမ်း၏။

ထွက်သက်ဝင်သက်လေသည် စိတ်ကြောင့်ဖြစ်သည်။

အဿာသပဿာသာ စိတ္တသမုဋ္ဌာနာဝ။ ။အဿာသ-ပဿာသာ၊ ထွက်သက်, ဝင်သက်လေတို့သည်။ စိတ္တ-သမုဋ္ဌာနာဝ၊ စိတ်ကြောင့်ဖြစ်ကုန်သည်သာလျှင်တည်း။

ထွက်သက် ဝင်သက်ကို မှတ်ကာနေသောအခါ နိမိတ်အာရုံပေါ် လာတတ်သည်။

## နိမိတ်အပြားထင်မြင်ချက်

လဲဝါဂွမ်းကဲ့သို့ ထင်ခြင်း။
ဗိုင်းဝါဂွမ်းကဲ့သို့ ထင်ခြင်း။
လေအယဉ်ကဲ့သို့ ထင်ခြင်း။

အဋ္ဌကထာတို့မှလာသော နိမိတ်တို့ကား——

သောကြာ ကြယ်မင်းကဲ့သို့ထင်ခြင်း။
ပတ္တမြားလုံးကဲ့သို့ထင်ခြင်း။
ပုလဲလုံးကဲ့သို့ထင်ခြင်း။
ဝါရိုးကဲ့သို့ထင်ခြင်း။
သစ်သားနှစ်အချွန်ကဲ့သို့ထင်ခြင်း။

ရှည်သောဖွတ်မီးကြိုးများကို ဆွဲတာ ငင်တာလို ထင်ခြင်း။
ပန်းဆိုင်းကဲ့သို့ထင်ခြင်း။
ပန်းခိုင်ကဲ့သို့ထင်ခြင်း။
မီးခိုးညွန့်ကဲ့သို့ထင်ခြင်း။
ပင့်ကူအိမ်ကြီးကဲ့သို့ထင်ခြင်း။
မိုဃ်းတိမ်တိုက်ကဲ့သို့ထင်ခြင်း။
ပဒုမ္မာကြာပွင့်ကြီးကဲ့သို့ထင်ခြင်း။
ရထားဘီးကဲ့သို့ထင်ခြင်း။
လဝန်းကဲ့သို့ထင်ခြင်း။
နေဝန်းကဲ့သို့ထင်ခြင်း။

အာနာပါန အားထုတ်သောအခါ ဘာဝနာ၏ အာနုဘော်ကြောင့် နိမိတ်အမျိုးမျိုး ပေါ်လာတတ်သည်၊ မယုံလျှင် စမ်းသပ်တော်မူကြပါ၊ အားထုတ်၍ ကြည့်တော်မူကြပါ၊ "ပြောမယုံ ကြုံဘူးမှ သိမည်"ဆိုသော ရှေးသူဟောင်းတို့၏ စကားရှိပါသည်၊ မကြုံဘူးသေးလျှင် မသိနိုင်ပါ၊ မကြုံဘူးပဲနှင့် အရမ်း မပုတ်ခတ်အပ်ပါ၊ အပြစ်ကြီးလေစွ။

"ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ပေမယ်လို့ အသက်ရှူခြင်း ကွဲလိမ့်မည်" ဆိုသော စကားဟာ အခြားမဟုတ် ဤအာနာပါန အလုပ်ပါပဲ၊ ပြောမယုံကြုံဘူးမှ သိလိမ့်မည်။

အချို့အချို့သောသူများက ဤအာနာပါန တရားအလုပ် အားထုတ်ကြသောအခါ ထင်ကြ မြင်ကြ သော နိမိတ်သည် တရားမဟုတ်ဘူး၊ နတ်ကပဲပြသည် စုန်းပဲ တောက်သည်၊ ဤကဲ့သို့ ပြောကြသည်၊ အပြစ်လေးစွ။

ငှက်မသိတော့ ဆက်ရက် ချီးထင်တတ်သည်၊ ကြပ်ကြပ်ကြီး သတိထားကြပါ၊ မပြောရ မဟုတ်ဘူး ပြောရပါရဲ့၊ သို့သော် ပြောဖို့ရာမှာလဲ စာတွေ ငါတွေ နှစ်ပါးရှိပါတယ်၊ ထိုစာတွေ ငါတွေနှစ်ပါးတို့တွင် တပါးပါးမှ မတွေ့လျှင် ပြောကြပါတော့၊ တရားကို အားထုတ်ကြသောအခါ (လ)နိမိတ် ပေါ်လာသည်ကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ် ၂၇၇ မှာပါသည်။ (နေ) နိမိတ်ပေါ်လာသည်ကိုလည်း ၎င်း ကျမ်းမှာ၊ နံပါတ် ၂၇၇။ ထိုမှ တပါးလည်း အများအပြား ရှိပါသေးသည်၊ ဤကား စာတွေ့၊ မိမိအားထုတ်လို့ မြင်လာသောအခါ ငါလဲ မတွေ့ စာလဲမတွေ့ပဲနှင့် နတ်ပဲပြသည် စုန်းပဲတောက်သည်၊ ဤကဲ့သို့ပြောသော လူ, ရှင်, ရဟန်းများသည် စိတ်မကောင်းလို့သာ ပြောတာမှတ်။

(နေ) နိမိတ်, (လ) နိမိတ်တို့ ပေါ်သည်ကို မိမိက စာမတွေ့ရင်လဲ အသာနေဖို့ကောင်းသည်၊ မိမိကိုယ်တိုင် အားမထုတ်၍ မစမ်းသေးရင်လဲပဲ အသာနေဖို့ ကောင်းသည်၊ စာတွေ့ ငါတွေ့ လုပ်နေသော သူများကိုသွား၍ သင်တို့ဟာ မဟုတ်ဘူး မမှန်ဘူးဟု မပြောသင့်။

စာတွေ့သိချင်လျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အနုဿတိ-နိဒ္ဒေသ၊ နံပါတ် ၂၇၇-မှာ ရှိသည် ကြည့်ကြပါ။

> အယံ ပန အဋ္ဌကထာသု ဝိနိစ္ဆယော၊ ဠဒ္ဒြိ ကဿစိ တာရကရူပံ ဝိယ မဏိဂုဠိကာ ဝိယ မုတ္တာဂုဠိကာ ဝိယ စ၊ ကဿစိ ခရသမ္ဖဿံ ဟုတွာ ကပ္ပါသဋ္ဌိ ဝိယ ဒါရုသာရသူစိ ဝိယ စ၊ ကဿစိ ဒီဃပါမင်္ဂသုတ္တံ ဝိယ ကုသုမဒါမံ ဝိယ ဓူမသိခါ-ဝိယ စ၊ ကဿစိ ဝိတ္ထတံ မက္ကဋ္ဌကသုတ္တံ ဝိယ ဝလာဟကပဋလံ ဝိယ ပဒုမပုပ္ဖံ ဝိယ ရထစက္ကံ ဝိယ စန္ဒမဏ္ဍလံ ဝိယ သူရိယမဏ္ဍလံ ဝိယ စ ဥပဋ္ဌာတိ။

အယံ၊ ဤနိမိတ်ကို ပြဆိုလတ္တံ့သည်ကား။ အဋ္ဌကထာ-သု၊ အဋ္ဌကထာကြီးတို့၌။ ဝိနိစ္ဆယော၊ ဆုံးဖြတ်ချက်ပေတည်း။ ဟိ၊ ထင်စွာပြဦးအံ့။ ဠဒ္ဒံ နိမိတ္တံ၊ ဤနိမိတ်ထင်ခြင်းသည်။ ကဿစိ၊ တချို့သောယောဂီအား။ တာရက-ရူပံ ဝိယ၊ သောကြာကြယ်မင်းကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်လာတတ်၏။ မဏိဂုဠိကာ ဝိယ၊ အလျှံတောက်ကြွားကျောက်ပတ္တမြားလုံးကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်လာတတ်၏။ မုတ္တာဂုဠိကာ ဝိယ စ၊ ပုလဲလုံး ရွဲလုံးကဲ့သို့လည်း။ ဥပဋ္ဌာတိ၊ ထင်လာတတ်၏။ ကဿစိ၊ အချို့သောယောဂီအား။ ခရသမ္ဖဿံ၊ ကြမ်းတမ်းသော အတွေ့ရှိသည်။ ဟုတွာ၊

ဖြစ်၍။ ကပ္ပါသဋ္ဌိ ဝိယ၊ ဝါဂွမ်းအရိုးကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်လာတတ်၏။ ကဿစိ၊ အချို့သော ယောဂီအား။ ဒီဃပါမင်္ဂသုတ္တံ ဝိယ၊ ရှည်သောကြိုးလုံးကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်လာတတ်၏။ကုသုမဒါမံ ဝိယ စ၊ ပန်းခိုင်ကဲ့သို့လည်း။ ဥပဋ္ဌာတိ၊ထင်မြင်လာတတ်၏။ ဓူမသိခါ ဝိယ စ၊ မီးခိုးညွန့်ကဲ့သို့လည်း။ ဥပဋ္ဌာတိ၊ ထင်လာတတ်၏။ ကဿစိ၊ အချို့သောယောဂီအား။ ဝိတ္ထတံ၊ ကျယ်ပြန့်သော။ မက္ကဋကသုတ္တံ ဝိယ၊ပင့်ကူချည်မျှင်ကဲ့သို့။ မက္ကဋကသုတ္တံ ဝိယ၊ပင့်ကူအိမ်ကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်မြင်လာတတ်၏။ ဝလာဟကပဋလံ ဝိယ၊ မိုးတိမ်တိုက်လွှာကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်မြင်လာတတ်၏။ ပဒုမပုပ္ဖံ ဝိယ၊ ပဒုမ္မာကြာပန်းကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်မြင်လာ၏။ ရထစက္ကံ ဝိယ၊ ရထားစက်ဘီးကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်လာ၏။ စန္ဒမဏ္ဍလံ ဝိယ၊ လပြည့်ဝန်းကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်မြင်လာ၏။ သူရိယမဏ္ဍလံ ဝိယ၊ နေဝန်းကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်မြင်လာ၏။

အပိစ ခေါ ကဿစိ သုခသမ္ဖဿံ ဥပ္ပါဒယမာနော တုလပိစု ဝိယ ကပ္ပါသပိစု ဝိယ ဝါတဓာရာ ဝိယ စ ဥပဋ္ဌာတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၂၇၆၊ ကြောင်းရေ ၂၈-ကြောင်း။

အပိစ ခေါ၊ စင်စစ်သော်ကား။ ကဿစိ၊ အချို့သော ယောဂီပုဂ္ဂိုလ်အား။ သုခသမ္ဖဿံ၊ ချမ်းသာသောအတွေ့ကို။ ဥပ္ပါဒယမာနော၊ ဖြစ်စေအပ်သည်ရှိသော်။ တုလ-

ပိစု ဝိယ စ၊ လဲဝါဂွမ်းကဲ့သို့ရင်း။ ကပ္ပါသပိစု ဝိယ စ၊ ဗိုင်းဝါဂွမ်းကဲ့သို့ရင်း။ ဝါတခါရာ ဝိယ စ၊ လေအယဉ်ကဲ့သို့ရင်း။ ဥပဋ္ဌာတိ၊ ထင်လာတတ်၏။

နိမိတ်အပြား ထင်မြင်ချက်ကား ပြီး၏။

## အရှည်အတိုစခန်း

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။

ဒီဃံ ဝါ၊ ဖြည်းညှင်းသာယာ ရှည်စွာမူလည်း။ အဿသန္တော၊ ထုတ်သည်ရှိသော်။ ဒီဃံ ဝါ၊ ဖြည်းညှင်း သာယာရှည်စွာမူလည်း။ အဿသာမိ၊ ထွက်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ဒီဃံ ဝါ၊ ဖြည်းညှင်းသာယာ ရှည်စွာမူလည်း။ ပဿသန္တော၊ ရှိုက်သည်ရှိသော်။ ဒီဃံ ဝါ၊ ဖြည်းညှင်းသာယာ ရှည်စွာမူလည်း။ ပဿသာမိ၊ ရှူ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

ရဿံ ဝါ၊ ထွက်သက်ထုတ်ရာ တိုစွာမူလည်း။ အဿသန္တော၊ ထုတ်သည်ရှိသော်။ ရဿံ၊ ထွက်သက် ထုတ်ရာ

တိုစွာ။ အဿာသာမိ၊ ထုတ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ ဝင်သက်ရှိုက်ရာ တိုစွာမူလည်း။ ပဿ-သန္တော၊ ရှူသည်ရှိသော်။ ရဿံ၊ ဝင်သက်ရှူရာ တိုစွာ၊ ပဿာသာမိ၊ ရှူ၏၊ ဣတိ၊ ဤသို့၊ ပဇာနာတိ သိ၏။

ထွက်သက် ဝင်သက်-ဤနှစ်ချက်ကို ရှည်လျှင် ရှည်တယ်, တိုလျှင် တိုတယ် သိအောင်လုပ်။

(ရှည်မှု,တိုမှု၊ ဤနှစ်ခု၊ သိလေအောင်ဟု၊ သတိပြု။)

အရှည်ထွက်သက်၏ အစွမ်းဖြင့် စိတ်၏ တည်ခြင်း, မပြန့်လွင့်ခြင်းကိုသိသော သတိဟာထင်၍လာသည်၊ ထွက်သက်ကို မလစ်သောသတိ သိသောဉာဏ်နှင့် သတိပြည့်စုံမှုကိုပြုရသည်။

အတို ဝင်သက် အစွမ်းဖြင့် စိတ်၏တည်ခြင်း, မပြန့်လွင့်ခြင်းကို သိသောသတိဟာ ထင်၍လာသည်၊ ဝင်သက် မလစ်သောသတိ သိသောဉာဏ်နှင့် သတိပြည့်စုံမှုကို ပြုရသည်။

ရှည်မှု, တိုမှု, ထွက်သက်, ရှည်မှု, တိုမှု ဝင်သက် ဤလေးပါးသော အခြင်းအရာတို့သည် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ နှာသီးဝမှာ ထင်ရှား၍ လာလိမ့်မည်။

ဒီဃော ရဿော စ အဿာသော၊
ပဿာသောပိ စ တာဒိသော။
စတ္တာရော ဝဏ္ဏာ ဝတ္တန္တိ၊
နာသိကဂ္ဂေဝ ဘိက္ခုနော။

ဒီဃော စ၊ ဖြည်းညှင်းသာယာ ရှည်စွာမူလည်းဖြစ်သော။ ရဿော စ၊ ဖြည်းညှင်းသာယာ တိုစွာမူလည်းဖြစ်သော။ အဿာသော စ၊ မှုတ်ကာထုတ်လျက် လေအထွက်သည်ရင်း။ တာဒိသော။ ရှည်တိုနှင့်ရော ထိုသို့သဘောရှိသော။ ပဿာသော စ၊ အပြင်မထွက် လေဝင်သက်သည်ရင်း။ ဣတိ၊ ဤသို့၊ စတ္တာရော၊ သရုပ်ခြားနား လေးပါးကုန်သော။ ဝဏ္ဏာ၊ အခြင်းအရာ အာကာရ တို့သည်။ ဘိက္ခုနော၊ ထွက်သက်,ဝင်မှု အရေးပြုသော ရဟန်း၏။ နာသိကဂ္ဂေဝ၊ ထွက်,ဝင် မှတ်သားနှာသီးဖျားဌ်သာ။ ဝတ္တန္တိ၊ ထင်ရှားမသွေ ဖြစ်ပေါ်လာချေကုန်၏။

အရှည် ထွက်သက်။ အတို ထွက်သက်။
အရှည် ဝင်သက်။ အတို ဝင်သက်။

ဤလေးပါးသော အခြင်းအရာတို့သည် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ နှာသီးဝမှာလာ၍ ထင်လိမ့်မည်။

အရှည်အတိုစခန်း ပြီး၏။

## အစ, အလယ်,အဆုံး သုံးချက်ထင်ပုံ

သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

သဗ္ဗကာယပ္ပဋိသံဝေဒီ၊ အကုန်သိမ်းကျုံး ချက်တိုင်-နှလုံး- နှာသီးဆုံးသည်။ ဟုတ္ထာ၊ ပိုင်းခြားထင်ထင် သိမြင်သည်ဖြစ်၍။ အဿသိဿာမိ၊ အမြဲမသေ့ ထွက်သက် လွှတ်ပေအံ့။ ဣတိ၊ ဤသို့၊ သိက္ခတိ။ နေ့, ညဉ့် ကြိုးကုတ် ကျင့်အားထုတ်၏။

သဗ္ဗကာယပ္ပဋိသံဝေဒီ၊ အကုန်သိမ်းကျုံး ချက်တိုင်-နှလုံး- နှာသီးဆုံးသည်။ ဟုတ္ထာ၊ ပိုင်းခြားထင်ထင် သိမြင်သည်ဖြစ်၍။ ပဿသိဿာမိ၊ မပြတ်တစေ ဝင်သက် ရှိုက်ပေအံ့။ ဣတိ၊ ဤသို့၊ သိက္ခတိ၊ နေ့, ညဉ့် ကြိုးကုတ် ကျင့်အားထုတ်၏။

ထွက်သက်မှာ ချက်တိုင်တွေ့ထိမှု နှလုံးတွေ့ထိမှု နှာသီးဖျားတွေ့ထိမှု။

ဝင်သက်မှာ နှာသီးဖျားတွေ့ထိမှု နှလုံးတွေ့ထိမှု ချက်တိုင်တွေ့ထိမှု။

(ချက်တိုင်, နှလုံး၊ နှာသီးဆုံး၊ သုံးချက်သိမှု သတိပြု။)

## အာနာပါနအလုပ်ကိုအားထုတ်သော ယောဂီပုဂ္ဂိုလ်များသတိပြုရန်

အချို့သောယောဂီပုဂ္ဂိုလ်သည် အစ, အလယ်, အဆုံး သုံးချက်ကိုကြည့်သောအခါ အစသာ ထင်ရှားတွေ့ထိမှုကို သိသည်၊ အလယ်နှင့်အဆုံးကို မသိ၊ ထိုယောဂီပုဂ္ဂိုလ် သည် အစကိုသိမ်းဆည်းခြင်း၌ သက်သာခွင့်ရရှဲ၊ အလယ် နှင့် အဆုံး သိမ်းဆည်းခြင်း၌ ပင်ပန်း၏၊ သည်လို ယောဂီပုဂ္ဂိုလ်တမျိုး။

သော အာဒိမေဝ ပရိဂ္ဂဟေတုံ သက္ကောတိ၊ မဇ္ဈ-
ပရိယောသာနေ ကိလမတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ အာဒိမေဝ၊ အစကို သာလျှင်။ ပရိဂ္ဂဟေတုံ၊ သိမ်းဆည်း၍ ယူခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ မဇ္ဈပရိယောသာနေ၊ အလယ် အဆုံးကို သိမ်းဆည်းခြင်း၌။ ကိလမတိ၊ ပင်ပန်း၏။

အချို့သော ယောဂီပုဂ္ဂိုလ်မှာ အလယ်၌ တွေ့ထိမှု ထင်ရှား၏၊ အစနှင့်အဆုံးမှာ တွေ့ထိမှု မထင်ရှား။

ကေသံ မဇ္ဈံ ပါကဋံ ဟောတိ၊ န အာဒိပရိယော-
သာနံ။

ကေသံ၊ အချို့သော ယောဂီပုဂ္ဂိုလ်အား။ မဇ္ဈံ၊ အလယ်သည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။

အာဒိပရိယောသာနံ၊ အစ အဆုံးသည်။ န ပါကဋံ၊ မထင်ရှား။

အချို့သောယောဂီပုဂ္ဂိုလ်မှာ အဆုံးထင်ရှား၏၊ အစ အလယ် မထင်ရှား၊ ပင်ပန်း၏။

သော ပရိယောသာနံယေဝ ပရိဂ္ဂဟေတုံ သက္ကောတိ၊ အာဒိမဇ္ဈေ ကိလမတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ပရိယောသာနံယေဝ၊ အဆုံးကိုသာလျှင်။ ပရိဂ္ဂဟေတုံ၊ ယူခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ အာဒိမဇ္ဈေ၊ အစ အလယ်၌။ ကိလမတိ၊ ပင်ပန်း၏။

အချို့သော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံထင်ရှား၏။

ကောစိ သဗ္ဗမ္ပိ ပါကဋံ ဟောတိ၊ သော သဗ္ဗမ္ပိ ပရိဂ္ဂဟေတုံ သက္ကောတိ၊ န ကတ္ထစိ ကိလမတိ။

ကေသ၊ အချို့သောယောဂီအား။ သဗ္ဗမ္ပိ၊ အကုန်သိမ်းကျုံး သုံးချက်လုံးသည်လည်း။ ပါကဋံ၊ထင်ထင်သိသိ တွေ့ရှိမိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါချေ၏။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ သဗ္ဗမ္ပိ၊ ကြွင်းမဲ့ဉဿုံ အလုံးစုံကိုလည်း။ ပရိဂ္ဂဟေတုံ၊ ယူခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်ပေ၏။ ကတ္ထစိ၊ တစုံတခုမျှ။ န ကိလမတိ၊ မပင်ပန်း။

အချို့သောယောဂီပုဂ္ဂိုလ်သည် အစ, အလယ်, အဆုံး သုံးချက်လုံး၌ ထင်ရှား၏၊ အနည်းငယ်မျှ မပင်မပန်း။

တတ္ထ သိက္ခတီတိ ဧဝံ ဃဋတိ ဝါယမတိ။

ကျင့်ဆိုတာ တမင်သိအောင် လုပ်ရမည်။

သုံးချက်ကြည့်သော ယောဂီပုဂ္ဂိုလ်တို့သည်
လေးမျိုးလေးစားရှိသည်။

၁။ အချို့သော ယောဂီပုဂ္ဂိုလ်သည် အစသာ ထင်ရှားသည်၊ အလယ်နှင့်အဆုံး မထင်ရှားသော ယောဂီပုဂ္ဂိုလ်တမျိုး။

၂။ အချို့သောယောဂီပုဂ္ဂိုလ်သည် အလယ်မှာ ထင်ရှားသည်၊ အစနှင့်အဆုံး မထင်ရှားသည့် ယောဂီပုဂ္ဂိုလ်တမျိုး။

၃။ အချို့သော ယောဂီပုဂ္ဂိုလ်သည် အဆုံးမှာသာ ထင်ရှားသည်၊ အစနှင့်အလယ်မှာ မထင်ရှားသည့် ယောဂီပုဂ္ဂိုလ်တမျိုး။

၄။ အချို့သော ယောဂီပုဂ္ဂိုလ်သည် အစ, အလယ်, အဆုံး သုံးပါးလုံး ထင်ရှား၏၊ သည်ယောဂီပုဂ္ဂိုလ်တမျိုး။

ပေါင်း လေးမျိုးလေးစား ရှိ၏။

သိက္ခာသုံးအင်၊ ပြည့်စုံချင်၊ သိလျှင်သုံးချက်သာ။
သိက္ခာသုံးဖြာ၊ သိလိုပါ၊ သေချာမှတ်ကြပါ။

သီလ သမာ၊ ဓိပညာ၊ သိက္ခာသုံးပါးသာ။

| | |
|---|---|
| အဓိသီလသိက္ခာ<br>အဓိစိတ္တသိက္ခာ<br>အဓိပညာသိက္ခာ | သိက္ခာသုံးပါး။ |

သိက္ခာသုံးပါး တပြိုင်နက် တချက်တည်း ပြည့်စုံချင်လျှင် အစ, အလယ်, အဆုံး သုံးချက်ကို သိအောင်ကျင့်၊ သိက္ခာသုံးပါးတပြိုင်နက် တချက်တည်း ပြည့်စုံပါလိမ့်မည်။

**သိက္ခာသုံးပါး ပြည့်စုံပုံကား**

အာနာပါနအလုပ်ကို အစ, အလယ်, အဆုံး သုံးချက်ကို သိအောင်ကျင့်သော သတိသံဝရ ဝီရိယသံဝရသည် အဓိသီလ သိက္ခာမည်၏။

> ယော ဝါ တထာဘူတဿ သံဝရော၊ အယမေတ္ထ အဓိသီလသိက္ခာ။

တထာဘူတဿ၊ ထို အစ, အလယ်, အဆုံး သုံးပါးလုံးကို သိအောင်အားထုတ်သော ယောဂီပုဂ္ဂိုလ်၏။ ယော သံဝရော၊ အကြင်သတိသံဝရ ဝီရိယသံဝရသည်။ အတ္ထိ၊ ရှိ၏။ အယံ သံဝရော၊ ဤသံဝရသည်။ ဧတ္ထ၊ ဤသုံးပါးသော သိက္ခာတို့တွင်။ အဓိသီလသိက္ခာ၊ အဓိသီလ သိက္ခာမည်၏။

အစ, အလယ်, အဆုံး သုံးချက်လုံးကို သိအောင်အား ထုတ်သော ယောဂီပုဂ္ဂိုလ်၏ သမာဓိသည် အဓိစိတ္တ သိက္ခာမည်၏။

ယော တထာဘူတဿ သမာဓိ၊ အယံ အဓိ-
စိတ္တသိက္ခာ။

တထာဘူတဿ၊ ထို အစ,အလယ်,အဆုံး သုံးချက်လုံး ကို သိအောင်အားထုတ်သော ယောဂီပုဂ္ဂိုလ်၏။ ယော-သမာဓိ၊ အကြင်သမာဓိသည်။ အတ္ထိ၊ ရှိ၏။ အယံ သမာဓိ၊ ဤသမာဓိသည်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာမည်၏။

အစ, အလယ်, အဆုံး သုံးချက်လုံးကို သိအောင် အားထုတ်သော ပုဂ္ဂိုလ်၏ ပညာသည် အဓိပညာသိက္ခာ မည်၏။

ယာ တထာဘူတဿ ပညာ၊ အယံ အဓိပညာ-
သိက္ခာ။

တထာဘူတဿ၊ ထို အစ, အလယ်,အဆုံး သုံးချက်လုံး ကိုသိအောင်အားထုတ်သောယောဂီပုဂ္ဂိုလ်၏။ ယာ ပညာ၊ အကြင်ပညာသည်။ အတ္ထိ၊ ရှိ၏။ အယံ ပညာ၊ ဤပညာ သည်။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာမည်၏။

အစ,အလယ်,အဆုံး သုံးချက်လုံးကို သိအောင်အား ထုတ်သော သတိသံဝရ ဝီရိယသံဝရသည် အဓိသီလသိက္ခာ၊

တည်ကြည်သော သမာဓိသည် အဓိစိတ္တသိက္ခာ၊ သိသော ပညာသည် အဓိပညာသိက္ခာမည်၏။

သိက္ခာသုံးစုံ၊ ပြည့်စုံပုံ၊ အကုန်မှတ်ကြနည်း။
သုံးချက်ပိုင်ပိုင်၊ထင်မြင်နိုင်၊သုံးဆိုင်သိက္ခာအပြီး။

[သိက္ခာသုံးပါးပြည့်စုံပုံပြသောအချက်ကား ပြီး၏။]

**ထွက်သက်ဝင်သက်သိမ်မွေ့စေရန် တိုက်တွန်းချက်**

ပဿမ္ဘယံ ကာယသင်္ခါရံ၊
အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ ကာယသင်္ခါရံ၊
ပဿသိဿာမီတိ သိက္ခတိ။

ကာယသင်္ခါရံ၊ ထွက်သက်ကိုရှု ကာယသင်္ခါရ လေအစုကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သိမ်မွေ့စေမှု ချုပ်ငြိမ်းခြင်းကိုပြုလျက်။ အဿသိဿာမိ၊ ထွက်သက် မှုတ်ကာ ထုတ်လိုက်ပါအံ့။ ဣတိ၊ ဤသို့ စိုက်စိုက် နှလုံးပိုက်၍။ သိက္ခတိ၊ လုံ့လထားကာ အားထုတ်ရာ၏။

ကာယသင်္ခါရံ၊ ဝင်သက်ကိုရှု ကာယသင်္ခါရ လေအစုကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သိမ်မွေ့စေမှု ချုပ်ငြိမ်းခြင်းကို ပြုလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှိုက်ကာ ရှုလိုက်ပါအံ့။ ဣတိ၊ ဤသို့ စိုက်စိုက် နှလုံးပိုက်၍။ သိက္ခတိ၊ လုံ့လထားကာ အားထုတ်ရာ၏။

ထွက်လေ ဝင်လေကို တဖြေးဖြေးသိမ်မွေ့ချုပ်ငြိမ်းအောင် အားထုတ်။
(ထွက်သက် ဝင်လေ၊ ဤနှစ်ထွေ၊ ချုပ်လေအောင်ဟု၊ သတိပြု။)

ဤ အာနာပါနကမ္မဋ္ဌာန်းကို မသိမ်းဆည်းရခင် အခါကာလက ကရဇကာယသည် ရုန့်ရင်းကြမ်းတမ်း၏၊ စိတ်သည် အလွန်ပင်ပန်း ကြမ်းတမ်းသည်ဖြစ်၏၊ ကိုယ်, စိတ်နှစ်ပါး မငြိမ်သက် ရုန့်ရင်းသည်ရှိသော်, ထွက်သက်ဝင်သက်တို့သည် ရုန့်ရင်းကုန်၏၊ အားကြီးကုန်၏၊ များကုန်၏။

ကိုယ်,စိတ်,နှစ်ပါး သိမ်မွေ့၍ သွားသည်ရှိသော်,ငြိမ်းချမ်း၍ သွားသည်ရှိသော် ထွက်သက် ဝင်သက်တို့သည် တဖြေးဖြေး သိမ်မွေ့၍ သွားလေ၏၊ တဖြေးဖြေး ငြိမ်းချမ်း၍ သွားလေ၏၊ ကိုယ်စိတ်နှစ်ပါး ပူပန်ခြင်း များလျှင် ထွက်သက်ဝင်သက်ကြမ်း၏၊ ကိုယ်စိတ်နှစ်ပါး ပူပန်ခြင်း နည်းလျှင် ထွက်သက်ဝင်သက် သိမ်မွေ့၏၊ ငြိမ်းချမ်း၏၊ ချုပ်၏။

ဥပမာကား——ဝန်ထုပ်ကို ခေါင်းပေါ်ရွက်ပြီးသကာလ တောင်ပေါ်သို့ အပြေးတက်သောသူသည် အလွန်မောပန်းသည့်အတွက်ကြောင့် ထွက်လေ ဝင်လေတို့သည် ပြင်းထန်စွာ ထွက်ကုန်၏၊ နှာခေါင်းပေါက်က လေလုံးမဆန့်၍ ခံတွင်းပေါက်သို့ လျှံတက်လာ၏၊ ထိုအခါ ဟောဟဲ-ဟောဟဲနှင့် နေ၏၊ မောပန်းလှသောကြောင့် ဟိုက်၍ဟိုက်၍ နေရ၏၊ အမောအပန်း ပြေသောအခါ

ရေချိုး၍ ရေသောက်၍ ပုဆိုးရေစိုကိုခြုံ၍ သစ်ပင်ရိပ်ကောင်းကောင်းမှာ အိပ်လိုက်သည်ရှိသော် အလွန်ချမ်းသာလှသည်နှင့် ကုလားသေ ကုလားမောအိပ်၏၊ ထိုသူ၏ အသက်ရှူခြင်းဟာ အသက်ရှူတယ်လို့မှ မထင်နိုင်သလောက်ဖြစ်၏။

ထိုအတူ တရားအားထုတ်သောယောဂီသည် ရုန့်ရင်းကြမ်းတမ်းသော ကိုယ်စိတ်တို့ကို မသိမ်းဆည်းခင်က ကိုယ်စိတ်နှစ်ပါး ကြမ်းတမ်းသည့် အတွက်ကြောင့် ထွက်သက် ဝင်သက် လေတို့သည် ကြမ်းတမ်းကုန်၏၊ ရုန့်ရင်းကြမ်းတမ်းသော ကိုယ်,စိတ်တို့ကို သိမ်းဆည်းသောအခါကာလကစ၍ ကိုယ်,စိတ် နှစ်ပါး သိမ်မွေ့၍ သွားသည့်အတွက် ထွက်သက် ဝင်သက် လေတို့သည် သိမ်မွေ့ ချုပ်ငြိမ်း၍ သွားလေကုန်၏။

တောင်ထိပ်သို့တက်သော ယောကျ်ား ဥပမာ-ဥပမေယျနှင့် ဟပ်၍ကြည့်။

တောင်ထိပ်သို့ အပြေးတက်သောသူသည် အလွန်မောလှယ်၏၊ ခရီးအပြေးသွားသောသူသည် အလွန်မောလှယ်၏၊ တမိုင်ရှိသောခရီးကို ဖြေးဖြေးမှန်မှန်သွားသောသူသည် မမောမပန်း၊ မောပန်းခြင်းမရှိ၊ ချမ်းချမ်းသာသာရောက်၏၊ တမိုင်ရှိသောခရီးကို အပြေးသွား

သောသူသည် ဆင်းဆင်းရဲရဲ ပင်ပန်းမှ မောပန်းမှ ရောက်၏။

တမိုင်ရှိသော ခရီးကို အပြေးသွားသော သူသည် ပင်ပန်းဆင်းရဲ မောပန်းမှ ဘယ်အတွက်ကြောင့် ရောက်ပါသနည်း၊ တမိုင်ရှိသောခရီးကို ဖြေးဖြေးသာယာစွာ သွားသောသူသည် ဘယ်အတွက်ကြောင့် မမောမပန်း ချမ်းသာစွာ ရောက်ပါသနည်း။

တမိုင်ရှိသောခရီးကို ဖြေးညှင်းသာယာစွာသွားသော သူ၏ ကိုယ်စိတ်နှစ်ပါးတို့သည် သိမ်သိမ်မွေ့မွေ့ ဖြစ်ကုန်၏၊ ကိုယ်စိတ်နှစ်ပါး ရုန့်ရင်းကြမ်းတမ်းခြင်းမရှိ၊ သိမ်မွေ့နူးညံ့သောကြောင့် ထွက်သက် ဝင်သက် လေတို့သည် သိမ်မွေ့နူးညံ့ကုန်၏။ ထွက်သက် ဝင်သက် လေတို့သည် သိမ်မွေ့နူးညံ့ခြင်းကြောင့် မောပန်းခြင်းမရှိ၊ တမိုင်ခရီးသို့ ချမ်းသာစွာရောက်၏။

တမိုင်မျှသောခရီးကို အပြေးသွားသောသူ၏ ကိုယ်စိတ်သည် အလွန်ရုန့်ရင်း ကြမ်းတမ်း၏၊ ကိုယ်စိတ်နှစ်ပါး ရုန့်ရင်းကြမ်းတမ်းသောကြောင့် ထွက်သက် ဝင်သက် လေတို့သည် ကြမ်းတမ်းကုန်၏၊ ထွက်သက် ဝင်သက်လေတို့သည် ရုန့်ရင်းကြမ်းတမ်းသောကြောင့် တမိုင်ခရီးကို အပြေးသွားသောသူသည် မောပန်း၏။

သာရဒ္ဓေ ကာယေ စိတ္တေ စ၊ အဓိမတ္တံ ပဝတ္တတိ။
အသာရဒ္ဓမှို ကာယမှို၊ သုခုမံ သမ္ပဝတ္တတိ။

ကာယေ စ၊ ခန္ဓာထုပ်သို ဤရုပ်ကိုယ်သည်၎င်း။ စိတ္တေ စ၊ ဇောစိတ်ရည်သန် စိတ်အကြံသည်၎င်း။ သာ-ရဒ္ဓေ၊ ပူရှိန်မပြတ် အားထုတ်ခြင်းရှိလတ်သော်။ အဓိမတ္တံ၊ ပိုလွန်ကာနေ ထွက်သက်ဝင်သက်လေသည်။ ပဝတ္တတိ၊ ဖောက်လွဲဖောက်ပြန် ဖြစ်ရပြန်၏။ ကာယမှို၊ ခန္ဓာထုပ်သို ဤရုပ်ကိုယ်သည်၎င်း။ စိတ္တေ စ၊ ဇောစိတ်ရည်သန် စိတ်အကြံသည်၎င်း။ အသာရဒ္ဓမှို၊ လောင်ရှိန်မပြင်း အားထုတ်ခြင်းကင်းလတ်သော်။ သုခုမံ၊ သိမ်မွေ့လှစွာ အခြင်းအရာဟု ဆိုအပ်သော။ ကာယသင်္ခါရော၊ ထွက်ဝင်သမှု ကာယသင်္ခါရလေအစုသည်။ သမ္ပဝတ္တတိ၊ သိမ်မွေ့လှစွာ ဖြစ်ပေါ်လာ၏။

ပဌမစတုက္ကအချက် ပြီး၏။

---

## ပီတိငါးပါးကိုပြခြင်း

ပီတိပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
ပီတိပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

ပီတိပ္ပဋိသံဝေဒီ၊ နှစ်သက်ထင်ရှား ပီတိတရားကို ဖြစ်စေလျက်။ အဿသိဿာမိ၊ ထွက်သက်နှင်လေ လွှတ်လိုက်

ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့စဉ်ကြိုးကုတ် ကျင့်အားထုတ်၏။

ပီတိပ္ပဋိသံဝေဒီ၊ နှစ်သက်ထင်ရှား ပီတိတရားကို ဖြစ်စေလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှိုက်လေ သွင်းလိုက်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့ညဥ့်ကြိုးကုတ် ကျင့်အားထုတ်၏။

ပီတိထင်ရှားအောင် ထွက်သက်လွှတ်ရမည်၊ ပီတိထင်ရှားအောင် ဝင်သက်ကို ရှိုက်ရမည်။

(ပီတိငါးပါး-ဤတရား-ထင်ရှားအောင်ဟု လေကိုရှု)

သာ ပနေသာ ခုဒ္ဒိကာပီတိ ခဏိကာပီတိ ဩက္ကန္တိကာပီတိ ဥဗ္ဗေဂါပီတိ ဖရဏာပီတီတိ ပဉ္စဝိဓာ ဟောတိ။

သာ ပနေသာ-သာ ပန ဧသာ ပီတိ၊ ထိုပီတိသည်။ ခုဒ္ဒိကာပီတိ၊ အနည်းငယ်နှစ်သက်ခြင်းလည်း တပါး။ ခဏိကာပီတိ၊ ခဏခဏ နှစ်သက်ခြင်းလည်း တပါး။ ဩက္ကန္တိကာပီတိ၊ သက်၍သက်၍ နှစ်သက်ခြင်းလည်း တပါး။ ဥဗ္ဗေဂါပီတိ၊ ကြွထလာအောင် နှစ်သက်ခြင်းလည်း တပါး။ ဖရဏာပီတိ၊ ပျံ့နှံ့နှစ်သက်ခြင်းလည်း တပါး။ ဣတိ၊ ဤသို့။ ပဉ္စဝိဓာ၊ ငါးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

တတ္ထ ခုဒ္ဒိကာပီတိ သရီရေ လောမဟံသမတ္တမေဝ ကာတုံ သက္ကောတိ။

တတ္ထ၊ ထိုငါးပါးသောပီတိတို့တွင်။ ခုဒ္ဒိကာပီတိ၊ မကြီးမကျယ် အနည်းငယ်နှစ်သက်သော ခုဒ္ဒိကာပီတိသည်။ သရီရေ၊ ငါးဝစုံစွာ ကိုယ်ခန္ဓာ၌။ လောမဟံသမတ္တမေဝ၊ ကြက်သီးမွေးညှင်း တဖျဉ်းဖျဉ်းထခြင်းမျှကိုသာလျှင်။ ကာတုံ၊ အမြဲမပြတ် အထပ်ထပ်ပြုခြင်းငှါ။ သက္ကောတိ၊ ကောင်းစွာပိုင်ပိုင် တတ်နိုင်၏။

ခုဒ္ဒိကာပီတိ ပြီး၏။

ခဏိကာပီတိ ခဏေ ခဏေ ဝိဇ္ဇုပ္ပါဒသဒိသာ ဟောတိ။

ခဏိကာပီတိ၊ ခဏခဏနှစ်သက်သော ခဏိကာပီတိသည်။ ခဏေ ခဏေ၊ မပြတ်မစဲ ခဏ ခဏပဲ၌။ ဝိဇ္ဇုပ္ပါဒသဒိသာ၊ ထူးခြားဆန်းကြယ် လျှပ်စစ်နွယ်နှင့် တူသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ခဏိကာပီတိ ပြီး၏။

ဩက္ကန္တိကာပီတိ သမုဒ္ဒတီရံ ဝီစိ ဝိယ ကာယံ ဩက္ကမိတွာ ဩက္ကမိတွာ ဘိဇ္ဇတိ။

ဩက္ကန္တိကာပီတိ၊ သက်ကာ သက်ကာ နှစ်သက်ပါသော ဩက္ကန္တိကာပီတိသည်။ သမုဒ္ဒတီရံ၊ လေနီကြမ်းမွှေ သမုဒ္ဒရာကမ်းခြေ၌။ ဝီစိ ဝိယ၊ တဖြန်းဖြန်းတက် လှိုင်း

ဂရက်ကဲ့သို့။ ဝိစိ ဝိယ၊ တဖြန်းဖြန်းကိုး လှိုင်းတံပိုးကဲ့သို့။ ကာယံ၊ ငါးဝပေါင်းခို ယောဂီပုဂ္ဂိုလ်၏ကိုယ်ကို။ ဩက္က-မိတ္တွာ ဩက္ကမိတ္တွာ၊ သက်၍ သက်၍။ ဩက္ကမိတ္တွာ ဩက္ကမိတ္တွာ၊ ယိမ်းကာယိုင်ကာ သက်ကာလာ၍။ ဘိဇ္ဇတိ၊ ခဏမနေ ပျက်ရလေ၏။ ဘိဇ္ဇတိ၊ နှစ်ဖြာထက်ခြမ်း ဖြန်းဖြန်းကွဲ၏။

ဩက္ကန္တိကာပီတိ ပြီး၏။

ဥဗ္ဗေဂါပီတိ ဗလဝတီ ဟောတိ ကာယံ ဥဒ္ဓဂ္ဂံ ကတွာ အာကာသေ လင်္ဃာပနပ္ပမာဏပတ္တာ။

ဥဗ္ဗေဂါပီတိ၊ ကြွထလာအောင်နှစ်သက်သော ဥဗ္ဗေဂါ ပီတိသည်။ ဗလဝတီ၊ လုံးစုံနှံ့ဘိ အားအင်ရှိသည်ဖြစ်၍။ ကာယံ၊ ငါးဝစုံစွာ ကိုယ်ခန္ဓာကို။ ဥဒ္ဓဂ္ဂံ၊ ပင့်မြှောက်သမှု တက်ကြွခြင်းကို။ ကတွာ၊ ပြု၍။ အာကာသေ၊ အဇင္ဃာပြင် မိုးကောင်းကင်၌။ လင်္ဃာပနပ္ပမာဏ-ပတ္တာ၊ ပျံတက်ခြင်းသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ဥဗ္ဗေဂါပီတိပြီး၏။

ဖရဏာပီတိယာ ပန ဥပ္ပန္နာယ သကလသရီရံ ဖရိတွာ ပူရိတဝတ္ထိ ဝိယ မဟတာ ဥဒကောဃေန ပက္ခန္ဒပဗ္ဗတကုစ္ဆိ ဝိယ စ အနုပရိပ္ဖုဋံ ဟောတိ။

ပန၊ ဥဗ္ဗေဂါပီတိမှတပါး ဖရဏာပီတိကို ဆိုဦးအံ့။ ဖရဏာပီတိယာ၊ တဖိန်းဖိန်းနေအောင်· အပြန့်အနှံ့ နှစ်

သက်သော ဖရဏာပီတိသည်။ ဥပ္ပန္နာယ၊ သဘော အလျောက် ဖြစ်ထွန်းပေါ်ပေါက်၍ လာသည်ရှိသော်။ သကလသရီရံ၊ ခြေဆုံး, ခေါင်းဆုံး တကိုယ်လုံးကို။ ဖရိတွာ၊ တဖိန်းဖိန်းသာ ပြန့်နှံ့ပါ၍၊ ပူရိတဝတ္ထိ ဝိယ၊ ရေဖြင့်ပြည့်သော စည်ပေါင်းကဲ့သို့။ မဟတာ၊ များစွာ သော။ ဥဒကောဃေန၊ သန့်ရှင်းကြည်လင် ရေအယဉ် ဖြင့်။ ပက္ခန္ဒပဗ္ဗတကုစ္ဆိ ဝိယ စ၊ စီးဝင်ထူးတွင်း တောင် ခြေဝမ်းကဲ့သို့။ အနုပရိပ္ဖုဋ္ဌံ၊ လုံးစုံမကြွင်း တကိုယ်လုံး ထက်ဝန်းကျင်မှ အဖန်တလဲလဲ ပြန့်နှံ့ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဖရဏာပီတိပြီး၏။

---

## ဈာန်ခန်းကိုပြပုံ

အာနာပါနအလုပ်၌ ပီတိထင်ရှားအောင် အားထုတ် သော နည်းသည် ပဌမဈာန်နှင့် ဒုတိယဈာန်ကို ရအောင် အားထုတ်သော နည်းပဲ၊ ပီတိထင်ရှားလျှင် ပဌမဈာန် ဒုတိယဈာန်ကိုရ၏။

(ပီတိထင်ရှား၊ ယောဂီအား၊ ရငြား ပ,ဒုဈာန်။)

သုခပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။

သုခပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

သုခပ္ပဋိသံဝေဒီ၊ ချမ်းသာစေမှု ထင်ရှားပြု၍။ အဿ-သိဿာမိ။ ထွက်သက် ထုတ်ကာ လွတ်လိုက်ပါအံ့။ ဣတိ၊

ဤသို့။ သိက္ခတိ၊ နေ့, ညဥ့် ကြိုးကုတ် ကျင့်အားထုတ်၏။

သုခပ္ပဋိသံဝေဒီ။ ချမ်းသာစေမှု ထင်ရှားပြု၍။ ပဿ-သိဿာမိ၊ ဝင်သက်ရှိုက်ခါ ရှုလိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့, ညဥ့် ကြိုးကုတ် ကျင့်အားထုတ်၏။

ချမ်းသာသုခထင်ရှားအောင် ထွက်သက်ကိုသတိပြု၊ ချမ်းသာသုခထင်ရှားအောင် ဝင်သက်ကိုသတိပြု။

(ချမ်းသာသုခ၊ ဤဓမ္မ၊ ထင်ရှားအောင်ဟု လေကိုရှု။)

အထူးမှတ်ရန်။ ။အာနာပါန တရားအလုပ်၌ သုခထင်ရှားအောင် ကျင့်သောနည်းသည် တတိယစျာန်ကိုရအောင် အားထုတ်သောနည်းပဲ၊ သုခထင်ရှားလျှင် တတိယစျာန်ကိုရ၏။

(သုခထင်ရှား၊ ယောဂီအား၊ စျာန်ကား တတိယာ။)

စိတ္တသင်္ခါရပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
စိတ္တသင်္ခါရပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

စိတ္တသင်္ခါရံ၊ သညာဝေဒနာဟု စိတ္တသင်္ခါရ တရားအစုကို။ ပဋိသံဝေဒီ၊ ထင်ရှားစေမှု သတိပြု၍။ အဿသိ-ဿာမိ၊ ထွက်သက် ထုတ်ကာ လွှတ်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့, ညဥ့် ကြိုးကုတ် ကျင့်အားထုတ်၏။

စိတ္တသင်္ဂြိုဟ်ရုံ၊ သညာဝေဒနာဟု စိတ္တသင်္ခါရတရား အစုကို။ ပဋိသံဝေဒီ၊ ထင်ရှားစေမှု သတိပြု၍။ ပဿသိဿာမိ၊ ဝင်သက် ရှုကာ ရှိုက်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့, ညဉ့် ကြိုးကုတ် ကျင့်အားထုတ်၏။

သညာ- ဝေဒနာ ထင်ရှားအောင်၊ ထွက်သက်ကို သတိပြု။

သညာ- ဝေဒနာထင်ရှားအောင်၊ ဝင်သက်ကိုသတိပြု။
(ဝေဒနာမှု၊ သညာစု၊ သိလေအောင်ဟု- သတိပြု။)

အထူးသတိပြုရန်။ ။အာနာပါန တရားအလုပ်၌ ဝေဒနာ သညာ ထင်ရှားအောင် ကျင့်သောနည်းသည် စတုတ္ထစျာန်ကို ရအောင်ကျင့်သောနည်းပဲ၊ ဝေဒနာ- သညာထင်ရှားလျှင် စတုတ္ထစျာန်ကိုရ၏။

ဝေဒနာ-သညာ၊ ထင်ရှားလာ၊ စျာန်မှာစတုတ္ထ။

ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

စိတ္တသင်္ခါရံ၊ ကြမ်းတမ်းပါလှ သညာ, ဝေဒနာ တရား ဓမ္မကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သိမ်မွေ့စေမှု ချုပ်ငြိမ်းခြင်းကိုပြု၍။ အဿသိဿာမိ၊ ထွက်သက် ထုတ်ကာ လွှတ်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့, ညဉ့်ကြိုး ကုတ် ကျင့်အားထုတ်၏။

စိတ္တသင်္ခါရုံ၊ ကြမ်းတမ်းပါလှ သညာ ဝေဒနာ တရားဓမ္မကို။ ပဿမ္ဘယံ- ပဿမ္ဘယန္တော၊ သိမ်မွေ့စေမှု ချုပ်ငြိမ်းခြင်းကိုပြု၍။ ပဿသိဿာမိ၊ ဝင်သက်ရှူကာ ရှိုက်လိုက်ပါအံ့။

သညာ ဝေဒနာ ချုပ်ငြိမ်းအောင် ထွက်သက်ကို သတိပြု။

သညာဝေဒနာချုပ်ငြိမ်းအောင် ဝင်သက်ကို သတိပြု။ (ဝေဒနာမှု၊ သညာစု၊ ချုပ်လေအောင်ဟု-သတိပြု။)

ဒုတိယစတုက္ကပြီး၏။

## တတိယစတုက္က

## စျာန်မှဝိပဿနာသို့တက်သောအခန်း

စိတ္တပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
စိတ္တပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

စိတ္တပဋိသံဝေဒီ၊ အာရုံလိုက်စား စိတ်တရားကို ထင်ရှားစေ၍။ အဿသိဿာမိ၊ ထွက်သက်ထုတ်ကာ လွှတ်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့, ညဉ့်ကြိုးကုတ်၊ ကျင့်အားထုတ်၏။

စိတ္တပဋိသံဝေဒီ၊ အာရုံလိုက်စား စိတ်တရားကို ထင်ရှားစေ၍။ ပဿသိဿာမိ၊ ဝင်သက်ရှူကာ သွင်း

လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့, ညဉ့်ကြိုးကုတ်ကျင့်အားထုတ်၏။

စိတ်ထင်ရှားအောင် ထွက်သက်ကိုလွှတ်။
စိတ်ထင်ရှားအောင်-ဝင်သက်ကိုရှူ။

(စိတ်ထင်ရှားမှု-အစုစု-သိလေအောင်ဟု-သတိပြု။)

အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ။
အဘိပ္ပမောဒယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

စိတ္တံ၊ ငြိမ်ဝပ်ပိပြား-စိတ်တရားကို။ အဘိပ္ပမောဒယံ-အဘိပ္ပမောဒယန္တော၊ အလွန်အမင်း ရွှင်လန်းခြင်းကိုဖြစ်စေလျက်။ အဿသိဿာမိ၊ ထွက်သက်ထုတ်ကာ လွှတ်လိုက်ပါအံ့။ ဣတိ၊ ဤသို့ သိက္ခတိ၊ နေ့, ညဉ့်ကြိုးကုတ်ကျင့်အားထုတ်၏။

စိတ္တံ၊ ငြိမ်ဝပ်ပိပြား-စိတ်တရားကို။ အဘိပ္ပမောဒယံ-အဘိပ္ပမောဒယန္တော၊ အလွန်အမင်း ရွှင်လန်းခြင်းကိုဖြစ်စေလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှိုက်ကာ ရှူလိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့ညဉ့်ကြိုးကုတ်-ကျင့်အားထုတ်၏။

စိတ်ရွှင်လန်းအောင်-ထွက်သက်ကိုသတိပြု။
စိတ်ရွှင်လန်းအောင်-ဝင်သက်ကိုသတိပြု။

(စိတ်ရွှင်လန်းမှု-အစုစု၊ သိလေအောင်ဟု-သတိပြု)။

သမာဒဟံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ။
သမာဒဟံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

စိတ္တံ၊ ကြံစည်စဉ်းစား စိတ်တရားကို။ သမာဒဟံ-သမာဒဟန္တော၊ တည်ကြည်စေမှု ကောင်းစွာပြု၍လျက်။ အဿသိဿာမိ၊ ထွက်သက် မှုတ်ကာ ထုတ်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့ညဉ့် ကြိုးကုတ် ကျင့်အား ထုတ်၏။

စိတ္တံ၊ ကြံစည်စဉ်းစား စိတ်တရားကို။ သမာဒဟံ-သမာဒဟန္တော၊ တည်ကြည်စေမှု ကောင်းစွာပြု၍လျက်။ ပဿသိဿာမိ၊ ဝင်သက်ရှူကာ ရှိုက်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့ညဉ့်ကြိုးကုတ် ကျင့်အားထုတ်၏။

စိတ်တည်ကြည်အောင်-ထွက်သက်ကိုသတိပြု။

စိတ်တည်ကြည်အောင်-ဝင်သက်ကိုသတိပြု။

(ကြံစည်စဉ်းစား၊ စိတ်တရား၊ တည်ငြားအောင်ဟု-သတိပြု။)

ဝိမောစယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ။
ဝိမောစယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

စိတ္တံ၊ ကြံစည်စဉ်းစား စိတ်တရားကို။ ဝိမောစယံ-ဝိမောစယန္တော၊ ရုန့်ရင်းကြမ်းတမ်း နီဝရဏစခန်းမှ

လွှတ်စေလျက်။ အဿသိဿာမိ၊ ထွက်သက်ထုတ်ကာ လွှတ်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့ညဥ့် ကြိုးကုတ် ကျင့်အားထုတ်၏။

စိတ္တံ၊ ကြံစည်စဉ်းစား စိတ်တရားကို။ ဝိမောစယံ-ဝိမောစယန္တော၊ ရုန်းရင်းကြမ်းတမ်း နီဝရဏစခန်းမှ လွှတ်စေလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှူကာ ရှိုက်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့ညဥ့် ကြိုးကုတ် ကျင့်အားထုတ်၏။

စိတ်ကို နီဝရဏမှ လွှတ်အောင် ထွက်သက်ကိုသတိပြု။
စိတ်ကို နီဝရဏမှ လွှတ်အောင် ဝင်သက်ကိုသတိပြု။
(နီဝရဏတရား စိတ်နှင့်ကား လွှတ်ငြားအောင်ဟု သတိပြု။)

ဈျာန်ခန်းကိုပြပုံ တတိယစတုက္က ပြီး၏။

---

**ဈျာန်မှဝိပဿနာသို့တက်သောအခန်း**

အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ။
အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

အနိစ္စာနုပဿီ၊ မမြဲသမှု ဖန်ဖန်ရှုလျက်။ အဿသိ-ဿာမိ၊ ထွက်သက် ထုတ်ကာ လွှတ်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့ညဥ့်ကြိုးကုတ် ကျင့်အားထုတ်၏။

အနိစ္စာနုပဿီ၊ မမြဲသမှု ဖန်ဖန်ရှုလျက်။ ပဿသိ-
ဿာမိ၊ ဝင်သက်ရှုကာ ရှိုက်လိုက်ပါအံ့။ ဣတိ၊ ဤသို့။
သိက္ခတိ၊ နေ့ညဥ့်ကြိုးကုတ် ကျင့်အားထုတ်၏။

တလုံးအနိစ္စ ပြီးငြိမ်းက မုချပဏ္ဍိတ။
မမြဲမှုကိုရှု၍ ထွက်သက်ကိုသတိပြု။
မမြဲမှုကိုရှု၍ ဝင်သက်ကိုသတိပြု။
(ဖန်ဖန်ပျက်ဆဲ တည်မမြဲ မလွဲအောင်ဟု လေကိုရှု။)

ဝိရာဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ။
ဝိရာဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

ဝိရာဂါနုပဿီ၊ ရာဂကင်းမှု ဖန်ဖန်ရှုလျက်။ အဿသိ-
ဿာမိ၊ ထွက်သက်ထုတ်ကာ လွှတ်လိုက်ပါအံ့။ ဣတိ၊
ဤသို့။ သိက္ခတိ၊ နေ့ညဥ့်ကြိုးကုတ် ကျင့်အားထုတ်၏။

ဝိရာဂါနုပဿီ၊ ရာဂကင်းမှု ဖန်ဖန်ရှုလျက်။ ပဿသိ-
ဿာမိ၊ ဝင်သက်ရှုကာ ရှိုက်လိုက်ပါအံ့။ ဣတိ၊ ဤသို့။
သိက္ခတိ၊ နေ့ညဥ့်ကြိုးကုတ် ကျင့်အားထုတ်၏။

ရာဂကင်းအောင် ထွက်သက်ကိုသတိပြု။

ရာဂကင်းအောင် ဝင်သက်ကိုသတိပြု။

(ရာဂတရား-မလိုက်စား-ကင်းငြားအောင်ဟု သတိပြု။)

နိရောဓာနုပဿီ အဿသိဿာမီတိ သိက္ခတိ။
နိရောဓာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

နိရောဓာနုပဿီ၊ ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းခြင်းကို ပြုလျက်။ အဿသိဿာမီတိ၊ ထွက်သက်မှုတ်ကာ ထုတ်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့ညဥ့်ကြိုးကုတ်ကျင့်အားထုတ်၏။

နိရောဓာနုပဿီ၊ ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းခြင်းကို ပြုလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှူကာ ရှိုက်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ။ နေ့, ညဥ့် ကြိုးကုတ်ကျင့်အားထုတ်၏။

ခန္ဓာဇာတ်သိမ်း ငြိမ်းအောင် ထွက်သက်ကို သတိပြု။

ခန္ဓာဇာတ်သိမ်း ငြိမ်းအောင် ဝင်သက်ကို သတိပြု။

(ခန္ဓာဇာတ်သိမ်း ချုပ်ပြန်ငြိမ်း ဇာတ်သိမ်းပြည်နိဗ္ဗာန်။)

ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ။
ပဋိနိဿဂ္ဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

ပဋိနိဿဂ္ဂါနုပဿီ၊ ခန္ဓာတွယ်မှုစွန့်ပစ်ခြင်းကိုရှုလျက်။ အဿသိဿာမိ၊ ထွက်သက်မှုတ်ကာ ထုတ်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့, ညဥ့်ကြိုးကုတ် ကျင့်အားထုတ်၏။

ပဋိနိဿဂ္ဂါနုပဿီ၊ ခန္ဓာတွယ်မှု စွန့်ပစ်ခြင်းကို ပြု လျက်။ ပဿသိဿာမိ၊ ဝင်သက်ရှုကာ ရှိုက်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ နေ့, ညဉ့်ကြိုးကုတ် ကျင့်အား ထုတ်၏။

ခန္ဓာတွယ်မှု စွန့်ပစ်ခြင်းကို သတိပြု၍ ထွက်သက်ကို လွှတ်။

ခန္ဓာတွယ်မှု စွန့်ပစ်ခြင်းကို သတိပြု၍ ဝင်သက်ကိုရှူ။

(ခန္ဓာတွယ်မှု-အစုစု-စွန့်မှုနိဿဂ္ဂါ။)

အနိစ္စတာတိ တေသံယေဝ ဥပ္ပါဒဝယညထတ္တံ ဟုတ္ဂွာ အဘာဝေါ ဝါ နိဗ္ဗတ္တာနံ တေနေဝါကာရေန အဌတွာ ခဏဘင်္ဂေန ဘေဒေါတိ အတ္ထော။

အနိစ္စတာတိ၊ အနိစ္စတာဟူသည်ကား။ တေသံယေဝ၊ ထိုခန္ဓာငါးပါး တရားတို့၏သာလျှင်။ ဥပ္ပါဒဝယညထတ္တံ၊ ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်စမှတပါးသော ခန္ဓာတို့၏အဖြစ် တည်းဟူသော ဝိကာရသည်။ အနိစ္စတာ၊ အနိစ္စတာမည် ၏။ ဝါ၊ တနည်းကား။ ဟုတွာ၊ ရှေးကမရှိ ယခုမှဖြစ်၍။ အဘာဝေါ၊ ချုပ်ခြင်း, ပျက်ခြင်းသည်။ အနိစ္စတာ၊ အနိစ္စတာမည်၏။ နိဗ္ဗတ္တာနံ၊ ဖြစ်ကုန်သောခန္ဓာတို့၏။ တေနေဝါကာရေန၊ ထိုဖြစ်စသော ဓမ္မတို့၏ အခြင်းအရာ အားဖြင့်သာလျှင်။ အဌတွာ၊ မတည်မူ၍။ ခဏဘင်္ဂေန၊

ဘင်ခဏဖြင့်။ ဘေဒေါ၊ ပျက်ခြင်းသည်။ အနိစ္စတာ၊ အနိစ္စတာမည်၏။

အနိစ္စဆိုတာ ခန္ဓာငါးပါး တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်း, ဖောက်ပြန်ခြင်းဟာ အနိစ္စ၊ ကြာမြင့်စွာ မတည်မူ၍ ဘင်ခဏ၌ ပျက်ခြင်းဟာ အနိစ္စ။

အနိစ္စပြီး၏။

---

တတ္ထ ခယဝိရာဂေါတိ သင်္ခါရာနံ ခယဘင်္ဂေါ။

တတ္ထ၊ ထိုနှစ်ပါးသော ဝိရာဂတို့တွင်။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ခယဘင်္ဂေါ၊ နိရောဓခဏသည်။ ခယဝိရာ-ဂေါတိ၊ ခယဝိရာဂ မည်၏။

သင်္ခါရတို့၏ ခဏချုပ်ခြင်းဟာ ခယဝိရာဂပဲ၊ ခယ-ဝိရာဂခေါ်သည်။

အစ္စန္တဝိရာဂေါတိ နိဗ္ဗာနံ။

နိဗ္ဗာနံ၊ သင်္ခါရ တရားတို့၏ ချုပ်ငြိမ်းရာသည်။ အစ္စန္တ-ဝိရာဂေါတိ၊ အစ္စန္တဝိရာဂ မည်၏။

အလုံးစုံသော သင်္ခါရတို့ ချုပ်ရာ, ငြိမ်းရာဟာ အစ္စန္တဝိရာဂပဲ၊ အစ္စန္တဝိရာဂခေါ်သည်။

ဝိရာဂါနုပဿနာတိ တဒုဘယဒဿနဝသေန ပဝ-တ္တာ ဝိပဿနာ စ မဂ္ဂေါ စ။

တဒုဘယဒဿနဝသေန၊ ထိုသင်္ခါရ တရားတို့၏ ခဏချုပ်ခြင်း, နိဗ္ဗာန်ကိုရှုခြင်း, နှစ်ပါးစုံ၏အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ဝိပဿနာ စ၊ ဝိပဿနာသည်၎င်း။ မဂ္ဂေါ စ၊ မဂ်သည်၎င်း။ ဝိရာဂါနုပဿနာ နာမ၊ ဝိရာဂါ- နုပဿနာမည်၏။

သင်္ခါရတရားတို့ ခဏချုပ်ငြိမ်းခြင်း, နိဗ္ဗာန်ကို ရှုခြင်း ကို ဝိရာဂါနုပဿနာခေါ်သည်၊ ဝိရာဂါနုပဿနာမှတ်။

ဝိရာဂစခန်း ပြီး၏။

နိရောဓာနုပဿီတိ ပဒေပိ ဧသေဝ နယော။

နိရောဓာနုပဿီတိ ပဒေပိ၊ နိရောဓာနုပဿီ ဟူသော ပုဒ်၌လည်း။ ဧသေဝ နယော၊ ဤနည်းသာလျှင်နည်းရှိ၏။

နိရောဓစခန်း ပြီး၏။

ပဋိနိဿဂ္ဂါနုပဿီတိ ဧတ္ထာပိ ဒွေ ပဋိနိဿဂ္ဂါ၊ ပရိစ္စာဂပဋိနိဿဂ္ဂေါ စ ပက္ခန္ဒနပဋိနိဿဂ္ဂေါ စ။

ပဋိနိဿဂ္ဂါနုပဿီတိ ဧတ္ထာပိ၊....၌လည်း။ ပဋိနိဿဂ္ဂါ၊ စေလွတ်ခြင်းတို့သည်။ ပရိစ္စာဂပဋိနိဿဂ္ဂေါ စ၊ စွန့်ခြင်း ဟုဆိုအပ်သောစေလွှတ်ခြင်း၎င်း။ ပက္ခန္ဒနပဋိနိဿဂ္ဂေါ စ၊

ပြေးဝင်ခြင်းဟု ဆိုအပ်သော စေလွှတ်ခြင်းငှာ၊ ရှုတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပဋိနိဿဂ္ဂစခန်း ပြီး၏။

---

## သစ္စာပြခန်း

၁။ **သာသတိ-အနုသာသတိ၊** ဖွင့်ဘိဝိဂ္ဂဟ၊ အနုတ္တ ဖြင့်၊ လောကသုံးဆူ၊ နတ်နှင့်လူကို၊ အတူပါအောင်၊ မင်္ဂရှေ့ ဖောင်၌၊ တင်ဆောင်လိုစွာ၊ ကရုဏာဖြင့်၊ မကောင်း ရာကြဉ်၊ ကောင်းရာယှဉ်ဟု၊ အစဉ်မပြတ်၊ ဆုံးမ တတ်ကြောင့်၊ ပရမတ္ထ၊ ခေတ်အရကား၊ ဓမ္မသမုဋ္ဌာန်၊ ရွှေညာဏ်ဒေသနာ၊ ပညာတော်မြတ်၊ ဓမ္မခေတ်တည့်၊ လက္ခဏတ္တ၊ ဌာနျူစသား၊ ထိုမျှဆယ်ဖြာ၊ ဥပစာမူ၊ ခန္ဓာပဋ္ဌက၊ သန္တာနဟု၊• ဒဗ္ဗဝိသေသ်၊ ပညတ်ဖြစ်သော၊ ပတ်ရစ်ရှုန်းဖွဲ၊ သုံးဆယ့်နှစ်ဖြာ၊ မဟာပုရိသ၊ ဝိစိတြ၊ ဗုဒ္ဓမြတ်စွာ၊ လက္ခဏာတော်ကြီး၊ ညီးညီးရွှန်းကယ်၊ လွန်ဆန်းကြယ်သော၊ ရှစ်ဆယ်အစု၊ အနုဗျဉ္ဇန၊ ဗျာမ-ပဘာ၊ ရောင်ခြောက်ဖြာက၊ အသာခေရုဏ်၊ ကိုးပါးဂုဏ် နှင့်၊ သမ္ဘုဏ္ဏစစ်၊ တုမရစ်သည့်၊ ရှင်ချစ်မြတ်စွာ၊ စော သတ္တာလည်း၊ သံသရာနယ်၊ ကန္တာကျယ်မှ၊ ခြောက်သွယ် ဝိသုဒ်၊ အနုတ္တရ၊ ဓမ္မစကြာ၊ မဂ်ယဉ်သာဖြင့်၊ ခေမာ ရောက်လို၊ ငါမှာခိုသည့်၊ ပုဂ္ဂိုလ်ရှစ်ဖြာ၊ သားသည်းချာ

တို၊ တထာဂတ၊ ရှင်တို့ဘကား၊ ဘဂဏ္ဍ်ါ၊ ဤဌသာလျှင်၊ မဟာဘိနိက္ခမ၊ လွန်မြတ်လှသား၊ ကိစ္စထူးလည်၊ ဆိုကြီးရည်၍၊ တိုင်းပြည်နန်းထီး၊ စည်းစိမ်ကြီးကို၊ စွန့်ပြီးပယ်လျက်၊ တောထွက်ပြုရေး၊ မဟုတ်သေးတည်း၊ ရှေးသောခါလည်း၊ ဤသို့တည်းဟု၊ ဟောနည်းဖော်ထုတ်၊ စက်ပန်းခုတ်သို့၊ သာမုက္ကံသ၊ ဓမ္မဒေသနာ၊ ဆောင်၍သာလျှင်၊ သစ္စာလေးပါး၊ မြတ်တရားကို၊ ထင်ရှားပြလေသတည်း။

၂။ ဤအရာ၌၊ သစ္စာပြဟန်၊ ကျမ်းရင်းချန်လည်း၊ နည်းမှန်ဟောရိုး၊ လင်္ကာပျိုးအံ့၊ တန်ခိုးကြီးစွာ၊ ဗြဟ္မာ, သိကြား၊ ဘုံအားရဟတ်၊ လေးကျွန်းပတ်သည့်၊ မန္ဓာတ်တမင့်၊ ဖြစ်လင့်စေကာ၊ သတ္တဝါကောင်းဆိုး၊ အမျိုးမျိုးဖြင့်၊ ထိုစိုး,ထိုမင်း၊ ထိုချင်းမချို၊ ထိုသူတို့ကား၊ ပုဂ္ဂိုလ်ဝေါဟာ၊ ပညတ်သာမျှ၊ ဇာတိအစ၊ နာမ်, ရုပ် ရသော်၊ ခဏခဏ၊ ဘိဇ္ဇနတည့်၊ နိစ္စ-သုခ၊ အတ္တမှတ်စွဲ၊ အမြဲချမ်းသာ၊ ဖြစ်ဖို့ရာကား၊ အကြာမခံ့၊ တန့်၍မနေ၊ ကျွမ်းကြေလောင်ရှိန်း၊ သစ်စိမ်းရွက်လှ၊ မီးရှို့ကြသို့၊ တစစရင့်၊ ရွယ်ဆင့်ဆင့်နှင့်၊ ဆံပွင့်သွားကြွေ၊ အရေတွန့်ခြင်း၊ အိုမင်းရွတ်တွ၊ ဇရာကျ၍၊ မရဏစစ်၊ အော်ဟစ်မကင်း၊ သေရခြင်းဖြင့်၊ အချင်းခပ်သိမ်း၊ ရွှေရွှေယိမ်း၏၊ မငြိမ်းနိုင်စွာ၊ လိုရာမရ၊ ကာရကနှင့် ဇီဝပုဂ္ဂိုလ်၊ ငါဟုဆိုသား၊ ကိုယ်ကောင်မရှိ၊ ပကတိပင်

မချိနိုင်အောင်၊ မဆောင်နိုင်ရေး၊ အိုတိုင်ဆွေးလျက်၊ နာဘေး,သေဘေး၊ နှိပ်စက်ဘေးဖြင့်၊ တေးဘူမက၊ ဖြစ်သမျှတွင်၊ လောဘကြွည်ငြား၊ ဤတရားကား၊ မမှား ဒုက္ခသစ္စာတည်း။

၃။ ထိုဒုက္ခစု၊ ထိုအမှုဦ၊ ဂရုကတ၊ ကြိုးလုံ့လဖြင့်၊ ရှရှည်သည်၊ တရံမပြတ်၊ ငါကောင်မှတ်လျက်၊ လူ, နတ်, သိကြား၊ ပုဂ္ဂိုလ်အားဖြင့်၊ ယောကျ်ား, မိန်းမ၊ စွဲလန်း ကြ၍၊ တောင့်တချစ်ခင်၊ တမင်မင်တည့်၊ ငါ့လင် ငါ့မယား၊ ငါ့သား ငါ့သမီး၊ ငါ့နန်းထီးနှင့်၊ ရွာမှီးဥစ္စာ၊ မြို့, ရွာ, တိုင်းပြည်၊ အိမ်, ယာ တည်လျက်၊ လော်လီ မူးရှင်၊ ဆုံးမမြင်အောင်၊ လိုချင်မပြီး၊ မငြီးသာယာ၊ လက္ခဏာဖြင့်၊ များစွာယှက်ပုံ၊ စေးပစ်ခြုံသို့၊ အာရုံ ခြောက်ဖြာ၊ တဏှာသုံးထပ်၊ နှစ်ရပ်သန္တာန်၊ သုံးတန် ကာလ၊ မြှောက်ထပွါးလစ်၊ တရာ့ရှစ်ဟု၊ ဆိုးညစ် ယုတ်မာ၊ ပျော်တတ်စွာသား၊ တဏှာမည်ရှိ၊ စပ်ယှဉ် သိတိုင်း၊ မိမိအမျှ၊ မုချဆတ်ဆတ်၊ မြဲမချွတ်အောင်၊ အူပြတ်သည်းကြွေ၊ အသက်သေနှင့်၊ ထွေထွေများပြား၊ အထူးအားဖြင့်၊ ပျားလူးသန်လျက်၊ လျှာဖြင့်လျက်သို့၊ အနက်လေးပါး၊ ထင်ရှားမြွက်ဟ၊ ဟောဖော်ပြသည်၊ ဒုက္ခအနေ၊ ဖြစ်စေတတ်ငြား၊ ဤတရားကား၊ မမှား-သမုဒယသစ္စာတည်း။

၄။ ဒုက္ခခြင်းရာ၊ ဝဋ္ဋသစ္စာနှင့်၊ တဏှာမက်ကင်း၊ သက်သက်ရှင်း၍၊ ငြိမ်းခြင်းသေတ္တု၊ မြိုက်ဆိစု သား၊ အနုပါဒိသ်၊ ကြွင်းမဲ့တိတ်လျက်၊ နိမိတ်အတ္တာ၊ ကင်း ဆိတ်ကွာလျက်၊ မဂ္ဂါရမ္မဏ၊ ဝိရာဂဟု၊ အမတဓာတ်၊ အမြတ်ဆုံးထား၊ ဤတရားကား၊ မမှားနိရောဓသစ္စာ တည်း။

၅။ ယထာဘူတ၊ ရှင်စောပြသား၊ ဒုက္ခ,သမုဒယ၊ နိရောဓက၊ စသည်လက္ခဏာ၊ သိတတ်စွာတည့်၊ သမ္မာ- ဒိဋ္ဌိ၊ သိသည့်အရ၊ နိရောဓကို၊ တောင့်တ မြော်ရှေး၊ တရေးရေးဖြင့်၊ ကြံတွေးလက္ခဏာ၊ ထင်တတ်စွာတည့်၊ သမ္မာသင်္ကပ္ပ၊ စိတ်ကဆိုးယုတ်၊ ဝစီနှုတ်၌၊ ဒုစရိုက်ကို၊ မကြိုက်ပယ်ခွါ၊ ကြဉ်တတ်စွာတည့်၊ သမ္မာဝါစာ၊ ကောင်း ရာကောင်းမှု၊ ကိုယ်ဖြင့်ပြုပြန်၊ သမ္မာကမ္မန္တ၊ ကာယ ဒုစရိုက်၊ ထိုအမိုက်ကို၊ ကိုယ်၌တခု၊ သက်မွေးမှုကြောင့်၊ မပြုကြဉ်ခွါ၊ သမ္မာအာဇီဝ၊ နိရောဓခွင်၊ ရောက်ချင် ကြပ်ကြပ်၊ ပယ်အပ်ပယ်ရှား၊ ပွါးအပ်ပွါး၍၊ အားထုတ် တတ်စွာ၊ သမ္မာဝါယာမ၊ နိရောဓဓာတ်၊ တရားမြတ်ကို၊ မပြတ်မရွေ့၊ တစေ့စေ့ဖြင့်၊ အောက်မေ့သည်မှာ၊ သမ္မာသတိ၊ နီဝရဏကင်း၊ ကိလေရှင်း၍၊ ယင်းသည့် အမြတ်၊ နိရောဓာတ်၌၊ သက်လတ်အပ္ပနာ၊ တည်ကြည် စွာသည်၊ သမ္မာသမာဓိ၊ မည်ရှိထင်ရှား၊ ဤရှစ်ပါးကား၊ မမှားမဂ္ဂသစ္စာတည်း။

၆။ ဒုက္ခလက္ခဏာ၊ ဒုက္ခသာတည့်၊ သတ္တာပုဂ္ဂိုလ်၊ ငါကောင်ကိုယ်နှင့်၊ ခေါ်ဆိုတုံငြား၊ ယောကျ်ား, မိန်းမ၊ စသည်မဟုတ်၊ သမုတ်ဝေါဟာ၊ ပညတ်သာတည်း၊ အမြုံ မသား၊ ယူသောလားသို့၊ ထင်ရှားမရှိ၊ ယူဒိဋ္ဌိတို့၊ ပရိ- ကပ္ပိတ၊ အဘာဝဟု၊ သစ္စကိစ္စ၊ ကတသုံးတန်၊ သုံးပါး ဉာဏ်ဖြင့်၊ ဟုတ်မှန်မယွင်း၊ ထိုးဖောက်ထွင်း၍၊ သိခြင်း, ပြုခြင်း၊ တတ်ခြင်းမှချ၊ ပြီးထသည်ကား၊ ဒုက္ခအားကို၊ ပိုင်းခြားသိသည့် သဘောတည်း။

၇။ ယင်းသို့ပိုင်းခြား၊ သိသောအားဖြင့်၊ ရေသား လျှပ်လျှပ်၊ နေရောင်ဟပ်သား၊ တံလျှပ်ကိုရေ၊ မှတ်မှား လေလည်း၊ ရေမဟုတ်မှန်း၊ သိဖြောင့်တန်းက၊ ငြိစွန်း သာယာ၊ မတပ်ရာသို့၊ တဏှာကင်းကွယ်၊ ဉာဏ်သုံး သွယ်ဖြင့်၊ စွန့်ပယ်အပ်ထ၊ သမုဒယမည်ငြား၊ ဤတရား ကို၊ ပယ်ရှားသိသည့် သဘောတည်း။

၈။ ပိုင်းခြားပယ်ဘိ၊ ဤသို့သိက၊ တေဘူမိလယ်၊ သံသာနယ်၌၊ ကိုးကွယ်ရာတည့်၊ ရှိသို့မထင်၊ ညဥ့်မှောင် တွင်၌၊ အကြင်ယောကျ်ား၊ နိုးတကြားဖြင့်၊ နွားဟု မှတ်ပြီး၊ ကျားကိုစီးသော်၊ နေမိုးလင်းဘိ၊ ကျားမှန်း သိက၊ မချိစိတ်မှာ၊ ထွက်ပြေးရာသို့၊ မြော်ကာအဟုတ်၊ စရကုတ်ဖြင့်၊ အားထုတ်သောလား၊ သုံးပါးဉာဏ်မှု၊ ငြိမ်းကြောင်းပြုမှု၊ ငါးခုခန္ဓာ၊ လွတ်ငြိမ်းရာကို၊ ရည်ခါ

စောထ၊ နိရောဓရောက်၊ အာရုံ လျှောက်၍၊ မျက်မှောက် ပြုသည့် သဘောတည်း။

၉။ နိရောဓရောက်၊ မျက်မှောက်ပြုလို၊ ထိုပုဂ္ဂိုလ် အား၊ ကျွားကို ကြောက်က၊ လွတ်မြောက် ပြေးထွက်၊ အသက်ရှူကြံ၊ သစ္စံကောင်းပြု၊ သက်မှု အားထုတ်၊ တဖြုတ်မမေ့၊ တည်စေ၍လည်း၊ ခုန်ဆွေ့ ယောက်ျား၊ ပြေးသောလားသို့၊ သုံးပါးဝိရတီ၊ အရိယမြဟ္မ၊ စရိယဟု၊ သီလတမွတ်၊ အာဇီဝတ်နှင့်၊ မချွတ်ပြီးငြား၊ အပြား ရှစ်အင်၊ ထိုမဂ္ဂင်ကို၊ အကြွင်သုံးပါး၊ ဉာဏ်တရားဖြင့်၊ ဖြစ်ပွါးစေသည့် သဘောတည်း။

၁၀။ ဤသို့မှန်စွာ၊ အလင်္ကာဖြင့်၊ သစ္စာလေးပါး၊ ပိုင်းခြားပယ်ဖျောက်၊ မျက်မှောက်ပွါးဟန်၊ ဓိပ္ပါယ် ပြန်သည်၊ မှတ်ရန် အကျဉ်းသဘောတည်း။

၁၁။ သစ္စပရိယောသာနေ ကေစိ သောတာပန္နာ
အဟေသုံ၊ ကေစိ သကဒါဂါမိနော ကေစိ
အနာဂါမိနော။

သစ္စာသိမ်းကျုံး၊ ပြသောဆုံး၌၊ စုရုံးညီညာ၊ စည်းဝေးရာတွင်၊ အာသယာနုသယ၊ စရိတက၊ စသည်-သိမ်မွေ့၊ စွဲလေ့ကိန်းတတ်၊ မပြတ်ဖြစ်ခြင်း၊ နှလုံး သွင်းလည်း၊ အတွင်း၌ထုံ၊ ဝေနေယုံ၏၊ နှလုံစရိယ၊ ယောဂဇ္ဈာန်၌၊ နှုရင့်ထေရ်ဖြင့်၊ ကေစိ အချို့၊ ရဟန်းတို့

ကား၊ နှစ်ဖို့မရှိ၊ သစ္စာသိ၍၊ ဒိဋ္ဌိကခ်ါ၊ စင်စစ်ကွာ
လျက်၊ သေသာကုသလ၊ ကြွင်းပါပဉ္၊ အပါယဂါမိ၊
ပယ်သတ္တိနှင့်၊ ယောနိဓမ္မတာ၊ ငှက်တံထွာဖြင့်၊ ကြိုး
ကြာတို့အား၊ နှစ်ပါးနို့ - ရေ၊ ရောထွေတိုက်က၊ မျိုကျိုက်
နို့သာ၊ ရေမပါသို့၊ ပမာထို့တူ၊ မွေးစဟူသည်၊ ငယ်မူ
ငယ်ရာ၊ ငယ်အာသာနှင့်၊ သညာနှုန်းနှဲ့၊ အမှတ်မဲ့လည်း၊
သူငယ့်ခံတွင်း၊ နို့သေသွင်းသော်၊ မယွင်းမှန်စွာ၊ နို့သာ
ဝင်လျက်၊ သေမထွက်သား၊ မဂ်၏သတ္တိ၊ ပြီးသိဒ္ဓိနှင့်၊
ဆဘိဋ္ဌာန၊ အဘဗ္ဗဟု၊ အရိယန္ဒယ်၊ အပါယ်လေးပါး၊
တံခါးပိတ်ဘိ၊ မြတ်လှထိဖြင့်၊ အာဒိမဂ္ဂ၊ လက်ဦးရ၍၊
စျာနလာဘီ၊ စျာန်ယှဉ်မှီသော်၊ ဝသီငါးစုံ၊ ဗြဟ္မာ့ဘုံသို့၊
ရောက်တုံလတ်က၊ အောက်နတ်လူ့ရွာ၊ မသက်လာပဲ၊
အနာဂါမိ၊ မဂ်ဉာဏ်ရှိသို့၊ အနိဝတ္တန၊ သဘာဝသည်၊
ကာမ မနှောင့် ကုန်ပြီတည်း။

၁၂။ ထိုမှအပ၊ နိဗ္ဗာနမူ၊ တိက္ခမဇ္ဈူ၊ မုဒုပညတ်၊
အထူးမှတ်လျက်၊ ဝိပဿနိန္ဒြေ၊ သုံးထွေအရ၊ နိယာမတည့်၊
ဧကဗီဇ၊ ကောလံကောလတ်၊ သတ္တက္ခတ်ဟု၊ သုံးရပ်ပိုင်း
ခြား၊ ဘဝအားဖြင့်၊ ခေါင်းပါးသန့်စင်၊ ကျွတ်ပန်း ဆင်
ပြီး၊ တန်းဝင်ရှေးဦး၊ ကျေးဇူးဖြိုးကယ်၊ မနှုန်းနှယ်ပဲ၊ လူ
ဝယ်နတ်စစ်၊ တစ်,နှစ်, သုံး,လေး၊ တွက်ရေး ငါးခြောက်၊
ထက်အောက်ပြန်လစ်၊ ရောရာဖြစ်လျက်၊ ခုနစ်မလွန်၊
ဘဝဝန်ကို၊ မှောက်သွန်ပယ်ချ၊ နိယတကြောင့်၊ အဌမ

မြောက်၊ မဖောက်သန္တေ၊ မနေရလျှဉ်း၊ ဇာတိကင်း၍၊ အချင်းခပ်သိမ်း၊ ပြီးငြိမ်းကေန်၊ ရောက်နိဗ္ဗာန်သို့၊ လမ်းမှန်ရှေးရိုး၊ အဖြောင့်ထိုးသား၊ သုံးမျိုးဖလဋ္ဌ၊ ပုဂ္ဂိုလ်မှန်ဟု၊ သောတာပန်မည်၊ မဟာထေရ်၌၊ တည်လေကုန်ကြ၊ အချို့ကမူ၊ ကာမရာဂ၊ ဒေါသခေါင်းပါး၊ ရှေ့ရှေ့ရှားလုံ့ကြ်၊ တရားနှစ်ဆ၊ နှစ်ဆင့်ရ၏၊ ဤတေတ္တ၊ စသည်ငါးစု၊ ဝေဖန်ပြုသား၊ ညစ်ကျူးဖျင်းသိမ်၊ ကာမအိမ်သို့၊ တကြိမ်ပြန်လာ၊ သကဒါတည့်၊ ချိုမှာ့မူကား၊ ခေါင်းပါးကျန်ထ၊ ထိုကာမနှင့်၊ ဒေါသအထည်း၊ သမုဒည်းကို၊ ခါတည်းမကြွင်း၊ မကျန်လျှင်းအောင်၊ ယေယ်ရှင်းကုန်ကြ၊ အကုပ္ပဟု၊ တတိယမှန်၊ နှစ်ဝေါဒါန်ဖြင့်၊ သုံးတန်စင်မြောက်၊ မဂ်ဉာဏ်ရောက်လျက်၊ နတ်ခြောက်လူ့ရွာ၊ အောက်ကာမာသို့၊ တခါမပြန်၊ ဗြဟ္မာဆန်၍၊ နိဗ္ဗာန်လက်နီး၊ နာဂါမ်ပြီးသည်၊ ခရီးမထောင့်ကုန်ပြီတည်း။

သစ္စာပြခန်း ပြီး၏။

## သတိပေးဆုံးမသောသံပေါက်

မုသားအကျိုး၊ အလွန်ဆိုး၊ မင်မျိုးပိတ်ဆီးကာ။
ဉာဏ်မင်မျိုးစေ့၊ မုသားမေ့၊ မတွေ့သူတော်စွာ။
သူတော်တွေ့ပြန်၊ မနာခံ၊ ပုန်ကန်ဝေးဝေးခွါ။
သူတော်တရား၊ နာမကြား၊ မုသားအတွက်ပါ။

တရားရှိရာ၊ အိမ်ကခွါ၊ သူငါရှာကြပါ။
နိဗ္ဗာန်ကိုမှ၊ ခုဘဝ၊ မရ, ခက်လှပါ။
သဘောအရှိ၊ နှောမငြိ၊ ရောက်ဘိအပါယ်ရွာ။
ခုမှမတွေ့၊ နောင်ဟိုရွှေ့၊ မျိုးစေ့မဂ်နှင့်ကွာ။
သဒ္ဓါတလုံး၊ အခက်ဆုံး၊ ဉာဏ်သုံးလိုလှပါ။
တဏှာကိုပင်၊ သဒ္ဓါထင်၊ ကိုယ်တွင်လူယုတ်မာ။
သဒ္ဓါမထပ်၊ တဏှာကပ်၊ အောက်ရပ်ပါယ်လေးရွာ။
သဒ္ဓါကိုမှ၊ ရှာမရ၊ ဝေးလှနိဗ္ဗာန်သာ။
သူတော်ယောင်ဆောင်၊ သီလကြောင်၊ နက်ခေါင်
ဝိစိမှာ။
သုတ်ဘိဓမ္မာ၊ ဝိနည်းမှာ၊ ရသာတူလှပါ။
သုတ်နှင့်ဝိနည်း၊ တထပ်တည်း၊ လာဘ်ကြီးဘိဓမ္မာ။
ပိဋကတ်အိုး၊ စာမာန်ကိုး၊ မဂ်မျိုးရှင်းရှင်းကွာ။
မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြ၊ တုစ္ဆဘွဲ့နာမာ။
ပေါဋ္ဌိလကျော်၊ မထေရ်မော်၊ ရှင်တော်ကဲ့ရဲ့ရှာ။
ရှင်သူငယ်က၊ တရားပြ၊ မှားစွပေါဋ္ဌိလာ။
ကျမ်းမည်နာမ၊ ဘွဲ့မည်ရ၊ သိက္ခာသုံးပါးသာ။
သိက္ခာသုံးအင်၊ ကျမ်းအရှင်၊ ခု-တွင်လေးဆယ့်ရှစ်။
ရဟန်းသိက္ခာ၊ ဆယ့်သုံးဝါ၊ နှစ်မှာသုံးဆယ့်နှစ်။
ခုနစ်ဝါတွင်၊ တောသို့ဝင်၊ ထွက်လျှင်ခြောက်ဝါဖြစ်။

သတိပေးဆုံးမသောသံပေါက် ပြီး၏။

( နိဂုံး )

နဂရံ ပစ္ဆိမံ ဒိသံ၊ ဝိပ္ပသန္နံဝ စေတိယံ။
သိရိခေတ္တြမဟာပုရာ၊ ဇမ္ဗုဒီပေ သုသောဘနာ။

ဝနသဏ္ဍာနသဉ္ဆန္နေ၊ တတ္ထိသဒက္ခိဏော သုဘော။
မနုပဋ္ဌသတာမိတော၊ ဆစေတိယသမီပကေ။

သုဇနသေဝိတေ ဂူဟော၊ ပရိက္ခိတ္တသာနုရမ္မေ။
ဘာဝနာယ ပရံရမ္မေ၊ ယောဂီမနအာဘိက္ကန္တေ။

မဂ္ဂံ လာဘာယ သာရုပ္ပေ၊
ယာနိကေဟေဝ ထောမိတော။
သာသနဿ ဝိရုဠှကော၊ နိဗ္ဗိန္ဒနာမ ပဗ္ဗတော။

ဝသတာ သိရိထေရေန၊ အယံ ဂန္ထော သုသင်္ခတော။
ကတ္တိကေ နဇက္ခယံ သာကေ၊ ပတ္တေ ဘယေန
နိဋ္ဌိတော။

ဇမ္ဗုဒီပေ၊ ဇမ္ဗူဒီပါကျွန်း၌။ သုသောဘနာ၊ ကောင်းစွာတင့်တယ်သော။ သိရိခေတ္တြမဟာပုရာ၊ သိရိခေတ္တရာ ပြည်ကြီးမှ။ ပစ္ဆိမံ၊ အနောက်ဖြစ်သော။ ဒိသံ၊ အရပ်၌။ နဂရံ၊ ပြည်မြို့သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုပြည်မြို့၌။ ဝိပ္ပသန္နံဝ၊ အထူးထူး အပြားပြား ကြည်ညိုဘွယ်ရှိသည်သာဖြစ်သော။ စေတိယံ၊ ရွှေဆံတော်စေတီကြီးသည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုရွှေဆံတော်

စေတီကြီးမှ။ ဤသဒက္ခိဏော၊ အရှေ့တောင်ထောင့်အရပ် ၌။ ဓနုပဥ္စသတာမိတေ၊ ကုလလေးတာ အပြန်ငါးရာ ကျော် ကွာသော။ ဝနသဏ္ဍာနသဉ္ဆန္နေ၊ တောအုပ်ကြီး တို့ဖြင့် ဖုံးလွှမ်းထသော။ ဆစေတိယသမီပကေ၊ ခြောက် ဆူသော စေတီကြီးတို့၏အနီး၌ တည်ရှိပေထသော။ သုဘေ၊ တင့်တယ်ထသော။ သုဇနသေဝိတေ၊ သမထ ဝိပဿနာ ထိုနှစ်ဖြာကို သူတော်ကောင်းတို့ မှီဝဲရာ ဖြစ်ထသော့။ ဗဟုဂူဟေ၊ များစွာသော ဂူကြီးတို့လည်းရှိ ထသော။ ပရိက္ခိတ္တသာနုရမ္မေ၊ တောင်စဉ် တောင်ဝှမ်း တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ မွေ့လျော်ဖွယ်ရှိထသော။ ဘာဝနာယ၊ ဘာဝနာဖြင့်။ ပရံရမ္မေ၊ အလွန်မွေ့လျော် ဖွယ် ရှိထသော။ ယောဂီမနအဘိက္ကန္တေ၊ တရားကို အားထုတ်ကုန်သော သူတို့၏စိတ်၌ အလွန်နှစ်လိုဖွယ်ရှိ ထသော။ မဂ္ဂံ၊ မဂ်ကို။ လာဘာယ၊ ရခြင်းငှါ။ သာရုပ္ပေ၊ လျောက်ပတ်ထသော။ ယာနိကေဟေဝ၊ သမထယာနိက, ဝိပဿနာယာနိက ပုဂ္ဂိုလ်တို့သည်သာ လျှင်။ ထောမိတေ၊ ချီးမွမ်းအပ်ထသော။ သာသနဿ၊ သာသနာတော်၏။ ဝိရုဠှကေ၊ စည်ပင်ပြန့်ပွါး ထွန်းကား ရာ ဖြစ်ထသော။ နိဗ္ဗိန္ဒနာမ ပဗ္ဗတေ၊ နိဗ္ဗိန္ဒဟူ၍ ခေါ်ဆို ပညတ် သမုတ်အပ်သောတောင်၌။ ဝသတာ၊ ဣရိယာ ပထ မျှတရှင်ပြုံး သီတင်းသုံးနေတော် မူလေ့ရှိသော။ သိရီထေရေန၊ အရှင်သီရိ မည်ရှိကြေညာ မထေရ်ငါ

သည်။ သုသင်္ခတော၊ ကောင်းစွာပုံပြင် စီရင်အပ်သော။ အယံ ဂန္ထော၊ မြတ်စွာဘုရား ဟောညွှန်ကြားသည့် သုံးပါး သိက္ခာ ပြရာဖြောင့်တန်း ဤရွှေကျမ်းသည်။ သာကေ၊ လူတို့ဝေါဟာ ကောစာသက္ကရာဇ်သည်။ နဇက္ခယံ၊ ၁၂ဂဝ- ပြည့်နှစ်သို့။ ပတ္တေ၊ ဆိုက်ရောက်လတ်သော်။ ကတ္တိကေ၊ နက္ခတ်ဘာရာ အာကာဖွဲ့းကြွ မိုဃ်းလအဆုံး တန်ဆောင် မုန်းလပြည့် တနင်္ဂနွေနေ့၌။ အဘယေန၊ တွင်းပြင်နှစ်တန် ဘေးရန်မခ လွန်အေးမြသဖြင့်။ နိဋ္ဌိတော၊ အောင့်အတိတ် နှင့် အောင်ဟိတ်ကြေညာ နိဂုံးပါအုပ်ဖုံး၍ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါပြီ။

(နိဂမပြီး၏။)

# ဆုတောင်းဂါထာ

ပဓာနံ ပဒဟန္တေန၊ ယံ လဒ္ဓံ ကုသလံ မယာ။
တဿ တေဇေန တံ စည်၊ ဇဟေယျံ ဤမ ဇာတိယံ။

ဘဝဘောဂေသု သဗ္ဗေသု၊ ဇေဂုစ္ဆဟဒယာ သဒါ။
သဒ္ဓမ္မသရိရာ ဟောန္တု၊ ဘိက္ခူ သဒ္ဓမ္မသေဝိနော။

သဗ္ဗေ အနာမယာ သတ္တာ၊ မောဒန္တု အာကုတောဘယာ။
ဒေဝေါ ဝဿတု ကာလေန၊ ရာဇာ ရက္ခတု မေဒနိံ။

## ဆုတောင်းဂါထာအနက်

မယာ၊ ရုပ်နာမ်ချုပ်စပ် သမုတ်အပ်သော ငါသည်။ ပဓာနံ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကို။ ပဒဟန္တေန၊ စီးဖြန်းသည်ဖြစ်၍။ ယံ ကုသလံ၊ အကြင်ဘာဝနာကုသိုလ်ကို။ လဒ္ဓံ၊ ရအပ်ပြီ။ တဿ၊ ထို ကုသိုလ်၏။ တေဇေန၊ တန်ခိုးကြောင့်။ တဉ္စ၊ ထိုဘာဝနာကုသိုလ် ကိုငှင်း။ အညဉ္စ၊ ထိုမှတပါးဖြစ်သည့် ကျမ်းပြုရသော ကုသိုလ်ကို ငှင်း။ ဤမ ဇာတိယံ၊ ဤပစ္စုပ္ပန်ဘဝ၌။ ဇဟေယျံ၊ စွန့်နိုင်ရပါလို၏။

သဒ္ဓမ္မသေဝိနော၊ သူတော်တရားကို မှီဝဲခြင်းရှိကြကုန်သော။ ဘိက္ခူ၊ သံသရာဘေးကို ရှု၍နေသော သူတို့သည်။ သဗ္ဗေသု၊ အလုံးစုံ ကုန်သော။ ဘဝဘောဂေသု၊ ဘဝစည်းစိမ်တို့၌။ သဒါ၊ မလစ်မလပ် မပြတ်ဘယ်ခါ ချိန်တိုင်းသာလျှင်။ (ပဉ္စက္ခန္ဓံ၊ ငါးဝပေါင်းခို ခန္ဓာ ကိုယ်ကို။) ဇေဂုစ္ဆဟဒယာ၊ ပုပ်နံ့ညှီသိုး မစင်အိုးကဲ့သို့ စက်ဆုပ်သော နှလုံး ရှိကြကုန်သည်ဖြစ်၍။ သဒ္ဓမ္မသရိရာ၊ သီလ သမာဓိ ပညာ သာသနာသုံးပါး သူတော်ကောင်းတရားတည်းဟူသော ကိုယ်ရှိကြ ကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။

ဒေဝေါ၊ မိုးသည်။ ကာလေန၊ အချိန်ကာလ၌။ ဝဿတု၊ ရွာပါစေသတည်း။ ရာဇာ၊ မင်းသည်။ မေဒနိံ၊ မြေအလုံးကို။ ရက္ခတု၊ တရားသဖြင့် စောင့်ပါစေသတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အနာမယာ၊ အနာရောဂါကင်းကုန်သည်ဖြစ်၍ရင်း၊ အကုတောဘယာ၊ ဘယ်ဘေးမှမရှိကြကုန်သည် ဖြစ်၍ရင်း။ မောဒန္တု၊ ဝမ်းမြောက်ကြပါစေကုန်သတည်း။

ဆုတောင်းဂါထာပါဌ်အနက် ပြီး၏။

# မြန်မာ ဗုဒ္ဓဂယာ

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသော အခါ ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူလေလျှင် ပဉ္စဝဂ္ဂီငါးဦးသားတို့သည် ငါဘုရားအပေါ်၌ ကျေးဇူးများလှပေသည်ဟု စဉ်းစားတော်မူပြီးလျှင် ၎င်းတို့ကိုပင် လက်ဦးအစ တရားပြမှ သင့်လျော်မည်ဟု ရွေစိတ်တော် နှလုံးခတ်ကို ဆုံးဖြတ်တော်မူလေသတည်း။

ဆုံးဖြတ်တော်မူပြီးလျှင် ဝါဆိုလပြည့်နေ့ ဗောဓိပင်မှ ၁၈-ယူဇနာကွာသော ဗာရာဏသီပြည်သို့ အရောက် ကြွတော်မူလေ၏။

မြတ်စွာဘုရားသည် ခရီးစဉ်အတိုင်း ကြွတော်မူသော အခါ ဂယာသို့မရောက်မီ အကြားတွင် ဥပက တက္ကတွန်း ရဟန်းကို တွေ့လေ၏၊ ထိုအခါ ဥပက-က မြတ်စွာဘုရားကို မြင်လျှင် ဘယ်က ကြွလာ၍-ဘယ်ဌာနသို့ သွားမည်နည်း၊ အရှင်ဘုရား၏ စက္ခုန္ဒြေတို့သည် တင့်တယ်တော်မူလှပေ၏တကား၊ အရေအဆင်းတို့သည် ရွှေလိုဝင်း၍ သန့်ရှင်း စင်ကြယ်လှပါပေ၏တကား၊ အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုတော်မူပါသနည်း၊ အသင်သည် အဘယ်သူ၏ဓမ္မောစက်ကို သဘောသက်ရောက်တော်မူပါသနည်း၊

အရှင်ဘုရား၏ အမည်တော်သည် ဘယ်လိုခေါ်ပါသနည်း ဟု ဥပက-က မေးလေ၏။

ထိုအခါ မြတ်စွာဘုရားက အို-ဥပက ငါသည် အလုံးစုံသော လောကသုံးရပ်တွင် ဘယ်သူမျှ မဆုံးဖြတ်နိုင်သော တရားအချက်ကို ဉာဏ်ခါးထက်ထက်ဖြင့် ပိုင်းဖြတ်၍ သိလေပြီ၊ ကိလေသာအဆိပ်အိုးတို့ကို အရဟတ္တမဂ်ဉာဏ်တန်ခိုးဖြင့် အခိုးထုတ်ပြီးလေပြီ၊ ငါ၏စိတ်ဓာတ်သည် ကား-တဏှာကုန်ခန်းသော အမြိုက်ဓာတ်သို့ ဆိုက်ကပ်တော်မူလေပြီ၊ အိုရဟန်းကြီး ငါဘုရား၏ အမည်တော်သည်ကား အာသဝရန်စွယ်ကို အမှန်တကယ် ပယ်တော်မူ၍ အောင်မြေနင်းခဲ့သောကြောင့် အနန္တဇိန-ဟု မိမိရရ မှတ်ထားပါလေဟု မိန့်တော်မူလေ၏။

ဥပကရဟန်းကြီးသည် မိန့်ကြားတော်မူသော စကားကို ကြားလေလျှင် နားဝတွင် ချိုမြိန့်၍ ဦးခေါင်းကို ငြိမ့်လျက် ပြောတဲ့အတိုင်း ဟုတ်ပေရာ၏ မှန်ပေရာ၏ဟု ပြောဆိုကာ ဘုရားနှင့် ဖဲခွါ၍ သွားလေ၏။

မြတ်စွာဘုရားသည် ဥပကရဟန်းကြီးနှင့် တွေ့ပြီးသော် ဝါဆိုလပြည့်နေ့ ညနေချမ်းလောက်မှာပင် မိဂဒါဝုန်တောသို့ ရောက်တော်မူ၍ ပဥ္စဝဂ္ဂီရဟန်းတို့ နေရာသို့ ကြွသွားတော်မူသောအခါ ပဥ္စဝဂ္ဂီငါးဦးသားတို့က မြတ်

စွာဘုရားကို မြင်ကြလေလျှင် အချင်းချင်း ဂတိကဝတ်ကို ပြုကြကုန်၏။

ငါ့ရှင်တို့ ရဟန်းဂေါတမသည် ဒုက္ကရစရိယအကျင့်ကို ဖြတ်၍ မသင့်မြတ်သော လှည့်လည်ခြင်းဖြင့် ခိုဝင် လှည့်လည်ရန် လာနေချေ၏၊ ထိုရဟန်းဂေါတမကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, သပိတ်သင်္ကန်း လှမ်းယူခြင်း, ခြေဆေးခြင်း မပေးကြပဲ အဝေးက ခပ်ရှောင်ရှောင်နေ၍ မမြင်ကြဟန်ဖြင့် နှုတ်ခွန်းဆက်ခြင်းကိုမျှ မပြုကြကုန်လင့်ဟု ဂတိကဝတ်ကို ပြုကြကုန်လျက် အာဂန္တုကဝတ် မပျက်ရုံသာ နေရာကို ခင်းထားကြကုန်၏။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးဦးသားတို့၏ ထူးခြားသော အမူအရာကို မြင်တော်မူလေသော် သြဒိဿမေတ္တာမိုးကိုသွန်းဖြိုး စေလွှတ်တော်မူကာ အနီးသို့ရောက်လေလျှင် ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရား၏ တန်ခိုးအဟုန်ကိုမခံနိုင်ကြခြင်းကြောင့် အမျိုးမျိုးအဖုံဖုံ ဖြစ်ကြကုန်၏။

သပိတ်သင်္ကန်းကို လှမ်းယူတဲ့သူက ယူ, ခရီးဦး ကြိုဆိုသူက ကြိုဆို, ခြေဆေးအိုးတည်သူက တည်, နေရာခင်းသူက ခင်း, ဒန်ပူရေချမ်းကပ်သူက ကပ်ကြကုန်၏။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ ခင်းထားသော နေရာ၌ ကောင်းစွာ သီတင်းသုံးတော်မူသည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် ဂေါတမဟူသော အမည်အားဖြင့်ရင်း,

ငါ့ရှင်ဟူသော အသုံးအနှုန်းမျိုးဖြင့်ရင်း မာနမာတ် လွှမ်း၍ ခပ်ကြမ်းကြမ်း ပြောဆိုကြလေလျှင် မြတ်စွာဘုရားက ရဟန်းတို့ ရှေးဘုရားတို့ အဆက်အနွယ်အတိုင်း ရင့်သန်သော ပါရမီပန်းသည် အထက်တန်းမြင့်မြင့် ပွင့်လေပြီးသော ငါဘုရားအား သရမ်းပြက်ချော် မခေါ်ဝေါ်ကြလေနှင့်၊ ငါဘုရားသည် တရားစစ် တရားမှန်ဖြစ်သော သစ္စာလေးချက် သဘောနက်ကို ထင်ရှားစွာ သိလေပြီ၊ သင်ရဟန်းတို့အား နိဗ္ဗာန်တည်းဟူသော အမြိုက်ဆေးကို ယခုပင် ငါတိုက်ကျွေးတော့အံ့၊ ငါဟောသည့် တရားအချက်ကို ဉာဏ်သက်ကာသတိချပ်၍ သိရှိအောင် မှတ်ကြပါလျှင် အရဟတ္တဖိုလ် အချက်ရောက်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရပါလိမ့်မည်ဟု သာကြည်ချိုမြသော နှုတ်သံဖြင့် ထုတ်ပြန်မိန့်ကြားတော်မူလေ၏။

ဤသို့ မိန့်ကြားတော်မူသောအခါ ပဉ္စဝဂ္ဂီရဟန်းတို့က ဒလကြမ်းထ၍ ပြောကြသည်မှာ အိုရှင်ဂေါတမ ပြုနိုင်ခဲလှစွာသော ဒုက္ကရစရိယ အကျင့်ကို ၆-နှစ်လုံးလုံး ကျင့်သုံးပါသော်လည်း အရိယာစခန်းသို့ မလှမ်းမရောက်နိုင်သေးဖြစ်ပါလျက် ယခုအခါ လာဘ်များစွာကိုလို၍ ထိုထိုဤဤ အပြည်ပြည် အစုံစုံ အမြုံမြုံ အရွာရွာသို့ လှည့်လည်၍ နေသောအခါမှ ဘုရားဖြစ်လာသည်ဟူသော အပြောမျိုးကို သဘောရိုးဟု ငါတို့မထင်နိုင်။

ဒုက္ကရစရိယ အကျင့်မှ ထွက်ခွါသွားသော သင့်အား အရဟတ္တဖိုလ်ခရီးသည် ဘယ်ပုံနှင့် နီးနိုင်ပါမည်နည်း၊ ဖွယ်ဖွယ်ရာရာ အစားအစာကိုစားသဖြင့် တရားအကျင့် ကွယ်ပျောက် ကိုယ်ရောင်တောက်ခါမှ ဘုရားအဖြစ်သို့ ရောက်လာပြီဟု ပြောဆိုခြင်းမှာ မယုံကြည်လောက်သော စကားမျိုးမို့ အားကိုးရန် ခက်လှပေသည်ဟု ခပ်တည် တည် ပြန်ပြောကြလေ၏။

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား သနား တော်မူလှသည်ဖြစ်၍ သုံးကြိမ်သုံးခါ အထပ်ထပ် ပြောဆို တော်မူပြီးသော် အိုရဟန်းတို့ ရှေးရှေးအခါက ငါဘုရား သည် သင်တို့အား ငါဘုရားဖြစ်ပြီ, သစ္စာလေးပါးတရားကို သိပြီ, ငါတရားဟောမည်ဟူသော စကားမျိုးကို ပြောဘူး ပါသလားဟု တဖန်ထပ်၍ မိန့်တော်မူလေလျှင် ပဉ္စဝဂ္ဂီ ရဟန်းတို့သည် မြတ်စွာဘုရားအား ရှိခိုးကြကုန်၍ ဟောပြောတော်မူသော တရားစကားကို သိရအောင် နားထောင်ကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့ည အနောက်ကျွန်းသို့ နေတခြမ်းဝင်သောအခါ အရှေ့ ကျွန်းမှ လတခြမ်းထွက်သောအခါဝယ်—

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ကိုခေါ်တော်မူ၍ ရဟန်းတို့ အယုတ်တရားနှစ်ပါးတို့ကို မမှီဝဲအပ်, မမှီဝဲကြ လေနှင့်၊ ကာမဂုဏ်ကို ခံစားတတ်တဲ့ အယုတ်တရား

တပါး, မိမိကိုယ်ကိုပင်ပန်းဆင်းရဲအောင်ကျင့်တဲ့ အယုတ်တရားတပါး, ဒီတရား ၂-ပါးတို့ကို မမှီဝဲအပ်, မမှီဝဲကြလေနှင့်။

ကာမဂုဏ်ကို ခံစားတတ်တဲ့ အကျင့်သည် ယုတ်မာတဲ့ ရွာသူတို့၏ ဥစ္စာဖြစ်၏၊ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်၏၊ အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာမဟုတ်၊ အကျိုးစီးပွါးမဲ့ကိုသာ ဖြစ်စေတတ်၏၊ ကာမဝတ္ထုအစုစုတို့၌ ကာမကိလေသာက အဖန်တလဲလဲ မှီဝဲတတ်သော ယုတ်မာသော တရားအစု ဖြစ်၏။

မိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင် ကျင့်တဲ့ အကျင့်သည် ပင်ပန်းဆင်းရဲကာမျှသာဖြစ်၍ အရိယာ သူတော်ကောင်းတို့၏ ဥစ္စာပစ္စည်းလည်း မဟုတ်၊ အကျိုးလည်း မရှိ၊ အကျိုးမဲ့မျှသာဖြစ်၏။

ဤအယုတ် တရား ၂-ပါးတို့ကို ငါဘုရားသည် မကပ်ရောက်မူ၍ ထိုးထွင်း၍ သိတတ်သော သစ္စာ ၄-ပါးကို မြင်တတ်သော သစ္စာ ၄-ပါးကို သိတတ်သော အလယ်အလတ်ဖြစ်သော အကျင့်သည်—

ကိလေသာကို ငြိမ်းခြင်း အကျိုးငှါ
သစ္စာ ၄-ပါးကို အထူးသိခြင်းငှါ
သစ္စာ ၄-ပါးကို ကောင်းစွာသိခြင်းငှါ
နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။

ထိုအလယ်အလတ် ကောင်းမြတ်တဲ့ အကျင့်သည် အဘယ်အကျင့်ပါနည်း၊ မြတ်သည်ဖြစ်၍ အင်္ဂါ(၈)ပါးနှင့် ပြည့်စုံတဲ့ လမ်းခရီးပေတည်း၊ မြတ်သည်ဖြစ်၍ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံတဲ့ လမ်းခရီးသည် အဘယ်ပါနည်း—

၁။ ကောင်းမြတ်တဲ့ မြင်ခြင်း

၂။ ကောင်းမြတ်တဲ့ အကြံ

၃။ ကောင်းမြတ်တဲ့စကား

၄။ ကောင်းမြတ်တဲ့အမှုအလုပ်

၅။ ကောင်းမြတ်တဲ့အသက်မွေးခြင်း

၆။ ကောင်းမြတ်တဲ့ အားထုတ်ခြင်း

၇။ ကောင်းမြတ်တဲ့ အောက်မေ့ခြင်း

၈။ ကောင်းမြတ်တဲ့ တည်ကြည်ခြင်း

ဤ အင်္ဂါ (၈)ပါးသည် ကောင်းမြတ်သော လမ်းခရီးမည်၏။

ရဟန်းတို့ ငါတို့ဘုရားသည် ထိုးထွင်း၍ သိအပ်သော သစ္စာ ၄-ပါးကို မြင်တတ်သော သစ္စာ ၄-ပါးကို သိတတ်သော အင်္ဂါ ၈-ပါးရှိသော အလယ်အလတ် ကျင့်ရသော လမ်းသည်—

ကိလေသာကို ငြိမ်းခြင်းအကျိုးငှါ
သစ္စာ၄-ပါးကိုအထူးသိခြင်းငှါ
သစ္စာ ၄-ပါးကိုကောင်းစွာ သိခြင်းငှါ
နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းအကျိုးငှါ ဖြစ်၏။
(သာဓု သာဓု သာဓု)

ရဟန်းတို့ ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲ၏။

အိုရခြင်းသည်လည်း ဆင်းရဲ၏
နာရခြင်းသည်လည်း ဆင်းရဲ၏
သေရခြင်းသည်လည်း ဆင်းရဲ၏

မချစ်မနှစ်သက်သော သူတို့နှင့် အတူတကွ နေရခြင်းသည်လည်း ဆင်းရဲ၏။

ချစ်နှစ်သက်သော သူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။

မိမိအလိုအတိုင်း မပြည့်စုံ၍လည်း ဆင်းရဲ၏၊ အကျဉ်းအားဖြင့် ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲကုန်၏။

ဤဆင်းရဲအပေါင်းသည် အရိယာတို့ သိသင့်သိထိုက်သော သစ္စာမည်၏။

(ဒုက္ခသစ္စာ=ဆင်းရဲမှန်ကြောင်း ဟောတော်မူ၏)
(သာဓု) ရဟန်းတို့ လိုချင်တတ်တဲ့သဘော တရားသည်

ဘဝသစ်ကို ဖြစ်စေတတ်၏၊ တပ်နှစ်သက်ခြင်းနှင့်တကွ ဖြစ်၏၊ အာရုံဟူသမျှ၌အလွန် နှစ်သက်တတ်၏။

ဤလိုချင်တတ်တဲ့ သဘောတရားသည် အဘယ်မျှ ရှိပါသနည်း—

၁။ အာရုံငါးပါးကို လိုချင်တတ်တဲ့တရား

၂။ ဘဝကို လိုချင်တတ်တဲ့တရား

၃။ နောင်တဖန် မဖြစ်ပြီဟု သာယာတဲ့တရား

ဤလိုချင်တတ်တဲ့တရား သုံးပါးသည် ဆင်းရဲခြင်းကို ဖြစ်စေတတ်သော ဆင်းရဲကြောင်းဖြစ်တဲ့ အရိယာတို့ သိသင့်, သိထိုက်သော သစ္စာ မည်၏။

(သမုဒယသစ္စာ=ဒုက္ခဖြစ်စေတတ်တဲ့ တရားမှန်ကြောင်း ဟောတော်မူ၏) သာဓု။

ရဟန်းတို့ အာရုံငါးပါးကို လိုချင်တတ်သော တရား၏ သာလျှင် အကြွင်းမရှိ ချုပ်ခြင်းသည်, စွန့်ပယ်ရာသည်, ဝေးရာစွန့်ပယ်ရာသည်, ကင်းလွတ်ရာသည် ရှိ၏၊ ဤ ချုပ်ငြိမ်းရာ သဘောတရားသည် ဆင်းရဲချုပ်ရာဖြစ်သော အရိယာတို့ သိသင့်, သိထိုက်သော သစ္စာမည်၏။

(နိရောဓသစ္စာ=ဒုက္ခချုပ်ငြိမ်းရာမှန်ကြောင်း ဟောတော်မူ၏) သာဓု။

ရဟန်းတို့ ကောင်းမြတ်သော ဤလမ်းခရီးသည်သာလျှင် အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော လမ်းခရီးမည်၏။

အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော လမ်းခရီးသည် အဘယ်ပါနည်း—

၁။ ကောင်းမြတ်တဲ့မြင်ခြင်း
၂။ ကောင်းမြတ်တဲ့အကြံ
၃။ ကောင်းမြတ်တဲ့ စကား
၄။ ကောင်းမြတ်တဲ့ အမှုအလုပ်
၅။ ကောင်းမြတ်တဲ့ အသက်မွေးခြင်း
၆။ ကောင်းမြတ်တဲ့ လုံ့လ
၇။ ကောင်းမြတ်တဲ့ သတိ
၈။ ကောင်းမြတ်တဲ့သမာဓိ

ဤ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော လမ်းခရီးသည်သာလျှင် ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့သိသင့်,သိထိုက်သော သစ္စာမည်၏။

(မဂ္ဂသစ္စာ=ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်မှန်ကြောင်း ဟောတော်မူ၏-) သာဓု။

ရဟန်းတို့ လိုချင်တတ်တဲ့ သဘောတရားကို ကြဉ်ပယ်ထား၍ ဘုံသုံးပါး၌ ဖြစ်တဲ့တရားသည် အရိယာတို့ အမှန်သိတဲ့ ဆင်းရဲသော တရားမည်၏။

ဤလို ငါဘုရားသည် ရှေးရှေးကမကြားဘူးကုန်၊ မှန်ကန်သော တရားတို့၌ ဆင်းရဲကို မြင်တတ်သော မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲကိုသိခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။

ရုပ်,နာမ်ဖြစ်ရခြင်း ဆင်းရဲစသည်ကို အပြားအားဖြင့် သိခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲအမှန်ကို ထိုးထွင်း၍ သိခြင်းသည် ထင်ရှား ဖြစ်ပေါ်လာ၏။

အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင် သည် ထင်ရှားဖြစ်ပေါ်လာ၏။

(ဒုက္ခသစ္စာ၌ သစ္စဉာဏ်)

ရဟန်းတို့ အရိယာတို့ အမှန်သိတဲ့ ဆင်းရဲသောတရား ကို ဤတရားကား ဆင်းရဲ၏၊ ဤတရားကား ဤမျှသာ တည်း၊ ဤထက် အပိုအလွန် အယုတ် မရှိ၊ ထက်ဝန်းကျင် ပိုင်းခြား၍ သိအပ်၏။

ဤလို ငါဘုရားသည် ရှေးရှေးက မကြားဘူးကုန်၊ မှန်ကန်သောတရားတို့၌ ဆင်းရဲကိုမြင်တတ်သော မျက်စိ သည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲကိုသိခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။

ရုပ်နာမ်ဖြစ်ရခြင်း ဆင်းရဲစသည့် အပြားအားဖြင့် သိခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲအမှန်ကို ထိုးထွင်း၍သိခြင်းသည် ထင်ရှား ဖြစ်ပေါ်လာ၏။

အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏။

(ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်)

ရဟန်းတို့ အရိယာတို့ အမှန်သိတဲ့ ဆင်းရဲသော တရားကို ဤတရားကား ဆင်းရဲ၏၊ ဤဆင်းရဲကား ဤမျှသာရှိ၏၊ ဤထက် အပိုအလွန် အယုတ် မရှိ၊ ထက်ဝန်းကျင် ပိုင်းခြား၍ သိအပ်ပြီ။

ဤလို ငါဘုရားသည် ရှေးရှေးက မကြားဘူးကုန်၊ မှန်ကန်သော တရားတို့၌ ဆင်းရဲကိုမြင်တတ်သော မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲကိုသိခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။

အကျဉ်းအားဖြင့် ခန္ဓာငါးပါးတို့၏ဖြစ်ရခြင်း ဆင်းရဲစသည်ကို အပြားအားဖြင့် သိခြင်းသည် ထင်ရှား ဖြစ်ပေါ်လာ၏။

ဆင်းရဲအမှန်ကို ထိုးထွင်း၍သိခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။

အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏။

(ဒုက္ခသစ္စာ၌ ကတဉာဏ်) သာခု။

ရဟန်းတို့ လိုချင်တတ်တဲ့ သဘောသည် အရိယာတို့ အမှန်သိတဲ့ ဆင်းရဲကို ဖြစ်စေတတ်သော တရားမည်၏။

ဤလို ငါဘုရားသည် ရှေးရှေးကမကြားဘူးကုန်၊ မှန်ကန်သောတရားတို့၌ လိုချင်တောင့်တမှုအမှန်ကို မြင်တတ်သော မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

လိုချင်တောင့်တမှုအမှန်ကို သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

တရားကိုယ်အားဖြင့် ၁-ပါး
အခြင်းအရာအားဖြင့် ၃-ပါး
အာရုံအားဖြင့် ၁၈-ပါး
သန္တာန်အားဖြင့် ၃၆-ပါး
တကျော့အားဖြင့် ၁၀၈-ပါးတို့ကို
အပြားအားဖြင့် သိခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။

လိုချင်တောင့်တမှုအမှန်ကို ထိုးထွင်း၍ သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

လိုချင်တောင့်တမှုအမှန်ကို မသိအောင် ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏။

(သမုဒယသစ္စာ၌ သစ္စဉာဏ်)

ရဟန်းတို့ အရိယာတို့ အမှန်သိတဲ့ ဆင်းရဲဖြစ်ခြင်း အကြောင်းကို ပယ်အပ်၏။

**သိက္ခာ ၂၀—ပ-မ-ဗ-သ-စ**

ဤလို ငါဘုရားသည် ရှေးရှေးက မကြားဘူးကုန်၊ မှန်ကန်သောတရားတို့၌ ဆင်းရဲဖြစ်ခြင်းအကြောင်းကို မြင်တတ်သော မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲဖြစ်ခြင်းအကြောင်းကို သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

တရားကိုယ်အားဖြင့် ၁-ပါး

အခြင်းအရာအားဖြင့် ၃-ပါး

အာရုံအားဖြင့် ၁၀-ပါး

သန္တာန်အားဖြင့် ၃၆-ပါး

တဏှာအားဖြင့် ၁၀၀-ပါးတို့ကို

အပြားအားဖြင့် သိခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲဖြစ်ခြင်းအကြောင်းကို ထိုးထွင်း၍ သိတတ်သောဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲဖြစ်ခြင်းအကြောင်းကို မသိအောင် ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏။

(သမုဒယသစ္စာ၌ ကိစ္စဉာဏ်)

ရဟန်းတို့ အရိယာတို့ အမှန်သိတဲ့ ဆင်းရဲဖြစ်ခြင်းအကြောင်းကို ပယ်ပြီးပြီ။

ဤသို့ ငါဘုရားသည် ရှေးရှေးက မကြားဘူးကုန်၊ အမှန်တရား ၄-ပါးတို့၌ ဆင်းရဲဖြစ်ခြင်းအကြောင်းကို မြင်တတ်သောမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲဖြစ်ခြင်းအကြောင်းကို သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

တရားကိုယ်အားဖြင့် ၁-ပါး

အခြင်းအရာအားဖြင့် ၃-ပါး

အာရုံအားဖြင့် ၁၈-ပါး

သန္တာန်အားဖြင့် ၃၆-ပါး

တဏှာအားဖြင့် ၁၀၈-ပါးတို့ကို

အပြားအားဖြင့် သိခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲဖြစ်ခြင်းအကြောင်းကို ထိုးထွင်း၍ သိတတ်သောဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲဖြစ်ခြင်းအကြောင်းကို မသိအောင် ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏။

(သမုဒယသစ္စာ၌ ကတဉာဏ်) သာဓု။

ရဟန်းတို့ ဤနိဗ္ဗာန်သည် အရိယာတို့ အမှန်သိတဲ့ ဆင်းရဲချုပ်ငြိမ်းရာ မည်၏။

ဤလို ငါဘုရားသည် ရှေးရှေးက မကြားဘူးကုန်၊ အမှန်ကိုသိတတ်သော တရားတို့၌ ဆင်းရဲချုပ်ငြိမ်းရာကို အမှန်မြင်တတ်သော မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲချုပ်ငြိမ်းရာကို အမှန်သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲချုပ်ငြိမ်းရာကို ထိုးထွင်း၍ သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲချုပ်ငြိမ်းရာ အမှန်ကို မသိအောင် ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏။

(နိရောဓသစ္စာ၌ သစ္စဉာဏ်)

ရဟန်းတို့ အရိယာတို့ အမှန်သိတဲ့ ဒုက္ခချုပ်ငြိမ်းရာကို မျက်မှောက်ပြုအပ်၏။

ဤလို ငါဘုရားသည် ရှေးရှေးက မကြားဘူးကုန်၊ အမှန်ကို သိတတ်သော တရားတို့၌ ဆင်းရဲချုပ်ငြိမ်းရာကို အမှန်မြင်တတ်သော မျက်စိသည် ထင်ရှား ဖြစ်ပေါ်လာ၏။

ဆင်းရဲချုပ်ငြိမ်းရာ အမှန်ကို သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲချုပ်ငြိမ်းရာကို ထိုးထွင်း၍ သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲချုပ်ငြိမ်းရာ အမှန်ကို မသိအောင် ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏။

(နိရောဓသစ္စာ၌ ကိစ္စဉာဏ်)

ရဟန်းတို့ အရိယာတို့ အမှန်သိတဲ့ ဒုက္ခချုပ်ငြိမ်းရာကို မျက်မှောက်ပြုပြီးပြီ။

ဤသို့ ငါဘုရားသည် ရှေးရှေးက မကြားဘူးကုန်၊ အမှန်ကိုသိသော တရားတို့၌ ဆင်းရဲချုပ်ငြိမ်းရာကို အမှန်မြင်တတ်သော မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲချုပ်ငြိမ်းရာကို အမှန်သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲချုပ်ငြိမ်းရာကို ထိုးထွင်း၍ သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ဆင်းရဲချုပ်ငြိမ်းရာ အမှန်ကို မသိအောင် ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏။

(နိရောဓသစ္စာ၌ ကတဉာဏ်) သာဓု။

ရဟန်းတို့ အင်္ဂါ ၈-ပါးရှိသော ဤလမ်းသည် အရိယာတို့ အမှန်သိတဲ့ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ဖြစ်သော လမ်းခရီးမည်၏။

ဤလို ငါဘုရားသည် ရှေးရှေးက မကြားဘူးကုန်၊ မှန်ကန်သော တရားတို့၌ လမ်းမှန်ကို မြင်တတ်သော မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

လမ်းမှန်ကို သိတတ်သောဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာ၏။

လမ်းမှန်ကို ထိုးထွင်း၍ သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

လမ်းမှန်ကို မသိအောင် ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာ၏။

(မဂ္ဂသစ္စာ၌ သစ္စဉာဏ်)

ရဟန်းတို့ အရိယာတို့ အမှန်သိတဲ့ ဤဆင်းရဲ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်ကို ပွါးစေအပ်၏။

ဤလို ငါဘုရားသည် ရှေးရှေးက မကြားဘူးကုန်၊ လမ်းမှန်သော တရားတို့၌ လမ်းမှန်ကို မြင်တတ်သော မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

လမ်းမှန်ကို သိတတ်သောဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

လမ်းမှန်ကို ထိုးထွင်း၍ သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

လမ်းမှန်ကို မသိအောင် ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏။

(မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်)

ရဟန်းတို့ အရိယာတို့ အမှန်သိတဲ့ ဤဆင်းရဲ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို ပွါးပြီးပြီ။

ဤလို ငါဘုရားသည် ရှေးရှေးက မကြားဘူးကုန်၊ လမ်းမှန်သော တရားတို့၌ လမ်းမှန်ကို မြင်တတ်သော မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။

လမ်းမှန်သော တရားတို့ကို သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

လမ်းမှန်သော တရားတို့ကို ထိုးထွင်း၍ သိတတ်သော ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

လမ်းမှန်သော တရားတို့ကို မသိအောင် ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာ၏။

(မဂ္ဂသစ္စာ၌ ကတဉာဏ်) သာခု။

အရိယာတို့ သိအပ်တဲ့ ဤအမှန်တရား ၄-ပါးတို့၌ ဤလိုအပြန် ၃-ပါး၊ အခြင်းအရာ ၁၂-ပါးရှိတဲ့ ဟုတ်မှန်သော ဉာဏ်အမြင်သည် ငါဘုရားအား အလွန်သန့်ရှင်းစင်ကြယ်သည် မဖြစ်သေး၊ ၎င်းဉာဏ်အမြင် မစင်ကြယ်သေးသ၍ ကာလပတ်လုံး ငါဘုရားသည် နတ်ပြည်ငါးထပ်နှင့်တကွ မာရ်မင်းပြည်နှင့်တကွ ဗြဟ္မာ ၂၀-နှင့်တကွ သြကာသလောက၌, ရဟန်းပုဏ္ဏားနှင့်တကွ သမ္မုတိနတ်မှကြွင်းကျန်သော လူနှင့်တကွ သတ္တလောက၌ အတုမရှိမြတ်တဲ့ဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်ခံတော်မမူသေး။

ဤအမှန်တရား ၄-ပါးတို့၌ ဤလိုအပြန် ၃-ပါး, အခြင်းအရာ ၁၂-ပါးရှိတဲ့ ဟုတ်မှန်သော ဉာဏ်အမြင်သည် ငါဘုရားအား အလွန်စင်ကြယ် သန့်ရှင်းသည် ဖြစ်၏။

ဤလို ဉာဏ်အမြင် စင်ကြယ်သန့်ရှင်းတဲ့အခါ၌ ငါဘုရားသည် ဩကာသလောက, သတ္တလောကနှင့်တကွ အတုမရှိတဲ့ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်ခံတော်မူ၏၊ ငါဘုရားအား ပစ္စဝေက္ခဏာဉာဏ်အမြင်သည် ထင်ရှားဖြစ်ပြီ၊ ငါဘုရား၏ အရဟတ္တဖိုလ်ဉာဏ်ကို ဆန့်ကျင်ဘက်တရားတို့သည် ဖျက်ဆီး၍မရပြီ၊ ဤကိုယ် ဤဘဝသည် အဆုံးစွန်ဘဝ, အဆုံးစွန်ကိုယ်တည်း၊ နောင်တဖန် ဘဝသစ်ဖြစ်ဖို့ရာ မရှိတော့ပြီ၊ ဤလို ပစ္စဝေက္ခဏာဉာဏ် အမြင်သည် ထင်ရှားဖြစ်ပြီ။

မြတ်စွာဘုရားသည် ဓမ္မစကြာတရားဒေသနာတော်ကို ဤသို့ ဟောတော်မူသည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် ဝမ်းမြောက်ကုန်သည်ဖြစ်၍ မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို သာဓု, သာဓု, သာဓုဟု ဦးခေါင်းညွှတ်၍ ခံယူကြကုန်၏၊ ဤတရားဒေသနာကို ဟောတော်မူသည်၏အဆုံး၌ ကောဏ္ဍညမထေရ်အား ရာဂတည်းဟူသော မြူမှကင်းသော, ဒိဋ္ဌိဝိစိကိစ္ဆာတည်းဟူသော အညစ်အကြေးလည်းကင်းသော အမှန်လေးချက် တရားနက်ကို မြင်တတ်သော ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ ဘုံသုံးပါး၌ဖြစ်တဲ့ အလုံးစုံသော တရားသည် ဖြစ်တတ်တဲ့ သဘောရှိ၏၊ ဖြစ်ပေါ်လာတဲ့ တရားဟူသမျှသည် ချုပ်ခြင်းသဘောရှိ၏၊ ဤလို ထင်ရှားဖြစ်ပေါ်လာ၏။ (သာဓု, သာဓု, သာဓု)

မြတ်စွာဘုရား တရားစက်ကို ဖွင့်လှစ်တော်မူတဲ့အခါ မြေကိုအုပ်စိုးတဲ့ နတ်အပေါင်းတို့က မြတ်စွာဘုရားသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ တဦးတယောက်သော ရဟန်းသည်၎င်း, ပုဏ္ဏားသည်၎င်း, နတ်သည်၎င်း, မာရ်သည်၎င်း, ဗြဟ္မာသည်၎င်း မဖွင့်လှစ်နိုင်တဲ့ အတုမရှိတဲ့ ဤတရားစက်ကို ဖွင့်လှစ်တော်မူပြီ၊ ဤလို တပြိုင်နက် အုတ်အုတ်ကျက်ကျက်အသံကို ဖြစ်စေလျက် ကောင်းချီးသြဘာပေးကြကုန်၏။

မြေကိုအုပ်စိုးသော နတ်အပေါင်းတို့၏ ကောင်းချီးသြဘာပေးတဲ့အသံကို စတုမဟာရာဇ်နတ်တို့ ကြားကြကုန်၍ တဆင့်ကောင်းချီးသြဘာ ပေးကြကုန်၏၊ တာဝတိံသာနတ်တို့ ကြားကြကုန်၍ တဆင့် ကောင်းချီးသြဘာပေးကြကုန်၏၊ ယာမာနတ်တို့ ကြားကြကုန်၍ တဆင့်ကောင်းချီးသြဘာ ပေးကြကုန်၏၊ တုသိတာ နတ်တို့ ကြားကြကုန်၍ တဆင့်ကောင်းချီးသြဘာ ပေးကြကုန်၏၊ နိမ္မာနရတိနတ်တို့ကြားကြကုန်၍ တဆင့်ကောင်းချီးသြဘာ ပေးကြကုန်၏၊ ပရနိမ္မိတဝသဝတ္တိနတ်တို့ ကြားကြကုန်၍ တဆင့် ကောင်းချီးသြဘာ ပေးကြကုန်၏၊ ဗြဟ္မာပြည်၌နေကုန်သော ဗြဟ္မာအပေါင်းတို့က မြတ်စွာဘုရားသည် တဦးတယောက်သော ရဟန်းသည်၎င်း, ပုဏ္ဏားသည်၎င်း, နတ်သည်၎င်း, မာရ်သည်၎င်း,

ပြဟ္မာသည်ရှင်း မဖွင့်လှစ်နိုင်တဲ့ တရားစက်ကို ဖွင့်လှစ်တော်မူပေပြီ၊ ဤလိုတပြိုင်နက် အဆင့်ဆင့် ကောင်းချီးသြဘာပေးကြကုန်၏၊ တခဏဖြင့် အထက် အကနိဋ္ဌပြဟ္မာပြည်တိုင်အောင် ကောင်းချီးသြဘာသံတို့ ပျံ့နှံ့၍တက်၏၊ လောကဓာတ်ပေါင်း တသောင်းသည် တုန်လှုပ်၏၊ သက်၍တက်၍ တုန်လှုပ်၏၊ ထိုမှဤမှ တုန်လှုပ်၏၊ ဒေဝနာညာဏ်ရောင်အလင်းသည် လောက၌ နတ်ပြဟ္မာတို့၏အာနုဘော်ကို လွန်၍ အတိုင်းအရှည်မရှိ ထွန်းလင်း၏။

ထိုအခါ မြတ်စွာဘုရားသည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ စကြာဝဋ္ဋာတသောင်း ကြားလောက်သောအသံတော်ဖြင့် ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးကို သိလေပြီတကား၊ ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးကို သိလေပြီတကား၊ ဤလို မြွက်ကြားတော်မူ၏၊ ဤလို မြွက်ကြားတော်မူသည်ကိုစွဲ၍ အရှင်ကောဏ္ဍညအား 'သစ္စာလေးပါးတရားကို သိပြီးသော ကောဏ္ဍည' ဟူသော အမည်သည်ပင် ဖြစ်ပေါ်လာလေ၏၊ ထိုအခါသောတာပန်ဖြစ်ပြီးသော ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သက်ဝင်သည် (၁၆) ပါးသော ယုံမှားခြင်းကိုကူးမြောက်သည်ဖြစ်၍, သို့လော သို့လော တွေးတောခြင်းကင်းသည်ဖြစ်၍, မြတ်စွာဘုရား သာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရသော

ကြောင့် ဘုရားသာသနာမှတပါး ယုံကြည်မှုမရှိမူ၍ မြတ်စွာဘုရားအား အရှင်ဘုရား....တပည့်တော်သည် အရှင်ဘုရား၏ထံတော် မျက်မှောက်၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏ဟု လျှောက်၏၊ မြတ်စွာဘုရားက ရဟန်း....လာလှည့်၊ တရားတော်ကို ကောင်းစွာ ဟောအပ်ပြီ၊ ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ မြတ်တဲ့အကျင့်ကို ကျင့်လော့၊ ဤသို့ မိန့်တော်မူ၏။

အရှင်ကောဏ္ဍညအား ဟေဝိ ဘိက္ခု ပဥ္စင်းအဖြစ်သည် ဖြစ်လေ၏။ (သာဓု,သာဓု,သာဓု)

ရန်ကုန်မြို့ ကမ္ဘာအေးစာတိုက်
ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင်
အ[illegible]ရေးအရာရှိချုပ် ဝဏ္ဏကျော်ထင် ဦးချစ်တင်
(မှတ်ပုံတင်အမှတ် ၀၁၂၂/၀၁၀၆)က ပုံနှိပ်ထုတ်ဝေသည်။

ပ·မ·ဗ·သ·စ—၃၀၃—၁၈·၁၀·၆၆—၂၀၀၀-အုပ်။

ရန်ကုန်မြို့-သိမ်ကြီးဈေး
ဦးဘရင်-ဒေါ်မြသီ
တို့၏
ဓမ္မဒါန